
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ်
၁၆၀/ ၂၀၀၂(၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၄၂/ ၂၀၀၂(၂)

မျက်နှာဖုံးနှင့် ရေခံပန်းချီ
သာနိုးအောင်ချမ်း



မောင်စိန်ဝင်း (ပုတီးကုန်း)

# သူစိမ်းနိုင်ပါစေ အပျိုကြိမ်းနိုင်ပါစေ

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးထွန်းလှိုင်၊ ချစ်စရာစာပေ၊ ၇၅/ဝေပုလ္လ(၂)လမ်း
မြောက်ဥက္ကလာပ။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာပုံနှိပ်စက်)၊ မြဲ- ၀၂၃၅၀
၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်း။

ပုံနှိပ်ခြင်း
၂၀၀၂ခုနှစ်၊ မတ်လ
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၃၀၀)ကျပ်



ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

စည်းကမ်းရှိမှ တိုးတက်မည်။

စည်းကမ်းကိုကြည့် ဘေးကင်းသည်။

နိုင်ငံတော်၏ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ရှံနောက်ပေါက်မှ ထွက်လိုက်စဉ် ပရိသတ်၏ အော်ဟစ် လှောင်ပြောင်သံကို ကြားလိုက်ရသည်။

"ကောင်းတယ်"

ဟု မြကေခိုင်၏ နှုတ်မှ ရုတ်တရက် ထွက်တော့ မှုန်ပျပျ အလင်းအောက်မှာ မြကေခိုင်၏မျက်နှာဆီ ဖျတ်ခနဲ အကြည့်ရောက် မြန်၏။

"ဘာလဲ . . . မောင်၊ ကေခိုင် ဝမ်းသာတာကို မောင်အံ့သြ နေတာလား"

သူမ၏မျက်နှာကို တအံ့တသြ ငေးကြည့်နေမိဆဲ။ ဘယ်ဖက် လက်မောင်းကို ဆုပ်ကိုင်နှဲ့မှီလျှောက်ရင်း မြကေခိုင် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူများ အလှောင်အပြောင်ခံရတာပဲ ကေခိုင်ရယ် ဝမ်းသာလို့ ဘယ်ကောင်းပါ့မလဲ"

"မောင် ဘာသိလို့လဲ၊ အဲဒီ ကောင်မက ကေခိုင့်ကို မနာလိုဖြစ်နေတာ ကြာပြီ၊ နောက်ဆုံး စီးရီးပေါက်သွားတာလည်း သူ့တော်တော် မကျေမနပ် ဖြစ်ပုံရတယ်၊ ကေခိုင်နဲ့ သူက စီးရီးထွက်ကြတာ မရှေးမနှောင်းလေ၊ သူက ကေခိုင့်လောက် မအောင်မြင်တော့ ကေခိုင့်ကို ကြည့်မရ ဖြစ်နေတာ"

"အဲဒါတွေ မောင် မငြင်းပါဘူး"

"ဒါဆို . . . ကေခိုင် သူ့အပေါ် မကျေမနပ်ဖြစ်လို့ ဝမ်းသာတယ် ပြောလိုက်တာ လွန်လို့လား"

အားကစားရုံနောက်ဘက်မှ ထွက်လာသော လမ်းကလေးမှ ရှေ့ဘက်ဈေးဆိုင်တန်းတွေဆီ ဦးတည်လိုက်သည်။

"ရန်သူတွေမှ မဟုတ်တာဘဲ ကေခိုင်ရယ်"

လေသံတိုးလျှလျှနှင့် သူ ပြောလိုက်သည်။

"အို . . . မရဘူး . . . ကေခိုင်ကတော့ ကိုယ့်အပေါ် မကောင်းတဲ့သူကို မကောင်းတဲ့စိတ်ထားမှာပဲ"

ဘာမှ ပြန်မပြောမိတော့ဘဲ သက်ပြင်းငွေ့ငွေ့ကို သူ ချသည်။ ကေခိုင့်စိတ်ကို သူ နားလည်နေသည်မဲ့။

"မောင် ဘာစားမှာလဲဟင်"

မျက်နှာကို စောင်းငဲ့မော့ကြည့်မေးသည်။ ဈေးတန်းထဲမှာ အလင်းရောင်တွေနှင့် မကွာလှမ်းသေးသောအရမ်မို့ လရောင်မှုင်ဖြာအကျကို သိသာနိုင်သေးသည်။ ဖြူနုသွယ်လျသည့် မျက်နှာကို





လရောင်ဖြင့် မြင်၏။

"ကေခိုင် ကြိုက်တာစားလေ"

ဈေးဆိုင်တန်းချင်း ဆက်နေသော လမ်း၏ဝဲယာကို နှစ်ဦးသား ငေးကြည့်လိုက်သည်။ ဈေးဆိုင်တွေရှိရာလမ်းထဲ ရောက်သည်နှင့် မြကေခိုင်ဟု သိသူများက သတိမူ အာရုံစူးစိုက်ကြည့်ကြတာ သူ သတိထားဖြစ်၏။

"မောင်ကြိုက်တာ စားပါ"

"မဟုတ်ဘူးလေ ကေခိုင်ထိုင်လို့ဖြစ်တဲ့ နေရာမှာပဲ မောင်စားမှာပေါ့"

"ဘာလဲ . . . ကေခိုင်က လူများတဲ့ဆိုင်ကို ရှောင်ချင်တယ်လို့ မောင်က ထင်လို့လား၊ မလိုပါဘူးနော်၊ ကေခိုင်က မောင်နဲ့အတူဆို ဘာမဆို လုပ်ရဲတာ၊ မောင်သာ လူတွေစိုင်းကြည့်ရင် ရှက်ကိုးရှက်ကန်းနဲ့ မနေတတ်တာ"

မှန်သောစကားမို့ သူ သဘောတကျ ပြုံးလိုက်မိသည်။

"ဟိုဘက်နားက လူရှင်းတဲ့ အအေးဆိုင်မှာ ထိုင်မလား ကေခိုင်"

"ဟင့်အင်း"

ပြောကာ မော့ကြည့်သည်။ ထိုအကြည့်က သူ့မျက်နှာကို ရှာဖွေဖတ်ရှုသည့် အကြည့်ဟု သူ နားလည်မြန်၏။

"မောင်က လက်ဖက်ရည်ပဲ သောက်ချင်တာ မဟုတ်လား၊ ဘာလို့ အအေးဆိုင် ထိုင်ရမှာလဲ"

သူ့သဘောကို မြကေခိုင် နားလည်တတ်တာ သူ မော့ဩ



www.burmeseclassic.com

www.burmeseclassic.com



မိတော့။

"လူရှင်းလို့"

"ရပါတယ် . . . မောင်ကလည်း လာ၊ ဈေးတန်းနောက်ဘက်က တိုက်အောက်ကဆိုင် သွားထိုင်မယ်၊ အဲဒီမှာဆို ဒီလောက်လူများမှာ မဟုတ်ဘူး"

ရပ်မည့်ဟန်ပြင်နေသော သူ့လက်မောင်းကို ဆွဲရင်း ပြောလိုက်၏။

အားကစားရုံထဲမှ သီဆိုတီးခတ်သံတို့ကို သဲ့သဲ့မျှသာ ကြားနေရသည်။ လမ်းပေါ်ခင်းထားသော ဈေးတန်းမှ သီချင်းသံတို့ကိုလည်း ဆူညံစွာ မကြားရတော့။

လက်မှ နာရီကို အမှတ်မထင် သူ ကြည့်လိုက်သည်။ မနက်နှစ်နာရီ ထိုးတော့မည်။

"မောင် သိပ်ဖင်ပန်းနေပြီ ထင်တယ်"

စူးစမ်းသလို မျက်နှာနှင့် ငေးကြည့်ရင်း မေးလိုက်သည်။

"မပင်ပန်းပါဘူး ကေခိုင်"

သူ အလျင်စလို ဖြေသည်။ လေးလံထိုင်းမှိုင်းနေသော မျက်နှာကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်ဆုပ်နယ်လိုစိတ်ကို ဖယ်ဖျောက်ထားလိုက်ရသည်။ လက်ဖက်ရည်နှစ်ခွက် လာချတော့ လက်ဖက်ရည်ကျကျ တစ်ခွက်က နွမ်းနယ်မှုကို အတန်အသင့် ပြေပျောက်သွားစေ





မှာပဲဟု သူ တွေးလိုက်မိသေးသည်။

အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်သည်။ တစ်လိပ်ကို နှိုက်ယူပြီး မီးညှိဖွာစဉ်မှာ မြကေခိုင်က လက်ဖက်ရည်ခွက်ကို ယူပြီး တစ်ကျိုက်မော့လိုက်တာ တွေ့၏။

"နောက်ထပ် တစ်နာရီလောက် ဆိုရင်တော့ ပြီးတော့မှာပါ မောင်၊ ဒီတစ်ခေါက် ကေခိုင် တက်ပြီးရင် ပြီးပါပြီ၊ အဆိုတော်နည်းလို့ နှစ်ကျော့ပြန် ကက်ပေးပါ ပြောထားလို့"

စီးကရက်မီးခိုးငွေ့တွေကြားမှ မြကေခိုင်၏ မျက်နှာကို ငေးကြည့်ရင်း သူ နားထောင်နေမိသည်။ ပြီးမှ လက်ဖက်ရည်ပန်းကန်ကို ကောက်ယူပြီး တစ်ကျိုက်မော့လိုက်၏။

"မောင့်ကို အားနာလို့လား ကေခိုင် ရပါတယ်၊ အားနာစရာမှ မဟုတ်ဘဲ၊ ကေခိုင့်အလုပ်ကို မောင် နားလည်တာပဲဟာ"

"ကေခိုင့်ကြောင့် မောင် အိပ်ပျက်ရလို့ပါ"

စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ရင်း . . .

"ချစ်သူအတွက်ပဲ"

ဟု ပြောတော့ သူ ပြုံးသည်။

အပိုတွေဟု ရယ်သံနှောရင်း သူမ ဆိုသည်။ နှစ်ဦးသား ခပ်အုပ်အုပ် ရယ်မိကြပြန်၏။ အရယ်အရွှန်းကြောင့် စိတ်နှလုံး ပြန်ကြည်လန်းဆန်းလာသလိုပင်။ အိပ်ချင်စိတ်တို့ လွင့်ပျယ်သွားပြန်၏။

"ဟုတ်တာ . . . မှုဟုတ်တာ အပထား၊ မောင်တော့ အမြဲပြောချင်တာ အမှန်ပဲ မောင်"

သောက်ပြီး လက်ဖက်ရည်ခွက်ကို ပြန်ချရင်း ခပ်ဖွဖွ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို ယုံပါ ကေခိုင်"

"မောင့်ကို ကေခိုင် ပေးထားတဲ့ ကတိကို မောင် မှတ်မိတယ် နော်"

"မှတ်မိတာပေါ့"

"ဒါဆို ဘယ်နှစ်ရက် လိုသေးလဲ ပြော"

သူမ ကတိပေးထားခဲ့သည့်နေ့မှ တစ်နှစ်ပြည့်မြောက်သော နေ့တွင် လက်ထပ်မည်ဟု ကေခိုင်က သူ့ကို ကတိပေးခဲ့သည်။ ဘယ်နှစ်ရက် ကျန်သေးသည် ဘယ်နှစ်ရက်သာ လိုတော့သည်ဟုတော့ ထာဝရ တွက်ဆမနေဖြစ်ခဲ့။

စိတ်လိုလက်ရ ရှိသည့်နေ့တွေမှာတော့ သေချာတွက်ဆနေဖြစ်ခဲ့သည်။ ခုလို ရုတ်တရက်ကြီး မေးလိုက်တော့ ဘယ်နှစ်ရက် လိုသေးသည်ဟု အသေအချာ မပြောနိုင်။ စိတ်မှတ်ဖြင့် သူ ပြန်တွက်နေမိပြန်၏။

"တော်ပြီကွာ . . . တော်ပြီ၊ ဒီလောက်စဉ်းစားနေမှတော့ မောင် ဒီကိစ္စကို လုံးလုံးစိတ်မဝင်စားလို့ပဲ"

"မဟုတ်ပါဘူး ကေခိုင်ရဲ့"

"ဘာမဟုတ်တာလဲ၊ မောင့်ကို မုန်းချင်လာပြီ"

စိတ်ကောက်စကားဆို၍ မျက်နှာညိုးသွားသော ကေခိုင့်ကို သူ ခပ်ပြုံးပြုံး ကြည့်၏။

"အင်း . . . နောက်ထပ်ရှစ်လနဲ့ ရက်က . . ."

"တော်ပြီ မောင်ရာ . . . တော်ပြီ၊ မပြောနဲ့တော့"

တကယ်စိတ်မကောင်းဖြစ်သွားပုံရ၏။ ရင်ဆီမှ ဆို့နင့်လှိုင်း





ခတ်သံဟု အသံကို အကြားမှာပင် သူ သိသည်။

မျက်ဝန်းရပ်ဆီ၌ မိုးသားတိမ်ညို ဖြိုမလို ညှို့လေပြီဟု သူ ထင်၏။ မျက်တောင်အခတ်မှာ မိုးသားညိုတို့ ဖြို၍ ကျပြီ။ ဝေ့သီတွဲခိုလာသော မျက်ရည်စကို သူ မြင်သည်။

ဆိုင်ထဲမှ မီးရောင်ဖြင့် လဲ့လဲ့ပြေးသော မျက်ရည်စကို ပါးပြင်သို့ မကျမီ လက်ဖမိုးဖြင့် သုတ်၏။

"မောင် တောင်းပန်ပါတယ် ကေခိုင်၊ မောင်က လုပ်တာတွေများပြီး ကိန်းဂဏန်းတွေကို မမှတ်မိနိုင်တော့တာကို ခွင့်လွှတ်ပါ၊ ကေခိုင် စိတ်ထိခိုက်တာ တွေ့ရတော့ မောင်လည်း အရမ်း စိတ်မကောင်း ဖြစ်ရပါတယ်၊ မောင့်ကို ကေခိုင် နားလည်ပါ"

ခေါင်းကိုငုံ့၍ မျက်တောင်ခတ်ကာ မျက်ရည်စတွေကို သိမ်းဆည်းနေပြန်သည်။ ပြီးမှ ခေါင်းကို ဆတ်ခနဲ မော့လျက် . . .

"အချိန်နီးနေပြီ . . . ပြန်သွားရအောင်"

ဟု တိုးတိုးဆိုသည်။ စကားလွှဲလိုက်ပြီဟု သူ နားလည်လိုက်ပြန်၏။

ခေါင်းညိတ်ပြရင်း ထိုင်ရာမှ အထမှာ ကောင်တာဆီသို့ သူမထက် ဦးအောင် လှမ်းသွားမိသည်။ ကေခိုင် ရှင်းမည်ဟု ပြောသံကို မကြားဟန်ပြုလျက် ကျသင့်ငွေကို သူ ရှင်းလိုက်သည်။

ပြန်အမ်းငွေကို သူ ပြန်ယူစဉ်မှာပင် ဘင်ဆင်တစ်ဘူးပေးဟု ပြောရင်း ကေခိုင်က ပိုက်ဆံလှမ်းပေးသည်။

"ဘာလုပ်ဖို့လဲ ကေခိုင်"

ဟု သူ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ဘူးထဲမှာ နှစ်လိပ်ပဲ ကျန်တော့တာပဲ"

စောစောက သူ ဘူးကို ဖွင့်စဉ်က ကေခိုင် မြင်သွားဟန်တူ၏။

"ရတယ် ကေခိုင်၊ တစ်ညလုံး သောက်ထားတာ စီးကရက်များနေပြီ"

စီးကရက်ဘူးနှင့် ပြန်အမ်းငွေကို သူမ လှမ်းယူသည်။

စီးကရက်ဘူးကို သူ့ဂျာကင်အိတ်ထဲသို့ ထည့်ပေးလိုက်ရင်း . . .

"သောက်ချင်တော့ သောက်ရတာပေါ့"

ဟု ပြောသည်။

ဝမ်းနည်းကြေကွဲရိပ်ပြယ်စမျက်နှာမှာ အပြုံးနွဲ့နွဲ့ကို သူ တွေ့၏။ ဆိုင်ပြင်ရောက်တော့ သူ့လက်မောင်းကို မှီနွဲ့တွဲခိုသည်။ စိတ်ထိခိုက်လွယ် ပြေပျောက်လွယ်သော မြကေခိုင်ကို သူ နားလည်စွာဖြင့် စောင်းငဲ့ကြည့်မိပြန်၏။



(၂)

မိုင်ငါးဆယ်ခရီးကို ဖြတ်သန်းမောင်းနှင်လာခဲ့ပြီးနောက် ရန်ကုန်မြို့ နယ်နိမိတ်ထဲ ဝင်ရောက်လာလေပြီ။

မာကျူရီမီးရောင် ဖြန့်ခင်းထားသော ကားလမ်းမပေါ် တရိပ်ရိပ် မောင်းနှင်နေရင်း လမ်းဘေးဝဲယာရှိ ဆိတ်ငြိမ်စွာ အိပ်စက်နေကြသော အိမ်များဆီသို့ အကြည့်ရောက်သည်။

"ကေခိုင့်အိမ်အထိ မောင် လိုက်ပို့မယ်၊ အဲဒီကမှ ကားငှားပြီး မောင် ပြန်မယ်"

မြကေခိုင်ဘက်သို့ ငဲ့ကြည့်ရင်း သူ ပြောသည်။

"မဟုတ်တာ . . . မောင်ကလည်း၊ ဒီအချိန်ကြီးမှာ ကားငှားရတာ ဘယ်လွယ်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရမှာပါ"

"ကေခိုင် ပြောပြီးပြီပဲ၊ မောင့်အိမ်ကို အလျင်သွားပါ၊ ပြီးမှ ကေခိုင့်ဘာသာ ဆက်မောင်းသွားမယ်"

"ကေခိုင် တစ်ယောက်တည်းမို့ စိတ်မချလို့ ပြောတာ၊ ဒေါ်ကြိုင်ကို ခေါ်ခဲ့ရင် ကောင်းမှာနော်၊ ကေခိုင် အပြန် အဖော်ရတာပေါ့"

မြကေခိုင်က ပြုံးသည်။ ပြီးမှ . . .

"ဒေါ်ကြီးကြိုင်က အသက်ကြီးပြီ မောင်ရဲ့၊ အသက်ကြီးတဲ့ သူတွေက ကိုယ့်အိပ်ရာကို သိပ်မက်မောတတ်ကြတယ်တဲ့၊ ရန်ကုန်ပွဲတွေ ခေါ်သွားရတာတောင် ကေခိုင် အားနာတယ်၊ နောက်ပိုင်း သူ့ကို ပွဲတိုင်း မခေါ်တော့ဘူး၊ သူ့ကို နှိပ်စက်သလို ဖြစ်နေမလားလို့လေ၊ မနေ့ကတော့ ဒေါ်ကြီးကြိုင်က လိုက်ခဲ့ရမလားလို့ မေးပါသေးတယ်၊ ကေခိုင်က မောင်နဲ့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် ရှိအောင် တမင် မခေါ်ခဲ့တာ"

ကေခိုင့်စကားကြောင့် သူ ပြုံးလိုက်သည်။

"ဒီပွဲကို မောင့်ကို တမင်ခေါ်ခဲ့တာ သိလား"

သူ့ကို ကြည့်ရင်း ကေခိုင်က စကားဆက်လိုက်သည်။

"အင်း . . ."

"ဒီလိုညမျိုးမှာ မောင်နဲ့နှစ်ယောက်တည်း ကားလျှောက်စီးရရင် ဘယ်လောက်ကောင်းမလဲ စိတ်ကူးယဉ်မိလို့လေ၊ မောင်ကလည်း မောင့်အလုပ်နဲ့မောင်၊ ကေခိုင်ကလည်း ကေခိုင့်အလုပ်နဲ့ ကေခိုင် ရှုပ်နေကြတာ မဟုတ်လား၊ ကြုံတုန်း စိတ်ကူးလေးကို အကောင်အထည်





ဖော်ကြည့်တာလေ"

မီးပွိုင့်မှာ ယာဉ်တစ်စီးမှ မရှိသော်လည်း မီးနီသဖြင့် ရပ်စောင့်သည်။

"ကေခိုင်တစ်ယောက်တည်း မောင်းပြန်သွားရမှာကို မောင် စိတ်ပူနေလား၊ တစ်ခါတလေ ဒီလိုပဲ ပြန်ရတာပဲ မောင်ရယ်၊ မှန်လုံပိတ်ပြီး တောက်လျှောက်မောင်းသွားတာပဲ၊ အများအားဖြင့်တော့ ကားမယူဖြစ်ပါဘူး၊ ပွဲကကားနဲ့ အသွားအပြန်လုပ်တာပဲ များပါတယ်"

"မောင် ကေခိုင့်နောက်ကို ဒီလိုလိုက်ပြီး စောင့်ရှောက်နေချင်ပါတယ်၊ မောင် အားတဲ့ရက်နဲ့ ကြုံတဲ့အခါ ပြောဖို့ အားမနာနဲ့ ကေခိုင်"

"မောင် တကယ်ပြောတာလား"

"တကယ်ပေါ့"

မြကေခိုင် မျက်နှာမှာ ကြည်နူးရိပ်ဝေ့လျက် သူ့ပခုံးပေါ်သို့ ခေါင်းကို ငဲ့တင်လိုက်သည်။

သူနေသော လမ်းကို လှမ်းမြင်ရပြီ။

"လမ်းရောက်တော့မယ်"

"ခွဲရဦးမယ်နော်"

"လမ်းထိပ်မှာတင်ပဲ မောင် ဆင်းမယ်လေ"

"ဟာ . . . မောင့်ကလည်း မောင့်အိမ်ရှေ့အထိ သွားပါ"

ပြောရမည် မဟုတ်မှန်း သိသဖြင့် လမ်းထဲသို့ ကားကို ချိုးဝင်လိုက်သည်။ သူ့တိုက်ခန်းရှေ့မှာ ကားရပ်လိုက်၏။ ကားပေါ်မှ ဆင်းကာ မတ်တတ်ရပ်ရင်း ကေခိုင့်ကို မျက်နှာချင်းဆိုင်သည်။

"မောင့်သူငယ်ချင်းကို ပြောလိုက်ဦးနော်၊ ကေခိုင် အင်္ဂ



www.burmeseclassic.com

www.burmeseclassic.com



အထိ လိုက်ပို့ပါတယ်လို့၊ တော်တော်ကြာ စိတ်မချဖြစ်နေမှာ စိုးလို့"

စကားအဆုံးမှာ နှစ်ဦးလုံး ပြုံးဖြစ်သည်။

"မှန်တွေအားလုံး တင်သွား ကေခိုင်၊ ဖြည်းဖြည်းမောင်းသွားနော်"

ကေခိုင် ခေါင်းညိတ်သည်။ ပြီးတော့ မှန်ကို တင်လိုက်သည်။ မှန်ထက်ဝက်အရောက်မှာ သူ့ကို မော့ကြည့်လိုက်ပြန်သည်။

နှလုံးသည်းပွတ်မှ ချစ်ခြင်းမေတ္တာတရားကို မျက်ဝန်းများမှ တစ်ဆင့် မြင်နိုင်တွေ့နိုင်ပါသတဲ့လား။

ကားတံခါးကို လက်ထောက်လျက် ခါးကိုညွတ်ကာ နဖူးမှ ဆံစဖွာဖွာကို သူ ငုံ့နမ်းလိုက်မိတော့သည်။

ရင်၌ တလှပ်လှပ်ခါသော်လည်း ချမ်းမြေ့ကြည်နူးသည်။





(၃)

အိမ်ပြန်ရောက်ကတည်းက ကေခိုင်တစ်ယောက် ဖြောင့်ဖြောင့်တန်းတန်း အိမ်ပြန်ရောက်ပါ့မလား စိုးရိမ်စိတ်က ဆူးကဲ့သို့ ...တ်သည်။ အရက်တက်ခါနီး သူများတွေ အိပ်ကောင်းဆဲအချိန်မှာ သူ အိပ်လို့ မပျော်ပြန်။

မနက်ရှစ်နာရီမခွဲခင် အိပ်ရာနိုးပြီး အလုပ်ထဲသွားရန် ပြင်ဆင်သည်။ ခါတိုင်းဆိုလျှင် ကိုးနာရီခွဲမှ အလုပ်ထဲ ရောက်နေကျ ဖြစ်သော်လည်း ဒီနေ့ ကိုးနာရီမှာ အလုပ်ထဲ ရောက်နေသည်။ မောင်မျိုး... ရုံးခန်းတံခါးကို ဖွင့်ပေးသည်နှင့် တယ်လီဖုန်းရှိရာ သူ့ စားပွဲဆီသို့ ...တန်းသွားသည်။

ပြီးတော့ မြကေခိုင်၏ တယ်လီဖုန်းနံပါတ်ကို သူ နှိပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြိုင်၏ တူမလေးက တယ်လီဖုန်း ထူးသံကို သူ ကြားသည်။

"ထွန်းဝေဦးပါ"

"ဟုတ်ကဲ့"

"မနက်က ကေခိုင် တစ်ယောက်တည်း ကားမောင်းပြန်သွား ရလို့ စိတ်ပူနေလို့ ဆက်တာ၊ သူ ကောင်းကောင်းမွန်မွန် ပြန်ရော တယ် မဟုတ်လား၊ အိပ်နေရင် မနိုးနဲ့နော်"

"ခဏလေး ဦး၊ မမ လာနေပါပြီ"

အသက်ကို ခပ်မျှင်းမျှင်း ရှူသွင်း၍ ခဏ စောင့်သည်။

"မောင်လား"

ချိုမြသော လေသံက နားကို လာ၍ ရိုက်ခတ်သည်။

"ဟုတ်တယ် ကေခိုင်၊ စိတ်ပူလို့ ဖုန်းဆက်ကြည့်တာ၊ ကေခိုင် အခုမှ နိုးတာလား"

"မဟုတ်ဘူး မောင်၊ နိုးနေတာ ကြာပြီ၊ ဒီနေ့ တီဗွီကြော်ငြာ တစ်ခု ရိုက်ပေးရဦးမယ်လေ၊ ညနေ အားတယ်၊ မောင့်ဆီ လှည့်ဝင် ခဲ့ရမလား"

"ဝင်ခဲ့လေ"

"မောင့်အလုပ်တွေ"

"ရပါတယ်၊ မောင် စောင့်နေမယ်"

"ကိုမောင်မောင်ဝင်း အားရင်လည်း ခေါ်ခဲ့ပါလား မောင်၊ တစ်နေရာရာမှာ ကေခိုင် ကျွေးမယ်လေ၊ စောစောကပဲ ကေခိုင် မောင့် ဆီကို ဖုန်းဆက်တော့မလို့၊ မောင်က ကိုးနာရီခွဲမှ ရုံးရောက်မှာဆိုပြီး စောင့်နေတာ၊ စိတ်ချင်းတိုက်ဆိုင်နေလို့ ဖုန်းလာတော့ ကေခိုင်





ပျော်သွားတယ်"

"မောင် ဒီနေ့ စောစော တမင် လာခဲ့တာ၊ ဖုန်းဆက်ချင် ...လေ"

"ဒါဆို ညနေ စောင့်နော် . . . မောင်၊ ကေခိုင် အဝတ်အစား ...လိုက်ဦးမယ်၊ မောင် . . . ဖုန်းချလိုက်တော့"

ကောင်းပြီဟု ပြောရင်း သူ ဖုန်းချလိုက်သည်။

မြကေခိုင်နှင့်သူ ဖုန်းပြောဖြစ်သည့်အခါတိုင်း မြကေခိုင်က ...ယ်တော့မှ ဖုန်းကို ချလေ့မရှိ။

ပထမတော့ သတိမထားဖြစ်။ နောက်တော့ အလိုလို သိလာ ...သည်။ သူက ဖုန်းမချမိဘဲ ကိုင်ထားလျှင်လည်း မောင် . . . ဖုန်းချ ...ိုက်လေဟု ကေခိုင် ပြောတတ်မြဲပင်။

သူကစ၍ ဘယ်တော့မှ အဆက်အသွယ် မဖြတ်မတောက် ...င်သည့်သဘောဟု နားလည်ခံစားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



## (၄)

တတိယထပ်မှာ ကွန်ကရစ် လောင်းပြီးသည်အထိ စောင့်ကြည့်နေမိသည်၊ ပြီးမှ သူ အောက်ကို ဆင်းလာခဲ့၏။ ယာယီတပ်ဆင်ထားသော သစ်သားလှေကားသည် ခိုင်ခံ့သော်လည်း သေသပ်မှု မရှိ၊ သတိထားပြီး ဆင်းရသည်။ ခြံဝင်း၏ထောင့်မှာ ယာယီရုံးခန်း ဖွင့်ထားသော အဆောက်အအုံငယ် ရှိသည်။ ဆောက်လက်စတိုက်ခန်း အဆောက်အအုံအောက်မှ ထွက်ရင်း ရုံးခန်းဆီ သူ လျှောက်၏။ အုတ်သယ်၊ မဆလာသယ်နေကြသော အလုပ်သမအုပ်စုကို ဖြတ်လျှောက်ရသည်။

ရုတ်တရက် လှမ်းအကြည့်မှာ အသက်ငါးဆယ်ခန့် အလုပ်သမကြီးတစ်ဦးက သူ့ကို စူးစိုက်ကြည့်နေတာ သတိထားဖြစ်သည်။





သူ အသေအချာပြန်ကြည့်ရင်း မှတ်မိသလို မမှတ်မိသလို စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေပြန်၏။ ရင်းနှီးကျွမ်းဝင်စွာ သူ သိနေသောမျက်နှာဟု ထင်လျက် ဘယ်တုန်းက ဘယ်ဆီမှာ သိခဲ့ကျွမ်းခဲ့သည်ဟု ရေရာစွာ အစပြန်ကောက်၍ မရနိုင်ပြန်။ အကြည့်ကိုလွှဲဖယ်ရင်း ဆက်၍လျှောက်ခဲ့သည်။

ရုံးခန်းထဲ ဝင်လိုက်သည်နှင့် စားပွဲရှေ့က ခုံတန်းလျားမှာ ခြေပစ်လက်ပစ် ထိုင်နေသော ကိုမောင်မောင်ဝင်းကို သူ တွေ့သည်။ ကိုမောင်မောင်ဝင်းဘေးက နေရာလွတ်မှာ သူ ဝင်ထိုင်လိုက်၏။

"စောစောလေးက ကေခိုင့်ဆီက ဖုန်းလာတယ်ဗျ၊ သွားခေါ်ပေးမယ်ဆိုတော့ မခေါ်နဲ့တော့တဲ့၊ ညနေ သူ လာဖြစ်မယ် စောင့်နေပါဆိုတာ ထပ်ပြောပေးပါတဲ့၊ ကျွန်တော့်ကိုလည်း စောင့်နေပါ၊ တစ်ခုခု သွားစားရအောင် ပြောတယ်"

"ဟုတ်တယ် . . . မနက်ကလည်း ကျွန်တော် ဖုန်းဆက်တော့ ပြောတယ်၊ ခင်ဗျားကိုလည်း ခေါ်ခဲ့ပါတဲ့"

"ကျွန်တော် လိုက်ချင်တယ် မအားဘူးဗျ၊ နယ်က သူငယ်ချင်း ရောက်လာလို့ ချိန်းထားပြီးပြီ၊ ကေခိုင့်ကိုလည်း ကျွန်တော် တောင်းပန်လိုက်တယ်"

သူ ပြုံးရင်း . . .

"ခင်ဗျား တမင် မလိုက်ဘဲ ရှောင်ပေးတာတော့ မဟုတ်ပါဘူးနော် ကိုမောင်မောင်ဝင်း"

"မဟုတ်ရပါဘူးဗျာ၊ တကယ်ပါ"

"ခင်ဗျားနဲ့ကတော့ ကေခိုင်နဲ့ အရမ်းရင်းနှီးပြီပဲ၊ ရှောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



စရာ မလိုဘူး.ပြောမလို့ပါ။ ခင်ဗျား ရှိနေလို့ ကျွန်တော်တို့ အပြောအဆို ဆင်ခြင်ဖို့ မလိုပါဘူးလေ”

“သိပါတယ်ဗျာ၊ တကယ် မအားလို့ပါ”

ကိုမောင်မောင်ဝင်းက ခပ်ပြုံးပြုံး ပြန်ပြောသည်။

“ကျွန်တော် လက်သွားဆေးလိုက်ဦးမယ်”

ပြောပြီး သူ ထရပ်သည်။ ပြီးတော့ သူ စောစောက တွေ့ခဲ့သော အုတ်သယ်နေသည့် အလုပ်သမကြီးအကြောင်းက အတွေးထဲ အလိုလိုဝင်လာကာ ကိုမောင်မောင်ဝင်းကို ပြောမည် ပြင်၏။ မပြောတော့ပါဘူး တွေးရင်း ရုံးခန်းအပြင်ဘက်ရေတိုင်ကီရှိရာကို လျှောက်သည်။ အတွေးမှာ လက်ခနဲဝင်လာတော့ အံ့ဩတုန်လှုပ်စိတ်ဖြင့် ဟုတ်ပါ့မလား သံသယဝင်ချင်သည်။ အသိစိတ်မှာ အသေအချာပါပဲဟု လက်ခံမိချိန်မှာတော့ အပြောင်းအလဲ အလှည့်အပတ် မြန်ဆန်လှသော လောက၏ သဘောသဘာဝအတိုင်း တွေး၍ ကြောက်ရွံ့လာမိပြန်သည်။

မြကေခိုင်၏ ဒေါ်လေး။ မြကေခိုင် ပြောခဲ့ဖူးသော သူ့အမေ၏ ညီမအငယ်ဆုံးဆိုတာ အသိမှာ ပြန်၍ ဝင်လာသည်။ ကျောင်းပြီးစက ထိုဒေါ်လေးဆိုသူ၏အိမ်မှာ မြကေခိုင် ခြောက်လခန့် နေခဲ့ဖူးသည်။ ဒီတုန်းက မြကေခိုင်ကို သွားခေါ်ရင်း နှစ်ခေါက် သူ ရောက်ဖူး၏။

လူနေမှု မြင့်မားသော ရပ်ကွက်တစ်ခု၏ အိမ်တစ်အိမ်မှာ တွေ့ဆုံခဲ့ဖူးသော မြကေခိုင်၏ ဒေါ်လေးသည် အခု ဘာကြောင့် ဒီလို အလုပ်မျိုး လုပ်ကိုင်နေရပါသလဲ။ ရုပ်ချင်းဆင်သော တစ်ဦးဦး မဖြစ်နိုင်ဘူးလား၊ လက်မခံချင်စိတ်ဖြင့် ငြင်းပယ်ကြည့်မိပြန်သည်။





မြကေခိုင်ကို မေးကြည့်မိလျှင်လည်း မကောင်းသောကိစ္စ ဟု သူ ဆင်ခြင်မိပြန်သည်။

ရေတိုင်ကီထဲမှရေကို ခွက်ဖြင့်ခပ်ရင်း လက်ကို ဆေးကြောသုတ်သင်နေလိုက်၏။

ꩤ ꩤ ꩤ



www.burmeseclassic.com

www.burmeseclassic.com



## (၅)

နီကျင်ဝါဖျော့သော ကျနေသည့် လက်ဖက်ရည်ဆိုင်အမိုးကိုကျော်ကာ ကားလမ်း၏ တစ်ဖက်ရှိ သူတို့ဆောက်လက်စ အဆောက်အအုံပေါ် ဖျန်းပက်နေသည်။

လက်ဖက်ရည်ဆိုင်၏ အပြင်ဘက်စွန်း စားပွဲဝိုင်းမှ ထိုင်ကြည့်လျှင် ဝန်းကျင်ကို အားလုံးမြင်နေရပြန်သည်။ ကားလမ်းမမှ အသွားအလာ လူသူအဖြတ်အကူးတို့ကို လွတ်လပ်စွာ တွေ့နေရသည်။ ဖေ့ဖဲ့တိုက်ခတ်လာတတ်သော ဆည်းဆာလေပြည်သည်လည်း ဆိုင်အပြင်စွန်းမှာ ကျနေသည့် စားပွဲကို ဖြတ်သန်းတိုက်ခတ်သွားစမြဲ၊ အလုပ်ထဲက ထွက်လာတော့ သူနှင့်အတူ ကိုမောင်မောင်ဝင်း လက်ဖက်ရည်ဆိုင်ထဲ လိုက်လာသေးသည်။ လက်ဖက်ရည် မှာသောက်ပြီး သူ့သူငယ်ချင်း





နှင့် ချိန်းထားရာဆီသို့ သွားပြီ ဖြစ်၏။

လှမ်းငေးနေရင်း မျက်နှာချင်းဆိုင်မှ ဘတ်စ်ကားမှတ်တိုင်ဆီ အကြည့်ရောက်သည်။ ရုံးဆင်းချိန်မို့ ကားမှတ်တိုင်မှာ လူအပြည့်။ သူတို့အလုပ်ထဲမှ အလုပ်သမားများကိုလည်း ကားမှတ်တိုင်မှာ ရပ်နေတာ လှမ်းမြင်ပြန်သည်။

ခဏအကြာမှာ မြို့ထဲဘက်မှ မောင်းနှင်လာသော ကားတွေထဲမှ မြင်နေကျ အပြာရောင် ဆလွန်းကားလေးကို လျှပ်တစ်ပြက် တွေ့သည်။ သေချာအောင် ခေါင်းကို ငုံ့စောင်းရင်း ကားနံပါတ်ကို လှမ်းကြည့်၏။ မြကေခိုင်၏ကားဟု အသေအချာ မှတ်မိလိုက်သည်။ ရွှေ့နားဆီမှ ကွေ့ပြီး လက်ဖက်ရည်ဆိုင်ဆီ ပြန်လာရပ်မည်ဟု နားလည်လိုက်၏။ ခါတိုင်း ချိန်းထားလျှင်လည်း သည်နှယ်ပင် လက်ဖက်ရည်ဆိုင်ရှေ့မှာ ကားလာရပ်မြဲပင်။

သူ့အတွေးဆုံး၍ မကြာခင်မှာပင် လက်ဖက်ရည်ဆိုင်ရှေ့မှာ ကားအပြာလေး ထိုးရပ်တာ တွေ့ရ၏။

ကားရှေ့ခန်းမှာ သူမနှင့်အတူ ယှဉ်တွဲလျက် လူငယ်တစ်ဦး ပါလာတာမြင်ပြီး အံ့ဩမိသေးသည်။ လက်ဖက်ရည်ဖိုး ကြိုတင် ရှင်းထားပြီးပြီမို့ ကားဆီသို့ သူ လျှောက်သွား၏။ မြကေခိုင်က အပြုံးနှင့် ဆီးကြိုကာ . . .

"ကြာပြီလား မောင်"

ဟု မေးသည်။

"မကြာသေးပါဘူး ကေခိုင်"

"ကိုမောင်မောင်ဝင်း တကယ် မလိုက်ဖြစ်ဘူးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူ လက်ဖက်ရည်ဆိုင်တောင် ကြာကြာမထိုင်နိုင်ဘူး ကေခိုင်၊ သောက်ပြီးတာနဲ့ သူ့သူငယ်ချင်းဆီကို ထ,လစ်သွားတယ်"

စကားအဆုံးမှာ မြကေခိုင်က ဘေးမှ လူငယ်ဆီသို့ လှည့်၍ ခပ်ပြုံးပြုံးဖြင့် . . .

"သော်သော်ရေ . . . အလိုက်တသိပေါ့ကွယ်၊ မပြောပါရစေနဲ့"

ဟု ခပ်ရွှင်ရွှင်ပြောသည်။

"ရတယ် အစ်မ . . . ကျွန်တော် နောက်ပြောင်း ထိုင်ပေးမှာပါ"

ပြောရင်း ထိုသူငယ်က ကားပေါ်မှ ဆင်းကာ နောက်ခန်းပြောင်းထိုင်သည်။

"လာ . . . တက်လေ၊ မောင်"

ကားခေါင်းကို ကွေ့ပတ်ပြီး ရှေ့ခန်းမှာ သူ တက်ထိုင်လိုက်၏။

"သော်သော်က တီးဝိုင်းကလေ၊ လူသစ်ပေါ့ လမ်းကြုံလို့ လိုက်ချင်တယ်ဆိုလို့ တင်လာခဲ့တာ"

နောက်ကို လှည့်ပြန်လှည့်ကာ ပြုံးလျက် အသိအမှတ်ပြုလိုက်ရသည်။ သူ့စိတ်ထဲမှာ စနောင့်စနင်း မဖြစ်စေလိုသည့် ဆန္ဒဖြင့် မြကေခိုင် သူ့ကို မိတ်ဆက်ပေးလိုက်မှန်း နားလည်သည်။

ကားလေးက မီးပွိုင့်ကို ဖြတ်ပြီး တက္ကသိုလ်ရိပ်သာလမ်းဘက် ချိုးသည်။





"သော်သော်က ကုက္ကိုင်းလမ်းဆုံဆို ရပြီနော်"

"ရပြီ အစ်မ"

ကုက္ကိုင်းလမ်းဆုံ မီးပွိုင့်မရောက်ခင်မှာ ကားကို ရပ်ပေးလိုက်တော့ သော်သော် ဆင်းသွားသည်။

သီးသန့်ခန်းထဲမှ စားပွဲမှာ ထိုင်လိုက်ပြီး မကြာခင်မှာ စားပွဲထိုးလေးက မီးနူးကတ်ကို ယူလာရင်း ရပ်သည်။

"ကေခိုင် ကြိုက်တာမှာ သိပ်မများစေနဲ့"

ဟု သူ ပြောသည်။

ကေခိုင် ဟင်းလျာများ မှာသည်။

"မောင် ဘာသောက်ဦးမလဲ"

"ရတယ် ကေခိုင် သောက်တာပဲ၊ မောင် သောက်မယ်"

"မဟုတ်ဘူး ဘီယာလေး ဘာလေး"

"တော်ပြီ ကေခိုင်၊ အအေးပဲ"

"ဒါဆို ဆဲဗင်းအပ် နှစ်ဘူးပေးနော်"

စားပွဲထိုးလေး အခန်းထဲမှ ထွက်သွားသည်။

ကေခိုင့်ဆီ အကြည့်ရောက်စဉ် ကေခိုင်က သူ့ပိုက်ဆံအိတ်ကို ဖွင့်ပြီး တစ်စုံတစ်ရာကို နှိုက်ယူတာ တွေ့၏။

ပြီးတော့ မောင့်အတွက်ဟု ပြောကာ လှမ်းပေးသည်။ မယူမိဘဲ ကေခိုင့်မျက်နှာကို သူ စူးစိုက်ကြည့်နေမိပြန်သည်။

www.burmeseclassic.com



"ဘာလဲ မောင် . . . ဘာလို့ ဝယ်လာရတာလဲ၊ မယူချင်ပါဘူးလို့ မောင် ငြင်းဦးမလို့လား"

သူ့ သက်ပြင်းရှည်ကို ချသည်။

"ဟုတ်တယ် ကေခိုင်၊ ဒီလောက်အဖိုးတန်တဲ့ မျက်မှန်ကို ဘာလို့ ဝယ်လာရတာလဲ"

"မောင်က ရှောင်ကြိုက်တာ၊ ကေခိုင် သိလို့လေ၊ မောင့်မှာ ဒီမျက်မှန်မျိုး မရှိသေးဘူး မဟုတ်လား"

"အဲဒီလောက် အဖိုးတန်တာကြီးကို မောင် မတပ်ချင်ဘူး ကေခိုင်"

"ဖွင့်မကြည့်ဘဲ မောင် ဘာလို့ သိလဲ"

"သိတာပေါ့ ကေခိုင်၊ အဲဒီစက္ကူဘူးကို မြင်တာနဲ့ မောင် သိတယ်၊ ဒီပြင် ရှောင်အမျိုးအစားတွေမှာ စက္ကူဘူး မပါတတ်ဘူး၊ ဒီစက္ကူဘူးနဲ့ ရှောင်က ပရီးရှုပ်စ်မက်တယ်လ် ခေါ်တယ်၊ မှန်ပေါ်မှာ ဖောင်းကြွစာလုံးနဲ့၊ အခုဆို နှစ်သောင်းကျော်မှာပေါ့"

"မောင်က တော်လိုက်တာ"

"မောင် ရှောင်မျက်မှန်ကို အရမ်းသဘောကျတာ အမှန်ပဲ ကေခိုင်၊ ဒီမျက်မှန်မျိုးလည်း စတိုးဆိုင်မှာ မောင် တစ်ခါတွေ့ဖူးလို့ သိတာပါ၊ ဒီလောက်တန်ဖိုးကြီးတာကြီး မတပ်ချင်လို့"

သူ့စကားကို နားထောင်ရင်း စက္ကူဘူးကို ဖွင့်သည်။ စက္ကူဘူးထဲမှာ ရှောင်မျက်မှန်အိတ် အနက်ရောင်လေး ထွက်လာသည်။

"တွေ့လား၊ မျက်မှန်အိတ်ကလည်း မတူဘူး၊ အိတ်ပေါ်မှာ ပါတဲ့စာက ဖောင်းကြွ၊ ပြီးတော့ သူက အဖွင့်အပိတ်က ကပ်ခွာနဲ့၊





ဟုတ်လား"

"ဟုတ်တယ် မောင်"

မျက်မှန်အိတ်ကို ဖွင့်ရင်း ကေခိုင် ပြောသည်။ အတွင်းထဲမှ မျက်မှန်ကို ထုတ်ယူလိုက်၏။

"သူငယ်ချင်းတစ်ယောက် နိုင်ငံခြားက ပါလာတာကို ရောင်းဘူး ပြောတာ၊ အတင်းအနိုင်ကျင့် ယူထားတာ မောင်၊ မျက်မှန်ကို မြင်တော့ မောင့်ကို သတိရလို့၊ မောင် တပ်စေချင်လို့ ဟိုမှာကျတဲ့အတိုင်း ရှင်းပေးတာတောင် နှစ်သောင်းနားကပ်နေတယ်"

"ဟုတ်မှာပေါ့၊ စတိုးတွေမှာ နှစ်သောင်းနှစ်ထောင်ကျော်တယ် ထင်တယ်"

"ရော့ . . . မောင် တပ်ကြည့်"

"ဒီလောက် အဖိုးတန်ကြီးကို မောင် မယူပါရစေနဲ့ ကေခိုင်"

"သူစိမ်းဆန်လိုက်တာ မောင်ရယ်"

နာကျင်မှုငွေ့ငွေ့ပါသော စကားဟု နားလည်လိုက်သည်။

"ကေခိုင်က မောင့်ချစ်သူပါ ကေခိုင်၊ ကေခိုင့်ကို မောင် ချစ်ပါတယ်၊ ရိုးရိုးသားသား ဖြူဖြူစင်စင်နဲ့ ချစ်တာ၊ ကေခိုင်ကလည်း မောင် မျက်မှန်မျိုး ကြိုက်တတ်တာသိလို့ စေတနာနဲ့ ဝယ်ပေးတယ်၊ မောင် လည်တယ်၊ ဒါပေမယ့် မောင် မယူပါရစေနဲ့၊ ကေခိုင်က နာမည်ကြီး ဆိုတော့မှ ကေခိုင့်ဆီက မောင် ချူယူတယ်လို့ ပြောတာမျိုး၊ ထင်တာနဲ့ မောင် အထင်မခံချင်လို့ပါ"

"မောင်ရယ်၊ ဘယ်သူက ထင်မှာတဲ့လဲ"

"မဟုတ်ဘူး၊ မောင့်ဟာမောင် လိပ်ပြာသန့်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ချစ်သူကပေးတဲ့ လက်ဆောင်ပါ မောင်ရယ်”

“ဒါပေမယ့် အမှတ်တရဆိုတာထက် တန်ဖိုးကြီးနေတယ်လေ”

“ကေခိုင် တောင်းပန်ပါရစေ မောင်၊ နောက် မောင် မကြိုက်ရင် မောင့်ကို မတိုင်ပင်ဘဲ မပြောဘဲ အဖိုးတန်ပစ္စည်း ဘာမှ ဝယ်မပေးတော့ပါဘူး၊ ဒီတစ်ခါတော့ မောင် လက်ခံပါနော်၊ ဒီပစ္စည်းကို တွေ့ရင်တော့ မောင် အရမ်းဝမ်းသာမှာပဲ၊ ကြိုက်မှာပဲဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ကေခိုင် လာခဲ့တာပါ မောင်ရယ်၊ ကေခိုင့် ခံစားမှုကိုလည်း စာနာကြည့်ပါဦး”

သူ ခေါင်းကို ခါယမ်းရင်း လေပူကို မှုတ်ထုတ်သည်။

“ကေခိုင် သိပါတယ်၊ ကေခိုင့်ဆီက မောင် ဘာကိုမှ မတ်မောတာ မဟုတ်ဘူး၊ ကေခိုင် ရတဲ့ငွေတွေလည်း မမက်မောဘူး၊ ကေခိုင်ရဲ့ အောင်မြင်မှုကြောင့် မောင် ချစ်တာလည်း မဟုတ်ဘူး၊ မြကေခိုင်ဆိုတဲ့ ကျောင်းသူဘဝ ညှိုးညှိုးနွမ်းနွမ်းဘဝမှာကတည်းက မောင်က မြတ်နိုးခဲ့ရတာပါ”

“ကေခိုင် စိတ်မကောင်းအောင် မောင် မပြောပါနဲ့ကွယ်၊ မောင့်မေတ္တာတို့ ရလို့ ကေခိုင် လာဘ်ထိုးနေတာ မဟုတ်ဘူးဆိုတာတော့ ကေခိုင် ပြောရဲပါတယ်၊ ယုံပါ မောင်၊ ကေခိုင့်မှာ ငွေရှိလာတဲ့အခါ ကေခိုင့်စေတနာ မေတ္တာနဲ့ ဝယ်ချမ်းပေးဖို့ဆိုတာ ကေခိုင့်ဘေးမှာ မောင် တစ်ယောက်ပဲ ရှိတော့တာပါ”

အသံမှာ ကြေကွဲသံဟု နားလည်ခံစားရပြန်၏။

“သူများတွေက မိဘမောင်နှမ ဆွေမျိုးသားချင်း ဆင်ကြမယ်





ပေးကြမယ်၊ ကေခိုင်က တစ်ကောင်ကြွက်ပါ မောင်”

“တော်ပါတော့ ကေခိုင်ရယ်”

မျက်တောင်ကိုခတ်လျက် မျက်ရည်ထိန်းနေတာ တွေ့သည်။

“ကေခိုင့်ကို မောင် နားလည်သင့်တာပေါ့”

“မောင် နားလည်ပါတယ်”

“ဒါဆို မောင့်ဆီက မာနကို နည်းနည်းလျှော့လိုက်နော်၊ မောင့်မိဘဆီကတောင် လက်ဖြန့်ပြီး ငွေမတောင်းတတ်ဘူးဆိုတာ ကေခိုင် သိထားပါတယ်”

သက်ပြင်းဖွဖွ သူ ချမိပြန်သည်။

“ရော့ . . . မောင် ယူပါ”

ကိုင်ထားသော မျက်မှန်ကို လှမ်းပေးသည်။ ကေခိုင့်မျက်နှာကို ကြည့်ရင်း သူ လှမ်းယူလိုက်၏။

“နောက် ဘာမှမဝယ်ပါနဲ့ ကေခိုင်ရယ်”

ဆိုတော့ ကေခိုင် ပြုံးပြီး ခေါင်းကို ညိတ်သည်။

“တပ်ကြည့် မောင်၊ မောင်နဲ့ သိပ်လိုက်မှာပဲ”

စက္ကူဘူးဟဟနှင့် မျက်မှန်အိတ်ကို လှမ်းပေးရင်း ကေခိုင် ပြောသည်။

စက္ကူဘူးနှင့် မျက်မှန်အိတ်ကို သူ လှမ်းယူလိုက်၏။

“ညကြီးမှာ မတပ်ပါရစေနဲ့ ကေခိုင်ရယ်”

ဟု ပြောကာ မျက်မှန်အိတ်ကို ဖွင့်သည်။ မျက်မှန်ကို အိတ်ထဲ ပြန်ထည့်မည် ပြင်၏။

“အို . . . ဘယ်သူမြင်မှာလိုက်လို့”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ မြကေခိုင်က ထ,ရပ်လိုက်ပြီး သူ့ရှေ့မှာ ချထားသော နေကာမျက်မှန်ကို ကောက်ယူပြီး သူ့မျက်နှာမှာ တပ်ပေးလိုက်၏။

ရယ်သံလွင်လွင်သည် အခန်းထဲမှာ ပျံ့သွားသည်။

"ကျေနပ်ပြီလား"

ဟု ခပ်ပြုံးပြုံးပြောရင်း မျက်မှန်ကို သူ ပြန်ချွတ်လိုက်သည်။ မြကေခိုင်က ကလေးတစ်ယောက်နှယ် သန့်စင်ကြည်လင်စွာ ပြုံးရင်း သူ့ကို စူးစိုက်ကြည့်နေတာ တွေ့သည်။



(၆)

မြကေခိုင်၏ သီချင်းသံသည် သူတို့ အခန်းလေးထဲမှာ ဝဲပျံ့လျက် ရှိသည်။ ခုတင်နှစ်လုံးကြားမှာ စာရေးစားပွဲရှိ၍ ထိုစားပွဲခုံပေါ်မှာ ကက်ဆက်တစ်လုံး သူ တင်ထားသည်။ မြကေခိုင်၏ ထွက်သမျှ သီချင်းခွေတွေအားလုံး မြကေခိုင်က သူ့ကို ပေးထား၍ စားပွဲပေါ်မှာ ရှိနေသည်။ နံရံကပ် ပိုစတာတွေလည်း ထွက်သလောက် သူ့ကို ပေးခဲ့သည်ချည်း။ အနှစ်သက်ဆုံး ပိုစတာနှစ်ခုကိုတော့ သူ့ခုတင်ဘေးက နံရံမှာ ကပ်ထားမိသည်။

"မနေ့က ကိုမောင်မောင်ဝင်း သူငယ်ချင်းနဲ့ တွေ့ရဲ့လား"

ဘေးခုတင်ပေါ်မှာ ထိုင်ရင်း စာဖတ်နေသော ကိုမောင်မောင်ဝင်းကို လှမ်းမေးလိုက်သည်။

"တွေ့တယ် ကိုထွန်းဝေဦး၊ သူက ရန်ကုန်ရုံးက ပြောင်းလာရတာလေ၊ မိသားစုက နယ်မှာ ကျန်နေခဲ့တယ်"

"မိသားစု မပါရင် ခင်ဗျား သူငယ်ချင်းကို ဒီမှာ လာနေခိုင်းပါလား၊ ကျွန်တော်တို့ နှစ်ယောက်တည်း ရှိတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ အိမ်ငှားမယ် ပြောနေတယ်၊ မိသားစုလည်း ခေါ်ချင်ပုံရတယ်"

"ဪ . . ."

ကိုမောင်မောင်ဝင်းက စားပွဲပေါ်သို့ စာအုပ်ကို တင်သည်။ ပြီးတော့ စားပွဲပေါ်မှ ဆေးလိပ်ပြာခွက်ထဲမှာ ရှိသည့် ဆေးပေါ့လိပ်ကို ကောက်ယူရင်း . . .

"ခင်ဗျားတို့ အခြေအနေကရော ကိုထွန်းဝေဦး"

ဟု မေး၏။

ဆေးလိပ်ကို မီးညှိနေသော ကိုမောင်မောင်ဝင်းကို သူ လှမ်းကြည့်မိသည်။

"ကျွန်တော် အားကျမိတဲ့ လူတွေထဲမှာ ခင်ဗျားတို့ အတွဲပါတယ်ဗျ၊ ရှုပ်ချောတယ်ဗျာ၊ အောင်မြင်မှုလည်း ရှိနေတယ်၊ ပြီးတော့ ခင်ဗျားကိုလည်း သိပ်ချစ်တယ်လို့ ကျွန်တော် ထင်တယ်လေ၊ အဲဒီလို ချစ်သူမျိုးကို ရထားတဲ့ ခင်ဗျားအတွက်တော့ ကုသိုလ်ကောင်းတယ် ခေါ်ရမှာပဲ၊ အခု နောက်ဆုံးထွက်တဲ့ သူ့အခွေကလည်း ပေါက်တာပဲဗျ နော်"

ကိုမောင်မောင်ဝင်းက ဆက်ပြောသည်။

"ဟုတ်တယ် . . ကိုမောင်မောင်ဝင်း၊ ကေခိုင် ဒီအခွေလည်း ပေါက်သွားတယ်၊ စတိတ်ရှိုးရာသီ ဆိုတော့ဗျာ၊ နားရတယ်လည်း မရှိဘူးပေါ့၊ သူ့မှာက ထောက်ပံ့ရမယ့် မိသားစုလည်း မရှိတော့ သူ ပိုက်ဆံစုမိတာပေါ့၊ ကေခိုင်က သူ့ခြေပေါ် သူ ရပ်နိုင်ပါပြီ"

"အေးဗျာ . . . လက်ရှိ သူ့နေရာ သူ့အနေအထားမှာ





ခင်ဗျားကို သူ သစ္စာရှိရှိနဲ့ ဆက်တွဲနေတာလည်း သူ ခင်ဗျားကို တကယ်ချစ်လို့ပဲ ကိုထွန်းဝေဦး၊ ပြောရရင်ဗျာ . . . သူ့အခြေအနေနဲ့ သူ ရွေးမယ်ဆိုရင် ခင်ဗျားထက် မနိုင်းသာအောင် သာတဲ့လူတွေ သူ့ဘေးမှာ အများကြီး ရှိနေမှာပေါ့၊ ကျွန်တော်ပြောတာ စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူးဗျာ"

ဟု ရယ်သံနှော၍ သူ ပြောသည်။

"ကျွန်တော် မြင်တာတော့ ခင်ဗျားက တွန့်ဆုတ်တွန့်ဆုတ် လုပ်နေသလိုပဲ"

သူ ပြုံးလိုက်မိသည်။

"ဒါကတော့ ရှင်းရှင်းလေးပါ ကိုမောင်မောင်ဝင်းရာ၊ ကျွန်တော့်မှာ မိဘကို ထောက်ပံ့စရာ မလိုပေမယ့် မိဘဆီက အထောက်အပံ့ကို မယူဘဲ နေနိုင်အောင် မနည်းကြီး ကြိုးစားနေရတာ ခင်ဗျား အသိဆုံးပဲ၊ ကိုယ့်ဝင်ငွေနဲ့ကိုယ် အိမ်ထောင်တစ်ခုကို ထိန်းသိမ်းနိုင်ဖို့ ကျွန်တော့်မှာ အခြေအနေ မပေးသေးဘူးလေ၊ သူက ပြည့်စုံပြီးသားပဲဆိုပြီး သူ့ကို အားကိုးပြီး လက်ထပ်ရမှာလည်း ကျွန်တော် သိပ်ပြော မသန့်ဘူး၊ မိန်းမတစ်ယောက်ရဲ့ လုပ်စာနဲ့ အိမ်ထောင်တစ်ခုကို ကျွန်တော် မထူထောင်ချင်ဘူးဗျာ"

"ဒါကတော့ဗျာ . . . လင်မယား ဖြစ်လာကြမယ့် သူတွေပဲ၊ သူ့ဟာကိုယ့်ဟာ မခွဲခြားသင့်တော့ဘူး ထင်တာပဲ"

"မဟုတ်ဘူးဗျာ . . . သူ့မှာ ဘယ်လောက်ပြည့်စုံပြည့်စုံ ကျွန်တော့်ဘက်ကတော့ သားကျွေးမှု မယားကျွေးမှု ဖူလုံမှ ကျွန်တော် အိမ်ထောင်တစ်ခုကို ထူထောင်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ . . . ခင်ဗျားကလည်း ခင်ဗျား မာနနဲ့ ခင်ဗျားပဲ ကျွန်တော် သိသလောက် ကေခိုင်က သူ့ပိုက်ဆံကိုလည်း သိပ်ပြီး ကပ်ကပ်သပ်သပ် ရှိမယ် မထင်ပါဘူး"

"မရှိဘူး ကိုမောင်မောင်ဝင်း၊ ကေခိုင်က အပေးအကမ်း ရက်ရောတယ်၊ သဘောလွယ်တယ်၊ သူများကို ကူညီချင်တယ်"

"အေးလေဗျာ . . . သူ ရှာတဲ့ငွေပဲဆိုပြီး ဂုဏ်မောက်နေမယ့် မိန်းမမှ မဟုတ်တာ"

"ဒါပေမယ့် ဗျာ"

"ကျွန်တော် တစ်ခုတော့ နားလည်ပါတယ်၊ မြကေခိုင်ဆိုတဲ့ နာမည်ကြီး အဆိုတော် တစ်ယောက်ရဲ့ လင်ဆိုပြီး သီချင်းဆိုတဲ့နေရာ ကားမောင်းပို့၊ လိုအပ်တာ ကူညီ၊ အဲဒီလောက် အရာဝင်တဲ့ လင်တစ်ယောက် ခင်ဗျား မဖြစ်ချင်ဘူး မဟုတ်လား၊ ဦးထွန်းဝေဦးဆိုပြီး ခင်ဗျားဘက်ကလည်း ခင်ဗျား မားမားမတ်မတ် ရပ်ချင်သေးတယ် ဒါပဲ မဟုတ်လား၊ မြကေခိုင်ရဲ့ ခင်ပွန်းဆိုတာထက် ဦးထွန်းဝေဦးရဲ့ ဇနီးလို့ လူတွေက အသိအမှတ်ပြုခံချင်တယ်၊ ဟုတ်တယ် မဟုတ်လား၊ မဆိုးတော့ မဆိုးပါဘူးဗျာ၊ လူတွေမှာရှိတတ်တဲ့ အတ္တစိတ်ပဲ"

ကိုမောင်မောင်ဝင်းကို ကျော်လျက် အပြင်ဘက်ကို သူ လှမ်းငေးနေလိုက်သည်။ စကား မဆက်မိတော့။

သက်ပြင်းကိုတော့ ဖွဖွချမိပြန်သည်။

သီချင်းထဲမှ မောင်ဟု တမ်းတဆို့နင့်စွာ ခေါ်လိုက်သံက သူ့ရင်ကို ပို၍မောသွားစေပြန်သည် ထင်၏။



(၇)

"အဲဒီ မင်းသားက အဆိုတော် မြကေခိုင်နဲ့ ဖြစ်နေတာ"

"သေချာလို့လားကွာ"

သူတို့ နောက်ဘက် စားပွဲဝိုင်းမှ အသံများ လွင့်ပျံ့လာသည်။ မြကေခိုင်၏သတင်းမို့ ကိုယ်က မတ်ခနဲ တုံ့သွားသည်။

"သေချာတာပေါ့ကွာ . . . ငါ မြကေခိုင် အိမ်ကို ရောက်သွားတော့ အဲဒီမင်းသားနဲ့ ဆုံခဲ့သေးတယ်၊ ဒီမင်းသားက မြကေခိုင်အိမ်ကို နေ့တိုင်းလိုလို လာတတ်တယ် ပြောတယ်"

"စာစောင်တစ်ခုမှာပေါ့၊ မြကေခိုင် မင်းသမီးလုပ်တော့မလိုလို ပါလာတယ်ကွ၊ ဒါကြောင့် အဲဒီ မင်းသားကို ကပ်တာ ဖြစ်နိုင်တယ်"

"ဟိုတီးဝိုင်းက ဂစ်တာတီးတဲ့ သော်သော်နဲ့လည်း မရှင်းမရှင်း ကြားတာပဲ"

မြကေခိုင်၏ သတင်းများကို အားပါးတရ ပြောနေကြသည်။ ရှတ်တရက်တော့ မျက်နှာပူသလို ဖြစ်သွားသေး၏။ နောက်တော့ ရေနွေးကြမ်းတစ်ခွက်ကို ဟန်မပျက် သူ မော့သောက်သည်။ မရိုသတ်



www.burmeseclassic.com

www.burmeseclassic.com



၏ မြင်ကွင်းရှေ့မှ သူပဲလေ။ ပရိသတ် ပြောတာ ဆိုတာလည်း ခံရပေမ ပေါ့ ဟု သူ ဖြေသည်။ လူငယ်တွေဆိုတော့လည်း သည်အကြောင်းတွေကို စိတ်ဝင်တစား ပြောကြဆိုကြမှာပါပဲဟု တွေးသည်။

"စိတ်မကောင်း ဖြစ်နေလား"

ဟု ကိုမောင်မောင်ဝင်းက တီးတိုးမေး၏။ ကိုမောင်မောင်ဝင်း ကြည့်ရတာ သူ့ကို အားတုံ့အားနာဖြစ်နေဟန် တူသည်။

"ထိပ်ရောက်နေတဲ့အရာ လေတိုက်ခံရတာ မမှတာပဲပေါ့ဗျာ"

"ဟုတ်တယ် . . . အဲဒီလိုပဲ သဘောထားနိုင်ဖို့ အရေးကြီးပါတယ်"

"တချို့သတင်းကျတော့ မမှန်ပေမယ့် အဲဒီလို သတင်းထွက်လာဖို့ အခြေအမြစ်တော့ ရှိတတ်တယ် ကိုမောင်မောင်ဝင်း၊ ဥပမာဗျာ . . . ဆိုပါတော့၊ သော်သော် . . ."

လေသံကို နှိမ့်ပြီး နာမည်ကို သူပြောသည်။ ပြီးမှ . . .

"အဲဒီတစ်ယောက်နဲ့ဆို ကားကြုံတိုင်း ပြန်ပို့ပေးတတ်တာဗျ ကားပေါ် နှစ်ယောက်တည်းတွေ့တဲ့သူက သတင်းလွှင့်ချင်စရာ ဖြစ်မနေဘူးလား"

ကိုမောင်မောင်ဝင်းက ခေါင်းကို တဆတ်ဆတ် ညိတ်သည်။

"သူတို့ လောကက အနေအထိုင် နည်းနည်းမှားတာနဲ့ သတင်းဖြစ်သွားတတ်တာပဲ"

ရေနွေးကြမ်းကိုငှဲ့ရင်း ကိုမောင်မောင်ဝင်း ဆိုသည်။

မြကေခိုင်ကို သတိပေးသင့် မပေးသင့် သူ ဝေခွဲ၍မရနိုင်ပြန်။



(၈)

မေမေ့ထံမှစာကိုဖတ်ပြီး စာအိတ်ထဲသို့ ထည့်ရန် ခေါက်လိုက်ပြီးမှ စာရွက်ကို ပြန်ဖြန့်ကာ နောက်ဆုံးပိုဒ်ကို ထပ်ဖတ်မိပြန်သည်။

"တစ်နေ့ တစ်ခေါက်လောက်တော့ ပြန်ဖြစ်အောင် ပြန်ခဲ့ စေချင်ပါသည်။ မေမေတို့က အသက်ကြီးတော့ သွားရေး လာရေး မလွယ်တော့ပါ။ သား နေထိုင်မကောင်းလျှင်လည်း စာရေးအကြောင်းကြားပါ။ သား အစ်ကိုကြီးကို ရန်ကုန် လွှတ်လျှင် ရနိုင်ပါသည်။ မေမေရော မေမေပါ။ စိတ်ပူတာက သားက ယောင်ယောင်ကတမ်းက ပျူငှာတာ မလုပ်ဘဲ သမီးအားအေးနေတတ်တာကိုပါ၊ သား ဘာဖြစ်နေနေ သူများကို အကူမပေးချင်တဲ့ စိတ်နဲ့ အသိမပေးတာဘဲ၊ ရန်ကုန်မှာ သား တစ်ခုခုဖြစ်နေလျှင်လဲ မေမေတို့မသိအောင် ဖြတ်ဖြတ်တကြည့်သည်ခံမနေစေလိုပါ၊ ငွေလိုလျှင်လည်း ပြောပါ။"



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကို အသေအချာ ခေါက်လိုက်ပြီး စာအိတ်ထဲသို့ ထည့်လိုက် သည်။ ပြီးမှ စာတစ်အိတ်တည်း အတူပါလာသော ကိုကို ကြီးထံမှ စာကို ဖြန့်ဖတ်လိုက်မိပြန်၏။

မင်းကောင်မလေး မြကေခိုင်အကြောင်း ဟိုအလှူနေ့က မင်း လာတုန်းက ပြောသွားလို့ ကိုကိုကြီး သိခဲ့ရတယ်။ အဲဒီတုန်းက မြကေခိုင်ရဲ့ မိဘတွေအကြောင်းကို ကိုကိုကြီးမေးတော့ မင်း ရေရေရာရာ မပြောနိုင်ခဲ့ဘူး၊ သူ့မှာ အမေဆုံးသွားပြီ အဖေရှိတော့ ရှိတယ်၊ အတူမနေဘူး၊ ဒီလောက်ပဲ မင်း ပြောနိုင်ခဲ့တယ်၊ သူ့အဖေအမေ ဘယ်သူဘယ်ဝါ ဘာလုပ်တယ် ဘာကိုင်တယ် စသဖြင့် အသေးစိတ် မသိခဲ့ဘူး၊ ခုရော မင်း သိပြီလား။

တကယ်တမ်း မင်း သူ့ကို လက်ထပ်ပြီးကာမှ ရည်ရွယ်ထားရင်တော့ အဲဒီ မိဘတွေအကြောင်းပါ သေသေချာချာ သိသင့်တယ်လို့ ကိုကိုကြီး ထင်တယ်လေ၊ အိမ်ထောင်ပြုတာက နှစ်ယောက်တည်း လက်တွဲရုံမှာ မဟုတ်ဘူး။ ဟိုဘက် ဒီဘက် အသိုင်းအဝိုင်းပါ ဆက်စပ် နီးနွယ်ကြရမှာပဲ၊ တစ်ဖက်နဲ့တစ်ဖက် ရေရေရာရာ သိထားဖို့ လိုတာပေါ့ကွာ။

ကိုကိုကြီးသိတာ တစ်ခုပြောရဦးမယ်၊ ဟိုတစ်လောက ကိုကိုကြီးတို့ မြို့ကို ပြောင်းလာတဲ့ ဝန်ထမ်းတစ်ယောက်နဲ့ ခင်လို့ သူ့ဆီက သိခဲ့ရတာ စကား စပ်မိပြီး ပြောပြကြတာ၊ အဲဒါက အသိတော် မြကေခိုင်ရဲ့ အဖေက အလုပ်က ရုံးတစ်ရုံးက အရာရှိကြီးတဲ့၊ သူက မြကေခိုင်တို့ အဖေ့လက်အောက်မှာ လုပ်ခဲ့ဖူးတယ်လို့ ပြောတယ်၊ သူ အဲဒီ အိမ်ကိုလည်း ဝင်ထွက်သွားလာခဲ့ဖူးတယ်တဲ့၊ မြကေခိုင်ရဲ့ အမေက မာနကြီးတယ်၊ ဒေါသနတယ်တဲ့၊ နောက်ပိုင်း မြကေခိုင်ရဲ့ အဖေက နောက်အိမ်ထောင်ပြုလိုက်လို့ သူတို့ လင်မယား ကွဲသွားကြတယ် ပြောတယ်။





မြကေခိုင်က အမေနဲ့ ပါသွားတယ်တဲ့။

မြကေခိုင်ရဲ့အမေကတော့ ဆုံးပြီတဲ့၊ သူ့အဖေ ရှိသေးတယ် ပြောတယ်၊ ဒါပေမယ့် စာစောင်တွေ ဘာတွေမှာတော့ မင်းကောင်မလေးက သူ့မိဘတွေ မရှိတော့ပါဘူးပြောတာလည်း ကိုကိုကြီး ဖတ်ဖူးခဲ့တယ်၊ ဒါတွေက မင်း သိအောင် ရေးပြတာပါ။

စာကို ဆက်မဖတ်ဖြစ်ဘဲ အငေးကို ငေးသည်။ သူ မြကေခိုင်၏ ဘဝကို အသေအချာ မသိခဲ့။ မမေးခဲ့ဖူး။ သိရန်လည်း မလိုအပ်ဟု ဆင်ခဲ့မိသည်။ သူ သိဖို့ လိုအပ်လျှင် မြကေခိုင်က သူ့ကို ပြောလိမ့်မည်ဟုလည်း သူ ယုံထားခဲ့သည်။

မြကေခိုင်ကို သူ့နှလုံးသည်းပွတ်မှ ချစ်ခြင်းမေတ္တာတရားဖြင့် သူ ချစ်မိခဲ့သည်။ မြကေခိုင်၏ ဘဝနောက်ကြောင်းမှာ ဒဏ်ရာ ဒဏ်ချက်တို့ ပြည့်နှက်နေပါလျှင်လည်း သူ့မေတ္တာတရားဖြင့် ကုသပျောက် ကင်းစေချင်သည်သာ။

သက်ပြင်းချရင်း အတွေးကိုဖြတ်၍ ကိုကိုကြီး၏စာကို ဆက် ဖတ်သည်။ နောက်ပိုင်းမှာတော့ ထုံးစံအတိုင်းပင် ကျန်းမာရေး ဂရုစိုက်ဖို့အကြောင်း၊ ငွေလိုလျှင် အမြဲမှာဖို့အကြောင်း၊ ဖေဖေတို့ဆီကို စာမှန်မှန်ရေးဖို့အကြောင်းတွေဖြင့် နိဂုံးချုပ်ထားသည်။

ကိုကိုကြီးစာကို ခေါက်လိုက်ပြီး စာအိတ်မှာ ထည့်၏။

စာအိတ်ကို စားပွဲပေါ် ပစ်တင်ရင်း ပြတင်းဝမှာ ရပ်သည်။ မြကေခိုင်က သူ့အဖေ အသက်ထင်ရှားရှိနေပါလျက် အဆက်အသွယ် မလုပ်ဘဲ စာစောင်တွေမှာ အဖေ မရှိတော့ပါဟု ပြောခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



မြကေခိုင်၏ အမှားဟု သူ တွေး၏။ ဘာဖြစ်ဖြစ် အဖေဟာ အဖေပဲ ဖြစ်ရပေမည်။ သူတို့သားအမိကို ထားသွားခြင်းအတွက် မြကေခိုင် ဘယ်အထိ နာကြည်းနိုင်သည်ကိုတော့ သူ တွေးတတ်သည်ပဲ။ ဒါပေမယ့် သည်လောက်အထိတော့ စိမ်းပြတ်ခက်ထန်စရာ မလို ဟု နားလည်သည်။ ကြုံကြိုက်လို့ စကားစပ်မိလျှင်တော့ ဒီကိစ္စကို သူ ပြောရမည် စဉ်းစားဆုံးဖြတ်၏။

ဆောင်းဦးပေါက်၏ ညနေဆည်းဆာသည် နွေအခါကဲ့သို့ သွေ့ခြောက်ခြင်း မရှိသော်လည်း စိုပြည်သစ်လွင်မှုကတော့ လျော့တန် သလောက် လျော့သည်ဟု သူ ထင်မိပြန်သည်။



(၉)

မောင် မနက်ဖြန် အားတယ်၊ ကေခိုင် အလုပ်တွေ ရှိနေလား ဟု ညက ဖုန်းဆက်စဉ် သူ မေးသည်။

မနက်ဖြန်မနက် မင်္ဂလာဆောင် သီချင်းဆိုရမယ်၊ နှစ်ပွဲဆိုပြီး င် နေ့လယ်ဘက် အားနေတယ်၊ ညဦးပိုင်းမှ စတူဒီယိုကို သွားရမယ် ဟု ကေခိုင် ပြောသည်။ ပြီးတော့ မောင် စောင့်နေပါလား၊ နေ့လယ်မှာ ခိုင် လာခေါ်လှည့်မယ်၊ ရုပ်ရှင် သွားကြည့်ရအောင်ဟု မှာသည်။ င် အိမ်မှာပဲ ရှိနေမှာပါဟု သူ ပြန်ပြောဖြစ်ခဲ့၏။ နေ့လည်စာ ပြီးတော့ မြကေခိုင်၏ ကားလာလျှင် လှမ်းမြင်နိုင်ရန် ဝရန်တာမှာ လက်ကုလားထိုင်နှင့် စာထိုင်ဖတ်ရင်း သူ စောင့်သည်။ ကိုမောင် ဝင်းကတော့ သူ့သူငယ်ချင်းဆီ သွားဦးမည်ဟု မနက်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားခဲ့သည်။

ကားရပ်သံကြားတိုင်း လှမ်းမျှော်ကြည့်မိလျက် စာကို စိတ်အေးလက်အေး မဖတ်ဖြစ်ပြန်။ နေ့လည် တစ်နာရီကျော်လာတော့ အိပ်ငိုက်ချင်လာသည်။ ဘေးက ခုံကလေးပေါ်မှာ ချထားသော ဆေးပေါ့လိပ်ကို လှမ်းယူ မီးညှိဖွာ၏။ ပြီးတော့ လက်က နာရီကို တကြည့်ကြည့်လုပ်နေမိပြန်သည်။

ကေခိုင် လာပါတော့မလားဟု တွေးဖြစ်ချိန်မှာပင် ကေခိုင် ရောက်လာ၏။

"ဆောရီးနော် မောင် . . . ကေခိုင် လုပ်ငန်းလေး တစ်ခုပေါ်လာလို့ နောက်ကျသွားတယ်"

ကေခိုင် ပြောသည့် စကားကို သူ သတိမထားဖြစ်။ ရှေ့မှာ လာရပ်နေသည့် မြကေခိုင်ကို သူအသေအချာ စူးစိုက်ကြည့်နေမိပြန်သည်။

ဆံပင်တိုတိုပါးပါးကပ်ကပ်လေးသည် မြကေခိုင်၏ မျက်နှာသွင်ပြင်ကိုပါ ပြောင်းလဲသွားစေပြန်သည် ထင်၏။ နားမှာ ဝိုက်ကာ ဖော်ထားသောကြောင့် ယောကျ်ားလေးတစ်ဦး၏ ဆံပင်ပုံစံမျိုးနှင့် ခပ်ဆင်ဆင်။ သွယ်လျလျ မျက်နှာသည် ပိုပြည့်၍ ပေါ်လွင်လာသယောင်။

"မောင့်မျက်နှာကလည်း သိပ်အံ့အားသင့်နေသလိုပဲ၊ ကေခိုင် ဒီဆံပင်ပုံနဲ့ မလိုက်လို့လား မောင်"

"ဟာ မဟုတ်ပါဘူး"

တအံ့တသြ မျက်နှာကို ချက်ချင်း ပြင်ရင်း သူ ပြော၏။

"မလိုက်လို့ မဟုတ်ဘူး ကေခိုင်၊ အမြဲ မြင်နေကျပုံစံကို မျက်





ထဲမှာ စွဲနေတော့ ရုတ်တရက် ထူးဆန်းနေသလိုပဲ၊ ခပ်ဝေးဝေးကသာ မြင်ရင် ကေခိုင့်ကို မောင် မှတ်မိမှာတောင် မဟုတ်ဘူး"

ခပ်လွင်လွင်လေး ရယ်ရင်း . . .

"ကေခိုင့်ကလည်း အဲဒီလိုပဲ ဖြစ်စေချင်တာ မောင်ရဲ့"

ဟု ပြောသည်။

"ကေခိုင့်ပုံကို လူတွေက ကောင်းကောင်းမှတ်မိနေပြီလေ၊ ကြာရင် ရိုးသွားကြတော့မှာ ရိုးသွားရင် ပုံစံအသစ်ဆီ အာရုံရောက်သွားတတ်ကြတယ် မဟုတ်လား"

ဟု စကားဆက်၏။

"မောင့်အတွက်တော့ ကေခိုင့်ပုံစံဟာ ဘယ်တော့မှ မရိုးနိုင်ကောင်းနိုင်ပါဘူး ကေခိုင်"

"မောင်လည်း လူပဲလေ မပိုနဲ့"

အပြင်ထွက်ရန် တံခါးဝဆီ လျှောက်ရင်း ကေခိုင်က သူ့ကို ပခုံးချင်းတိုက်လျက် ပြောသည်။

ရုပ်ရှင်ပြဖို့ အချိန်လိုသေးသဖြင့် လူရှင်းသော ကော်ဖီဆိုင်ထဲ ဝင်ခဲ့ကြသည်။ မှန်တံခါးချပ်က တင်ကြိုပွင့်သွား၏။ လေအေးစက်တပ်ထားသော အခန်းထဲသို့ လှမ်းဝင်လိုက်ရသည်မို့ အေးစိမ့်သိသာသွားစေသည်။ လွတ်နေသော နောက်ဘက်က စားပွဲဆီသို့ လျှောက်သွားငြိ ရှေ့နားက စားပွဲဆီ အကြည့်ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့ထွန်းကို တွေ့လိုက်ရတော့ ရင်ထဲမှာ စိုးရိမ်စိတ် ဖျတ်ခနဲ ပေါ်သည်။ မြကေခိုင်ကို မသိမသာကြည့်စဉ် မြကေခိုင်က အကြည့်ကို လွှဲလျက် ရှေ့ဆက်လျှောက်၏။ မျက်နှာက တင်းမာသွားတာ သတိထားဖြစ်သည်။

လဲ့လဲ့ထွန်းက မြကေခိုင်ကို စူးစိုက်ကြည့်ရင်း သူ့မျက်နှာဆီ ရုတ်တရက် အကြည့်ပို့ကာ သူ့ကို ပြုံးပြသည်။ တင်းမာနေရာမှ ရုတ်တရက် ပြောင်းလဲသွားသည့် အပြုံး။

"လဲ့လဲ့ . . . ကလေးလား"

လဲ့လဲ့ထွန်းဘေးမှာ ထိုင်ရင်း မုန့်စားနေသော ကလေးငယ်ဆီ အကြည့်ပို့ကာ သူ မေးသည်။

"ဟုတ်တယ် ထွန်းဝေဦး၊ ဒါ . . . လဲ့လဲ့ သားလေ"

သူနှင့် မျက်နှာချင်းဆိုင်မှာ အမျိုးသားက ထိုင်နေသည်။ အလိုက်အထိုက် စကားဆိုနေရသဖြင့် လဲ့လဲ့ထွန်းတို့ စားပွဲနားမှာ သူ ခဏ ရပ်နေရ၏။

ပြီးမှ နှုတ်ဆက်ရင်း မြကေခိုင် ထိုင်နေသော ဆိုင်နောက်နား စားပွဲဆီသို့ သူ လျှောက်လာရင်း ထိုင်လိုက်သည်။

မြကေခိုင်က သူ ဝင်ထိုင်လိုက်သည်ကို လှည့်မကြည့်။ နံရံကို စူးစိုက်ကြည့်ရင်း မျက်နှာက ပြုံတော့မည့်မိုးနှယ် တင်းမာခက်ထန်သုန်မှုန်သည်။ အနားရောက်လာသည့် စားပွဲထိုးကလေးကို နက်(စ်)ကော်ဖီ နှစ်ခွက်ဟု ခပ်လွယ်လွယ် သူ မှာလိုက်သည်။

ဆိုင်အဝင်ဝဘက်ကို မျက်နှာမူထိုင်ထားမိသဖြင့် လဲ့လဲ့ထွန်းတို့မိသားစု ပိုက်ဆံရှင်းပြီး ထသွားကြတာ သူ မြင်နေရပြန်၏။





လဲ့လဲ့ထွန်းက နှုတ်ဆက်မသွားသည်ကိုပင် ကျေးဇူးတင်နေမိပြန်သည်။

"ဖြစ်ပြီးခဲ့တာတွေလည်း ကြာပြီပဲ ကေခိုင်ရယ်၊ ဘာလို့ စိတ်ပင်ပန်းခံနေရတာလဲ"

စကားကို ခပ်ဖွဖွ ချိန်ချိန်ဆဆ သူ ပြောသည်။

သူ့စကားအရပ်မှာ မြကေခိုင် မျက်နှာကို ငုံ့၏။ ဝေ့သီရစ်ဝဲလာသောမျက်ရည်စကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်လျက် ထိန်းသည်။ လမ်းမှာ ကားမောင်းလာစဉ်က တစ်လျှောက်လုံး ရွှင်ပြုံးကြည်လင်နေသော မျက်နှာသည် ခရီးဝေးကိုပြေး၍ ပန်းဝင်လာခဲ့ရသူ၏ မျက်နှာမျိုး မောပန်းနွမ်းနယ်ဟန်သို့ ပြောင်းသည်။ နှလုံးသားမှာ နာကျင်ပြင်းပြသည့်လက္ခဏာ၊ မြကေခိုင်၏ နှုတ်ခမ်းအလွှာက တဆတ်ဆတ် တုန်သည်။

"မေ့ထားလိုက်ပါ ကေခိုင်ရယ်"

မျက်နှာကို မော့၍ ငွေ့ငွေ့မှုင်မှုင်မှု အပြုံးဖြင့် သူ့ကို ကြည့်သည်။ မျက်နှာက သွေးရောင်ဆုတ်နေရာမှ ပန်းနုရောင် ပြန်လွှမ်းလာပြီး မျက်လုံးများကတော့ ရီရီဝေဝေ ရှိနေဆဲ။

"ကေခိုင် အရှုံးခံစားလိုက်ရတယ်၊ ဒေါသကို မနည်းချုပ်ထားရတယ် မောင်၊ ခေါင်းတွေထဲမှာ နောက်ကျိသွားတယ်"

စကားသံ တိုးတိုးဖြင့် ပြော၏။

"ရုပ်ရှင် မကြည့်တော့ဘဲ အိမ်ပြန်ကြမလား"

"ဟာ . . . မပြန်ပါဘူး၊ မောင်နဲ့အတူ ရုပ်ရှင်ကြည့်ဖို့ လာတာပဲ။ ကြည့်မှာပေါ့၊ မောင်နဲ့ပတ်သက်ပြီး လဲ့လဲ့ကို ကေခိုင် ဘယ်တော့မှ ကျေနပ်မှာ မဟုတ်ဘူး၊ အရှုံးမုန်းတယ် မောင်၊ သူလည်း ကေခိုင့်ကို

www.burmeseclassic.com



အရမ်းမုန်းမှာပဲ"

"မုန်းတော့ မုန်းပေါ့ ကေခိုင်ရာ၊ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်သလို ဖြစ်အောင် ခံစားရတာတော့ မကောင်းဘူးပေါ့"

"ခါးခါးသီးသီး နာနာကြည်းကြည်း မုန်းတဲ့အခါ ဒီလိုပဲ ခံစားရမှာပါပဲ မောင်၊ အဲဒီအမုန်းက ဘယ်တော့မှ ပျောက်မှာလည်း မဟုတ်ဘူး၊ မောင်ကလည်းကွာ . . . ကေခိုင် ဒီလောက် မုန်းမုန်းသိလျက်နဲ့ သူ့ကို နှုတ်မဆက်သင့်ပါဘူး၊ ကေခိုင် အရမ်းခံစားရတာပေါ့"

သူ သက်ပြင်းကို ချသည်။

"လူမှုရေး ရှိသေးတာပဲ ကေခိုင်ရယ်၊ သူက မမြင်ချင်ယောင်ဆောင်ရင်၊ ခပ်တည်တည်လုပ်နေရင်တော့ တစ်မျိုးပေါ့၊ အခု သူက စပြီး မောင့်ကို ပြုံးပြ နှုတ်ဆက်နေမှတော့ မောင်က မျက်နှာလွှဲလို့ ဘယ်ကောင်းပါ့မလဲ"

"အဲဒီလို ခဏခဏ အားနာနေရင် မောင် လှဲလှဲနောက် ပါသွားလိမ့်မယ်"

စိတ်ဆိုးမာန်ဆိုး ထွက်လာသည့် စကား။

"မောင့်ကို ကေခိုင် ယုံသင့်ပါတယ်"

"အဲဒီ ကောင်မကို ယုံလည်း မယုံဘူး၊ စိတ်လည်း မချဘူး"

"သူ့မှာ အိမ်ထောင်နဲ့ ကလေးနဲ့ပါ ကေခိုင်ရယ်"

"ကလေး ငါးယောက် ခြောက်ယောက်နဲ့ ဖောက်ပြန်နေတဲ့ မိန်းမတွေ ဘယ်သွားထားမလဲ"

"တော်ပါတော့ ကေခိုင်ရယ် မောင် ကေခိုင့်ကို စကားနိုင်မလုတော့ပါဘူး"





စားပွဲထိုးလေးက နက်စ်ကော်ဖီနှစ်ခွက် လာချပေးစဉ် စကားပြတ်သွား၏။

ကေခိုင် စိတ်ခံစားမှု ပြင်းပြပေါက်ကွဲနေချိန်မှာ ဖက်ပြိုင်ငြင်းခုံ၍ မကောင်းဟု သူ နားလည်လိုက်၏။ အကယ်၍ သူက ဖက်ပြိုင်ငြင်းခုန်နေမိပါလျှင်လည်း ကေခိုင့်နားသို့ စွဲမြဲစွာ ဝင်ရောက်နားလည်နိုင်မည် မဟုတ်ဟု သူသိသည်။ ချစ်ချစ်တောက် ပူပြင်းနေသော အိုးကင်းထဲသို့ ကျသည့် ရေတစ်ပေါက်နှယ်သာ ဖြစ်မည်ဟု သူတွေး၏။

ကော်ဖီခွက်ကို ဇွန်းဖြင့် မွှေနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

မြကေခိုင်ဟု အမည်မသိခင်ကပင် စ၍ စိတ်ဝင်စားမိသည့် အဖြစ်။ သူနှင့် အခါက ဘာသာရပ်ချင်း မတူတော့ မျက်မှန်းတန်းမိရုံထက်ပို၍ ရင်းနှီးခွင့်မသာ။

ကင်တင်းမှာ လွဲလွဲထွန်းနှင့်အတူ ထိုင်နေတာ တွေ့ရတော့ လွဲလွဲထွန်းမှ တစ်ဆင့် ရင်းနှီးနိုင်ခွင့် ရနိုင်သည်ဟု အတွေးများ ဖျတ်ခနဲ ပေါ်သည်။ ကျွမ်းဝင်ရင်းနှီးစွာ စကားဝိုင်းဖွဲ့နေသော အခြားအမျိုးသားတစ်ဦးကိုပါ မြင်သဖြင့် နောက်ကျပြီလား စဉ်းစားမိကာ ရင်၌ ဖျတ်ခနဲ ဖြစ်ရသေး၏။

လွဲလွဲထွန်းက သူနှင့် ဘာသာရပ်တူချင်းမို့ ရင်းနှီးကျွမ်းဝင်လာသည်။

"လွဲလွဲ ခဏ . . ."

ညနေ အတန်းပြီးချိန်မှာ လွဲလွဲထွန်းကို သူ ခေါ်လိုက်တော့





လွဲလွဲထွန်းက အံ့သြဟန်ကြည့်ရင်း ရပ်သည်။

"ဘာလဲ . . ."

"လွဲလွဲကို တစ်ခုလောက် မေးချင်လို့"

ပြောရင်း သူ့မျက်နှာက မချိုမချဉ် ဖြစ်နေသည်လား မသိ။

"ဘာ မေးမှာလဲ ထွန်းဝေဦး"

ချက်ချင်း နှုတ်က မထွက်။ ဘယ်က စမေးရမည် စကားစ ရှာမရချင်။

"မေးလေဟာ . . ."

ဟက်ခနဲ ရှက်ရယ် ရယ်မိသေးသည်။

"ဟို . . . မနက်က နင်နဲ့အတူဆိုင်မှာ ထိုင်တဲ့တစ်ယောက် ဟာ . . ."

"ဘာဖြစ်လို့လဲ"

"ငါ့ကို မိတ်ဆက်ပေးလို့ ရမလား"

လွဲလွဲထွန်း ပြုံးတော့ လွဲလွဲထွန်းရှေ့မှာ အနေအထိုင် ကျဉ်းကျပ်လာသလို။

"နင် စိတ်ဝင်စားလို့လား ရပါတယ်"

သူ ဘာပြောရမည် မသိဘဲ တစ်ချက် ရယ်မိပြန်သည်။

"ငါနဲ့ အဆောင်မှာ တစ်ခန်းထဲနေတာ၊ မြကေခိုင်တဲ့"

"နင်တို့ အပြင်ဆောင်မှာပေါ့"

လွဲလွဲထွန်း ခေါင်းညိတ်သည်။

"ဒါပေမယ့် မနက်က တစ်ယောက်တွေ့တယ် မဟုတ်လား"

"အမျိုးသား တစ်ယောက်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ."

"အဲဒါက . . ."

"အဲဒါလဲ နင့်လိုပေါ့၊ မြကေခိုင်ကို ချဉ်းကပ်နေတဲ့ တစ်ယောက်လေ၊ ကိုဘုန်းဇော်တဲ့ သူက ငါတို့မြို့က"

"ငါ နောက်ကျသွားပြီ ထင်တယ်နော်"

အားငယ်သံ ပါသွားမည် ထင်၏။

"မြကေခိုင်မှာက အဲဒီလို ပရပ်ပွဲစ်လုပ်နေတဲ့ လူတွေ များသားပဲ တွန်းဝေဦး၊ နင်လည်း ဝင်ပြီး တန်းစီလိုက်ပေါ့၊ အခုထိတော့ သူ ဘယ်သူ့ကိုမှ အဖြေမပေးရသေးတာ သေချာကယ်၊ အားလုံးကို အလိုက်အထိုက် ဆက်ဆံနေတာပဲ၊ အဲ . . . ငါတို့မြို့က ကိုဘုန်းဇော်ကိုတော့ ပိုအလေးပေးသလိုပဲ၊ ဘာလဲ နင် စိတ်ပျက်သွားပြီလား"

လမ်းမဆီသို့ ငေးရီနေလိုက်မိသည့် သူ့ကို လဲ့လဲ့ထွန်းက အရယ်နှောရင်း မေးသည်။ သူ ဘာမှ ပြန်မဖြေမိဘဲ ပြုံးရုံသာ ပြုံးနေလိုက်မိပြန်၏။

"နင် အားရင် ငါ့အဆောင် ညနေဘက် လာခဲ့လေဟာ၊ ငါ မိတ်ဆက်ပေးမယ်"

"အေးဟာ . . . ကျေးဇူးတင်ပါတယ်"

လဲ့လဲ့ထွန်း ထွက်သွားတော့ သူ ခဏ ရပ်နေမိတော့သည်၊ ပြီးမှ သူငယ်ချင်းတွေရှိသည့် ကင်တင်းဆီ သူ လျှောက်ခဲ့၏။ မြကေခိုင်ဆိုသည့် အမည်ကို သိခွင့်ရပြီး မြကေခိုင်၏ဘေးမှာ ချစ်သူ ဝိုင်းဝိုင်းလည်နေပါလားဟုလည်း နားလည်ခွင့်ကို တစ်ပြိုင်နက်ကြုံရပြန်၏။



(၁၁)

"မောင် . . ."

"အင် . . ."

"ဘာတွေစဉ်းစားနေတာလဲ"

ပခုံးကို ဆတ်ခနဲ ပုတ်ပြီး မေးလိုက်တော့ အတွေးရုတ်တရက် ပြတ်သည်။

"မောင် ကေခိုင့်ကို စိတ်ဝင်စားခဲ့ရတဲ့အချိန်ကို ပြန်တွေးနေမိလို့ပါ"

"ဘာလဲ . . . လဲ့လဲ့ကို မိတ်ဆက်ပေးခိုင်းတဲ့ အချိန်လား"

သူ ခေါင်းကို ညိတ်သည်။

"အဲဒီအကြောင်း မတွေးနဲ့ မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"အဲဒီအကြောင်းကို တွေးရင် လွဲလွဲထွန်းလဲ မောင့်အတွေးမှာ ပါလာမှာပေါ့"

"ကေခိုင်ရယ် . . ."

နားလည်စွာ သူ ပြုံးရယ်မိပြန်သည်။

"သွားမယ် မောင် . . . ထ,ရုပ်ရှင်ချိန် နီးနေပြီ"

လက်မှ နာရီကို ကြည့်ရင်း ပြောလျက် ထ,ရပ်သည်။ လေးကန်စွာ ထ,ရပ်မိရင်း . . .

"ကေခိုင် ရုပ်ရှင်ကြည့်ချင်စိတ်ရော ရှိသေးရဲ့လား"

ဟု မေးလိုက်၏။

သူ့မျက်နှာကို တွေခနဲ တစ်ချက်ကြည့်ရင်း ခေါင်းညိတ်ပြသည်။

ဘာတွေကျန်ခဲ့လေမလဲဟု ကြည့်နေကျအတိုင်း ထိုင်ခဲ့သည့် နေရာကို သူ လှည့်ကြည့်တော့ ကေခိုင့်ရှေ့မှ ကော်ဖီခွက်က အရာမယွင်း။

ကေခိုင် စိတ်ထိခိုက်နေဆဲဟု သူ နားလည်ပြန်သည်။



(၁၂)

လွဲလွဲထွန်းအဆောင်ကို သွားလည်ဖြစ်၏။ လွဲလွဲထွန်း၏ မိတ်ဆက်ပေးမှုဖြင့် မြကေခိုင်ကို သိကျွမ်းရင်းနှီးခွင့်ကို ရလိုက်သည်။ လွဲလွဲထွန်း ဧည့်သည်အဖြစ်မှ မြကေခိုင်၏ဧည့်သည်ဖြစ်ကာ အဆောင်ကို သူ ခဏခဏ ရောက်လာတော့သည်။

အဆောင်မှာ လက်ခံတွေ့ဆုံသည့် မြကေခိုင်၏ဧည့်သည်က သူနှင့် ကိုဘုန်းဇော် နှစ်ဦးတည်းသာ ရှိခဲ့သည်။

ရံဖန်ရံခါ၌ သူနှင့် ကိုဘုန်းဇော်တို့ အဆောင် အဝင်အထွက် ဆုံတတ်ပြန်သည်။ မြကေခိုင်နှင့် စကားပြောနေစဉ်မှာ မဆုံဖြစ်သော ကြောင့် မြကေခိုင်ကလည်း မိတ်ဆက်မပေးဖြစ်ခဲ့။ တစ်ဦးနှင့်တစ်ဦး တော့ သိနေကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မြကေခိုင်နှင့် သူ ညှော်ခန်းမှာ စကားပြောနေဖြစ်သည်က နည်းသည်။ သူရောက်လာပြီး မြကေခိုင်ကို တွေ့လို့ မကြာခင်မှာပင် လဲ့လဲ့ထွန်း ရောက်လာတတ်သည်။ ပြီးတော့ ဆိုင်တစ်ဆိုင်သို့ သွားဖို့ ခေါ်တတ်သည်။ လဲ့လဲ့ထွန်း ရောက်လာ နှုတ်ဆက်ပြီး 'ဒီမှာ ထိုင်ရတာ ပျင်းစရာကြီးပါဟာ၊ လက်ဖက်ရည်ဆိုင် သွားရအောင်' ဟု ပြောဘတ်စမြဲ။

ဒီလို စခေါ်စဉ်ကတော့ သူ လဲ့လဲ့ထွန်းကို မြို့ငြင်တတ်စမြဲ။

ဒီမှာ နှစ်ယောက်တည်း စကားပြောခွင့် ရနေပါလျက် လဲ့လဲ့ထွန်းပါလာလျှင် သူတို့ လွတ်လပ်မှု နည်းပါးမည်ဟု စိုးရိမ်သည်။ ညှော်ခန်းမှာ အဆောင်ရှေ့မှာ တခြားညှော်သည်တွေရှိကြသော်လည်း နှစ်ဦးတည်း စကားပြောနိုင်သေးသည်။ လက်ဖက်ရည်ဆိုင်မှာဆို လဲ့လဲ့ထွန်းက အနားမှာ ရှိနေမည်ဟု သူတွေး၏။

"ကဲ . . . နင်တို့ အေးအေးဆေးဆေးမှ ပြန်လာခဲ့ကြ၊ ငါ ပြန်နှင့်မယ်"

လက်ဖက်ရည်သောက်ပြီးသည်နှင့် လဲ့လဲ့ထွန်း ထပြန်တော့ အလိုက်တသိရှိလှသော လဲ့လဲ့ထွန်းကို ကျေးဇူးတင်မိပြန်သည်။ နောက်ရက်တွေမှာ အပြင်ထွက်တော့လည်း သည်နည်းပင် လဲ့လဲ့ထွန်း ထပြန်သွားလေ့ရှိ၏။ ဒီတော့မှ လဲ့လဲ့ထွန်းကို သူနားလည်လာတော့သည်၊ သူ့ဘာသာဆို အပြင်ဆိုင်ကို နှစ်ယောက်တည်းသွားဖို့ ခေါ်ရမှာ ခက်နေမည့်ကိစ္စ လဲ့လဲ့ထွန်းကြောင့် ပြေလည်သွားရသည်ဟု သဘောပေါက်သည်။

"နင်ကလည်း အပြင်ဆိုင်တွေ ဘာတွေ ခေါ်ပြုထိုင်တော့





အတူသွား အတူလာ ပို့ပြီး ရင်းနှီးမှု ရတာပေါ့ဟာ၊ ပြီးတော့ ငါ တစ်ခု ပြောမယ်၊ နင်တို့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ကျန်ခဲ့တဲ့ အချိန်လေ၊ ငါက ပြန်သွားလို့ အဆောင်ဝလည်းရောက်ရော ကိုဘုန်းဇော် အဆောင်ရှေ့မှာ ငါနဲ့ဆုံတာပဲ၊ ကေခိုင်ရှိလားလို့မေးလို့ နင်နဲ့ နှစ်ယောက် ထွက်သွားကြတာ တွေ့လိုက်တယ်လို့ ငါ ပြောလိုက်တယ်၊ နင်တို့ အဆောင်မှာသာ စကားပြောနေရင် ဆုံဖြစ်မှာ . . ."

ကျောင်းမှာဆုံတော့ လဲ့လဲ့ထွန်းက သူ့ကို ပြောသည်။

"ကိုဘုန်းဇော် ကေခိုင်နဲ့စကားထိုင်ပြောနေတုန်း ငါရောက်ဖူးဘယ်လေ၊ ငါရောက်လာတာတွေ့တော့ ကေခိုင် ငါ့ကို ပြုံးပြနှုတ်ဆက်တော့ ကိုဘုန်းဇော်လည်း အားနာပြီး ထပြန်သွားတယ်၊ အဲဒါ ဟိုတစ်ပတ်တုန်းကလေ"

"အေး . . . အဲဒါ ပြောတာပေါ့၊ နင် အလျင်ရောက်ပြီး နင်နဲ့ ကေခိုင် စကားပြောနေတုန်း ကိုဘုန်းဇော် ရောက်လာရင်လည်း နင် အားနာပြီး ထပြန်ရမှာပဲ မဟုတ်လား"

"ငါ သဘောပေါက်ပြီ လဲ့လဲ့၊ နင့်ကို ကျေးဇူးတင်ပါတယ်၊ ငါနဲ့သူ နှစ်ယောက်တည်း အပြင်ထွက်ဖို့ခေါ်ရင်လည်း သူ လိုက်ချင်မှ လိုက်မှာ၊ နင်ပါတော့ ကောင်းတာပေါ့၊ နင်နဲ့အတူ သုံးလေးခါ သွားပြီးပြီဆိုတော့ ငါခေါ်ရင်လည်း သူ မငြင်းတော့ဘူးလေ"

လဲ့လဲ့ထွန်းနှင့်အတူ ကေခိုင့်ကိုခေါ်ပြီး ညနေတိုင်းလိုလို ဘူးသီးကြော်ဆိုင်တစ်လှည့်၊ လက်ဖက်ရည်ဆိုင်တစ်လှည့် ထိုင်ဖြစ်သည်။ နောက်ပိုင်းမှာတော့ လဲ့လဲ့ထွန်း မပါဘဲ မြကေခိုင်နှင့်အတူ နှစ်ယောက်တည်း ဖြစ်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် မြကေခိုင်ကို ညနေအဆောင်မှာ ကိုဘုန်းဇော်နှင့်သူ နှစ်ယောက်လာတွေ့ခွင့်ရှိသည့်အနက်မှ မြကေခိုင်၏ညနေသည် သူ တစ်ဦးတည်းနှင့်သာ သက်ဆိုင်သလို ဖြစ်လာရတော့သည်။

* * *

နောက်ပိုင်းမှာတော့ မြကေခိုင်၏ သွားစရာ လာစရာရှိသည့် ကိစ္စတိုင်းမှာ သူပါလာတတ်တော့သည်။

"ထွန်းဝေဦး မနက်ဖြန် စနေ၊ ကေခိုင် ဈေးသွားလိမ့်မယ်၊ နင် . . . ကိုးနာရီမထိုးခင် အဆောင်ရောက်အောင် လာခဲ့"

လဲ့လဲ့ထွန်းက ကြိုပြောထားတတ်သည်။ နောက်နေ့ သူ အဆောင်ရောက်တော့လည်း . . .

"ဟာ . . . အတော်ပဲ ထွန်းဝေဦး၊ ငါတို့နဲ့ ဈေးလိုက်ခဲ့"

ဟု လဲ့လဲ့ထွန်းကစပြီး စကားလမ်းကြောင်းပေးတတ်ခဲ့သည်။ ဗိုလ်ချုပ်ဈေးမှာ အတူဈေးဝယ်ခြမ်းပြီး ငါ အသိတစ်ယောက်အိမ် သွားစရာရှိတယ်၊ နင်လည်း အဖော်ရှိသားပဲဟု အကြောင်းပြကာ သူနှင့် ကေခိုင်ကို နှစ်ယောက်တည်း ထားခဲ့တတ်၏။

"ကိုထွန်းဝေဦး လဲ့လဲ့ကို ဘာတွေ လာဘ်ထိုးထားလဲ"

မြကေခိုင်ပင် ခပ်ပြုံးပြုံးနှင့် ပြန်မေးတတ်လာပြီ။ လဲ့လဲ့ထွန်းက သူနှင့်ကေခိုင်ကို တမင်ရှောင်ပေးနေမှန်း ရိပ်မိလာပြီ။

"အဆောင်မှာဆိုလည်း ကိုထွန်းဝေဦး ကောင်းကြောင်းပဲ ချီးမွမ်းနေတတ်တယ်"





ဟု မြကေခိုင် စကားဆက်၏။

"တကယ်လည်း မကောင်းဘူးလား၊ နင် ပေါင်းကြည့်ရင် သိတာ ပဲဟာ"

ဟု လဲ့လဲ့က ခပ်တည်တည် ပြန်ပြောသည်။

သူ ဘာမှ စကားမဆက်ဖြစ်။

"တစ်မြို့တည်းသား ကိုဘုန်းဇော်ထက်တောင် ကိုထွန်းဝေဦး ဘို လဲ့လဲ့က မဲပိုပေးနေသေးတယ်"

လဲ့လဲ့ထွန်းက ဘာမှပြန့်မပြောတော့။

"ကေခိုင်ကရော"

ဟု သူ မရဲတရဲ မေးရင်း မျက်နှာကို အကဲခတ်သည်။

"နှလုံးသားက မျက်နှာ မလိုက်တတ်ပါဘူး ကိုထွန်းဝေဦးရယ်၊ အချိန်တန်တော့ သူ့ဘာသာ အဖြေပေါ်လာမှာပါ"

မြကေနိုင် ခပ်ပြုံးပြုံး ပြန်ပြောသည်။

* * *

"ကေခိုင့်ကို တစ်မျိုးတော့ မထင်စေချင်ဘူး ကိုထွန်းဝေဦး"

"ဘာကိုလဲ ကေခိုင်"

သူ့ကို ချစ်ပါသည်ဟု အဖြေပေးသည့်နေ့မှာပင် ကေခိုင်က သူ့မျက်နှာကို စူးစိုက်ကြည့်ရင်းပြောခဲ့သည်။ သူ နားမလည်ဘဲ ကေခိုင့် ကို ပြန်ကြည့်ရင်း မေး၏။

"ဪ . . . ကိုထွန်းဝေဦးကို ကေခိုင် အဖြေပေးလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုဘုန်းဇော်ကို မရနိုင်တော့မှန်း သိလို့လာအဖြေပေးတာလို့ ထင်မှာ စိုးလို့ပါ။ ဘယ်လို အခြေအနေပဲဖြစ်ဖြစ် ဒီအဖြေဟာ ရင်ထဲကရှိတဲ့ အဖြေပါပဲ"

"ကိုဘုန်းဇော်ကို မရနိုင်တော့တဲ့ အခြေအနေ ဆိုတာကို ကိုယ်နားမလည်ဘူး ကေခိုင်"

ဟု သူ မေးမိပြန်သည်။

"ကိုထွန်းဝေဦး မသိသေးဘူးလား"

"ဘာလဲ ကေခိုင်"

"ကိုဘုန်းဇော်နဲ့ လဲ့လဲ့ တွဲနေကြပြီလေ"

"သူငယ်ချင်းတွေပဲ၊ တစ်မြို့တည်းသား သူငယ်ချင်းတွေပဲ မဟုတ်လား ကေခိုင်"

နှုတ်ခမ်းကို တွန့်ရှုံ့ပြုံးရင်း ခေါင်းကို ခါသည်။

"သူငယ်ချင်းလို တွဲတာ မဟုတ်ဘူး၊ ချစ်သူတွေလို တွဲကြတာ"

သူအံ့ဩသလိုတော့ ဖြစ်သွားသည်။ သူနှင့် မြကေခိုင် ညနေဘက် အဆောင်ကို ပြန်လာလျှင် လဲ့လဲ့နှင့်ကိုဘုန်းဇော် တွဲလျှောက်သွားတာ နှစ်ခါသုံးခါမကတော့ လှမ်းမြင်ဖူးသည်။ စိတ်ထဲမှာ သံသယမဝင်မိ။ သူတို့က တစ်မြို့တည်းသား သူငယ်ချင်းတွေပဲဟုသာ နားလည်ခဲ့သည်။

"ကေခိုင် ခံပြင်းတာ တစ်ခုပါပဲ ကိုထွန်းဝေဦးရယ်၊ လဲ့လဲ့ဟာ ကိုဘုန်းဇော်ရဲ့အချစ်ကို ရယူဖို့ ကေခိုင့်ကို ခုတုံးလုပ်သွားခဲ့တယ်၊ အဲဒါ မကျေနပ်ဘူး၊ တကယ်ဆို ကေခိုင်က ကိုဘုန်းဇော်အပေါ် မချစ်ဘူး





ဆိုတာလဲ သူသိတာပဲ၊ တစ်ခုတော့ ရှိတယ်ပေါ့ ကိုထွန်းဝေဦးနဲ့ မတွေ့ခင်ကတော့ ကေခိုင် ကိုဘုန်းဇော်ကို စဉ်းစားတဲ့အထဲမှာ ထိပ်ဆုံးက ထားခဲ့ဖူးတယ်၊ အဲဒါကို သူ သိလို့ ကိုထွန်းဝေဦးကို အဆောင်ခေါ်လာပြီး ကေခိုင်နဲ့ တမင်မိတ်ဆက်ပေးတာလားလို့တောင် ကေခိုင် သံသယဝင်မိသေးတယ်"

"ဟာ . . . အဲဒါကတော့ မဟုတ်ဘူး ကေခိုင်၊ ကိုယ်က လဲ့လဲ့ကို စပြီး အကူအညီတောင်းမိတာပါ ယုံပါ"

ပျာပျာသလဲ သူ ဝင်ပြောသည်။

"သံသယ ဝင်ချင်စရာလေ၊ ဒါပေမယ့် ဘယ်လိုဖြစ်ဖြစ် ကိုထွန်းဝေဦးရဲ့အချစ်ကို ကေခိုင် ယုံတယ်၊ ကိုထွန်းဝေဦးရဲ့ မေတ္တာကို ကေခိုင် နားလည်ပါတယ်၊ ပြီးတော့ လဲ့လဲ့က သူ ကိုဘုန်းဇော်ကို ချစ်နေတယ်ဆိုတာ ပိပိရိရိဖုံးထားနိုင်ခဲ့တယ်၊ တကယ်ဆို သူ ကေခိုင့်ကို အစောကြီးက ပြောခဲ့ရင် ကေခိုင်က ကိုဘုန်းဇော်ကို ဘာမှမျှော်လင့်ချက်တွေ ပေးထားစရာ မရှိဘူး၊ အခုတော့ ကေခိုင့်ကို ကိုထွန်းဝေဦးနဲ့ အမြန်ဆုံး ငြိသွားအောင် သူ တွန်းပေးတယ်၊ ကိုထွန်းဝေဦးဘက်က အမြဲ ရှေ့နေလိုက်ပေးတယ်၊ ဒါတွေဟာ သူတကယ့်စေတနာနဲ့ မဟုတ်ဘူး၊ ကိုဘုန်းဇော် သူ့ဘက်ပါအောင် ကေခိုင့်ကို သူပယ်ထုတ်နေတာပဲ ဆိုတာ နားလည်လာတော့ လဲ့လဲ့ကို နာကြည်းတယ်"

ခပ်ဝေးဝေးကို ငေးရင်း သူ သက်ပြင်းကို ချမိပြန်သည်။

"ကိုထွန်းဝေဦး ကေခိုင့်စကားကို နားလည်ပါတယ်နော်၊ လဲ့လဲ့က တွန်းထိုးပေးလို့ ကိုထွန်းဝေဦးကို ကေခိုင် အဖြေပေးခဲ့တာ မဟုတ်ဘူး၊ ဒီလိုထင်မှာ ကြောက်တယ်၊ သူ့ကြောင့် ကိုထွန်းဝေဦးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နီးစပ်သွားပြီး ကိုဘုန်းဇော်ကို လက်လွှတ်လိုက်ရတာလို့ နောင်တနဲ့ ခံပြင်းနေတာလဲ မဟုတ်ဘူးနော်၊ ကေခိုင် မခံချင်တာက ကိုယ့်ကို ခုတုံးလုပ်သွားတာ၊ ကိုယ့်ကို ကျောသွားတာကိုပဲ တစ်သက်ကျေမှာ မဟုတ်ဘူး"

"ကေခိုင်ရယ်"

သူ ဇာတ်ရှည်လည်လာပြီ။ ဘာဝင်ပြောရမှန်းမသိ။

"ကိုဘုန်းဇော်လို ယောကျ်ားမျိုးကို ကေခိုင် အဖြေမပေးမိတာလဲ ကေခိုင် ကုသိုလ်ကောင်းတာပါပဲ ကိုထွန်းဝေဦး၊ ငါးမရရင်လဲ ရေချိုးပြန်ရုံပဲဆိုတဲ့ စိတ်ရှိတဲ့ ယောကျ်ားမျိုးကို ကေခိုင် မုန်းတယ်၊ ပြီးတော့ ဟိုနေ့က ကျောင်းလာပြီး ကေခိုင့်ကို ပြောသွားသေးတယ်၊ ကေခိုင်က ကိုထွန်းဝေဦးကို တွဲလိုက်လို့ သူ မျှော်လင့်ချက် မရှိတော့လို့ လဲ့လဲ့ကို ပရိုပို့စ် လုပ်မိတာပါ၊ နီးစပ်ပြီး သံယောဇဉ်နဲ့ ဖြစ်သွားတာပါတဲ့၊ ဒါ ဘာပြောစရာရှိလဲ၊ လဲ့လဲ့က မကောင်းဘူးပေါ့၊ သူ့အပြစ်လို့ မထင်အောင် ကာကွယ်ဖို့ ကြိုးစားနေတဲ့ ယောကျ်ားကို ကေခိုင် အထင်မကြီးဘူး၊ ဒါပေမယ့် ကေခိုင် သူ့စကားတွေထဲက အမြတ်တစ်ခု ရလိုက်တယ်၊ ဘာလဲဆိုတော့ ကေခိုင် ကိုထွန်းဝေဦးကို အဖြေပေးပြီးပြီ၊ ချစ်သူဘဝ ရောက်နေကြပြီလို့၊ လဲ့လဲ့က ကိုဘုန်းဇော်ကို ပြောထားပုံရတယ်၊ ဒါ လဲ့လဲ့ ကေခိုင့်ကို ခုတုံးလုပ်ပြီး ကိုဘုန်းဇော်ကို ယူတာပဲ၊ ကေခိုင် အဲဒါကို ခံပြင်းတယ်"

"ကိုယ် ဘာမှမပြောတတ်တော့ဘူး ကေခိုင်"

"ကေခိုင် ပြောချင်တာက နောက်ပိုင်း အဲဒီအကြောင်းတွေကို ကိုထွန်းဝေဦး ပြန်သိရ ကြားရပြီး ကေခိုင့်ကို တစ်မျိုးထင်မှာ စိုးတာပါပဲ၊





ဟိုတစ်ယောက် မရှိတော့လို့ ငါ့ကို ချစ်ခဲ့တာလို့ ထင်မှာ စိုးတာပါပဲ၊ ဒါကြောင့် အခု ဖွင့်ပြောထားတာပါ ကိုထွန်းဝေဦး၊ ကျွန်မ စိတ်မှာ ပြတ်တယ်၊ ထက်တယ်၊ သူများပြောလို့ ဘာမှ လုပ်ချင်တာ လုပ်ခဲ့တာ မရှိဘူး၊ ကိုယ်လုပ်ချင်ရင် ဘယ်လောက်ပဲ မလုပ်သင့်တာဖြစ်ဖြစ် လုပ်လိုက်ရမှ ကျေနပ်တာ၊ အခု ကိုထွန်းဝေဦးကို ချစ်တယ်လို့ အဖြေပေးခဲ့တာဟာ တွဲခဲ့တာဟာ လဲ့လဲ့ကြောင့်မဟုတ်ဘူး၊ ကိုဖုန်းဇော်ကြောင့် မဟုတ်ဘူး၊ ကေခိုင့်စိတ်နဲ့ ကေခိုင်ပါ၊ အဲဒါ နားလည်စေချင်တယ်လေ"

စိတ်လှုပ်ရှားနေပုံ ရ၏။ စကားထဲမှာ ကေခိုင် ပြောလိုက်စဉ် ကေခိုင် ပြောလိုက် ကျွန်မ ပြောလိုက် ဖြစ်နေတာ သူ သတိထားမိသည်။ အသံသည် တစ်ချက်တစ်ချက် တုန်ခါပြီး တစ်ချက် တစ်ချက်မှာ မာပြတ်သည်။

"လဲ့လဲ့ကို ကေခိုင် နာတယ်၊ ခံပြင်းတယ်၊ ခု သူနဲ့ကေခိုင် ခေါ်ဘူး"

"မခေါ်ဘူးလား"

"မခေါ်ဘူး၊ သူ့အကြည့်ကိုလည်း ကေခိုင် မကြိုက်ဘူး၊ သူ့ဘာစားကွက်ထဲမှာ ကေခိုင် ဝင်သွားပြီး မရှုမလှ ခံလိုက်ရပြီဆိုတဲ့ အကြည့်မျိုးနဲ့ ကေခိုင့်ကို သူ ကြည့်ချင်တယ်၊ ဒီပွဲမှာ သူက အောင်ပွဲခံလိုက်ရတယ်ဆိုတဲ့ မျက်နှာမျိုးနဲ့ အဲဒီမှာ ကေခိုင် တစ်ခုကိုပဲ တွေးပြီး ဝိုးရိမ်မိတယ်"

"ဘာပါလိမ့်"

"ကိုထွန်းဝေဦးကသာ တစ်နေ့မှာ ကေခိုင့်ကို ရှုံးပစ်သွားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ သူ ထင်သလို သူဆင်တဲ့အကွက်ထဲကို ကေခိုင် ဝင်သွားသလို ဖြစ်တော့မှာပဲလေ၊ နားလည်လား မသိဘူး၊ သူက ကိုဘုန်းဇော်ကို သူ့ဘက်ပါစေချင်လို့ ကိုထွန်းဝေဦးက ကေခိုင့်ကို မချစ်ဘဲ ချစ်ရေးဆိုဖို့ သူ အကွက်ဆင်ခဲ့တာမျိုး"

"ဟာ . . ကိုယ့်ကို ယုံပါ ကေခိုင်ရယ်၊ အဲဒီလိုမျိုး မဟုတ်တာ သေချာပါတယ်၊ ပြီးတော့ ကိုယ် အဲဒီလောက်လည်း မမိုက်ရိုင်း ပါဘူး"

"ကြို စဉ်းစားကြည့်မိတာလေ"

"ကိုယ်က ကေခိုင့်ကို တကယ် ချစ်မိတာပါ ကေခိုင်ရယ်"

"မဟုတ်ရင်လဲ ကေခိုင်ကတော့ ယုံနေမိပြီလေ"

သူ ကေခိုင့် လက်ချောင်းလေးများကို ဆုပ်ကိုင် ဖျစ်ညှစ်နေလိုက်မိတော့၏။

❀

ထိုညနေက မြကေခိုင်၏ အဆောင်ကို သူ ရောက်တော့ မြကေခိုင် မရှိတော့ဘူး။ အဆောင်ပြောင်းသွားပြီဆိုသည့် စကားကို သူ နားမလည်။ သူနှင့်အရင်းအနှီးဆုံးဖြစ်သူ လဲ့လဲ့ကို မေးမည် စဉ်းစား၍ လဲ့လဲ့ ရှိလား မေးတော့လည်း ကိုဘုန်းဇော်နှင့် အပြင်ထွက်သွားသည် ပြောသည်။ ထိုစဉ် မြကေခိုင်၏ သူငယ်ချင်း ကောင်မလေးတစ်ယောက် ဝင်လာပြီး မြကေခိုင် ပြောင်းသွားသည့် အဆောင်ကို လာပြောသည်။ ဘာဖြစ်တာလဲ ဆိုတော့ အသေအချာမသိဟု နှုတ်ပိတ်သည်။

သူ ဘာမှ ဆက်မမေးဘဲ မြကေခိုင် ပြောင်းသွားသည်ဆို





သည့် အဆောင်ကို လိုက်သွားခဲ့၏။ ထိုညနေက မြကေခိုင် သူ့ကို ထွက်ပြီး မတွေ့။ နောက်တစ်နေ့ ကျောင်းမှာ သွားစောင့်တာလည်း မြကေခိုင် ကျောင်းကို မလာ။ ကျောင်းမှာ လဲ့လဲ့ထွန်းကို မေးမည် စဉ်းစားမိသေး၏။

လဲ့လဲ့ထွန်းက ကိုဘုန်းဇော်နှင့် ကင်တင်းဆင်းပြီး အတန်းထဲ ပြန်ဝင်မလာတော့ မမေးဖြစ်ပြန်။ ထိုနေ့ညနေဘက်မှာ မြကေခိုင်၏ အဆောင်ကို သူ ရောက်ခဲ့ရပြန်သည်။

ဆည်းဆာ၏ နောက်ဆုံး ပင့်သက်သည် ကောင်းကင်ပြင်မှာ ပြန့်လျက် ထင်ဟပ်နေသလို။ အလင်းတန်းဟု သိနိုင်သော်ငြား အရောင်အသွေးကား မရှိတော့ဘဲ မှုန်ဖျော့နေပြီ။

နီထွေးထွေး အရောင်သည် အဝါရောင်ဖျော့ဖျော့ ပြောင်းသွားတာ သူ သတိထားဖြစ်၏။ အခုတော့ အဝါရောင်ဖျော့ဖျော့သည် ဝင် ပါးလျားလာကာ အဖြူရောင် ဖြစ်၍လာပြီ။ ထိုအဖြူရောင်၏ နောက်ကွယ်မှာ ညသည် ပုန်းလျှိုး ခိုအောင်းနေမည်ဟု သူ သိပြန်၏။

"ဘယ်လို ဖြစ်တာလဲ ကေခိုင်ရယ်"

ဟု အဆောင်ပေါ်မှ ဆင်းလာပြီး သူ့ရှေ့ရပ်နေသော မြကေခိုင်ကို သူ မေးသည်။ ခေါင်းကို ခါယမ်းကာ အပြင်သွားရအောင် ဆို၏။ အင်းလျားကန်ပေါင်ဘက်ကို သူတို့ လမ်းလျှောက်ခဲ့ကြသည်။ လမ်းမှာ စကားမဆိုဖြစ်။ မြကေခိုင်၏မျက်နှာကို သူ ငေးရင်း မေးချင်သည့် စကားတို့ကို မျိုသိပ်လာခဲ့သည်။ ကန်ကို မျက်နှာမူ၍ ထိုင်မြင်သော မောင့်ကို ပြောပါဦး ကေခိုင်ဟု သူ စကား စ,ဖြစ်သည်။

မြကေခိုင်ထံမှ စကားသံ ထွက်မလာဘဲ ရှိုက်သံကို သူ ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။

"မငိုပါနဲ့ ကေခိုင်ရယ်"

ပခုံးစွန်းမှာ မှီထားသော မောင်၏မျက်နှာကို ငုံ့ကြည့်ကာ သူ ပြောသည်။ ရေပြင်ကို ဖြတ်သန်းလာသော လေပြည်က သူမ၏ ဆံစများကို ဖွာကျဲသွားနေစေပြန်၏။

"ငိုနေတာ မဟုတ်ဘူး မောင်၊ ရင်ထဲက ခံပြင်းလွန်းလို့ ထွက်လာတဲ့ အသံပါ၊ အရမ်း နာကြည်းတယ်၊ အရမ်း မုန်းတယ်၊ လဲ့လဲ့ကို ဒီတစ်သက် မကျေဘူး"

"ဘယ်လို ဖြစ်တာလဲ ကေခိုင်ရယ်"

မှုန်ဝါးနေပြီ ဖြစ်သည့် အလင်းအောက်မှာ ခေါင်းငုံ့ရင်း ကေခိုင် မျက်ရည်စကို သုတ်နေပြန်၏။

"ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ရန်ဖြစ်တာလို့ ဘေးကတော့ ထင်ချင်ထင်မှာပေါ့ မောင်၊ သူ ကေခိုင့်ကို မခံချင်အောင် မကြား တကြားတာတွေလည်း များပြီ၊ ဘေးအခန်းတွေကို လျှောက်ပြောတာ တွေလဲ ကေခိုင် သိတာပဲ"

"အတင်း ပြောတာလောက်ပဲ ကေခိုင်ရယ်"

"အတင်းမဟုတ်ဘူး မောင် လုပ်ကြံစကားတွေ၊ ကေခိုင်က ပိုင်လုံး သိပ်လည်တယ်၊ ကိုဘုန်းဇော်ကို လက်လွှတ်လိုက်ရလို့ မောင့်ကို မမှီ၊ မီရာ ဖမ်းဆွဲလိုက်တာတဲ့"

"မောင် ကေခိုင့်ကို နားလည်ရင် ပြီးတာပဲဟာ"

"ကေခိုင့် နှလုံးသားကို စော်ကားတာမျိုး ကေခိုင် မခံနိုင်ဘူး"

"မောင်ရယ် . . ."





"ကိုဘုန်းဇော်ကို တွေ့ရင်လည်း ကေခိုင်က အခုထက်ထိ မြူဆွယ်နေတုန်းပဲ၊ သူ စိတ်မချဘူးဆိုတာ ဟိုဘက်ခန်းမှာ ကေခိုင် မရှိဘူးထင်ပြီး သူ ပြောနေတာ ကေခိုင် ကြားရတယ်၊ နားနဲ့ဆတ်ဆတ် ကြားရတော့ ကေခိုင် စိတ်မထိန်းနိုင်တော့ဘူး မောင်၊ အဲဒီအခန်းထဲ ကေခိုင် ရောက်သွားပြီး လဲ့လဲ့ ဘာပြောတာလဲ မေးလိုက်မိတယ်၊ သူ ကြောင်ပြီး ကြည့်နေတုန်းမှာ သူ့မျက်နှာကိုကြည့်ပြီး မာနစကား ထွက်သွားတယ်၊ ငါ မလိုချင်လို့ ကိုဘုန်းဇော်ကို နင်ရတာပါ လဲ့လဲ့ဆို တော့ သူ တဆတ်ဆတ်တုန်ပြီး ထ,ရပ်တယ်၊ ပြီးတော့ သူ ကေခိုင်ကို ကြည့်ပြီး ပြောလိုက်တယ်လေ၊ ငါ ဒါကြောင့် နင်နဲ့ စိတ်မချတာပေါ့တဲ့၊ နင်က ယောကျ်ားတွေကို ဘယ်လို ကိုယ့်ဘက်ပါအောင် လုပ်ရမယ် ဆိုတာ သိတယ်၊ နင်နဲ့ငါ မယှဉ်ရဲဘူး၊ နင်က ပိုင်းလုံးပဲတဲ့၊ အခုလဲ ငါ့သူငယ်ချင်း ထွန်းဝေဦးကို နင် ညာချင်နေတာ မဟုတ်လားတဲ့၊ အဲဒါ တွေကြားတော့ ကေခိုင် စိတ်မထိန်းနိုင်ဘဲ သူ့ပါးကို ရိုက်ထည့်လိုက် တယ်၊ ပြီးတော့ နှစ်ယောက်လုံး ဖက်သတ်မိကြတာပဲ မောင်၊ အဲဒါကို ကေခိုင် မနာကြည်းသေးပါဘူး"

စကားကို ရပ်ပြီး သူ့ကိုကြည့်တာ သိလိုက်၏။

"ညကျတော့ အဆောင်မှူးက ကေခိုင့်ကို ဒီအဆောင်က နက်ဖြန် ပြောင်းပေးပါလို့ လာပြောတယ်၊ ရန်ဖြစ်တဲ့ကိစ္စ နှစ်ယောက် လုံးမှာ အပြစ်ရှိတာပဲ၊ သူ့ကိုတော့ ဘာမှအပြစ်မပေးဘဲ ကေခိုင့်ကို ပြောင်းပေးပါဆိုတော့ ကေခိုင် မကျေနပ်ဘူး၊ ဒါပေမယ့် သူက အဆောင်မှူးဆိုတော့ ဆွေနီးမျိုးစပ် တော်တယ်ဆိုတာ သိတော့ ဘာမှ ပြန်မပြောဖြစ်ပါဘူး၊ အဆောင်တွေ ပေါပါတယ်၊ ပြောင်းတဲ့မနက်ကျမှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့တဲ့ သူငယ်ချင်းဆီက ပြန်ကြားရတဲ့ စကားကြောင့် ကေခိုင် နာတာ"

သူ ကေခိုင့် မျက်နှာကို ကြည့်ပြီး နားစွင့်ထားမိ၏။

"ညက လဲ့လဲ့က ပြောတယ်တဲ့၊ ကေခိုင့်ကို ဒီအဆောင်က ပြောင်းသွားအောင်လို့ သူ ဒီလို အကွက်ဆင်နေတာ၊ သူ ဆင်တဲ့ အကွက်ထဲ ကေခိုင် ဝင်သွားတယ်ပေါ့၊ အဲဒီလို ရန်မဖြစ်ဘဲ အပြစ်မရှိဘဲဆို သူကလည်း အဆောင်မှူးကို သွားပြောလို့ မကောင်းဘူးပေါ့၊ အခုတော့ သူ့ပါးကို ရိုက်တာ၊ ရန်ဖြစ်တာ၊ အဲဒီအပြစ်နဲ့ အဆောင်မှူးကလည်း ကေခိုင့်ကို ဒီမှာ ဆက်မထားချင်ဘဲ ပြောင်းခိုင်းတာပေါ့"

"သူက ကေခိုင့်ကို ဘာလို့ ပြောင်းစေချင်တာလဲ"

"အဲဒီ ကိစ္စကို ကေခိုင် ခံပြင်းတာ၊ နာကြည်းတာပါ မောင်၊ ကေခိုင် ဒီအဆောင်မှာ ရှိနေရင် သူ့ဆီကို လာလာတွေ့နေတဲ့ ကိုဘုန်းဇော်နဲ့ ဆုံတတ်တယ်ပေါ့၊ ကေခိုင်က စိတ်မချရဘူး၊ ကိုဘုန်းဇော်ကို ကေခိုင် ပြန်ပြီး သူ့လက်က လုသွားမှာ ကြောက်ရတယ်တဲ့၊ ဒါကြောင့် ကေခိုင် ဒီအဆောင်မှာ မရှိစေချင်တာတဲ့"

"လဲ့လဲ့က အဲဒီလို ပြောတယ်လား"

"ဟုတ်တယ် မောင် . . . ဒါ ကေခိုင့်ကို သက်သက်စော်ကားတာပဲ၊ ကေခိုင့်ကို အထင်သေးတာပဲ၊ ဘာဖြစ်ဖြစ် သူပြောင်းစေချင်သလို ကေခိုင် ပြောင်းလိုက်ရတဲ့အတွက် သူ ကေခိုင့်ကို အနိုင်ရသွားတာပဲလို့ တွေးပြီး ကိုယ့်ကိုယ်ကို မကျေနပ်ဘူး၊ လဲ့လဲ့ကိုလည်း အရမ်းနာတယ်"

သူ သက်ပြင်း ဖွဖွကို ချလိုက်မိပြန်၏။





"ဒါနဲ့ အဲဒီညနေ မောင် လာတွေ့တော့ ကေခိုင် ဘာလို့ ထွက်မလာရတာလဲ"

စကားကို အူ လွှဲလိုက်သည်။

"ကေခိုင် အရမ်း ထိခိုက်ခံစားနေရတယ် မောင်၊ အဲဒီညနေ ကေခိုင် အခန်းထဲက မထွက်ဘူး၊ ဘာမှလဲ မစားဘူး ရှက်လည်း အရမ်းရှက်တာပဲ၊ မောင် ညနေ လာတာလည်း ကေခိုင် သိတယ်၊ မောင် အကြာကြီး အဆောင်ရှေ့ ထိုင်စောင့်နေတာ ကေခိုင် တွေ့တယ်၊ ဘယ်သူနဲ့မှ စကား မပြောချင်ဘူး၊ မောင့်ကို တွေ့ရင်လည်း မောင့်ကို ဖက်ပြီး ကေခိုင် ငိုမိမှာ၊ မငိုချင်ဘူး၊ ငိုပြီး စိတ်ပျော့မသွားချင်ဘူး၊ နောက် အဆောင်ဝန်းထဲက ထွက်ပြီး လမ်းဘေးပလက်ဖောင်းမှာ မောင် ရပ်နေတာလည်း မြင်တာပဲ၊ မောင့်ကို ကြည့်ပြီး သနားလည်း သနားလာတယ်၊ နောက်ထပ် နာရီဝက်အတွင်း မောင် မပြန်ရင်တော့ ဆင်းတွေ့တော့ မယ်လို့ ကေခိုင် ဆုံးဖြတ်ထားတယ်၊ နာရီဝက် မပြည့်ခင် မောင် ပြန်သွားတော့ ကျေးဇူး တင်မိသေးတယ်၊ မောင့်ကို တွေ့ရင် မောင့်ကို ရင်ဖွင့်ပြီး ကေခိုင် မငိုမိချင်လို့ ဆင်းမတွေ့တာ ဆောရီးနော်"

"ကေခိုင်က စိတ်ကြီးလိုက်တာ၊ ငိုမိတော့ ဘာဖြစ်မှာလဲ"

"ကေခိုင် စိတ်ပြေသွားတာပေါ့၊ ရင်ပေါ့သွားတာပေါ့"

"ဟင့်အင်း . . . မဟုတ်ဘူး၊ ကေခိုင် အဲဒီတစ်ညလုံးက အထွတ်အထိပ် ရောက်အောင် ခံစားချင်တယ်၊ စိတ်မပြေချင်ဘူး၊ လျော့မသွားချင်ဘူး၊ ဒေါသ ပြေမသွားချင်ဘူး"

"ဘာလို့လဲ ကေခိုင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ လဲ့လဲ့ကို တစ်သက်မကျေအောင် မှတ်မှတ်သားသား ခံစားလိုက်ရမှာ"

"ကေခိုင်ရယ်"

သူ သက်ပြင်းချရင်း ကေခိုင့်စိတ်ကို နားလည်စွာ ကေခိုင့်မျက်နှာကို ငေးကြည့်နေလိုက်မိပြန်၏။

ရုပ်ရှင်ပိတ်ကားပေါ်မှာ သူ့စိတ်က မရှိ။ မြကေခိုင်နှင့် လဲ့လဲ့ထွန်းတို့၏ ကျောင်းတော်က ရန်စကို သူ ပြန်တွေးနေမိပြန်သည်။

ကျောင်းပြီးလို့ လဲ့လဲ့က ကိုဘုန်းဇော်နှင့် အိမ်ထောင်ကျတာ ကလေးနှစ်ယောက်ပင် ရနေလေပြီ။ မြကေခိုင်သည်လည်း နာမည်ကြီး အဆိုတော်တစ်ယောက် ဖြစ်နေလေပြီ။

လဲ့လဲ့ထွန်းနှင့် ပတ်သက်သော ခံစားနာကြည်းချက်က မြကေခိုင် ရင်ထဲမှာ အစိုင်အခဲ ဖြစ်တည်နေဆဲဟု သူ နားလည်ရပြန်၏။

သည်အထိ မြကေခိုင်ကို တုန်တုန်လှုပ်လှုပ် ဖြစ်စေနိုင်စွမ်း ရှိနေသေးတာ သူ အံ့ဩနေမိပြန်သည်ပဲ။



(၁၃)

နောက်တစ်နေ့ညနေ သူအလုပ်က ပြန်ရောက်ပြီး မကြာခင်မှာပင် မြကေခိုင် ရောက်လာသည်။

"မောင် . . . ဒီညနေ အားတယ် မဟုတ်လား"ဟု မေးသည်။

"အားတယ် ကေခိုင် . . . ဘာဖြစ်လို့လဲ"

"ကေခိုင်လဲ အားနေလို့ ရက်ကောဒင်းက ရက်ရွှေ့လိုက်လို့လေ၊ မောင်အားရင် ကေခိုင့်အိမ်မှာ ထမင်းလိုက်စားပါလား"

"ဖြစ်ပါတယ် ကေခိုင်"

"ကိုမောင်မောင်ဝင်းရော"

"ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်မှာ ရှိမှာပေါ့၊ ကေခိုင် ရောက်မလာရင် မောင်လဲ လက်ဖက်ရည်ဆိုင် သွားတော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . လုပ်လေ၊ သွားရအောင်"

"ခဏလေးနော် . . . မောင် အဝတ်အစား လဲလိုက်မယ်"

ပြောပြီး ထိုင်ရာမှ ထရပ်သည်။

"ဩော် . . . မောင်"

"ဘာလဲ ကေခိုင်"

"ထူးထူးထွေထွေချက်ထားလို့ လာခေါ်တာ မဟုတ်ဘူးနော် ကေခိုင်တို့ စားနေကျအတိုင်းပဲ"

"ကေခိုင်ကလည်းကွာ"

မြကခိုင်ကို လှမ်းကြည့်ရင်း ခပ်ပြုံးပြုံး သူ ပြန်ပြော၏။

"တကူးတက လာခေါ်ပြီးမှ အားနာလို့"

သူ အခန်းထဲဝင်သွားစဉ် ကေခိုင် ပြောသံကြားရ၏။

"လာ . . . သွားကြစို့"

ခဏအကြာ သူ အဝတ်အစားလဲပြီး အခန်းထဲက ထွက်လာ ရင်း ပြောလိုက်သည်။

ကားရပ်ထားခဲ့ပြီး သူမ၏တိုက်ခန်းရှိရာ လျှောက်လာခဲ့ သည်။ ဒုတိယထပ် ဘယ်အခန်းသည် သူမ၏ ကိုယ်ပိုင်အခန်း သိ၏။ လှေကားတောက်လျှောက် နေကိုကာသော ဇီးရောင်မှန်များ တပ်ဆင်ထားသဖြင့် အဆောက်အအုံသည် လှပနေ၏။ အခန်းရှေ့ ရောက်တော့ ကေခိုင်က တံခါးဝမှ ဘဲလ်ကို တီးသည်။ အတွင်းထဲ





တံခါးကို ဖွင့်ပေးလိုက်၏။

"ခဏ ထိုင်ဦးနော် . . . မောင်"

သူ ဧည့်ခန်းဆက်တီမှာ ဝင်ထိုင်ရင်း အခန်းအပြင်အဆင်ကို မျက်စိကစားမိပြန်၏။ အသစ်ထပ်ရောက်လာသော အမှတ်တရပစ္စည်း အချို့ကို လှပသော သစ်သားစင်ကလေးပေါ်မှာ တွေ့ရသည်မှအပ ကျန်အရာများကား မပြောင်းလဲ။

"ဟင်းတွေ ပြန်နွေးခိုင်းထားတယ် မောင်၊ ထမင်းပွဲ ပြင်ခိုင်း ထားတုန်းမှာ မောင် သောက်လိုက်"

ဧည့်ခန်းထဲ ပြန်ဝင်လာတော့ ကေခိုင့်လက်မှ စတီးလ်လင် ပန်းလေး ပါလာသည်။ လင်ပန်းလေးကို ရှေ့စားပွဲမှာတင်ရင်း ပြော၏။ လင်ပန်းထက်မှာ ရေငွေ့တွေသီးနေသည့် တိုက်ဂါးဘီယာဘူးလေး နှစ်ဘူးကို သူ မြင်သည်။

လင်ပန်းကို ချခဲ့ပြီး အခန်းထောင့်မှာ ဗီဒီယိုစက်ဆီသို့ ကေခိုင် သွားသည်။ ပြီးတော့ . . . အခွေတစ်ခွေကို ထိုးလိုက်တာ တွေ့၏။ ဆူညံသံများနှင့်အတူ မီးရောင် တဝင်းဝင်းမှာ ရှုပ်ထွေးခုန်ပေါက်လျက် သီချင်းသီဆိုနေကြသည့် နိုင်ငံခြား စတိတ်ရှိုး မှန်သားပြင်မှာ ပေါ်လာ သည်။ ခဏလေးသာ ရပ်ကြည့်ပြီး ခလုတ်ကို ပြန်ပိတ်လျက် စားပွဲဆီသို့ ကေခိုင် ပြန်လျှောက်လာ၏။

"သောက်လေ မောင် . . . ဘာလဲ တိုက်ဂါး မကြိုက်ဘူး လား"

အနားရောက်စဉ်မှာ ကေခိုင်က သူ့ကိုကြည့်ရင်း ပြော၏။ ပြီးတော့ သူ့ဘေးဆက်တီမှာ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် မသောက်တော့ပါဘူး ကေခိုင်"

"မောင် ဘီယာကြိုက်တယ်မို့လား"

သူ ပြုံးသည်။ ပြီးမှ . . .

"ကြိုက်ပါတယ်၊ ဒါပေမယ့် မောင်က သူငယ်ချင်းတွေ အပေါင်းအသင်းတွေဆုံမှ သောက်ဖြစ်တာ"

ဟု သူ ပြောသည်။

"အခုလည်း ဘာဖြစ်လဲ၊ သောက်ပါ။ ကေခိုင် မောင့်ကို နားလည်ပါတယ်"

"မောင်က ကေခိုင့်ကို အားနာတယ်"

သူ ပြုံးပြီး ပြောလိုက်စဉ်။

"ဟာ မဟုတ်တာ မောင်ကလည်း ကေခိုင်က အားနာရမယ့်လူလား"

"အင်း . . . မောင် ဘယ်လိုပြောရမလဲ၊ မိဘဆရာသမား ကိုယ်လေးစားရတဲ့သူတွေရှေ့မှာ မဝံ့မရဲသလိုပါပဲ၊ ကိုယ့်ချစ်သူရှေ့မှာလည်း မောင်မသောက်ချင်တာ၊ မသောက်ရ မနေနိုင်ဘဲ မဟုတ်တော့"

ဆိုဖာပေါ်မှာ ကျောမှီနေရာမှ သူ့ကို ငေးစိုက်ကြည့်နေရင်း ကေခိုင်က ခေါင်းကို ခါယမ်းသည်။ ပြီးတော့ ခါးကိုဆန့်လျက် ပြင်ထိုင်သည်။

"ကိုယ့်ချစ်သူရှေ့မှာ မောင် မသောက်ချင်ဘူးဆိုတာ ကိုယ့်ချစ်သူက ကိုယ့်ကို အထင်သေးမှာ မောင် စိုးလို့လားဟင်"

သူ့စကားကို ဖြတ်ပြီး ကေခိုင် မေးသည်။

"ဟုတ်ချင်ဟုတ်မှာပေါ့ ကေခိုင်၊ အဲဒီစကားထက် ပိုပြီး





အဓိပ္ပါယ်ရှိသေးတယ်လို့ မောင်ထင်တယ်၊ အထင်သေးမှာ စိုးရိမ်မိတာ ထက် ကိုယ့်ချစ်သူကို မလေးစားရာရောက်မှာစိုးလို့ရော မဖြစ်နိုင်ဘူးလား"

ပခုံးနှစ်ဘက်ကို တွန့်ပြီး မြကေခိုင် ပြုံးသည်။ ပြီးမှ . . .

"မောင့်အချစ်က တစ်မျိုးပဲနော်၊ လေးစားတာတွေ၊ ဂုဏ်ယူစရာတွေရော ပါတယ်၊ ကဲ . . . တကယ်လို့ လေးစားစရာ ဂုဏ်ယူစရာတွေ မရှိတော့ရင် ချစ်သူကို မချစ်တော့ဘူးတဲ့လား၊ အချစ်ဆိုတာ ဂုဏ်ယူစရာတွေ လေးစားစရာတွေပေါ်မှာ မူတည်နေလို့လား၊ ကေခိုင်ကတော့ လူတစ်ယောက်ချစ်မိတာဟာ ဘာပေါ်မှာမှ မတည်ဘူး၊ ဘာဖြစ်နေနေ ချစ်နေမိမှာပဲ"

"ချစ်နေမိမယ်ဆိုတာ မောင်ယုံတယ်၊ ချစ်နေလို့လဲရတယ် ကေခိုင်၊ ထာဝရ လက်တွဲဖို့ကတော့ ချစ်နေတာနဲ့ မပြီးနိုင်တော့ဘူး၊ တခြားလိုအပ်ချက်တွေ ရှိလာပြီ"

"မလိုပါဘူးကွာ ချစ်ရင်ပြီးတာပါပဲ၊ ဘာလုပ်လုပ် ခွင့်လွှတ်နားလည်ရမှာပဲပေါ့"

သူ ပြုံးသည်။ ပြီးမှ သက်ပြင်းကို ငွေ့ငွေ့ချကာ ကေခိုင်နှင့် ကပ်သွားရန် ခါးကို ညွတ်လိုက်၏။

"ချစ်တယ်ဆိုတာက စောစောက ပြောသလို လေးစားစရာ ဂုဏ်ယူစရာ ဘာညာကြောင့် မဟုတ်ဘူး၊ ဘယ်လိုအနေအထားတွေ ခြေအနေတွေပဲဖြစ်ဖြစ် ချစ်လို့ရပါတယ် ကေခိုင်၊ မောင်ပြောသလို ရှည်မြဲဖို့ဆိုတာ တာရှည်လက်တွဲဖို့ဆိုတာ အပြန်အလှန် နားလည်မှု လိုလာပြီး တစ်ဦးပေါ်တစ်ဦး စောင့်စည်းရမယ့် ချစ်သူရဲ့ ဝတ္တရား



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိလာပြီ၊ အပြန်အလှန် ထိန်းသိမ်းရမယ့် လူမှုကျင့်ဝတ်တွေ ရှိလာပြီ၊ အဲဒါတွေ ချိုးတဲ့ရင် တာရှည်နားလည်နိုင်မှုလည်း နည်းသွားမှာပေါ့"

"ကဲ . . . ဒါဆို အပြန်အလှန် စောင့်ထိန်းရမယ့် အရာတွေဆိုတာ ဘယ်သူက သတ်မှတ်ထားလို့လဲ"

"ဒါကတော့ တစ်ဦးချင်းတစ်ယောက်ချင်းက ကိုယ်အသိစိတ်နဲ့ကိုယ် သတ်မှတ်ထားတာပါပဲ ကေခိုင်"

"ကေခိုင့်ဘက်က မောင့်ကို ဘာသတ်မှတ်ချက်မှ မထားဘူး မောင်"

သက်ပြင်းရှည်ကိုချရင်း သူ ပြုံးမိပြန်သည်။

သူ ဘာပဲ ဖြစ်နေပါစေ၊ ကေခိုင် သူ့ကို ချစ်နေနိုင်မည်ဟု ဆိုလိုကြောင်း သူသိပါသည်။ ချစ်သူအဖြစ် လက်ခံခဲ့ပြီဆိုကတည်းက ဘယ်သောအခါကာလမဆို သူ့ကို ချစ်သူဟုသာ သူမ လက်ခံနေနိုင်မည်ဟု ပြောခဲ့သည်များကို ပြန်၍သတိရစေပြန်ပါသည်။ အဆုံးစွန်းအားဖြင့် သူမကို မုန်းတီးရွံရှာ ခွဲခွာသွားသည့်တိုင် သူမ၏အချစ်ကို ထိခိုက်စရာ အကြောင်းမရှိဟု ပြောခဲ့စဉ်က စကားတို့ကို ပြန်၍ အတွေးမှာ ပေါ်လာပြန်ပါသည်။

"ချစ်နေနိုင်တယ် ဆိုတဲ့ကိစ္စ မောင် မငြင်းဘူးနော် ကေခိုင်၊ တာရှည်အတည်တတံ့ လက်တွဲဖို့ကိစ္စဆိုတာက ပတ်ဝန်းကျင်တို့ အသိုင်းအဝိုင်းတို့ ရှိသေးတာပဲ၊ ဒီတော့ လူမှုရေးတို့၊ လူ့ကျင့်ဝတ်တို့ လိုလာပြီလေ"

လွတ်လပ်စွာ နေထိုင်လှုပ်ရှား၍ ဘေးပတ်ဝန်းကျင်ကို ဂရုစိုက်မှုနည်းပါးသော မြကေခိုင်၏စရိုက်ကို သူ နားလည်သည်ပဲ။ အခု





ည်း မြကေခိုင်က ဂရုမစိုက်စေလိုသော သဘောပြောနေခြင်းကို း သဘောပေါက်သည်။ ချစ်သူရှေ့မှာ ဘီယာသောက်တာ ချစ်သူကို ထိုက်နေစရာ ဘာလိုလို့လဲဟု သူမ တွေးနေပေလိမ့်မည်။

အဲဒါ အချစ်နဲ့ ဘာဆိုင်လို့လဲဟု သူမ အငြင်းပွားချင်နေလိမ့် ည်။ ဒါ သက်သက် ဟန်ဆောင်တာပဲဟု ဒီထက်ပို၍ ပြင်းထန်စွာ ပုတ်ခတ်ချင်နေပေဦးမည်။

"ကေခိုင်က လောကမှာ မေမေ့ကို အချစ်ဆုံးပါ မောင်၊ မေ ဆုံးသွားတော့ ကေခိုင့် ဘဝထဲမှာ မောင် ရောက်လာခဲ့တယ်၊ င့်ကို အချစ်ဆုံးပါပဲ၊ ကေခိုင် အချစ်ဆုံး မေမေကလည်း တစ်မလွန် သွားပြီ၊ ကေခိုင့်ကို စွန့်ထားခဲ့ပြီ၊ မောင့်ကို ကေခိုင်က ဘယ်တော့မှ း ခွဲသွားမှာ မဟုတ်ဘူး မောင်၊ ဘာဖြစ်လို့လဲဆိုတော့ ကေခိုင် ယ်တာစရာဆိုလို့ မောင်တစ်ယောက်ပဲ ရှိတော့တာ၊ အဲ . . . စော က မောင်ပြောသလို မောင့် သတ်မှတ်ချက်တွေ အပြန်အလှန် င့်စည်းရမယ့်ကိစ္စတွေကို ကေခိုင် ဖောက်ဖျက်လို့ တာရှည်မတည် နိုင်ဘဲ မောင်ကပဲ စ,ပြီး ခွဲချင်ခွဲသွားမှာ"

တုန်ခါမှု အလျဉ်းမရှိသည့် အသံဖြင့် ကေခိုင် ပြောနေသည်။ သက်လွန်းသော အသံဖြင့် ပြောနေစဉ်မှာ သူ့ကို စူးစိုက်ကြည့်ထား သာ မျက်ဝန်းတွေက တောက်ပလွန်းနေပြန်သည် ထင်၏။

"မောင့်စကားတွေကို ကေခိုင် အမိပ္ပါယ် ကောက်လွဲနေပြီ"

"မလွဲပါဘူး မောင်၊ ကေခိုင် နားလည်ပါတယ်၊ အရှင်းဆုံး ပြောရရင် ကေခိုင့် အယူအဆက မောင် ဘာလုပ်လုပ် ဘာဖြစ်ဖြစ် ယ်တော့မှ မခွဲဘူး၊ မောင့် အယူအဆက ကေခိုင်သာ မလုပ်သင့်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုလုပ်ရင် မောင်က ချစ်ချင် ချစ်နေမယ်၊ ဒါပေမယ့် ခွဲကြမယ်၊ ဒါပဲ မဟုတ်လား"

သူ ပြန်မပြောမိတော့ဘဲ ရင်မောစွာ သက်ပြင်းကို ချသည်။

"ကေခိုင့် ဘဝထဲမှာ လောလောဆယ် မောင် တစ်ယောက်ပဲ ရှိတယ်။ မောင် ဘာဖြစ်ဖြစ် မောင့်ကို ကေခိုင့် ဘဝထဲက မနှင်ထုတ်နိုင်ဘူး၊ အဲ . . . ကျန်တဲ့ ကေခိုင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းဆိုတာတွေက ကေခိုင် အလိုက်အထိုက် ဆက်ဆံနေရတာ၊ သူတို့က ကေခိုင့် ရင်ထဲမှာ နေရာယူကြတာမှ မဟုတ်ဘဲ"

ဘာပြန်ပြောရမည် မသိအောင်၊ မလှုပ်သာ မလှုပ်သာ အခြေအနေမှာ တယ်လီဖုန်းမြည်သံ ကြားရတော့ ထွက်ပေါက်တစ်ခုကို ရသည့်နှယ် စိတ်ပေါ့ပါးသွားသည်။ ကေခိုင်က တယ်လီဖုန်းကို ကောက်ကိုင်ရင်း စကားပြောနေသည်။ စကားသံက ရွှင်လျက် တစ်ချက် တစ်ချက် ရယ်သံပင် နှောနေသေးတော့၏။ စောစောက ညှိုးလျှအလိုမကျစွာ ငြင်းခုန်နေသည့် စကားသံမျိုးတွေ မဟုတ်တော့။ အခုနမိမိနှင့် စကားပြောနေခဲ့သည့်သူမှာ သူမပင် မဟုတ်တော့သလိုလို။

တယ်လီဖုန်း ချပြီးချိန်မှာတော့ အိမ်နောက်ခန်းမှ ဒေါ်ကြိုင် ထွက်လာပြီး ထမင်းစားဖို့ အသင့်ဖြစ်ကြောင်း ပြောသည်။

ကေခိုင်သည် သူ့အပေါ် အချစ်ကြီးသကဲ့သို့ သူ့အချစ်ကိုရယူရန်မှာလည်း လောဘတကြီး ရှိနေသူဟု နားလည်ပြန်သည်။ အငြိုးကြီး၍ နာကြည်းမှုပြေပျောက်ခဲသလို။ အချစ်ကြီး၍ စွဲလန်းခင်တွယ်မှုကိုလည်း လျော့ပြေခဲ့သူဟု သိနေပြန်၏။





ကေခိုင်သည် ဟိုဟင်း ဒီဟင်း နည်းနည်းစီ ထည့်စားပြီး သူ စားပြီးသည်ကို စောင့်ဆိုင်းနေမှာန်တူသည်။ ဟင်းခွက်က များပြားသည် မဟုတ်သော်လည်း စားချင်စဖွယ် ထမင်းမြိန်အောင် စီစဉ်ထားသည်။ သူလည်း ထုံးစံအတိုင်း များများ မစားနိုင်။

သူ့ဘေးမှာ ထိုင်ရင်း သူ စားသည်ကို ကြည့်ရင်း ဟင်းများကို သူ့ပန်းကန်ထဲသို့ ကေခိုင် ထည့်ပေးနေသည်။ ထမင်းထပ်ဖြည့်ရန် ထမင်းအုပ်ကို လှမ်းကိုင်စဉ် . . .

"တော်ပြီ ကေခိုင်၊ မောင် ဝပြီ"

ဟု သူ တားလိုက်သည်။

"မောင်လဲ ဆာစားနည်းတာပဲနော်"

ဟု ကေခိုင် မှတ်ချက်ချ၏။ ပြီးတော့ ရေချိုင့်ထဲမှ ရေကို ပန်ခွက်ထဲသို့ ဖြည့်နေစဉ်မှာ . . .

"မမ ညော့်သည် ရောက်နေတယ်"

ဟု ဒေါ်ကြိုင်၏ တူမလေး ရောက်လာရင်း ပြောသည်။

"အေး . . . ညော့်ခန်းမှာ ခဏထိုင်ခိုင်းထားနော်"

ရေခွက်ကို သူ့ဘေးမှာ ချပေးရင်း ကေခိုင် ပြောလျက် ထ,ရပ်၏။

"စတိတ်ရှိုး ကိစ္စလား မသိဘူး"

"မဟုတ်ဘူး မမ၊ ဟို အဒေါ်ကြီး"

"ဘယ်သူ . . ."

"ဟိုတစ်လောက အိမ်လာတဲ့ အဒေါ်ကြီး မမှ မမရဲ့ ဒေါ်လေးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြိုင်၏ တူမလေး စကားအဆုံးမှာ မြကေခိုင်၏ မျက်နှာ ကွက်ခနဲ ပျက်သွားတာ မြင်သည်။ ငွန်းခက်ရင်းကိုချလျက် သောက်ရေ ခွက်ကို လှမ်းယူသည်။

"ဘာဖြစ်လို့ ငါ ရှိတယ်ပြောရတာလဲ မိနှင်းသူရယ်"

ညည်းပြော ပြောရင်း မိနှင်းသူ၏လက်ကိုဆွဲလျက်ခေါ်ကာ တိုးတိုးပြောသည်။ မိနှင်းသူက ခေါင်းကိုခါယမ်းပြစဉ် မြကေခိုင်က သူ့ဆီ အကြည့်ဝေ၏။ တမင်အကဲခတ်ကြည့်နေသည် မဟုတ်သော် လည်း သူ့ရှေ့မှာမို့ မြင်နေရပြန်သည်။

ခဏနေ့ာ် မောင်ဟု သူ့ကို ပြောကာ ထမင်းစားခန်းထဲမှ ထွက်သွား၏။ မိနှင်းသူက ရေခဲသေတ္တာထဲမှ ကိုကာကိုလာ တစ်ဘူးကို ထုတ်ပေးရင်းဖောက်လျက် သူ့ရှေ့မှာ လာချပေးသည်။ ဒေါ်ကြိုင်က စားပွဲပေါ်မှ ထမင်းဟင်း ပန်းကန်များကို လာသိမ်းဆည်းနေသည်။ ဒေါ်ကြိုင် အနှောင့်အယှက်ဖြစ်မည်စိုးကာ ကိုကာကိုလာကို တစ်ကျိုက် သောက်ပြီး ဘူးကို လက်မှကိုင်လျက် ထရပ်၏။ ပြီးတော့ ဧည့်ခန်းဆီသို့ သူ ထွက်လာခဲ့သည်။ တံခါးဝမှ ကန့်လန့်ကာနားအရောက် စကားသံ အချို့ကို သူ ကြားရပြန်၏။ ဆက်သွားသင့် မသွားသင့် စဉ်းစားရင်း တွေခနဲ ရပ်သည်။ ပြီးမှ မထူးပါဘူး တွေးကာ ကန့်လန့်ကာကို ဆွဲဖယ် ပြီး ဧည့်ခန်းထဲသို့ ဝင်လိုက်၏။ သူ့ကို ကျောပေးရပ်နေသော ကေခိုင် ကို ပထမမြင်သည်။ ပြီးမှ ကေခိုင်နှင့် မျက်နှာချင်းဆိုင်မှာ ကျုံ့ကျုံ့လေး ထိုင်နေသော သူမ၏ ဧည့်သည်။ သူမ၏ ဒေါ်လေးဆိုသူ။ ကြည့်စမ်း မိမိ၏အလုပ်ထဲမှာ တွေ့ရသော အလုပ်ကြမ်းသမကြီး ပါလား။ မျက်နှာ မှာ တိုးလျှိုးတောင်းပန်စိုးရိမ်မှုများ လွှမ်းနေသလိုပင်။





"ကျွန်မမှာ ဘာတာဝန်မှ မရှိဘူး ဘာဝတ္တရားမှလည်း မရှိဘူး ဒေါ်လေး၊ တာဝန်ဝတ္တရားအရဆိုရင် ကျွန်မ ဘာမှ မလုပ်ပေးနိုင်ဘူး။ အခုမှ သား နေမကောင်းဘူးကြားလို့ သွားတွေ့ချင်တယ် ပြောရ အောင် ဒေါ်လေး ဖောက်ပြန်တဲ့အချိန်တုန်းကတော့ သားဆိုတာ သတိမရဘူးလား"

သူ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။ သူ ဝင်လာတာကို မြကေခိုင်က ဖျတ်ခနဲ လှမ်းကြည့်ရင်း . . .

"ထိုင်လေ . . . မောင်၊ ကေခိုင် ခဏ စကားပြောဦးမယ်"

ဟု ပြော၏။

သူတို့ ရပ်နေရာနှင့် အဝေးဆုံးဆက်တီမှာ သူ ဝင်ထိုင်လိုက်မိ သည်။

"ကေခိုင် ခေါ်ပေးရင် သားကို ထည့်ပါတယ်၊ ဒါမှမဟုတ် ကေခိုင် ပြောပေးရင် သားကို ဒေါ်လေး ကြည့်ခွင့်ရမှာပါ၊ ဒါကြောင့် . . ."

"တော်ပြီ . . . ဒေါ်လေး၊ အဲဒါ ဒေါ်လေးကိစ္စပဲ၊ ဒေါ်လေး ယောက်ျားကို ဒေါ်လေး ဘာသာ ပြောကြည့်ပေါ့"

"ဒေါ်လေး အိမ်ရိပ်တောင် နင်းခွင့်မှ မရှိတာ"

"ဒါတော့ ဒေါ်လေးအပြစ်နဲ့ ဒေါ်လေးပဲ"

"သား နေမကောင်းဖြစ်တယ်ကြားလို့ စိတ်ပူလို့ပါ"

"ကျွန်မ သွားကြည့်ပေးမယ်၊ ဒေါ်လေး ပြန်တော့"

"ဒေါ်လေး လိုက်ကြည့်လို့ ရအောင် ကေခိုင် စီစဉ်ပေးပါ ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျွန်မ တာဝန်မယူဘူး"

"ကေခိုင် စီစဉ်ရင် ရပါတယ်"

"ကျွန်မ အရင်းဆုံးပြောပြီးပြီ ဒေါ်လေး၊ ကျွန်မ မစီစဉ်နိုင်ဘူး၊ သား အခြေအနေကို ကြည့်ပြီး ဒေါ်လေးကို ပြန်ပြောမယ်၊ မနက်ဖြန်မှ ဒေါ်လေး ပြန်လာ"

မြကေခိုင်က စကားကို ဖြတ်သည်။

သူ့ဒေါ်လေးဆိုသူ ထရပ်၏။ ကေခိုင်က ချာခနဲလှည့်ကာ တီဗွီပေါ်မှ တင်ထားခဲ့သော သူ့ပိုက်ဆံအိတ်ကို သွားယူသည်။

"နေဦး ဒေါ်လေး"

တံခါးဆီ ခြေလှမ်းပြင်နေသော သူ့ဒေါ်လေး ရပ်သွား၏။

"ရှော့ . . ."

ပိုက်ဆံအိတ်ထဲမှ နှစ်ရာတန် တစ်ထပ်ကို ဆွဲယူပြီး လှမ်းပေးသည်။ ကျေးဇူးတင်သော မျက်လုံးများနှင့် လှမ်းကြည့်ယူသော်လည်း နှုတ်က စကားစထွက်မလာ။ ပြီးတော့ သူ ထိုင်နေရာကို အကြည့်တစ်ချက်ခဲ့ကာ သူ့ကို မှတ်မိဟန်ပြသည်။

"ကျွန်မ ပြောသလို မနက်ဖြန်ညမှ လာခဲ့"

ခေါင်းညိတ်ရင်းအခန်းထဲမှ ထွက်သွားတော့၏။

"ဒါ ကေခိုင့် အမေရဲ့ ညီအစ်မအငယ်ဆုံးလေ၊ မောင် မှတ်မိလား၊ ကျောင်းပြီးစ အဆောင်မနေခင်မှာ အဲဒီအန်တီအိမ်မှာ ကေခိုင်





ခြောက်လလောက် သွားနေရသေးတယ်၊ မေမေလည်း ဆုံးတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်းပေါ့၊ အဲဒီအိမ်တောင် မောင် နှစ်ခါသုံးခါ ရောက်ဖူးသလားပဲ"

သူ့ဘေးမှာ ဝင်ထိုင်ရင်း ကေခိုင်က ပြောသည်။ သူ သက်ပြင်းချလျက် လက်ထဲမှ ကိုကာကိုလာဘူးကို ရှေ့မှ စားပွဲပေါ်တင် လိုက်သည်။

"မောင် မှတ်မိတယ် ကေခိုင်၊ ကေခိုင့်ကို လာခေါ်ရင်း မောင် သူတို့အိမ် သုံးခေါက်ရောက်ဖူးတယ်၊ ခြံက မကျယ်ပေမယ့် ပျဉ်ထောင် အိမ်လေးလေ . . ."

"ဟုတ်တယ် မောင် . . . ရပ်ကွက်ပေမယ့် အဲဒီအိမ်က အခု ဆို ဈေးနည်းမှာ မဟုတ်တော့ဘူး"

"သူတို့က အခု ဘာဖြစ်သွားလို့လဲ၊ ကေခိုင် အံ့သြလေလား မသိဘူး၊ သူ အခု မောင့်လုပ်ငန်းထဲမှာ အလုပ်ကြမ်း ဝင်လုပ်နေတယ် ကေခိုင်၊ ဝင်တာတော့ မကြာသေးဘူး ထင်တယ်"

"ဟုတ်လား . . ."

ကေခိုင့် ကြည့်ရသည်မှာ အံ့သြတုန်လှုပ်သွားပုံ မရ။ သူ ကေခိုင့် မျက်နှာကို ငေးကြည့်နေဆဲ . . .

"သူ့အပြစ်နဲ့သူလေ မောင်ရဲ့၊ သူ့နောက်ယောက်ျားက မျက်နှာမောင်းတဲ့အလုပ်က ကားတိုက်မှုဖြစ်ပြီး လိုင်စင်သိမ်းခံလိုက်ရတော့ အလုပ်မရှိဘူး၊ သောက်လိုက် မောင်းလိုက်ပေါ့၊ ဒီတော့ သူ ဒီလို အလုပ်ကြမ်းပဲ ဝင်လုပ်ရတော့တာပေါ့"

ဟု ကေခိုင် ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဩော် ... နောက်အိမ်ထောင်နဲ့လား”

မြကေခိုင်က ခေါင်းညိတ်ပြသည်။ ကေခိုင့် အဒေါ်အကြောင်းကို နည်းနည်း ဇာတ်ရည်လည်သလို ဖြစ်လာတော့၏။

အပြန်မှာ ကေခိုင်က ကားနှင့် သူ့ကို လိုက်ပို့သည်။

“မောင် အဲဒီ ကေခိုင့်အဒေါ်ကို အလုပ်ထဲမှာ သွားမရောနဲ့နော် ... ကေခိုင့်အဒေါ်ပဲဆိုပြီးတော့ မျက်နှာသာလည်း မပေးနဲ့ ကေခိုင်က ခပ်ပြတ်ပြတ်နေတာ၊ သူ့ကို အဒေါ်လို့ အသိအမှတ်ပြုထားတာ မဟုတ်ဘူး”

ရှေ့ကို တည့်တည့် စူးစိုက်ကြည့်ရင်း ကေခိုင် ပြောသည်။

“မောင် မှတ်မိမှာပေါ့၊ ကျောင်းပြီးတော့ မောင် မြို့ကို မပြန်ချင်ဘဲ သူတို့အိမ်ကို ကေခိုင် ပြောင်းခဲ့တာလေ၊ ကိုယ့်အဒေါ်ရင်းပဲဆိုပြီး နေလာရတော့ ဆက်မနေချင်တာလည်း ပါတယ်၊ ပြီးတော့ ငွေရေးကြေးရေး ခွဲတာချင်တယ်၊ သူ့အမျိုးသား ဦးစိုးက အရမ်းသဘောကောင်းတယ်၊ တကယ်ဆို ဒေါ်လေးက အရင်း၊ ဦးစိုးက ဒေါ်လေးနဲ့ စပ်မှ တော်ရတာပါ၊ အဒေါ်အရင်းက ကိုယ့်အပေါ် မကောင်းဘူး”

“ကျောင်းပြီးတော့ မောင် မြို့ပြန်နေတာ တစ်နှစ်ကျော်တယ်နော်၊ ကေခိုင်က အဲဒီတစ်နှစ်ကျော်ကျော်မှာ ရည်ရွယ်ချက် တစ်ခုကို ပေါက်မြောက်အောင် အကောင်အထည်ဖော်နိုင်ခဲ့တယ်”

သူ့အဒေါ်အကြောင်းကို ဆက်မပြောစေချင်တော့သဖြင့်





စကားလမ်းကြောင်းကို သူ လွှဲလိုက်သည်။ သူ့အဒေါ်က သူ့အပေါ် မကောင်းကြောင်းတွေ ပြန်ပြောနေလျှင် ကေခိုင် ဒေါသထွက်နေဦးမည်ဟု သူ ရိပ်စားမိပြန်၏။

“ဟုတ်တယ် ... တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးခန့်ပါလေ”

“မောင်က ကေခိုင့်ကို လုံးဝစိတ်မချတာ၊ ရန်ကုန်မှာ ကေခိုင် ဒုက္ခရောက်နေမှာ၊ အားငယ်နေမှာကို စိုးရိမ်ခဲ့တာ”

“အဲဒီတုန်းက ကေခိုင့်ကို လက်ထပ်ခေါ်သွားမယ်လို့ မောင် ပြောခဲ့တာ ကေခိုင် မှတ်မိနေပါတယ်၊ မောင့်ကို အားကိုးရာလို့ယုံပြီး ကျေနပ်နပ်လဲ...ခံစားခဲ့ရပါတယ်”

“အဲဒီတုန်းကသာ ကေခိုင် လိုက်လာခဲ့ရင် မောင့်ကို လက်ထပ်ခဲ့ရင် ဒီလိုအောင်မြင်မှာ မဟုတ်ဘူး ထင်တယ်နော်”

“အောင်မြင်မှာ သိလို့မှ မဟုတ်ဘဲ မောင်ရယ်၊ ယောက်ျားကို အားလုံးမှီခိုအားပြုရမယ့် မိန်းမ မဖြစ်ချင်တဲ့ မာနကြောင့် လက်မထပ်ဖြစ်တာနေမှာပါ”

ကားကို ချိုးကွေ့လိုက်သည်။

“မောင် နားလည်ပါတယ်၊ မောင် ကိုယ်ချင်းစာမိပါတယ်”

မြကေခိုင် ပြုံးသည်။

“အခု ကေခိုင် အောင်မြင်လို့ ဘာမှမပူရတဲ့အခြေအနေမှာ မောင်က ကေခိုင့်ဝင်ငွေကို အမှီကထားပြီး အိမ်ထောင်တစ်ခု ထူထောင်ရမှာမျိုး မဖြစ်ချင်ဘူး မဟုတ်လား၊ အဲဒီမာနနဲ့ ကိုယ်ချင်းစာ... ပြောတာလား”



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမညိတ် ခေါင်းမခါ ဖြစ်သော်လည်း မှန်သောစကားမို့ သူ ပြုံး၍ နားထောင်နေမိသည်။

အခုတော့ ကန်ထရိုက်လုပ်ငန်းမှ ဝင်ငွေလေးကလည်း မဆိုးလှပါ။ အိမ်ထောင်ကျလျှင်တော့ သူ့မိဘက ထုတ်ပေးသည့် ငွေရင်းကို ယူပြီး လုပ်ငန်းတိုးချဲ့လုပ်မည် တွေးသည်။ ဒါဆို ဝင်ငွေပိုကောင်းလာပြီး သူ့ဝင်ငွေသက်သက်ဖြင့် အိမ်ထောင်တစ်ခုကို ထိန်းနိုင်မည်ယုံ၏။

"အဲဒီတုန်းက မောင် မြို့ကို အပြန်ဘူတာရုံလိုက်ပို့တော့ ကေခိုင် မောင့်ကို ပြောခဲ့တာတွေ မှတ်မိသေးလား"

"ဘာပါလိမ့်"

"မောင့်ရင်ထဲမှာ ကေခိုင် ရှိနေရင် ကေခိုင် ကျေနပ်ပါပြီတဲ့၊ မောင် ဟိုမှာ မိဘသဘောတူတဲ့ သူ လက်ထပ်သင့်တဲ့သူရှိရင် လက်ထပ်လိုက်ပါတဲ့၊ ကေခိုင့်ကို လက်ထပ်မယ့်ဆိုတဲ့ မျှော်လင့်ချက် ချိပ်ကြီးကြီးမားမား မထားပါနဲ့တဲ့၊ ဟုတ်လား"

သူ ပြန်ရွတ်ပြနေစဉ် ကေခိုင် ပြုံးနေတာ သူ တွေ့၏။

"အဲဒီအချိန်က ကေခိုင်ရဲ့ အနာဂတ်က စမ်းတဝါးဝါးပါပဲ မောင်ရယ်၊ ကေခိုင် ဘာတွေရှေ့ဆက်ဖြစ်မယ်ဆိုတာ မရေရာဘူး တစ်ခုခု အောင်အောင်မြင်မြင် ထွန်းထွန်းပေါက်ပေါက် ဖြစ်ရင်ဖြစ် အဲဒီလိုမှ မဟုတ်ရင်တော့ ကေခိုင် လောကမှာ မနေချင်တော့ဘူး နေလဲမနေနိုင်ဘူးလေ၊ အဲဒီလို ဆုံးဖြတ်ထားလို့ . . ."

ကေခိုင့် စကားကြောင့် ကြက်သီးမွေးညင်းများ ထောင်ထသွားပြီး ထင်ရပြန်၏။ မာကျောခက်ထန် ပြတ်သားလွန်းသော ကေခိုင့်စိတ်သည် အစွန်းရောက်လွန်းလှပါကလား။





"အဲဒီတုန်းက ကေခိုင့် မောင့်ကို မှာလိုက်ပါသေးတယ်၊ စာလဲ မထည့်ပါနဲ့၊ လူကြုံစကားတောင် မပါးပါနဲ့လို့လေ၊ ပြောတုန်းကတော့ ခံစားရမယ့် ဝေဒနာကို သတိမထားဖြစ်ခဲ့ပါဘူး၊ ခံစားရရင်လဲ ခဏနေမှာလို့ ထင်ခဲ့မိတာ အမှန်ပဲ၊ ဦးတည်ချက်တစ်ခုခုဆီရောက်အောင် သွားတဲ့နေရာမှာ သိပ်ပျော့ညံ့တဲ့ အဲဒီအလွမ်းအဆွေးတွေနဲ့ အနှောင့်အယှက် မဖြစ်စေချင်လို့ ပြောခဲ့တာပဲ၊ ဒါပေမယ့် တကယ်တမ်းကျတော့ ခံရတယ် မောင်၊ မျှော်လင့်ချက်တွေ မှုန်မှုန်ဝါးဝါး ဖြစ်နေတဲ့ ကာလမှာ တင်းထားတဲ့စိတ်တွေ လျော့ချမိတော့မတတ် ဖြစ်ခဲ့ရတယ်၊ မောင့်ဆီက စာကို မသိစိတ်နဲ့ မျှော်မိတာ အမှန်ပဲ"

"မောင် စာမရေးချင်တာ မဟုတ်ဘူး၊ ကေခိုင့်စိတ်ကို သိလို့ မရေးခဲ့တာ၊ ကေခိုင်က မရေးပါနဲ့ ပြောထားလျက်နဲ့ ရေးရင် ကေခိုင် စိတ်ဆိုးမှာ ဖတ်ချင်မှလဲ ဖတ်မှာ"

မြကေခိုင် ပြုံးသည်။

"ကေခိုင့် စကားကို မောင် နားထောင်တယ်ပေါ့"

"တကယ်တမ်းတော့ မောင် နယ်မှာပိုပြီး အဆင်ပြေတယ် ကေခိုင်၊ မိဘ လက်ငုတ်က လုပ်ငန်းကို လုပ်ရတာဆိုတော့ ပိုပြီး ချောမောတာပေါ့၊ ဝင်ငွေကောင်းတာပေါ့၊ အိမ်ကလဲ ရန်ကုန်ပြန်မသွားစေချင်ဘူး၊ မောင် ရန်ကုန် လာခဲ့တာ ကေခိုင်နဲ့ နီးစပ်ချင်တာ တစ်ခုတည်းနဲ့"

"ကေခိုင် ယုံပါတယ်"

"ရန်ကုန်မှာတော့ ပိုပြီး လောဘ ဒေါသ မောဟ များတာပေါ့ ကေခိုင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် နယ် ပြန်သွားချင်လား"

"ကေခိုင် ရှိရာ အရပ်ဟာ . . . မောင် နေရမယ့် အရပ်ပါပဲ"

"မောင်က အပြောကောင်း"

အသံထွက်အောင် အရယ်နှော့ရင်း ခပ်ရွှင်ရွှင်ပြန်ပြောသည်။ သူ့လမ်းထိပ်ရောက်တော့ လမ်းထဲသို့ ကားချိုးဝင်လိုက်၏။

⁂ ⁂ ⁂



## (၁၄)

နေ့လယ် ထမင်းစားနားချိန် ကိုမောင်မောင်ဝင်းနှင့် သူစားနေကျ ဆိုင်မှာ သွားစားကြသည်။ ထမင်းစားပြီး ပြန်လာတော့ ခြံဝန်းတံခါးအဝင်မှာ ဆရာဟု ခေါ်သံကြားလိုက်၏။ ခေါ်သံကြားရာ သစ်ပင်ရိပ်ဆီ လှမ်းအကြည့်မှာ မြကေခိုင်၏ ဖေါ်လေးကို တွေ့သည်။ သစ်ပင်ရိပ်ဆီမှ ထွက်လျက် သူ့ဆီလျှောက်လာသည်။ ကျွန်တော် သွားနှင့်မယ် ပြောကာ ကိုမောင်မောင်ဝင်းက အဆောက်အဦဆီ ထွက်သွား၏။ သူ ရပ်စောင့်နေလိုက်သည်။

"ဆရာ အားရင် ကျွန်မ ဆရာနဲ့ စကားနည်းနည်း ပြောချင်လို့ပါ"

"ကျွန်တော် အားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဆရာ ဒီသစ်ပင်ရိပ်မှာ ခဏ စကားပြောရအောင် ကျွန်မ ဆရာ့စားပွဲကို လာပြောရင်လည်း ဘေးလူတွေ ကြားမှာ စိုးလို့"

ခေါင်းကို ညိတ်ပြရင်း သစ်ပင်ရိပ်ကို သူ လျှောက်သည်။ တာဒ်ပင်သည် သိပ်တော့ မမြင့်လှ။ အရိပ်ဝေလျက် နေရောင်ကိုတော့ ကားထိုင်နိုင်သည်။

"ကျွန်မ ဒီဘဝရောက်နေတာ ကျွန်မ ကံနဲ့ကျွန်မမို့ မရှက်ပါဘူး ဆရာ . . . ဒါပေမယ့် ကျွန်မ တူမလေးအတွက် သိက္ခာကျမှာပဲ စိုးပါတယ်၊ ဆရာက ကျွန်မ တူမနဲ့ ချစ်သူတွေဆိုတာ ဟိုတုန်းကတည်းက ကျွန်မ သိပါတယ်"

"ကျွန်တော် အဒေါ်တို့ခြံထဲကို သုံးခေါက် ရောက်ဖူးပါတယ်၊ ကေခိုင့်ကို လာခေါ်တာလေ"

"ဟုတ်ကဲ့ ကျွန်မ မှတ်မိပါတယ်"

သူ နယ်ကိုမပြန်ခင် ကေခိုင်က သူ့ဒေါ်လေးအိမ်ကို ပြောင်းခဲ့တာမို့ ကေခိုင့်ကို ပြန်လိုက်ပို့တာ၊ သွားခေါ်တာ သုံးခေါက် သူရောက်ခဲ့ဖူးသည်။ ဒီတုန်းကတည်းက မြင်ဖူးတွေ့ဖူးပြီး သူ့ကို မှတ်မိပုံရ၏။

"စတွေ့တော့ မသေချာဘူးပေါ့ ဆရာ၊ နောက်ရက်တွေ သေချာတော့လဲ ကျွန်မ မခေါ်ရဲလို့ မခေါ်တာပါ"

"ကျွန်တော်လဲ မှတ်မိသလိုတော့ ရှိပါတယ်၊ မသေချာလို့ မခေါ်တာပါ"

"ဟိုနေ့က ကိစ္စ ကျွန်မ ဆရာ့ကို တောင်းပန်ပါတယ် ဆရာ၊ ဆရာတို့ကို အနှောင့်အယှက် ဖြစ်သွားမလား မသိဘူး၊ ကျွန်မ အပူနဲ့ ကျွန်မပါ၊ ပြီးတော့ ဆရာရောက်နေမှန်းလဲ မသိဘူး"





အားနာစကားဆိုရင်း အကြည့်ကို အဝေးပို့ထားတာ တွေ့၏။

"ရပါတယ် အားနာစရာ မဟုတ်တာဗျာ"

"ကျွန်မ သားလေး အရမ်း ဖျားနေတယ် ကြားလို့ စိတ်ပူပြီး ရောက်လာတာပါ ဆရာ၊ ကျွန်မက သားနဲ့ တွေ့ခွင့်မရဘူး၊ ဒါကြောင့် ကေခိုင့်ကို အကူအညီ တောင်းရတာ၊ နောက်ညနေ ကျွန်မ သွားတော့ ကျွန်မကို ကေခိုင် ဆူလိုက်တာ သူ့အိမ်ကို ကျွန်မ လာတာ မကြိုက်ဘူး၊ သားလည်း နေကောင်းနေပြီတဲ့၊ နေမကောင်းရင်လည်း ဘာမှပူစရာ မလိုဘူး၊ အဖေတစ်ယောက်လုံး ရှိတယ်ဆိုတဲ့စကားကို သူ့အဖေက ပြောလိုက်တယ်လို့ ကေခိုင် ပြန်ပြောတယ် ဆရာ၊ ကျွန်မ အရမ်းခံစားရတာပဲ"

နေလောင်၍ ရင့်ရော်ကြမ်းတမ်းနေသော မျက်နှာကို သနားစိတ်ဖြင့် ငုံ့ကြည့်မိပြန်၏။ ဝဲကျလာသော မျက်ရည်စကို ပခုံးပေါ်မှ ဘစ်ဘက်စဖြင့် သုတ်နေတာ တွေ့သည်။

"ကျွန်မ ဆရာ့ကို အဖြစ်အပျက်တွေ အတိုချုပ် ပြောချင်ဘယ် ဆရာ၊ ဆရာ နားထောင်ဖို့ အချိန်ရပါ့မလား"

"ပြောပါ အဒေါ်"

သူ့အသက် နှစ်ဆယ့်ခုနှစ်မို့ လေးဆယ်ကျော်အရွယ်ကို အဒေါ်ခေါ်လိုက်ရတာ အားနာသွားမိသလို။ တကယ်ဆို အစ်မအရွယ်သာ ရှိပါသေးလား။ လောကဓံကြောင့်သာ ရုပ်က ငါးဆယ်ကျော်ဆင်ရအောင် အိုမင်းနေပါလားဟု သူတွေးဖြစ်ပြန်၏။

"ကျွန်မ ယောကျ်ား ကိုစိုးကိုရော ဆရာ တွေ့ဖူးမှာပေါ့"

"ကျွန်တော် နှစ်ခါလား မြင်ဖူးပါတယ်၊ ခင်ဗျားတို့အိမ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တုန်းကလေ"

"ကိုစိုးက ကေခိုင်အဆိုတော်ဖြစ်လာဖို့ အစက အကူအညီပေးခဲ့တဲ့သူပဲ ဆရာ"

"ဩော် . . ."

"ကိုစိုးက စီးပွားရေးသမားဆိုတော့ အစုံလုပ်ပါတယ်၊ တေးသီချင်း ဆိုင်တစ်ဆိုင်လည်း သူ့မိတ်ဆွေနဲ့ နှစ်ဦးပေါင်းပြီး ဖွင့်ထားတာ ရှိတယ်"

"ဟုတ်ကဲ့"

"ပြောရမှာတွေ အားတော့နာပါတယ် ဆရာ"

ချိန်ချိန်ဆဆ ပြောရင်း စကားရပ်သည်။

"ပြောဖါ၊ ကျွန်တော့်ကို ပြောလို့ ရပါတယ်"

"ကေခိုင်က ကျွန်မ တူမအရင်းပါ၊ အမေလည်း ဆုံးသွားတော့ ကျွန်မ သူ့ကို ကူညီရမယ့် တာဝန် ရှိတယ် ထင်လို့ အိမ်မှာ လက်ခံထားပါ၊ သူ့အဖေက နောက်မိန်းမနဲ့ဆိုတော့ သူက သေပြီ သတ်မှတ်ထားတာ၊ အဆက်အသွယ် မလုပ်ဘူး ဆရာ၊ အိမ်ရောက်လာကာစက သူဘာလုပ်ရမယ်၊ ရည်မှန်းချက် ရှိပုံမရသေးဘူး၊ အလုပ်ရှာမယ်ပဲ ပြောသံကြားတာ ဆရာ၊ နောက် ပြောရင်း ဆိုရင်းမှ စီးရီးတစ်ခွေသွင်းဖို့က ဖြစ်လာတာ၊ ကျွန်မယောက်ျားနဲ့သူ အဲဒီကိစ္စအတွက် သွားကြလာကြတာ များလာတာပေါ့၊ သီချင်းရေးဆရာဆီသွား၊ ပိုစတာရိုက်ဖို့လုပ်နဲ့ အလုပ်တွေ ရှုပ်လာတာ၊ ကျွန်မကြာတော့ သူတို့နှစ်ယောက်ကို မသင်္ကာချင်တော့ဘူး ဆရာ"

ပူပြင်းသောနေရောင်ကြောင့် ကောင်းကင်သည်ပင် အပြာ





ရောင် လွင့်စဉ်သွားပြီ။ ထင်ရ၏။ အပြာမှ ခပ်မှိုင်းမှိုင်းအရောင်သို့ ပြောင်းပြီ။ တံတွေးကိုမျိုချက် ဆက်ပြောသင့် မပြောသင့် ချင့်ချိန်နေပုံရသည်။

"ပြောပါ အဒေါ် ရပါတယ်"

ဟု သူ့နှုတ်မှ အသံထွက်သွားသည်။

"အဲဒီလို ကျွန်မ မသင်္ကာဖြစ်လာတော့ ဆရာရယ် လင်မယားချင်း ကတောက်ကဆတွေ များလာတာပေါ့၊ တကျက်ကျက် ဖြစ်လာရတာပေါ့ ဆရာ၊ ကေခိုင့်ကိုလည်း ကျွန်မအိမ်မှာ ဆက်မထားချင်တော့ဘူး ပြောင်ပဲ ဖွင့်ပြောလိုက်တယ်၊ နောက်တော့ ကျွန်မယောက်ျား ကိုစိုးကပဲ သူ့ကို အိမ်ခန်းတစ်ခန်း ငှားပေးပြီး ပြောင်းသွားတယ်၊ အဆောင်သွားနေပါစေပေါ့၊ ဘာလို့ ငှားပေးတာလဲဆိုတော့ ကေခိုင်နဲ့ သူက အလုပ်ဆက်လုပ်ရဦးမှာတဲ့၊ မင်း နားမလည်ဘူးတဲ့၊ ကျွန်မကတော့ ကေခိုင်နဲ့ ကိုစိုးကို မသင်္ကာပိုဖြစ်တာပေါ့၊ သူတို့ဆက်ဆံရေး မပြတ်လေ ကျွန်မ သံသယပိုကြီးလေပေါ့ ဆရာ၊ ဒါပေမယ့် ကျွန်မက လည်း ကျွန်မပါပဲ ဆရာရယ်"

ပြောရင်း စကားကို ခဏ ရပ်လိုက်သည်။

"လမ်းထိပ်က အငှားကားတစ်စီးကို ကျွန်မ တစ်နေ့လုံး ငှားပြီး သူတို့နောက်ကို နောက်ယောင်ခံလိုက်တယ်၊ အိမ်ကိုတောင် ကျွန်မ လှည့်မကြည့်မိတော့ပါဘူး၊ ကလေးကိုလည်း အိမ်ဖော်နဲ့ပဲ ကျွန်မ ပစ်ထားတယ် အဲဒီကားနဲ့ အမြဲသွားနေကျ လာနေကျ ဖြစ်လာတော့ ကျွန်မနဲ့ ကားမောင်းတဲ့ ကောင်လေးနဲ့ အရမ်းရင်းနှီးလာတယ်၊ သူက ကိုယ်ပိုင်ကား မဟုတ်ပါဘူး၊ စပေါ်နဲ့ ငှားမောင်းတာပါ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အရက်လည်း သောက်တတ်ပါတယ်၊ တစ်နေ့လုံးဆိုတော့ တစ်ခါခါ ထမင်းဆိုင်မှာ ထမင်းစားရင်း အဲဒီကောင်လေးက အရက်လေး ဘာလေး သောက်ပါတယ်၊ မူးလာရင် ကျွန်မကို ထိကပါး ရိကပါး စတတ် နောက်တတ်တယ်၊ အစကတော့ ကိုယ့်အပူနဲ့ကိုယ်မို့ ကျွန်မ သတိမထားမိခဲ့ပါဘူး၊ နောက်တော့ ဒီကောင်လေးက ကျွန်မကို စိတ်ဝင်စားဟန် ပြုလာတယ် ဆရာ၊ တိုတိုပြောကြပါစို့ ဆရာရယ်၊ ကိုစိုးတို့ အဲဒီရုပ်ရှင်ထဲ ဝင်သွားတာတွေ့တယ်လို့ ဖုန်းဆက်ရင် ကျွန်မ အဲဒီရုပ်ရှင်ရုံမှာ ဝင်ကြည့်ဖြစ်တယ်၊ အဲ . . . မှားတာက ကားမောင်းတဲ့ ကောင်လေးကိုပါ ရုပ်ရှင်ခေါ်ကြည့်မိတာ၊ ဆရာ ရှင်းလား မသိဘူး ကျွန်မတို့အိမ်မှာ ဖုန်းရှိတယ် ဆရာ၊ ဖုန်းဆက်ပြောတဲ့သူက နောက်မှ ကျွန်မ ပြန်သိရတာက ဒေါ်ကြိုင်"

"ဒေါ်ကြိုင် ဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ဒေါ်ကြိုင်က ကေခိုင်နဲ့ အဲဒီတုန်းက တည်းက အတူနေတာ၊ သူက ကေခိုင် ဆက်ခိုင်းလို့ ဆက်ရတာဖြစ်မှာပါ"

ကေခိုင်တို့ကထွာပါလာတော့ သူပို၍ စိတ်ဝင်စားလာရတော့သည်။

"ရုပ်ရှင်ပြီးသွားတော့ ကိုစိုးနဲ့ ကေခိုင့်ကို အဲဒါက စောင့်ဖမ်း တယ်၊ သူတို့နှစ်ယောက်ကိုတော့ မတွေ့ရပါဘူး ဆရာ၊ ကျွန်မသာ ရုပ်ရှင်ရုံထဲမှာ ကားမောင်းတဲ့ကောင်လေးနဲ့ ပိုပြီး ရင်းရင်းနှီးနှီးတွေ့ ဖြစ်ကုန်တာပါပဲ၊ ကောင်လေးက မူးနေတယ်၊ ကျွန်မကလည်း ကိုစိုးကို အရွဲ့တိုက်ချင်စိတ်နဲ့ စိတ်အလိုကို လိုက်မိတယ်"





"တိုတိုပြောရရင်တော့ ဆရာရယ်၊ အဲဒီကောင်လေးနဲ့ ကျွန်မ ဖြစ်သမျှကို ကေခိုင်က သိနေတာပဲ"

"ကေခိုင်က ဘယ်လို သိလဲဗျာ"

"ကျွန်မ ကံဆိုးချင်တော့ ကားမောင်းတဲ့ အဲဒီကောင်လေးနဲ့ ဒေါ်ကြိုင်ရဲ့တူ အခု ကေခိုင့်ဆီရောက်နေတဲ့ ကောင်မလေးအထက်က အစ်ကိုနဲ့က သူငယ်ချင်း သောက်ဖော်သောက်ဖက်ပေါ့ ဆရာရယ်၊ ဖုန်းချပြီး ခဏလေးကြာတော့ ကိုစိုးက သွားစရာရှိတယ်ပြောပြီး အိမ်က ကားနဲ့ ထွက်သွားရော၊ ကျွန်မ မသင်္ကာဖြစ်တော့တာပေါ့၊ ဒါနဲ့ ထုံးစံအတိုင်း ကျွန်မ လမ်းထိပ်က ကားငှားပြီးတော့ ကေခိုင့်အိမ် ကို လိုက်တယ်၊ ကေခိုင့် အခန်းရှေ့မှာ ကိုစိုးရဲ့ ကားကိုတော့ မတွေ့ရ ဘူး၊ အနီးအနား မေးကြည့်တော့ ဘားတစ်စီးရပ်တာ တွေ့တယ်၊ ပြန်ထွက်သွားတယ် ပြောတယ်၊ နောက်တစ်ယောက်ကတော့ ကိုစိုး ပုံစံမျိုး လူတစ်ယောက် ကေခိုင် အိပ်ခန်းထဲ ဝင်သွားတာ မြင်တယ်၊ အစုံပြောကြတာပေါ့၊ ကျွန်မလည်း မွန်ထူပြီး ကေခိုင့် အခန်းဝရောက် သွားတယ်၊ တံခါးကို ခေါက်တော့ ကေခိုင် တံခါးလာဖွင့်ပေးတယ်၊ ကျွန်မကို မြင်တော့ အရမ်းအံ့သြနေပုံပဲ၊ သူ့ပါးစပ်က ဘာတစ်ခွန်းမှ ထွက်နိုင်ခင်မှာပဲ သူ့ကိုတွန်းပြီး ကျွန်မ အခန်းထဲ ဝင်လိုက်တယ်၊ ပြီးတော့ အခန်းအနှံ့ ကျွန်မ ကိုစိုးကို ရှာတာပေါ့၊ သူ့ခုတင်အောက်ပါ ကျွန်မ ငုံ့ရှာတယ်၊ ကေခိုင်ကတော့ မှင်တက်မိနေသလိုပဲ၊ ဘာမှမပြော ဘဲ အံကိုကြိတ်ပြီး နှုတ်ခမ်းတင်းတင်း ကိုက်ရင်း ကျွန်မကို ကြည့်နေ တာပါပဲ၊ ကေခိုင် မပြောတော့ ဒေါ်ကြိုင်လည်း ဝင်မပြောပါဘူး၊ ကျွန်မ အခန်းထဲက ထွက်တော့မှ ရှင့်ကို ဒီတစ်သက် မကျေဘူးလို့ တစ်ခွန်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ကေခိုင် ပြောပြီး တံခါးဆောင့်ပိတ်တယ် ဆရာ၊ တကယ်တော့ အဲဒီည က ကိုစိုး ဒီကို ရောက်မလာပါဘူး”

စကားကို ဖြတ်ပြီး ခဏနားသည်။ ကေခိုင် ဘယ်အထိ ဒေါသ ထွက်မည်။ ရှက်စိတ်ဖြင့် ခံစားရမည်ကို သူတွေးကြည့်နေမိပြန် သည်။ သူ့အပေါ်မှာ အဲဒီလို စော်ကားမော်ကား အပြုခံရသည်ကို သူ ဘယ်တော့မှ ကျေမည်မဟုတ်ဟုလည်း သိနေပြန်၏။

“အဲဒီနောက်တော့ ဆရာရယ်၊ မူဆိုးက သားကောင် ပြန်ဖြစ် ဆိုသလိုပဲပေါ့၊ လိုက်တုန်းက ကျွန်မက ကိုစိုးနဲ့ကေခိုင်နောက်လိုက်တာ၊ တကယ်တမ်းကျတော့ ကေခိုင်က ကျွန်မနောက်က ရောက်ပြီး ကျွန်မ ကို ပြန်နောက်ယောင်ခံနေတာ ကျွန်မ မသိဘူး၊ ကားမောင်းတဲ့ ကောင်လေးဆီက ဒေါ်ကြိုင်ရဲ့တူနဲ့ စကားနှိုက်ခိုင်းတယ်၊ ဒါတွေ ကျွန်မ နောက်မှ ပြန်သိရတာ၊ တစ်နေ့တော့ ကျွန်မဟာ အကွက်ကျကျ ဆင်ထားတဲ့အထဲ ရောက်သွားပါတော့တယ် ဆရာ၊ ကိုစိုးက အဲဒီညက တေးသံသွင်းမရှိလို့ သူ့မှတ်တမ်းမှာ ရေးထားတာ ကျွန်မက ခိုးဖတ်နေ ကျမို့ သိထားတယ်၊ အဲဒီည ဖုန်းလာပြီးတော့ တေးသံသွင်းရှိတယ် သွားမယ်ဆို ထွက်သွားတယ်၊ ဒိုင်ယာရီမှာ မရှိဘူး ရေးပြီး သူ ငါ့ကို လိမ်သွားတာပဲလို့ တွေးတာပေါ့၊ သက်သက် ကေခိုင်နဲ့ သွားတွေ့တာ ဖြစ်မှာပဲဆိုပြီး ထုံးစံအတိုင်း ကားငှားပြီး ကျွန်မ လိုက်တာပေါ့၊ ဘယ်မှာ မှ မတွေ့ရဘူး ဆရာ၊ နောက်တော့ ကားမောင်းတဲ့ ကောင်းလေးက ကိစ္စရှိလို့ သူ့အသိအိမ် ခဏဝင်မှာ ခဏတက်ပါဆိုလို့ အဲဒီအိမ်ပေါ် ကျွန်မ ရောက်သွားတယ်၊ အဲဒီမှာ ကားမောင်းတဲ့ ကောင်လေးနဲ့ ကျွန်မ မှားကြတာပါပဲ၊ ကျွန်မတို့ကို ကိုစိုး ရောက်လာပြီး လက်ပူးလက်ကြပ်





တွေ့သွားတာပါပဲ ဆရာ၊ ဒါနဲ့ ကိုစိုးနဲ့ ကျွန်မ ကွာရှင်းပြီး အဲဒီကောင် လေးကို လက်ထပ်လိုက်ရတာပါ၊ အဲဒီ အိမ်က ဘယ်သူ့အိမ် ထင်လဲ ဆရာ”

သူ ဘာမှ ပြန်မပြောဘဲ နားစွင့်ထားလိုက်၏။

“ဒေါ်ကြိုင်ရဲ့ တူမလေး အိမ်လေ”

“ဪ . . .”

“ကားမောင်းတဲ့ ကောင်လေးကလည်း သူ့သူငယ်ချင်း သူ့ကို စေတနာနဲ့ ကူညီတာပဲ၊ အဲဒီတုန်းက ထင်ခဲ့တာ ဆရာ၊ ကျွန်မနဲ့ညား ပြီး အရက်ဝိုင်းမှာ ဒေါ်ကြိုင့်တူလေး ဖွင့်ပြောမှ ဒီကိစ္စအားလုံးကို ဖော်တာက ကေခိုင်”

“ဟုတ်ရဲ့လားဗျာ”

“ဟုတ်တယ် ဆရာ၊ ကိုစိုးက ကျွန်မနဲ့ ကားမောင်းတဲ့ ကောင်လေးကို မသင်္ကာဖြစ်ရုံပဲ၊ ဒီလို လိုက်ဖမ်းဖို့ ဘာညာ မစီစဉ်တတ် ဘူး ကျွန်မ သိတယ်၊ ကေခိုင် စီစဉ်ပေးတာ၊ ကျွန်မတို့ကို ဒီလိုလက်ပူး လက်ကြပ်မိအောင် ကေခိုင် အကွက်ချလုပ်ခဲ့တာ၊ ဒေါ်ကြိုင့်တူလေး ပြောတာ ရှင်းတယ် ဆရာ၊ ကျွန်မတို့နှစ်ယောက် အိမ်ပေါ်မှာထားခဲ့ ပြီး သူက ကေခိုင့်ကို သတင်းပေးခဲ့တာတဲ့”

သူ ဆက်၍ မကြားချင်တော့။ ကေခိုင်၏ ကလဲ့စားချေတတ် သည့် စိတ်ကို သူ နားလည်ထားသူမို့ မယုံချင်သော်လည်း မဖြစ်နိုင်ဟု ဆက်၍ ငြင်းမနေချင်။

“ကေခိုင် ကျွန်မအပေါ်မှာ လှလှပပ ရက်ရက်စက်စက် ကလဲ့စားချေပြသွားတာပေါ့ ဆရာရယ်၊ နောက်ပိုင်းလည်း ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



အရက်သမား မဲသမား မယားဖြစ်၊ လိုင်စင်ပိတ်လို့ ကားမမောင်းရတာဆိုတော့ ကျွန်မဘဝက ကေခိုင့်ရှေ့ ဒုးထောက်ရတဲ့ဘဝပေါ့၊ ကျွန်မ ဆရာ့ကို ဒီအကြောင်းတွေ ပြောပြနေရတာ ဆရာ့အကူအညီတစ်ခု လိုချင်လို့ ဆရာ လိပ်ပတ်လည်အောင် ပြောနေရတာပါ ဆရာ"

"ဟုတ်ကဲ့ . . ."

"ကေခိုင့်ကို ဆရာ ပြောပေးပါလား ဆရာ၊ ကျွန်မ သားလေးကို သူ့အိမ် ခေါ်ထားပေးပါ၊ အဲဒီ ညနေ ကျွန်မ ခဏလာတွေ့ပါရစေလို့၊ ကိုစိုးကလည်း ကေခိုင် ခေါ်ရင် ကလေးကို ထည့်မှာပါ၊ နေကောင်းပြီ လာမတွေ့နဲ့ အဲဒီလို ကေခိုင် ပြောပေမယ့် ကျွန်မ သားလေးကို မတွေ့ရတာ ကြာတော့ အရမ်း တွေ့ချင်လို့ပါ ဆရာ"

သူ ဘာမှပြန်မပြောဘဲ ခပ်တွေတွေ စဉ်းစားသည်။ ပြီးမှ . . .

"ကျွန်တော် ပြောကြည့်ပေးမယ်လေ၊ ဖြစ်နိုင် မဖြစ်နိုင် ကေခိုင် ဘာပြန်ပြောတယ်ဆိုတာ ကျွန်တော် ပြောပါ့မယ်"

"ကျေးဇူးပါပဲ ဆရာရယ် . . . ကေခိုင့်ကို ဆရာ ပြောရင်လည်း ရမှာပါ"

"ကဲ . . . ကျွန်တော် သွားမယ်"

နှုတ်ဆက် လှည့်ထွက်လိုက်စဉ် ဝေ့ဖြတ်သွားသော လေသည် သွေ့ခြောက်ခြောက် ပွန္တေးန္တေးပါလား သတိထားဖြစ်၏။ တာဒ်ပင်ရိပ်မှ ထွက်လိုက်စဉ် နေက ခါတိုင်းထက် ပို၍ ပူနေသယောင်။



(၁၅)

ကားအသွားအလာ ကျဲသွားပြီမို့ အချိန်အနည်းငယ်ကြာမှ ဘတ်စ်ကား နှစ်စီးစလောက် ဖြတ်မောင်းသွားတာကို တွေ့ရတော့သည်။ သည် တိတ်သလောက် ရှိလေပြီ။

အထက်ဆီ မော့ကြည့်နိုင်ပါမှ ကောင်းကင်ကို ကွက်ကွက် ကျဉ်းကျဉ်းလေးမျှသာ တွေ့ရပြန်၏။ အနီးအနား ဘယ်ညာကို သတိထားကြည့်မိပါမှ သစ်ပင် တစ်ပင်စ နှစ်ပင်စ ကျန်အရာတို့သည်ကား မြင့်မားထိုးထောင်နေသော ကန်ထရိုက် တိုက်များသာပင်။ နိမ့်သည် သော တိုက်ပင် လေးထပ်တော့ ရှိသည်ပဲ။ ပတ်ဝန်းကျင်ကို သတိထားနေမိရင်း ညဥ့်နက်မှ လက်ဖက်ရည်သောက်ချင်စိတ်က ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သူတို့နှင့် မလှမ်းမကမ်းမှာပင် မိုးလင်းဟုအထိ တစ်ခါ တစ်ခါ မိုးအလင်း ဖွင့်တတ်သော လက်ဖက်ရည်ဆိုင်ရှိ၏။

"ကိုမောင်မောင်ဝင်း လက်ဖက်ရည် သောက်ရအောင်ဗျာ"

အိပ်ရာပေါ်မှာလှဲ၍ စာဖတ်နေသော ကိုမောင်မောင်ဝင်းကို သူ အဖော်ခေါ်သည်။

"သွားလေ . . . "

ဟု ပြောရင်း ကိုမောင်မောင်ဝင်း အိပ်ရာလှဲနေရာမှ ထ,ရပ်၏။ တကယ်တမ်းတော့ လက်ဖက်ရည်သောက်ချင်စိတ်ထက် အိပ်ခန်းထဲမှာ ငြိမ်ကုပ်လျက် ဆိတ်ငြိမ်စွာ တွေးတောနေရမှာကို သူ ကြောက်နေခြင်းပါလားဟု ဘာသာ နားလည်ပြီး တုန်လှုပ်ရပြန်သည်။

နေ့လယ်က ကေခိုင်၏ဒေါ်လေး လာပြောသွားခဲ့သည့် စကားများကို သူ ကြားယောင်နေမိပြန်သည်။ ထိုစကားတို့နှင့် ဆက်စပ်ပတ်သက်နေသော မြကေခိုင်အကြောင်းကို တွေးနေရမှာကို သူ ကြောက်လာသည်။

မြကေခိုင်ကို နှိုင်းယှဉ်စရာ တစ်စုံတစ်ဦး မရှိအောင်ပင် သူ မြတ်နိုးခဲ့သည်မှာ အမှန်။ သူ့မျက်ဝန်းမှာ သူ့နှလုံးသားမှာ မြကေခိုင်မှ တစ်ပါး အခြား ဘာမှ တွဲယှဉ်ပေါ်နေစရာ မရှိအောင် သူ ချစ်ခဲ့ရပါသည်။

သူ့နှလုံးသည်းပွက်တွင် မြကေခိုင်နှင့် ပတ်သက်၍ ဘယ်သောအခါမှ ဒွိဟမရှိ။ သံသယ မရှိခဲ့စဖူး။

နှလုံးသည်းပွတ်တို့ မည်သည် ရိုးဖြောင့်သော သဘာဝရှိ၍ အရှိကို အရှိအတိုင်းသာ စွဲမြဲထင်ဟတ်သည် သူယုံ၏။





ဝေဖန်ဆန်းစစ်ခြင်း မရှိ။ ဒွိဟ မရှိ။ စိတ်သည်သာ မရေမရာ၊ စိတ်နှစ်ခွဟူသော သုံးနှုန်းသည် တွေ့ဖူးလျက်၊ နှလုံး နှစ်ခွဟု သူ မကြားဖူး။ အခုလည်း သူ့နှလုံးသားက မြကေခိုင်နှင့် ပတ်သက်၍ မပြောင်းလဲမှန်း သူသိနေသော်ငြား သူ့စိတ်တို့သည်ကား နှစ်ခုထက်များနေပြီဟု သူ နားလည်ပြန်သည်။

မြကေခိုင်၏ ဒေါ်လေး ပြောဆိုခဲ့သည့် စကားတို့ကို အားလုံး လက်ခံယုံကြည်လိုခြင်းမရှိ။ သူမ၏ ပထမအမျိုးသား ကိုစိုးနှင့်မြကေခိုင် ယခုတိုင် မရှင်း . . . မရှင်းဟု ပြောလိုပုံရဟန်တူသည်။ သူမတို့ မြကေခိုင် အကွက်ဆင်၍ ကလဲ့စားချေသည့် ကိစ္စကိုကား ကေခိုင့်စိတ်ကို သူ နားလည်သဖြင့် ယုံစရာဖြစ်သည်။ ကိုစိုးနှင့်ကိစ္စကိုကား သူ လက်မခံနိုင်။ လက်မခံချင်ပြန်။

ကေခိုင်နဲ့ဆို သားကို ထည့်ပေးမှာပါ။ ကေခိုင် ပြောရင် ရမှာပါဆိုသည့် စကားတို့က ကေခိုင်နှင့် ကိုစိုး၏ ဆက်ဆံရေးကို ဖော်ပြနေသည်။ သူ သိ၏။

"ခင်ဗျား ဘာတွေ စိတ်အနှောင့်အယှက် ဖြစ်နေလဲ"

အချိန်အတန်ကြာ စကားမပြောမိဘဲ ငေးငေါင်နေသော သူ့ကိုကြည့်ရင် ကိုမောင်မောင်ဝင်း မေးသည်။

ကိုမောင်မောင်ဝင်း မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်ဖြစ်ရင်း . . .

"အထွေအထူး မရှိပါဘူးဗျာ"

ဟု သူ မုသားစကား ဆိုလိုက်သည်။ နေ့လယ်က ကိစ္စအားလုံးကို ကိုမောင်မောင်ဝင်းအား အသိမပေးချင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တစ်ခုပြောရမလား ချိန်နေတာ"

"ဘာလဲဗျ"

လက်ဖက်ရည်ပန်းကန်ကို ချရင်း မျက်နှာကြည့်ကာ သူ မေးသည်။

"မနက်က ခင်ဗျားကို စကားလာပြောတဲ့ အမျိုးသမီးက အလုပ်ထဲမှာ ဖော်က်သည်ချထားတဲ့စကားတွေ ကျွန်တော် ပြန်ကြားထားရလို့" ဟု

စကားကိုရပ်ပြီး ဆေးလိပ်ဖွာသည်။

"ပြောဗျာ . . . ကိုမောင်မောင်ဝင်း"

"မြကေခိုင်ဟာ သူ့တူမအရင်းလို့ ပြောတယ်၊ ဟုတ်ကော ဟုတ်ရဲ့လားဗျာ၊ ဖြစ်နိုင်ပါ့မလား"

"ဟုတ်တယ် ကိုမောင်မောင်ဝင်း"

ကိုမောင်မောင်ဝင်းက တအံ့တဩ သူ့ကို ကြည့်သည်။ သူ့ထံမှ မဟုတ်ပါဘူးဗျာလို့ ပြောမည်ဟု ကိုမောင်မောင်ဝင်း မျှော်လင့်ထားပုံရသည်။ ကိုမောင်မောင်ဝင်း အကြည့်လွဲကာ ဆိုင်ပြင်ကို ငေး၏။ ကိုမောင်မောင်ဝင်း သိထားသော အကြောင်းအရာ တစ်စုံတစ်ရာတော့ ရှိပြီဟု သူ နားလည်ပြန်၏။

"ကိုမောင်မောင်ဝင်း ကြားတယ်ဆိုတာ ဒါပဲလား၊ ကျန်ဦးမယ်ထင်တယ်၊ ကျွန်တော် သိချင်တယ်ဗျာ"

သူ့အမေးမှာ ကိုမောင်မောင်ဝင်းက ဖျတ်ခနဲလှမ်းကြည့်ရင်း ဆိုင်ပြင် ငေးမြငေးကာ . . .

"အလုပ်သမားတွေ ပေါက်ကရ ပြောကြတာ နေမှာပါဗျာ"





ဟု စကားကို ဖော့လိုက်၏။

"ကျွန်တော်နဲ့ ပတ်သက်နေတဲ့ စကားဆိုရင် ကျွန်တော် စဉ်းစားနိုင်တာပေါ့ ကိုမောင်မောင်ဝင်းရာ"

"ခင်ဗျား စိတ်မကောင်းဖြစ်မှာ စိုးတယ်"

"ကျွန်တော် ချင့်ချိန်နိုင်မယ် ထင်ပါတယ်"

"အလုပ်သမားတွေ ပါးစပ်ကပြောတဲ့ စကားဆိုတော့ဗျာ၊ အခြေအမြစ် ရှိချင်မှရှိမှာပါ၊ ခင်ဗျားနဲ့ ပတ်သက်လို့သာ ကျွန်တော်က အရေးတယူ ပြောမိတာပါ၊ ပြီးတော့ နာမည်ကြီးတွေ အကြောင်းဆိုရင် အလုပ်သမားမှ မဟုတ်ဘူး၊ လူတွေက ပြောချင်ဆိုချင်ကြတာပဲ၊ ဟုတ်တာတွေ ရှိသလို မဟုတ်ဘဲနဲ့ သတင်းတွေ ကားပြီး ပြောကြတာတွေလဲ အများကြီး၊ ခင်ဗျား သိပါတယ်"

မြကေခိုင်အကြောင်း၊ အဆိုတော် မြကေခိုင်နှင့် ပတ်သက်သည့်သတင်းဟု သူတွက်လို့ ရလိုက်ပြီ။

"ဘာဖြစ်ဖြစ်ဗျာ၊ ကျွန်တော်နဲ့ သက်ဆိုင်နေတော့ ကျွန်တော် ကြားချင်တာပေါ့"

"သူတို့ပြောတာ ကျွန်တော် ကြားတဲ့အတိုင်း ပြန်ပြောပြမယ်နော်၊ အဲဒီ မိန်းမက မြကေခိုင်ရဲ့ အဒေါ်အရင်း၊ သူ့အမျိုးသားက မြကေခိုင့်ကို အဆိုတော်ဖြစ်အောင် တင်ပေးခဲ့တာ၊ မြကေခိုင်နဲ့ အဲဒီ သူ့ယောကျ်ားက တရားဝင် လက်မထပ်ကြပေမယ့် ညားနေကြတာ ကြာပြီတဲ့၊ အဲဒီကိစ္စကြောင့် သူတို့လင်မယား ကွာရှင်းပြီး သူလည်း နောက်အိမ်ထောင်ပြုခဲ့ရတာ၊ ဒါတွေကို ခင်ဗျား ဘာမှ မသိဘူး၊ မသိလို့ မြကေခိုင်ရဲ့ညွတ်ကွင်းမှာ တန်းလန်းမိနေတာ၊ စွံစွံလမ်းလမ်း ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့၊ အဲဒါလိုရင်းပဲဗျာ၊ မြကေခိုင် ပွေတာရှုပ်တာ ဟိုလူနဲ့တွဲ ဒီလူနဲ့တွဲတာ အဲဒါတွေလည်း ပါတာပေါ့ဗျာ၊ ကဲ . . . အဲဒါ ကျွန်တော်ကြားရတာပဲ ကိုထွန်းဝေဦး"

မည်းနက်သော လမ်းမကို စူးစိုက်ကြည့်ရင်း နှားထောင်နေမိသည်။

လက်ထဲမှ ဆေးပေါ့လိပ်တိုကို တောက်၍ ဆိုင်ပြင်ပစ်လိုက်သည်။ လမ်းမနှင့် ဆေးလိပ်တိုအထိမှာ မီးပွားများ ဖွာခနဲ ပြန့်ကျဲသွားတာ တွေ့၏။

"နာမည်ကြီးတွေပဲဗျာ . . . ပရိသတ်က စိတ်ဝင်စားတာပဲပေါ့၊ ဒီလိုပဲ ပြောရိုးပြောစဉ်တွေပါ၊ ဟိုမင်းသားနဲ့ မင်းသမီး ဘာဖြစ်မြန်ပြီ၊ လိုက်သွားပြန်ပြီနဲ့ ဘာမှလဲဟုတ်တာ မဟုတ်ဘူး၊ ဟုတ်တာလည်း ရှိချင် ရှိမှာပေါ့၊ ကျွန်တော် ပြောချင်တာက နာမည်ကြီးလာပြီဆိုရင် လူတွေက တစ်ဆိတ်ကိုတစ်အိတ်လုပ်ပြီး ချဲ့ကားပြောချင်တာ သဘာဝပါပဲ၊ ခင်ဗျား စိတ်မကောင်း ဖြစ်နေပြီလား"

နေ့လယ်က မြကေခိုင် အပေါ် ပြောစကားများ နားထဲမှာ ပြန်ကြားယောင်သည်။ သက်ပြင်းကို သူ လေးတွဲ့စွာချ၍ ခေါင်းကို သမ်း၏။

"ကျွန်တော် နားလည်ပါတယ်ဗျာ"

ဟု နှုတ်မှ ထွက်သော လေသံက တိုးလျနေလေသည်။

နာရီ သံချောင်း ခေါက်သံသည် ခါတိုင်းထက်ပို၍ စူးရှကျယ်လောင်နေသည် ထင်ပြန်၏။

ဆီး ဆီး ဆီး



(၁၆)

"မောင် ပြောချင်တာ အဲဒါပါပဲ ကေခိုင်၊ သူ မောင့်ကို လာပြီး အကူအညီ တောင်းတယ်၊ သူ့သားလေးကို သူ သိပ်တွေ့ချင်လို့ ကေခိုင် ကူညီပါ၊ ကေခိုင် ကူညီရင် ရပါတယ်တဲ့"

ကျန်သော စကားတွေကို ချန်လှပ်ထားခဲ့ပြီး မြကေခိုင်၏ ဒေါ်လေးက အကူအညီ တောင်းသည့်ကိစ္စ သူ ပြောပြလိုက်သည်။

မြကေခိုင်က စိမ်းဖန့်သော မြက်ခင်းအဆုံးမှ သစ်သားခုံတန်း ပေါ်မှာဝင်ထိုင်ရင်း သူ့ကို မော့ကြည့်နေတာ တွေ့သည်။ သူ မြကေခိုင်အနီးကို ထိုးလျှောက်သွားရင်း မြကေခိုင်၏ မျက်နှာကို စူးစိုက်ကြည့်မိပြန်သည်။

"ဒါ . . . ရှင်းပါတယ် မောင်ရယ် . . . သူ့ကိစ္စပဲ၊ ကေခိုင်နဲ့

www.burmeseclassic.com



သတ်လို့လဲ၊ သူ့မိသားစုပြဿနာ၊ သူ့ယောက်ျားက သူ့ကို ဒူ့သားနဲ့တွေ့ခွင့်မပေးတာ ကေခိုင် ဘာတတ်နိုင်မှာလဲ၊ သူ့ယောက်ျား ၁ တွေ့ခွင့်ပေးရင် တွေ့ပေါ့ ဟုတ်ဘူးလား။ သူတို့မိသားစု ပြဿနာ ကြားမှာ ကေခိုင် မပါချင်ဘူး"

သူ ကေခိုင်၏ဘေးမှာ ဝင်ထိုင်လိုက်သည်။ အုတ်ကို ပေါင် ဥပ်၍ စိုက်ထားသော ပန်းများ ရောင်စုံပွင့်နေတာကို သူ လှမ်းငေး ဦက်သည်။

"ပြီးတော့ တကယ်တမ်း အကူအညီ တောင်းရင်လည်း ဘခိုင့်ကိုပဲ သူ လာပြောသင့်တာ၊ မောင့်ကို ဘာလို့ လာပြောရတာ ;လဲ"

မကျေမနပ် စကားထွက်လာတော့ မြကေခိုင် မျက်နှာဆီကို ဘကြည့်မိပြန်၏။ ပန်းခြံထဲသို့ ဝင်လာသည့်အတွဲတစ်တွဲ သူတို့ဘေး ဖြတ်လျှောက်သွားသည်။

"အဲဒါ သူ ထည့်ပြောတယ် ကေခိုင်၊ ကေခိုင်က အိမ်ကို တာ ထွက်တာလည်း ကြိုက်တဲ့ပုံ မပေါ်ဘူးတဲ့၊ ပြီးတော့ မောင်က စ်ဆင့်ပြောပေးရင် ကေခိုင် ကူညီမလားလို့လည်း ထင်ပုံရပါတယ်"

"နောက်ဆို မောင် လက်ခံစကား မပြောနဲ့"

"ဒါတော့ . . . သူက မောင့်အလုပ်သမားလေ၊ မောင် ဒ်လို ဆက်ဆံလို့ ဘယ်ဖြစ်ပါ့မလဲ"

ကေခိုင်က သူ့စကားကို ကျေနပ်ပုံမပေါ်။

"ဒါဆိုရင်လည်း မောင် နောက်နေ့တွေ့ရင် ဒီကိစ္စကို အပြတ် ပြောလိုက် မောင်၊ ကေခိုင် မကူညီနိုင်ဘူးဆိုတာ၊ ပြီးတော့ မောင်





သူနဲ့ သိပ်တော့ မရောစေချင်ဘူး"

"မရောပါဘူး ကေခိုင်၊ သူလည်း ဒီတစ်ခါပဲ စကားလာပြော ဖူးတာ"

"သိပ်ရှုပ်ရှုပ်ယှက်ယှက်နိုင်တာပဲ"

ကေခိုင်က တစ်ဦးတည်း ရေရွတ်သည့်နှယ် နှုတ်မှ ထွက် သည်။

ပြီးတော့ နှုတ်ခမ်းကို ဖိကိုက်ထားတာ မြင်နိုင်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ဆောက်လက်စ တိုက်ဆီမှ ပြန်လာသော ကိုမောင်မောင်ဝင်း
မ်းမြင်ရသည်။ ရုံးခန်းထဲရောက်တော့ ကိုမောင်မောင်ဝင်း
မှာ ချွေးတွေရွှဲနေတာတွေ့၏။ သူ့ရှေ့အရောက်မှာ ချွေးတွေကို
ရင်း လေပူတစ်ချက် မှုတ်ထုတ်သည်။ ထို့နောက် အင်္ကျီအပေါ်
ီးတွေကို ဖြုတ်လျက် ပူလိုက်တာဗျာဟု ငြီးသည်။

"ဒီနှစ်ထဲမှာ ကမ္ဘာ့ရာသီဥတုတွေက ကမောက်ကမ ဖြစ်နေ
မဂ္ဂဇင်းမှာ ဖတ်ရတယ်ဗျ"

ဟု သူ ပြောလိုက်၏။

"ဟိုတ်မှာပေါ့ဗျာ၊ ဒီဆောင်းက နွေကျနေတာပဲ၊ တော်တော်





ပူတယ်"

စားပွဲရှေ့က ခုံမှာ ပြောရင်း ဝင်ထိုင်သည်။

"ဦးဌေးကြည်ကတော့ ပူလို့ပူမှန်း သိပုံမရပါဘူး"

နံရံဘေးမှာ ကပ်ထားသည့် ခုံတန်းရှည်ပေါ်မှာ လဲအိပ်နေသော ဦးဌေးကြည်ဆီ အကြည့်ရောက်ပြီး ကိုမောင်မောင်ဝင် ပြောပြန်၏။

"သူ မြို့ထဲက ပြန်လာတာဗျ၊ ပူလောင်ပြီး မောလာပုံ ရပါတယ်"

ဦးဌေးကြည်သည်လည်း သူတို့လုပ်ငန်းမှာ အတူလုပ်ကိုင်နေသော လုပ်ဖော်ကိုင်ဖက်ပင်။

"သူမဆိုးဘူးဗျ၊ ပူရင်လည်း ပူလိုက်တာကွာ ပြောရင်း အိပ်တာပဲ၊ မိုးရွာရင်လည်း မိုးလေး အေးအေးနဲ့ ပြောပြီး အိပ်တာပဲ၊ ရာသီဥတုတိုင်း သူ အိပ်လို့ရတယ်"

ကိုမောင်မောင်ဝင်းက နောက်ပြောင်စကားကို ရယ်ပြောပြောပြန်သည်။ ပြီးမှ ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ပြီး မီးညှိသည်။ စားပွဲပေါ်မှာ ချထားသော ဆောက်လက်စဆေးလိပ်ကို သူလှမ်းယူလိုက်၏။

"နောက်သုံးလလောက်ဆို ဒီတစ်စခန်း သိမ်းတော့မယ်၊ ဒါပြီးရင်တော့ နိုင်ငံခြားသွားဖို့ကိစ္စ ပြန်လှုပ်ရှားရဦးမယ်ဗျာ"

ဆေးလိပ်ဖွာရင်း ကိုမောင်မောင်ဝင်း ပြောသည်။

"နိုင်ငံခြား သွားဖို့ကိစ္စ ခင်ဗျား မေ့နေပြီလားလို့"

သူ ပြောလိုက်၏။

"ဘယ်မေ့မလဲဗျာ၊ အဲဒါ ကျွန်တော့်အတွက် အဓိကရည်ရွယ်ချက်ပဲ၊ ဒီအလုပ်တွေက အခိုက်အတန့်သာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဒီစခန်းပြီးရင်တော့ အိမ်ခဏပြန်ဦးမယ်"

"ခင်ဗျား မြို့လား"

"ဟုတ်တယ် ဖေဖေတို့ မေမေတို့က မျှော်လှပြီ"

ထိုစဉ် တယ်လီဖုန်းထားရာ အခန်းမှ သူ့အတွက် ဖုန်းလာကြောင်း ပြောသည်။ တယ်လီဖုန်းရှိရာ အခန်းဆီ သွားပြီး ဖုန်းကို ကောက်ကိုင်လိုက်၏။

"မောင်လား"

"ဟုတ်တယ် ကေခိုင်"

"ကေခိုင် ဒီညရထားနဲ့ မန္တလေး သွားရမယ်၊ စတိတ်ရှိုးက ကပ်ပြီး လာပြောလို့ အဲဒါ မောင် သိအောင် ဖုန်းဆက်ပြောတာပါ"

"ဘယ်အချိန် ရထားလဲ ကေခိုင်၊ မောင်အားရင် လိုက်ပို့မယ်လေ"

"နောက်ဆုံးရထား မောင်၊ မောင် လိုက်ပို့ရင် ပြန်ရခက်နေမယ်၊ ပွဲက ငါးရက်တော့ ကြာမယ် မောင်၊ ပြန်လာမှပဲ ကေခိုင် မောင့်ဆီလာမယ်၊ မောင် လိုက်မပို့နဲ့တော့နော်၊ မောင် အပြန် ဒုက္ခများမှာစိုးလို့ပါ"

"ကောင်းပြီလေ"

"ဒါဆို ဒါပဲနော် မောင်၊ ကေခိုင် လုပ်စရာလေးတွေ လုပ်လိုက်ဦးမယ်"

"အိုကေ . . ."

ပြောပြီး ဖုန်းချလိုက်သည်။

ဟိုဘက်ခန်းကို ပြန်ကူးတော့ ဦးဌေးကြည် နိုးနေလေပြီ။





"မင်းတို့ ပြောတာ ငါ အကုန် ကြားတယ်နော်၊ အိပ်ပျော်တာ မဟုတ်ပါဘူးကွာ၊ မှိန်းနေတာပါ၊ မြို့ထဲမှာ ချိန်းထားလို့ သွားတာကွ၊ ပူတော့ ပင်ပန်းတယ်၊ ဒီညစာ အဲဒီလူက ဒကာခံလိမ့်မယ်"

"ဘာလဲ အားလုံးလား"

"အေးလေကွာ၊ ငါတို့အဖွဲ့ကိုပေါ့"

သူတို့နှင့် လုပ်ငန်းချင်း ယှက်နွယ်နေသော သူတစ်ဦးဦးက ဒကာခံမည်ဟု နားလည်လိုက်သည်။ ဦးဌေးကြည် ဘာအပေးအယူတွေ လုပ်လာပြန်သည်တော့ မသိ။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

မြို့အနှံ့နေရာတော်တော်များများမှာ စားသောက်ဆိုင်တွေ ဖွင့်လာသည်ကို သတိထားမိသည်။ သူတို့ ရောက်နေသော စားသောက်ဆိုင်ဆိုလျှင် အလျှင်က နာမည်ကိုပင် သူ မကြားခဲ့ဖူး၊ လူက တော့ ဆိုင်အပြည့်ပင်။ စင်တင်တေးဂီတသံကလည်း စကားကို ပုံမှန် ပြောပါက ဘာမှမကြားနိုင်လောက်အောင် ကျယ်လောင်စူးရှလွန်း၏။ နည်းနည်းမူးလာမှ အဆင်ပြေတော့သည်။ အသံကျယ်ကျယ်ဟစ်ပြော မှ ကြားနိုင်ရုံသာရှိသည်။

သူတို့ဝိုင်းသိမ်းတော့ အားလုံး မူးနေကြပြီ။ ရုပ်ပျက်ဆင်းပျက် တွဲပိုးခေါ်ရလောက်အောင် မူးကြတာမဟုတ်သော်လည်း ကားဆီ





လျှောက်သော ခြေလှမ်းတိုင်းက ယိုင်ချင်ပြီ။ ကားပေါ်ရောက်တော့ လေတိုးလို့လားမသိ သူ ပို၍ မူးလာသလို၊ ကားက တစ်လှမ်းဝင် တစ်လှမ်းထွက်နှင့် ဘယ်ကိုဦးတည်နေသည်ဟု သူ မသိတော့။

ဘူတာကြီးကို လှမ်းမြင်ရပြီ။ ဘူတာကြီးထဲ ကားထိုးဝင်လိုက် တော့ သူ အံ့ဩသွားသည်။ ကေခိုင်သည် ညခရီးသွားမှာ ပါလားဟု လည်း အတွေးမှာ ဝင်လာရင် ကေခိုင့်ကို သူ သတိရနေပြန်၏။

"ဘာလုပ်မလို့လဲ ဦးဌေးကြည်"

ဟု သူ မေးသည်။

"ဘာမှ မဟုတ်ပါဘူး၊ ကျွန်တော့် မိတ်ဆွေတစ်ယောက် ဦး ရထားနဲ့ မန္တလေးပြန်မှာမို့ မီဦးမလား ဝင်ကြည့်တာ၊ မီရင် သွား ဆက်လိုက်ချင်လို့၊ အချိန်ကတော့ ကပ်နေပြီ"

ကျွေးမွေးဧကာခံခဲ့သူက ကားမောင်းရင်း ပြန်ပြော၏။ သူ့ ကေခိုင့်ကို လိုက်ရှာပြီး ပို့ရကောင်းမလား တွေးရင်း ရိဝေမှုတွေ လျော့ ပါးလာပြန်သည်။ ယည်အချိန်ဆို ရထားပေါ် ရောက်နေရောပေါ့ဟု လည်း စဉ်းစားဖြစ်၏။ ကားရပ်လိုက်ပြီး ဧကာခံခဲ့သူ ဦးဌေးကြည် မိတ်ဆွေက ကားပေါ်မှ ဆင်းကာ ဘူတာကြီးထဲသို့ အပြေးအလွှား ဝင်သွားတော့၏။

သူ ကားပေါ်မှ ဆင်းလိုက်သည်။ ကိုမောင်မောင်ဝင်းလည်း ကားပေါ်မှ လိုက်ဆင်း၏။ ဦးဌေးကြည် တစ်ဦးတည်း ကားရှေ့ခန်းမှာ ကျန်ခဲ့၏။ သူတို့ ကားက ကားရပ်ရာ ဘူတာကြီးရှေ့မှာမို့ ဘူတာကြီး ဆင်ဝင်ဘက်ဆီ ဦးတည်လျှောက်၏။ ဆင်ဝင်ဆီ သူတို့ ရောက်ခင်မှာ ပင် ဆင်ဝင်အောက်မှာ ကားနီတစ်စီး ထိုးရပ်တာ တွေ့သည်။ ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ဆင်းလာသူကို မြင်ပြီး တန့်ခနဲ ရပ်သွားမိ၏။

"ဟာ . . . ကေခိုင် မဟုတ်လား"

ကိုမောင်မောင်ဝင်း နှုတ်မှ လျှံထွက်သည်။

ကေခိုင်က ကားနောက်ခန်းမှ ဆင်းလာသည့် ဆယ်နှစ်အရွယ် ကလေးငယ်ကို ပခုံးဖက်ထားသည်။ ကားခေါင်းခန်းမှ ဆင်းလာသူကို အတွေ့မှာ သူ့နှုတ်တို့ ဆွံ့အသွားသလိုဖြစ်ပြီး ကိုမောင်မာင်ဝင်း ပခုံးကို လှမ်းဖက်ရင်း ရပ်လိုက်၏။

"နှုတ်မဆက်ဘူးလား ကိုထွန်းဝေဦး"

ငုံ့ကြည့်ရင်း ကိုမောင်မောင်ဝင်း မေးသည်။

ကိုမောင်မောင်ဝင်း အသံသည် သူ့နားထဲမှာ မကွဲ။ ကားခန်းထဲမှ ဆင်းလာသူသည် ကေခိုင့်ဒေါ်လေးယောကျာ်း ဦးစိုးဇော်မည်ဟု သူ ခန့်မှန်း၏။ အသေအချာကြည့်ရင်း လွန်ခဲ့သည့်နှစ်များက တစ်ခါနှစ်ခါ မြင်ခဲ့ဖူးသည့် အသွင်သဏ္ဌာန်ကို ပြန်ဖော်ယူကြည့်သည်။ ကိုစိုးကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဟု သူထင်လိုက်၏။ ကလေးက ကိုစိုးကလေးပဲ ဖြစ်ရမည်ဟု တွေးသည်။

"သွားပြီး ကျွန်တော် ခေါ်လိုက်မယ်"

ဘုတာကြီးထဲ ဝင်အသွားမှာ ကိုမောင်မောင်ဝင်း ပြော၏။ ကိုမောင်မောင်ဝင်း၏ လက်မောင်းကို-ဆွဲလိုက်ရင်း . . .

"မခေါ်နဲ့ဗျာ . . ."

ဟု ပြောလိုက်သံက မာဆတ်ဆတ် နေပေလိမ့်မည်။ ရင်ထဲမှာ မွှမွှပြင်းပြင်း သူ ခံစားလိုက်ရပြန်၏။ ဘူတာကြီးထဲ ဝင်သွားသောသူတို့ သုံးဦး၏ နောက်ကျောကို ငေးကြည့်နေမိသေးသည်။ သူတို့





သုံးဦးဆင်းပြီး စီးလာသော ကားကရပ်စောင့်မနေဘဲ မောင်းထွက်သွားခြင်းဖြင့် ကေခိုင့်ကို လိုက်ပို့တာ မဖြစ်နိုင်ဟု သူ တွက်လို့ရပြန်သည်။

ဒါကြောင့်ပင် ငါ့ကို လိုက်မပို့စေချင်တာကိုးဟု စဉ်းစားမိတော့ ရင်မှာနာကျင်ခံပြင်းမိပြန်၏။ နှလုံးသားပေါ်သို့ မီးပွားများ အဆက်မပြတ် ကျလာသလို ထင်ရပြန်သည်။ မူးယစ်ရီဝေမှုတို့လည်း ပျောက်ဆုံးသွားသလိုပင်။

စူးခနဲ ပေါ်ထွက်လာသော ရထားဥသြသံသည် အချွန်အသွားထက်ထက်နှင့် ရင်ကိုလာ၍ ထိုးစိုက်သလို ခံစားရပြန်၏။ ချာခနဲ လှည့်ကား ကားဆီသို့ သူ လျှောက်သည်။ သူ့ကို နားမလည်သလို ကိုမောင်မောင်ဝင်း နောက်က လိုက်လာ၏။

"ဘယ်လိုဖြစ်တာလဲ ကိုထွန်းဝေဦး"

ကားပေါ်ရောက်မှတော့ မေးသည်။

ခြေပုစ်လက်ပစ် နေလျှာချထိုင်ရင်း မျက်စိကို မှိတ်လျက်။

"မဖြစ်ပါဘူး၊ ကျွန်တော်က အရမ်းမူးနေတော့ ကေခိုင့်ကို မတွေ့ရဲတာပါ"

ဟု သူ ပြန်ဖြေသည်။

ခဏအကြာမှာ ဦးဌေးကြည်၏ မိတ်ဆွေ ပြန်ရောက်လာ၏။ ကားမောင်းထွက်လာတော့ အရာရာမေ့အောင် ထပ်သောက်ရလျှင်၊ ဘယ်လောက် ကောင်းလေမလဲဟု သူ တွေးမိပြန်သေးသည်။

ရင်ထဲက အပူကို ဘယ်သူသိနိုင်ပါ့မလဲ ကေခိုင်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကိုမောင်မောင်ဝင်း တံခါးသော့ဖွင့်စဉ် လက်မှနာရီကို ကြည့်လိုက်မိသည်။ အလုပ်မှ အိမ်ပြန်ချိန်သည် မမှန်တတ်။ စောသည့်နေ့ ရှိသော်လည်း နောက်ကျသည့်နေ့က များနေသည်။ အလုပ်များသည့် အထဲ ကားကျပ်ကျပ်ကို စီးရတော့ ပိုဆိုးသည်။ အိမ်ရောက်လျှင် ခြေတို့ လက်တို့ မသယ်ချင်လောက်အောင် ပင်ပန်းနေတော့၏။

ညှေ့ခန်းထဲရောက်သည်နှင့် စားပွဲပေါ်ကို လွယ်အိတ်ပစ်တင်လိုက်ပြီး နီးရာထိုင်ခုံမှာ ခြေပစ်လက်ပစ် ထိုင်လိုက်၏။ မျက်စိကိုမှိတ်ထားလိုက်မိသည်။ ကေခိုင် မန္တလေးသွားတာ နှစ်ရက်ရှိပြီဟု သတိရဖြစ်ပြန်၏။

ဒေါင်းယာဉ်ဖျံအနုပညာလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



နယ်မှာ မိဘအသိုင်းအဝိုင်းနှင့် အဆင်ပြေသော လုပ်ငန်းကို ထားခဲ့ပြီး ရန်ကုန်မှာ အလုပ်လာလုပ်ခြင်းမှာ မြဲကေခိုင်နှင့် အတူနီးစပ်ရန် သက်သက်သာ ဖြစ်နေ၏။ အိမ်ထောင်တစ်ခုကို မြင့်မြင့်မားမား တည်ဆောက်နိုင်သည့် ဝင်ငွေကို သူ ရအောင်ရှာဖို့ မလွယ်ပါလားနားလည်မိပြန်သည်။ သက်ပြင်းတစ်ရှိုက်ကို ချလိုက်မိ၏။

"မောင်ထွန်းဝေဦးအတွက် နေ့လယ်က သံကြိုးစာ လာတယ်"

တစ်ဘက်ခန်းမှ အန်တီ၏ အသံအကြားမှာ သူမျက်စိကို ဖွင့်၍ ဖရိုဖရဲအထိုင်ကို ပြင်သည်။

ထိုစဉ်မှာ ကိုမောင်မောင်ဝင်းက တံခါးဝရောက်ပြီး လှမ်းပေးသော သံကြိုးစားကို ယူနှင့်နေပြီ။ ကျေးဇူးပါပဲ အန်တီဟု သူလှမ်းပြော၏။ သံကြိုးစာ ပေးပြီးသည်နှင့် အန်တီ ထွက်သွားသည်။ ကိုမောင်မောင်ဝင်း သူ့အနား ရောက်လာပြီး ပေး၏။ လှမ်းယူပြီး ဖွင့်ဖောက်ဖတ်သည်။

သားလေး အေးချမ်းဖို့ ကိုကိုကြီး လာမယ်။
၁၄ ရက်နေ့၊ လေယာဉ်ကွင်း လာစောင့်ပါ။

သူ ကြေးနန်း ဖတ်နေစဉ် ကိုမောင်မောင်ဝင်းက ရပ်စောင့်ရင်း . . .

"ဘာလဲ ကေခိုင့်ဆီကလား။ ဒီရက်ပိုင်းလောက်ကလေး ခွဲကြရတာကို လွမ်းပြီး အလွမ်းသယ်နေတာလား"





ဟု မေး၏။

"မဟုတ်ပါဘူးဗျာ၊ ကိုကိုကြီးဆီကပါ . . ."

ပြောရင်း သံကြိုးစာကို လှမ်းပေးလိုက်၏။

"ကျွန်တော် လေယာဉ်ကွင်း သွားကြိုရမယ်၊ ခွင့်တော့ ကိုမောင်မောင်ဝင်းနဲ့ပဲ ကျွန်တော် တင်လိုက်မယ်"

ကိုမောင်မောင်ဝင်းကို မကြည့်ဘဲ သူ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

လေယာဉ်ကွင်းကို ဖုန်းဆက်စုံစမ်း ပြောသည့်အချိန်ထက် နှစ်နာရီလောက် စောစီးစွာ သူ ရောက်နေသည်။ ကင်တင်းမှာထိုင်ရင်း အချိန်ဖြုန်းလိုက်၏။ လေယာဉ်ဆိုက်ချိန်ရောက်မှ ကင်တင်းမှထွက်ကာ အဆောက်အအုံရှေ့ဆီ သူသွား၏။

အဆောက်အအုံထဲမှ ဖြတ်လျှောက်လာသည့် ကိုကိုကြီးတို့ သားအဖကို သူလှမ်းမြင်ရသည်။ နောက်နားမှာ ကိုကိုကြီး အမျိုးသမီးကို တွေ့ရတော့ သူအံ့ဩသည်။ ကိုကိုကြီးတို့ သားအဖနှစ်ယောက်တည်း လာမည်ထင်ထားခဲ့တာ။ အမေပါ ပါလာတော့ သား ကျန်မာရေးက စိုးရိမ်လောက်သည့် အခြေအနေလားဟုတွေးရင်း စိတ်ပူပြန်





၏။

"တော်သေးတယ်၊ မင်း လာကြိုနေလို့"

ထွက်လာသော ကိုတိုကြီးထံမှ လက်ဆွဲအိတ်ကိုလှမ်းယူစဉ် ကိုကိုကြီးက ပြောသည်။

"သံကြိုးရတာပဲ၊ ကြိုမှာပေါ့ ကိုကိုကြီးရ"

"မသိဘူးလေကွာ၊ မင်းအလုပ်က ခွင့်ရချင်မှရမှာ၊ စိုးရိမ်လို့"

ကိုကိုကြီး စကားအဆုံး မမထွေးကို လှမ်းပြုံးပြသည်။ သားငယ်ကို လက်တစ်ဖက်ဖြင့် ပခုံးဖက်ထားမိ၏။

"ကားငှားရအောင်"

ဟု ကိုကိုကြီး ပြောသည်။

"တက္ကစီတွေက ဟိုဘက်မှာ ကိုကိုကြီး လျှောက်သွားရအောင်"

တက္ကစီတွေ ရပ်ထားသည့်ဘက်ကို လျှောက်ရန်ပြင်၏။

"ကိုဦး . . . နင့်ကို မိတ်ဆက်ပေးရဦးမယ်"

မမထွေးက သူ့နောက်နားမှ အမျိုးသမီးငယ်ကို ပခုံးဖက်ရင်း ခပ်ပြုံးပြုံးပြောသည်။ ပထမတော့ မမထွေးတို့နှင့် ပါလာသူဟု သူမထင်မိ။

"ဟုတ်ကဲ့"

ဟု ခပ်ပြုံးပြုံး သူပြောသည်။

"အေးအေးဆွေတဲ့၊ မဆွေလို့ပဲ ခေါ်ပေါ့၊ မထွေးရဲ့ညီမဝမ်းကွဲ တော်တယ်၊ မမထွေးတို့မြို့မှာပဲ အလုပ်ဝင်လုပ်နေတယ်၊ အပေးစာယူ့ပြီးတာ၊ အခု အလုပ်စာမေးပွဲရှိလို့ လိုက်လာတာလေ၊ မဆွေ . . . ဒ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးညီ ထွန်းဝေဦးတဲ့ အိမ်ကတော့ ကိုဦးပဲ ခေါ်တာ"

မမထွေးက မိတ်ဆက်ပေးစဉ် အေးအေးဆွေသည် ရှေ့ကို တိုးလာရင်း သူ့ကို ပြုံးပြခေါင်းညိတ်ကာ အသိအမှတ်ပြုသည်။ သူ့ မျက်နှာက ရှက်သွေးဖြင့် နီမြန်းနေတာတွေ့ရင်း မမထွေးကတော့ ဘာတွေ နောက်ထားပြီလဲ တွေးမိသေး၏။ မမထွေးသည် သူ့ကို မိန်းကလေးများနှင့် စတတ် နောက်တတ်မှန်း သူသိထားသည်ပဲ။

"ကားငှားရအောင်နော်"

ဟု သူစကားဖြတ်ရင်း လေဆိပ်အဆောက်အအုံအဝမှ ထွက်လာခဲ့ကြ၏။

မမထွေး၏ ဦးကြီးအိမ်သို့ လိုက်ပို့ရသည်။ မမထွေး ဦးကြီး အိမ်က ကျယ်ဝန်းသောနှစ်ထပ်တိုက်မို့ ဧည့်သည်များအတွက် အဆင်ပြေသည်။

"မင်း ဒီမှာ တစ်ခါတည်း ထမင်းစား"

ဟု မမထွေးဦးကြီးက သူ့ကို ပြောသည်။

"ကျွန်တော် မဆာလို့ မစားတော့ပါဘူး"

ပြောသော်လည်း မရ။ စားသွားရန် အတန်တန်ပြောသည်။ ကိုကိုကြီးနှင့် မမထွေးတို့ကပါ အတင်းစားခိုင်းသဖြင့် ဝင်စားလိုက်ရသည်။ ထမင်းစားသောက်ပြီးတော့ ဧည့်ခန်းမှာ စကားဝိုင်းဖွဲ့ကြသည်။

"မင်းတို့ အားမနာနဲ့၊ လွတ်လွတ်လပ်လပ်နေကြ"



ဟု ပြောကာ မမထွေး ဦးကြီးနှင့်အဒေါ်က တိုက်အပေါ်ထပ်ကို တက်သွားသည်။

"မင်း . . . ငါတို့အပြန်မှာလိုက်ခဲ့ ကိုဦး၊ ဟိုမှာ ဒီထက်လဲ ဝင်ငွေကောင်းတယ်၊ ဒီလောက်လည်း မပင်ပန်းဘူး"

ကိုကိုကြီးက သူ့ကိုကြည့်ရင်း ပြောသည်။

"မဖြစ်သေးဘူး ထင်တယ် ကိုကိုကြီး"

ဟု သူ ခပ်ပြုံးပြုံး ပြန်ပြောလိုက်သည်။

"ဖေဖေနဲ့ မေမေကလည်း မင်းကို ပြန်ခေါ်ဖို့ မှာလိုက်တယ်၊ အပြီး မဟုတ်ရင်တောင် ခဏတော့ မင်းလိုက်ခဲ့မှဖြစ်မှာ၊ နောက်သုံးလေးလဆို အခုလုပ်နေတဲ့ မင်းတို့ အဆောက်အအုံတွေက ပြီးမှာဆို"

သတင်းစာထဲမှာ ပါနေသောသတင်းအရ ကိုကိုကြီး ပြောမှန်း နားလည်လိုက်သည်။

"သုံးလလောက်ဆိုရင်တော့ ဒီလုပ်ငန်း ပြီးမှာပဲ"

"မင်းတို့ဟာက ဒီလုပ်ငန်းပြီးလို့ နောက်လုပ်ငန်းမစခင်ကြားမှာ စောင့်နေရမှာ မဟုတ်လား"

ကိုကိုကြီး၏အမေးကို မငြင်းနိုင်။ မိမိတို့ လခစားများ မဟုတ်ကြသဖြင့် လုပ်ငန်းရှိနေတုန်းသာ အလုပ်ရှိနေမည်။ ဒီအလုပ်ပြန်ရမှ လည်း သူ့အဆက်အသွယ်နှင့်သူ ဝင်ရထွက်ရပေဦးမည်။

"မင်းခွင့်ကိစ္စကလည်း လွယ်ပါတယ်ကွာ၊ လခစားမှ မဟုတ်ဘဲ၊ မင်း ငါတို့ကို လိုက်ပို့မှဖြစ်မှာ၊ မဆွေကလည်း စာမေးပွဲပြီးတော့ မင်းပဲ တာဝန်ယူပေါ့ . . ."

"ဟုတ်တယ် ကိုဦး၊ မဆွေကလည်း စာမေးတာယူနဲ့ အောင်



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ ရန်ကုန်ကျောင်း တက်ဖူးတာ မဟုတ်ဘူး၊ အလျင်သူ ရောက်ဖူးလဲ အခုဟာက မျက်စိလည်ချင်စရာ၊ မင်းပဲ လိုက်ပို့ရမှာနေ့ဘ်"

ဘေးမှာ ထိုင်နေသော မမထွေးက လှမ်းပြောပြန်၏။

အေးအေးဆွေ မျက်နှာဆီ ဖျတ်ခနဲ အကြည့်ဝေ့လိုက်စဉ် အေးအေးဆွေက မျက်နှာငုံ့လျက် သတင်းစာဖတ်ဟန်ပြုသည်။ သူ့မျက်နှာပေါ်မှ ရှက်ရိပ်သည် မမထွေးတို့ အစအနောက်စကားများ၏ ခြေရာဟု သူဖမ်းယူ နားလည်နိုင်ပြန်သည်ပဲ၊ မသက်မသာ သက်ပြင်းငွေ့ကို ချမိပြန်၏။



(၃)

သီချင်းတိတ်ခွေကို ကက်ဆက်ထဲသို့ ထည့်ပြီးသည့်တိုင် တိတ်ခွေကာဗာအခွံကို လက်မှ မချဖြစ်၊ ကာဗာပေါ်မှ မြကေခိုင်၏ ပုံကို သူ စူးစူးစိုက်စိုက် ကြည့်နေမိပြန်သည်။

"ခင်ဗျားတို့က လွန်ပါတယ်ဗျာ"

ကိုမောင်မောင်ဝင်း အသံကြားတော့ မြုံးပြီး သူ မော့ကြည့်ဖြစ်သည်။

"ကေခိုင် မန္တလေးသွားတာ ငါးရက်ပဲ ကြာမှာလို့ ခင်ဗျားပဲ ပြောတာ၊ ဒီလောက်ကြီး လွမ်းနေပြီလားဗျ"

ကိုမောင်မောင်ဝင်းက စကားဆက်သည်။ ပြုံးမြုံးခြင်းနှင့်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



တူ သောကပါ ရှင်ထဲ၌ ကိန်းဝပ်နေသည်ကိုတော့ ကိုမောင်မောင်ဝင်း နိုပ်မိဟန် မတူခဲ့။

ဘူတာကြီးမှာ ဦးစိုးတို့ သားအဖကို တွေ့လိုက်တာ၊ မန္တလေး ကို ကေခိုင်နှင့်အတူ ပါသွားတာ သူ ဖွင့်မပြောမိ။ ဦးစိုးနှင့် စွပ်စွဲထား သော စကားတွေကို အလုပ်သမားများနှုတ်မှ ပြောဆိုနေကြသော ကိုမောင်မောင်ဝင်းအကြားမို့ ဘူတာကြီးမှာ တွေ့သူသည် ဦးစိုးဟုသာ သူ ပြောလိုက်ပါက ကိုမောင်မောင်ဝင်း ကေခိုင့်အပေါ် မည်သို့ထင် မည်နည်း။ ထို ထင်မြင်ချက်က ကေခိုင်၏ ဂုဏ်သိက္ခာကို ထိပါးသွားမှာ သူ စိုးရိမ်မိပြန်သည်ပဲ။

ခရီးကြုံလို့ စကားဆုံလို့ တိုက်ဆိုင်စွာ ရိုးရိုးသားသားအတူ ခရီးသွားခြင်း ဖြစ်ပါလိမ့်မည်ဟု ဖြေတွေးကို တွေးသည်။ ဒီအတွေးက ရင်ထဲမှ အပူကိုတော့ မပြယ်စေပါလား။ တငွေ့ငွေ့နှင့် အပူမီးသည် ငြိမ်းလွယ် သေလွယ် မဟုတ်ဘဲ တရှိန်ရှိန်ဖြင့် တက်သည်။

မြကေခိုင် ပြန်လာပါက သူ ပွင့်ပွင့်လင်းလင်း မေးလိုက်ရမည် လား။ ထိုသို့ မေးလိုက်ခြင်းဖြင့် မိမိ၏သဘောထား သေးသိမ်သဝန်တို စိတ်ကို ကေခိုင် စက်ဆုပ်ရွံရှာသွားလေမှာလား။

လောကအရေး ဟူသမျှသည် အစဉ်သဖြင့် အသွားနှစ်ဖက် ရှိနေတတ်တာ သူ သတိထားမိပြန်သည်ပဲ။

လေးတွဲစွာ သက်ပြင်းချရင်း စိတ်ကို ပြောင်းကာ . . .

"ကျွန်တော် ဒီရက်ပိုင်းတွေမှာ အလုပ်ဆင်းဖြစ်မယ် မထင် ဘူး ကိုမောင်မောင်ဝင်းရာ . . . ကိုကိုကြီးတို့ မိသားစုကို ကျွန်တော် လိုက်ပို့ရမယ်"





"ကိစ္စ မရှိပါဘူး၊ ကျွန်တော် ကြည့်လုပ်ထားပေးပါ့မယ်"

ကိုမောင်မော်ဝင်းက သူ့ဘေးမှ ကုလားထိုင်မှာ ဝင်ထိုင်ရင်း ပြောလိုက်သည်။

ဆောင်း၏ ညဥ့်သည် နေထိုင်ကောင်းရုံမျှသာ အေးစိမ့်စိမ့် ရှိလေ၏။ ရင်ထဲမှာတော့ တငွေ့ငွေ့ အရှိန်ဖြင့် ပူလောင်လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၄)

ကိုကိုကြီး သားငယ်ကို ဆရာဝန်ကြီး ပြရန်က ညနေဘက်မှမို့ မနက်ကတည်းက တိုကင် ဝင်ယူခဲ့ရသည်။ မနက်ပိုင်း အားနေတာပဲ ဘုရားသွားရအောင် ပြောသဖြင့် ဘုရားလိုက်ပို့ခဲ့ရသည်။

အိမ်မှ ထွက်လာကတည်းက အေးအေးဆွေသည် မမထွေး နှင့်အတူ တပူးတွဲတွဲ တတီးတိုးတိုးမို့ သူတို့၏ ရင်းနှီးကျွမ်းဝင်မှုကို ခန့်မှန်းနိုင်သည်။ ကိုကိုကြီးက ဘုရားရင်ပြင်ပေါ်မှာ သူ့ပခုံးကိုဖက်ရင်း လျှောက်သည်။

သားငယ်က ဟိုငေး သည်ငေးနှင့် ရှေ့ ရပြေးသည့်အခါ ပြေးသည်။ မမထွေးက လှမ်းခေါ်ပြီး လက်ဆွဲခေါ်ရသည့်အခါ ခေါ်ရ



သည်။

ကိုကိုကြီးတို့ မိသားစု ရောက်လာသည်မှာ မိမိကိုယ်တိုင် အိမ်ပြန်ရောက်သကဲ့သို့ ခံစားကြည်နူးရသေးသည်။

ဖေဖေနှင့်မေမေတို့ကို အတွေးမှာ မြင်ရင်းသတိရစိတ် ပိုရ ပြန်သည်။

"မင်း ... ငါ ရေးလိုက်တဲ့စာတွေ ရတယ် မဟုတ်လား ... ကိုဦး"

"ဟုတ်ကဲ့ ... ကိုကြီး"

"ငါရေးလိုက်တာ မှန်မမှန် မင်း စုံစမ်းကြည့်သေးလား"

"ခင်ဗျာ ..."

ရုတ်တရက် သူ ဇဝေဇဝါဖြစ်ပြီး နားမလည်ချင်။

"မင်း မြကေခိုင် အကြောင်းလေကွာ"

"ဪ ..."

ချက်ချင်း သူ ပြန်သတိရ၏။ ဟုတ်ကဲ့ စုံစမ်းပြီးပါပြီဟု သူ ညာ၍ သူ ဖြေနိုင်သည်။ ဒီလို ညာလိုက်လျှင် ဒါဆိုဟု ဆက်လာမည့် ကိုကိုကြီး၏ အမေးမှာ သူအဖြေရ ခက်နေမှာ ကြိုသိနေပြန်၏။

"ကျွန်တော် မစုံစမ်းဖြစ်ဘူး ကိုကြီး"

ဟု အမှန်အတိုင်း သူ ပြောလိုက်၏။

"မင်း မစုံစမ်းဖြစ်တာလား၊ မစုံစမ်းချင်တာလား"

ဖျတ်ခနဲကြည့်ရင်း အသက်ရှူလျက် လေကို ခပ်ပြင်းပြင်း မှုတ်ထုတ်မိသည်။

"ကျွန်တော် မစုံစမ်းချင်တာပါ ကိုကြီး၊ သူ သိသွားရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလို့ ထင်လို့"

အဆင်ပြေမည် ထင်ရာကို သူ ရွေးပြောလိုက်မိသည်။

စနေထောင့်က နေလဘုရားမှာ မမထွေးတို့ ထိုင်ရှိခိုးနေတော့ သူနှင့် ကိုကိုကြီးက အုတ်တံတိုင်းတွေဆီ သွားကာ မှီရပ်နေလိုက်၏။

"မင်း လက်ထပ်မယ် ရည်ရွယ်တဲ့လူတစ်ယောက်ရဲ့ မိသားစုကိစ္စကိုတော့ မင်း သိသင့်တာ အမှန်ပဲ ကိုဦး"

ဟု ကိုကိုကြီးက သူ့ကို မကြည့်ဘဲ ပြောသည်။

"ကျွန်တော် ယူဆတာ ပြောမယ်နော် ကိုကြီး"

ကိုကိုကြီးက တစ်ချက်ငဲ့ကြည့်ပြီး ခေါင်းကို ညိတ်သည်။

"ကိုကိုကြီး စာထဲပါသလို သူ့အဖေ သက်ရှိထင်ရှား ရှိနေသေးတယ်၊ ဒါကို မြကေခိုင်က သေပြီဆို အဆက်အသွယ် ဖြတ်ပြီး ထတ်မြှုပ်ထားတယ်၊ ဒါဖြစ်နိုင်ပါတယ်၊ တစ်ခါခါမှာ မိဘရဲ့လုပ်ရပ်ဟာ ငယ်ရွယ်နုနယ်တဲ့ သားသမီးရဲ့ ရင်ထဲကို ဒဏ်ရာလို ရသွားစေနိုင်တယ်လို့ ကျွန်တော် ယုံတယ်၊ မိဘကတော့ ဘာမှ ရည်ရွယ်ပြီး လုပ်တာ မဟုတ်ဘူး၊ ဒါပေမယ့် သိပ်နုနယ်တဲ့ နှလုံးသားက ခံစားချက်ပြင်းပြပြီး ဒဏ်ရာလို ရသွားတတ်တယ်၊ ဒီလိုဖြစ်တတ်တာပဲ၊ ကြာတော့ အရွယ်ရလာတော့လဲ ပျောက်သွားတယ်၊ ကျွန်တော်ထင်တယ်လေ၊ ကေခိုင့်အဖေက သူတို့ သားအမိကို ပစ်ထားခဲ့ပြီး နောက်အိမ်ထောင်ပြုတယ်၊ သူတို့ သားအမိ ဆင်းဆင်းရဲရဲ ဘဝကို ရုန်းကန်ရမယ်၊ အဲဒီ ငယ်ဘဝမှာ အမေကလည်း အဖေ့ကို မုန်းတီးရေး ဘယ်လောက် ရိုက်သွင်းထားခဲ့လဲမှ မသိတာ၊ ဒီတော့ မြကေခိုင် သူ့အဖေကို မုန်းတာ မဆန်းဘူး





ကျွန်တော် ထင်ပါတယ်"

သူ အရှည်ကြီး ရှင်းပြနေမိသည်။

"ဒါပေမယ့်ကွာ လူသိရှင်ကြား ထစ်နိုင်ငံလုံး သိအောင် သူ့မှာ အဖေ မရှိတော့ပါဘူး ပြောတာကျတော့ အပြေးကြီးလွန်းတယ်၊ အဲ . . . အပြေးကြီးလွန်းတာပဲလား၊ သူ့ရဲ့ အောင်မြင်နေတဲ့ဘဝမှာ နယ်မြို့လေးတစ်မြို့က မထင်မရှား သူ့အဖေဟာ သူ့သိက္ခာကို ကျဆင်းစေနိုင်တယ်လို့ ယူဆတဲ့ စိတ်ကြီးဝင်မှုလား၊ ဒါတော့ တစ်ခုခု သေချာတယ်၊ အဲဖြစ်ဖြစ် ဒီနှစ်ခုလုံးဟာ မှုမှန်စိတ် မဟုတ်ဘူး၊ ထင်တယ် ကိုဦး၊ မင်း စောစောက ပြောသလို သူ့နှလုံးသားမှာ ဒဏ်ရာ ရခဲ့တယ် ဆိုပါတော့ ကြာလို့ အလိုလိုမပျောက်ရင် ဘယ်လိုလုပ်မလဲ၊ ဘယ်ဒဏ်ရာမှ ကြာရှည်ရှိနေတာ မကောင်းဘူးထင်တယ်၊ မင်း သိပါတယ်"

"ဟုတ်ကဲ့ ကိုကိုကြီး"

"ပြီးတော့ ခက်တာက လူတိုင်းဟာ ဒဏ်ရာတွေကို ကုသပေးနိုင်တဲ့ သမားတော်ကြီးတွေလဲ မဟုတ်ဘူးကွ၊ မင်း ချစ်သူရဲ့ စိတ်ကို မင်းပိုသိမှာပေါ့၊ သူ့စိတ်က ဒဏ်ရာကို ကုသပေးနိုင်တဲ့ သမားတော်တစ်ယောက် မင်း ဟုတ်မဟုတ် မင်းကိုယ်မင်းလည်း သိမှာပေါ့"

ကိုကိုကြီး စကားတို့သည် နှလုံးသားကို အလန့်တကြား ဖြစ်အောင် ခပ်ပြင်းပြင်း ပုတ်ခတ်လိုက်သလိုပင်။ ကိုကိုကြီးကို သူ မျက်လုံးချင်း မဆိုင်ရဲ။ ခပ်လှမ်းလှမ်းမှ ရွှေတိဂုံစေတီကို ငေးရီကြည့်နေမိရှာသည်။ ဆွဲလည်းသံလွင်လွင်သည် နားထဲမှာ ပေါ်လာလိုက်ပျောက်သွားလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီရောက်တုန်း မင်း မြကေခိုင်နဲ့ တွေ့ချင်တယ်ကွာ"

ရုတ်တရက် ကိုကိုကြီး မျက်နှာဆီ အကြည့်ပို့သည်။

"သူ့မန္တလေးမှာ ကိုကြီး၊ ပြန်တော့ ရောက်တော့မှာပါ၊ သူလည်း ကိုကိုကြီးကို တွေ့ချင်ပါလိမ့်မယ်"

ကိုကိုကြီး ဘာကြောင့် ပြုံးမှန်း မသိလိုက်။

စနေထောင့်မှ နေလဘုရားရှေ့ဆီ အကြည့်ကို ဝေ့လိုက်သည်။ နေလဘုရားရှေ့မှာ ကျုံ့ကျုံ့ထိုင်လျက် ပုတီးစိပ်နေသော အေးအေးဆွေကို လှမ်းမြင်ရ၏။ မမထွေးနှင့် သားငယ်က ခပ်လှမ်းလှမ်းမှ ထိုင်စောင့်နေသည်။ မျက်လွှာချရင်း ပုတီးစိပ်နေသူ၏ ရင်ထဲမှ ငြိမ်းအေးမှုကို သူ တောင့်တောင့်တတ ရှိနေမိပြန်သည်။

❦ ❦ ❦



(၅)

ဘုရားက ဆင်းတော့ အချိန်စောသေးတယ်ပြောပြီး ကန်တော်ကြီးကို ခဏ ဝင်သည်။

"ဦးဦးနဲ့အတူ သား ကျန်နေခဲ့မယ်၊ သားက ရန်ကုန်မှာ ပျော်တယ်"

ဟု သားငယ်က ပြောသည်။

"မင်း အဖေနဲ့ အမေ ထားခဲ့ရင် ဦးဦး ခေါ်ထားမှာပေါ့"

ဟု ရယ်ရင်း ပြော၏။

"ဖေဖေ ထားခဲ့မလားဟင်"

အေးအေးဆွေက ကန်စပ်ဆီ လျှောက်သွားသည်။ သားငယ်



www.burmeseclassic.com

www.burmeseclassic.com



က သူ့အဖေမျက်နှာကို ကြည့်ရင်း မေးနေ၏။

"မင်း ဦးဦးက ဖေဖေတို့နဲ့အတူ ပြန်လိုက်ခဲ့မှာကွ၊ မင်း ကျန်ခဲ့လို့ ဘယ်ဖြစ်မလဲ"

ကိုကိုကြီးစကားက ကိုကိုကြီးဆန္ဒပါပဲဟု သူ သဘောပေါက်လိုက်သည်။

"ဟုတ်တယ် သားရဲ့၊ မင်း ဦးဦးကို အိမ်ပြန်ခေါ်ရမယ်၊ ဘိုးဘိုးကြီးတို့က အသေအချာ မှာလိုက်တာ၊ ဟိုရောက်လဲ အိမ်ထောင်ချပေးရမယ်တဲ့"

"ဘယ်သူနဲ့လဲ မေမေ"

"ဟိုမှာလေ"

မမထွေးက သူ့သားငယ် အမေးကိုဖြေရာ၌ ကန်စပ်မှာရပ်ရင်း ငေးနေသော အေးအေးဆွေဆီ မျက်စပစ်ပြလိုက်တာ သူတွေ့၏။

"မနောက်ပါနဲ့ မမထွေးရာ"

" ဟု သူရယ်ရင်း ဝင်ပြောသည်။

"အန်တီဆွေက အရမ်းသဘောကောင်းတာ ဦးဦးရဲ့"

သားငယ်ကပါ သူ့ကို လှမ်းပြောလိုက်၏။

"ကဲ . . . ကလေးကပါ မဲပေးနေပြီ"

"သူ့ အနေရ အထိုင်ရ ကျပ်နေပါမယ် မမထွေးရာ . . ."

ကိုကိုကြီးရော မမထွေးပါ ပြုံးနေတာမြင်၏။ ဖေဖေတို့ မေမေတို့က အတွင်းသိအစင်းသိနှင့်ပင် လက်ထပ်ပေးပြီး နယ်မှာ အခြေတကျနေစေလိုတာ သူ သိသည်။ အခုကိစ္စက ဖေဖေတို့ မေမေတို့ပါ သိပြီး သဘောတူပြီးဖြစ်နေမလားဟု တွေးကာ ရင်၌ ထိတ်၏။





"မနက်စောစော အိမ်အရောက်လာဖို့ မမေ့နဲ့ဦးနော်၊ ဒီညနေ သားဆေးခန်းပြပြီးလို့ တာဝန်ပြီးပြီ မထင်နဲ့၊ မဆွေကိစ္စ မင်းလုပ်ပေးပါဦး"

"ကျွန်တော် မမေ့ပါဘူး၊ မဆွေကိုလည်း လိုက်ပို့ပေးမှာပါ၊ ဒါပေမယ့် မမထွေး အရမ်းမနောက်နဲ့ဗျာ၊ သူ အရမ်း ရှက်တတ်ပုံရတယ်"

မမထွေးကတော့ ရယ်နေပြန်၏။ အေးအေးဆွေ သူတို့ထိုင်နေရာဆီသို့ ပြန်လျှောက်လာသည်။

ဝတ်စားဆင်ယင်မှုမှာ ရိုး၍ယဉ်၏။ မျက်နှာသည် အထွေးအထူး မခြယ်သပါဘဲ ရှင်းလင်း ကြည်စင်သည်။ သွားလာဟန် သိမ်မွေ့ ညင်သာမှုနှင့် သူ့ကိုယ်ဟန်အနေအထားကြောင့် ပို၍ ကျက်သရေရှိလာသလိုပင်။ မြကေနိုင်၏အလှနှင့် အေးအေးဆွေ၏ အလှသည် တစ်စုံတစ်ရာ ခြားနားနေသလို ထင်ရပြန်၏။

အေးအေးဆွေ၏ အေးချမ်းသော အလှသည် ကျက်သရေရှိပါလျက် သူ့ရင်ကို ထိခတ်နိုင်စွမ်း မရှိတော့တာ အသိဆုံး။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ခင်ဗျား ထမင်းစားခဲ့ပြီးပြီလားဟု ကိုမောင်မောင်ဝင်းက မေးသည်။

ပြီးခဲ့ပြီဟု ကိုမောင်မောင်ဝင်းကို ပြောကာ အခန်းထဲဝင်၍ အဝတ်လဲလိုက်၏။

"ကျွန်တော် ထင်လို့ စားထားနှင့်တယ်"

"တော်သေးတာပေါ့၊ ကျွန်တော်က ခင်ဗျား စောင့်နေမှာပဲလို့ အားနာနေတာ"

စားပွဲပေါ်မှ ဆေးပေါ့လိပ် တစ်လိပ်ယူပြီး မီးညှိဖွာသည်။

"ခင်ဗျားတူလေးရော ဆေးခန်းပြဖြစ်ရဲ့လား"





"ပြဖြစ်တယ် ကိုမောင်မောင်ဝင်း၊ ဆီး၊ ဝမ်း၊ သွေး စစ်နိုင်းတယ်၊ မနက်ဖြန်ညနေမှ တစ်ခေါက် ထပ်သွားရမယ်"

"ကျွန်တော် လုပ်ပေးစရာရှိရင် ပြောနော်၊ အားမနာနဲ့"

"ရတယ် . . . ကိုမောင်မောင်ဝင်း"

"ခင်ဗျားကတော့ အိမ်မပြန်ရပေမယ့် မိသားစုတွေ့ရသလို ဝမ်းသာနေမှာပဲ"

"အေးဗျာ . . . ကိုကိုကြီးကလည်း အတင်းပြန်ခေါ်နေတယ်၊ ဖေဖေတို့ မေမေတို့က အရမ်းတွေ့ချင်တယ်၊ ပြန်ခေါ်ခဲ့ပါ ပြောလို့တဲ့၊ ကျွန်တော် မပြန်တာလည်း ကြာပြီလေ"

ဆေးလိပ်ပြာခွက်ထဲကို ပြာခြွေရင်း သူ ပြောလိုက်၏။

"အသက်အရွယ်ကြီးလာတဲ့ လူတွေက ဒီတိုင်းပဲဗျ၊ သူတို့အတွက် တစ်ရက်ဆိုတာ တန်ဖိုးသိပ်ရှိတာ၊ လောကမှာ နေရဖို့ သူတို့အတွက် အချိန်သိပ်မရှိတော့ဘူးဆိုတာ သူတို့က ဆင်ခြင်မိပုံ ရပါတယ်၊ နေကြရတုန်းမှာ သူတို့ ချစ်တဲ့ခင်တဲ့သူတွေကို တွေ့ချင် မြင်ချင်မှာပေါ့ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့ကသာ တစ်နှစ်၊ နှစ်နှစ်ဆိုတာ ဘာမှ မဟုတ်သလို အချိန်တန်ဖိုး သိပ်မသိကြသေးတာ၊ လူကြီးတွေက သူတို့အတွက် အချိန်မကျန်တော့ဘူး၊ နည်းနေပြီလို့ တွက်မိပုံပဲ"

ကိုမောင်မောင်ဝင်း၏စကားက သူ့အတွေးကို နက်နဲသွားစေခဲ့သည်မှာ အမှန်ပင်။ ကိုကိုကြီးက ပြန်လိုက်ခဲ့ဖို့ ပြောစဉ်က သူ ဒီလောက် လေးလေးနက်နက် မစဉ်းစားဖြစ်ခဲ့။ အလုပ်နားလျှင်တော့ ပြန်ဖြစ်မည်သာ တွေးသည်။

ကိုကိုကြီးကို အလုပ်အကြောင်းပြလျက် မလိုက်ဘဲ ငြင်းမည်

www.burmeseclassic.com

www.burmeseclassic.com



ဟုသာ စဉ်းစားခဲ့သည်။

ကိုမောင်မောင်ဝင်းစကားက ဖေဖေတို့ မေမေတို့ထံ သူ ပြန်လိုက်သွားသင့်တာပါပဲဟု အဆုံးအဖြတ် ပေးလိုက်သလိုပင် အရာရာ မိမိဆန္ဒကိုချည့် ဦးစားပေးနေ၍ ဖြစ်မည် မဟုတ်။ မိမိအဖေနှင့် အမေသည် အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နား နီးနေသူများမို့ ကိုမောင်မောင်ဝင်း ပြောသလို အချိန်သည် အလွန်တန်ဖိုးရှိနေပြီလေ။ လောကမှာ သူတို့ နေနိုင်ဖို့ အချိန်နည်းနေပြီလေ၊ ဒီအချိန်မှာ သူတို့ သား အငယ်ဆုံးကို သူတို့ တွေ့ချင် မြင်ချင်ရှာမှာပဲဟု ရင်၌ ခံစားမိ ပြန်၏။

"ခင်ဗျား ပြောလိုက်မှပဲ ကျွန်တော် ပြန်လိုက်သွားရမလို ဖြစ်နေပြီဗျာ၊ ကျွန်တော်လည်း ပြန်ချင်တယ်၊ ဒါနဲ့ အလုပ်ထဲမှာရော ဘာထူးသေးလဲ"

"အဲ . . . ထူးတာကတော့၊ နေဦးဗျ၊ နှစ်ခု ရှိတယ်"

ဆေးလိပ်ကို ဖွာသည်။

"ပြောပါဦး . . ."

"တစ်ခုကတော့ မန္တလေးက ကေခိုင် ခင်ဗျားဆီကို ဖုန်းဆက်တယ်"

"ဟုတ်လား"

"ဟုတ်တယ် . . . သူ မနက်ဖြန် ငါးနာရီခွဲလားဗျာ ဒုတိယ ရထားနဲ့ ပြန်လာမယ်တဲ့၊ ခင်ဗျားကို ဆက်ဆက်ပြောပေးပါတဲ့၊ သူ့သဘောက ခင်ဗျား လာကြိုစေချင်တဲ့ပုံပဲ"

"ကိုကိုကြီးတို့ ရောက်နေတာ ခင်ဗျား ပြောလိုက်သေးလား"





ကိုမောင်မောင်ဝင်း ခေါင်းညိတ်သည်။

"ပြောလိုက်တယ်၊ သူ့အစ်ကိုမိသားစု ရောက်နေကြလို့ ခွင့်ယူထားတယ်လို့"

"တခြား ဘာမေးသေးလဲ"

"မမေးဘူး"

"ကိုကိုကြီးတို့က သားလေး ဆေးလာကုတာလို့ ခင်ဗျား ပြောဖြစ်သေးလား ကိုမောင်မောင်ဝင်း"

"အဲဒါတော့ မပြောဖြစ်ဘူးဗျ၊ ပြောမလို့ လုပ်နေတုန်း သူ ဖုန်းချသွားတာ၊ ကေခိုင်ကလည်း ခင်ဗျားသိသားပဲ၊ စပ်စပ်စုစု မေးတာမှ မဟုတ်ဘဲ"

ကိုကိုကြီးတို့မိသားစု ရောက်နေတယ် ပြောလျှင် ဘာကိစ္စ လာကြတာလဲ၊ အဖေ အမေတွေရော ပါကြသေးလား စသဖြင့် သူ မေးသင့်သည်ဟု ထင်သည်။

ဒါပေမယ့် မြကေခိုင်အကြောင်း သူ အသိဆုံးပင်။ မြကေခိုင်က သူကလွဲလို့ သူ့မိသားစုကိုလည်း စိတ်မဝင်စား။ စပ်စပ်စုစု အလုပ်ကိုလည်း သူ မလုပ်တတ်။

"ကျွန်တော် သူ့ကို သွားကြိုလို့ ရမှာ မဟုတ်ဘူး"

ဦးစိုးနှင့် သူ့သွားတုန်းက အတွေးမှာ ပြန်မြင်လာသည်။ ဘူတာကြီးထဲ အတူတွဲဝင်သွားသည့် ပုံရိပ်က နှလုံးကို နာကျင်စေတော့၏။ အခု သူ ဦးစိုးနှင့်အတူ ပြန်လာကြမှာတဲ့လား။ ဒီလိုတော့ မြကေခိုင်၊ အတူပြန်လာလျှင် သူ့ကို လာကြိုစေချင်မှာ မဟုတ်။ ဦးစိုးတို့ သားအဖ က မန္တလေးမှာ ကျန်နေခဲ့လို့လား၊ ဒါမှမဟုတ် ရန်ကုန် ပြန်ရောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နေပြီလား၊ ဒါမှမဟုတ် ကြားက ဘူတာတစ်ခုခုမှာ ဆင်းနေခဲ့မှာမို့လား။ ဦးစိုးတို့ သားအဖနှင့်အတူ ရန်ကုန်က ထွက်သွားသည့်ကိစ္စကို တစ်ချိန်မှာ ဖုံးကွယ်နိုင်ရန်အတွက် သူ တစ်ဦးတည်း ပြန်အလာကို လာကြို စေချင်တဲ့ သဘောလား။ အတွေးတွေ ယောက်ယက်ခတ်နေမိပြန်သည်။

"နောက်တစ်ခုကတော့ဗျာ၊ မြကေခိုင်ရဲ့ ဒေါ်လေး၊ အလုပ်က ထွက်သွားတာပဲ"

"ဟုတ်လား"

"ဟုတ်တယ်"

"ဘာလို့ ထွက်သွားရတာလဲဗျ"

"ကျွန်တော် မသိဘူးဗျ၊ အလုပ်ထဲက အလုပ်ကြမ်းသမား ပြောတာကတော့ သူ့တူမ မြကေခိုင်က ထွက်ခိုင်းလို့ ထွက်သွားရတာလို့ ပြောတယ်"

"ကေခိုင်က အလုပ်ထွက်ခိုင်းလို့"

သူ့နှုတ်မှ ရေရွတ်နေမိပြန်သည်။

"ဒီအလုပ်က ထွက်မှ သူ့သားနဲ့ တွေ့ပေးမယ် ပြောဆိုလား"

ကိုမောင်မောင်ဝင်း နှုတ်မှ ထွက်လာသည့်စကားက သူ့ရင်ကို ပို၍ ချောက်ချားသွားစေပြန်တော့၏။

ကေခိုင်ရယ်ဟု နှုတ်မှထွက်မသွားမိအောင် သူ မနည်းကြိုးစားထားလိုက်ရ၏။

သူ့သားငယ်ကို ကေခိုင့်အိမ်မှာ တစ်ခါလောက်တွေ့ဆုံခွင့် တောင်းခဲ့သည့်အဖြစ် သူ ပြန်သတိရသည်။





ဒီအလုပ်မှထွက်လျှင် တွေ့ပေးမည်ဟု မြကေခိုင် အပေးအယူ လုပ်ခဲ့ပြီဟုလည်း သူ နားလည်လိုက်ပြန်၏။

ကိုကိုကြီး ပြောသလိုပင် မြကေခိုင် ရခဲ့သည့် နှလုံးသားမှာ ဒဏ်ရာသည် ကုသ မပျောက်ကင်းနိုင်လောက်အောင် နှလုံးသား မာ ကျောစေသည့် ဒဏ်ရာများ ဖြစ်နေလေမလား။

ဆေးလိပ်ကို ဖွာရင်း မီးခိုးငွေ့တို့ကို မှုတ်ထုန်လိုက်မိပြန်၏။ ပြီးတော့ အခန်းထဲမှာ ဝေ့ဝဲနေသော မီးခိုးငွေ့တို့ကို ငေးကြည့်နေလိုက်မိတော့သည်။

"ခင်ဗျား ရှိနေတဲ့ အလုပ်ထဲမှာဆိုတော့ ဟိုပြော ဒီပြောနဲ့ စကားတွေကားပြီး ခင်ဗျားရော သူ့ရော သိက္ခာထိခိုက်မှာစိုးလို့ ထင်ပါတယ်"

ကိုမောင်မောင်ဝင်းက မှတ်ချက်ပေးသည်။

ဒီကိစ္စကို သူ မငြင်းလို။ သို့တိုင်လျက် အပေးအယူ အနိုင်အရှုံးနှင့် လုပ်တတ်သည့် မြကေခိုင်၏ စရိုက်အတွက် စိတ်မှာ မသက်မသာ ခံစားနေရသည်မှာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

အိမ်ထဲကအထွက် ရယ်မောကျန်ရစ်ခဲ့သော မမထွေးမျက်နှာကို သူရော အေးအေးဆွေပါ သတိထားဖြစ်သည်။ မမထွေး၏ အနောက်အပြောင် စကားတွေကြောင့် အေးအေးဆွေ မျက်နှာပျက်တာ၊ ရှက်သွေးဖြန်းရတာကို သူ သတိထားမိပြန်သည်။

"ကား ငှားစီးသွားရင်တော့ ရတယ် မဆွေ၊ ဒါပေမယ့် ဒီဘက်က လိုင်းကားတွေက သိပ်မကျပ်လှပါဘူး၊ အဲ ကားပေါ်ရောက် အောင် လွယ်လွယ်ကူကူပဲ တက်လို့ ရပါတယ်၊ လိုင်းကားနဲ့ အသွားအပြန်ဆိုရင် နောက်လဲ မဆွေတစ်ယောက်တည်း သွားတတ်လာတတ်အောင်လို့ပါ။ ဒါမှမဟုတ်ရင် စာမေးပွဲဖြေရမယ့် ရက်တွေပါ မဆွေ ကားငှားစီးနေရမှာ"





"ဟုတ်တယ် ကိုဦး၊ နောက်ရက်တွေဆို ကျွန်မ တစ်ယောက်တည်း သွားတတ်လာတတ်တာပေါ့"

သူ့အိမ်က အခေါ်အဝေါ် ကိုဦးဟုပင် မဆွေက ခေါ်လိုက်သည်။ သူနှင့်မတွေ့ခင်ကတည်းက အိမ်သားတွေခေါ်သံ မဆွေကြားနေရပေမည်။ ဖေဖေ မေမေက အစ ကိုကိုကြီးတို့ မမထွေးတို့ အဆုံး ကိုဦးဆိုသည့် အမည်ခေါ်သံကို ရင်းနှီးနေဟန် တူပါသည်။

"နောက်ရက်တွေကို ကျွန်တော် လိုက်မပို့ချင်လို့ ပြောတာ မထင်နဲ့ဦးနော်၊ ကျွန်တော် အားရင် လိုက်ပို့ဖို့ ဝန်မလေးပါဘူး မဆွေဘာသာ သွားတတ်လာတတ်တဲ့အကျင့် ရသွားစေချင်လို့ပါ"

"အဲဒီလို မထင်ပါဘူး၊ ကျွန်မအတွက် ပိုအဆင်ပြေပါတယ်၊ တစ်ချိန်လုံး သူများချည့် အားကိုးနေရရင်လည်း ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်မက ရန်ကုန်ကို ငယ်ငယ်ကပဲ ရောက်ဖူးတာဆိုတော့ အခုဘာမှ မမှတ်မိတော့ဘူး၊ အရမ်း မျက်စိလည်တယ်"

"အပြောင်းအလဲတွေလဲ များသွားတာ အမှန်ပဲ မဆွေ"

ကားမှတ်တိုင်အရောက်မှာ ရပ်လိုက်တော့ အေးအေးဆွေ မျက်နှာကို ဖျတ်ခနဲအကြည့်ရောက်သည်။ မျက်နှာမှာ အထွေအထူး ပြင်ဆင်ထားခြင်းမရှိဘဲ၊ နှုတ်ခမ်းနီကိုတော့ ဆိုးထားတာ တွေ့သည်။ ဆံစများကို သိမ်းပြီး နောက်မှာ စည်းထားသဖြင့် မျက်နှာက ရှင်းနေသည် ထင်၏။

"မဆွေ ဒီမှာရှိနေတုန်း ကျွန်တော် ခွင့်ယူပြီး လိုက်ပို့မှာပါ၊ ဒါပေမယ့် အရေးအကြောင်းရှိရင် သွားလို့လာလို့ လွယ်အောင် ကျွန်တော် ပြောတဲ့သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နားလည်ပါတယ်"

ဟု အပြုံးနှင့် ပြောသည်။ သူ့စကားက သူ့လိပ်ပြာမလုံလို့ အထပ်ထပ် ပြောနေမိပြီလားဟု တွေးရင်း ရှက်သလို ဖြစ်သွား၏။ မြကေခိုင် ပြန်ရောက်လာပါက ကေခိုင်ကို သွားတွေ့နေရလို့ အချိန်မပေးနိုင်မယ့် ရက်တွေ၊ ပြီးတော့ ကေခိုင်က မကြည်ဖြူလို့ လိုက်မပို့ဖြစ်မှာတွေ ဒါတွေ အားလုံးကို သူ ကြိုတင်တွေးမိပြီးသား။

လိုင်းကားငယ် တစ်စီးလာရပ်သော်လည်း နည်းနည်းကျပ်သည် ထင်၍ လွှတ်ပေးလိုက်သည်။ ကားတစ်စီး ထိုးရပ်လာတိုင်း တိုးဝှေ့ ဆင်းကြတက်ကြသူများကို ကြည့်ရင်း အေးအေးဆွေ စိတ်ပျက်နေပြီးလား သူ တွေး၏။

နောက်တစ်စီးရပ်တော့ အလျှင်က အစီးတွေထက် ပိုပြီးချောင်တယ် ထင်ကာ၊ သူတို့နှစ်ဦး ကားပေါ် တက်ခဲ့ကြသည်။

ကံအားလျော်စွာ သူတို့ ရပ်နေသည့် ထိုင်ခုံမှ နှစ်ယောက်တရှေ့မှတ်တိုင်ဆင်းရန် ထ,လိုက်တော့ သူတို့နေရာရသွားကြသည်။

"ထိုင်လေ . . . မဆွေ"

အေးအေးဆွေကို သူ အလျှင်ထိုင်ခိုင်းလိုက်၏။ ပြီးတော့ အေးအေးဆွေ ဘေးမှာ သူ ဝင်ထိုင်လိုက်သည်။

သူ ဝင်ထိုင်လိုက်သဖြင့် အေးအေးဆွေက မနေတတ် မထိုင်တတ်တော့သလို မျက်နှာကို အပြင် ငေးထားလိုက်တာ တွေ့၏။ သူမ၏ ပါးပြင် နုနုညက်မှာ ရှက်သွေးဖြန်းသွားတာလည်း သူ သတိထားမိပြန်သည်ပဲ။

(၇)

ရုံးကိုရောက်တော့ အေးအေးဆွေက သူ့ရုံးကိစ္စတွေအတွက် ရုံးခန်းကို မေးပြီး တက်သွားသည်။ ဒီအောက်ထပ်ကပဲ စောင့်တော့မယ် ပြောပြီး သူကျန်ခဲ့၏။ အတော်လေးကြာတော့ အေးအေးဆွေ ပြန်ဆင်းလာသည်။

"အဆင်ပြေရဲ့လား"

"ပြေတယ် ကိုဦး . . . စောင့်နေရတာ အားနာလိုက်တာ"

သူ ပြုံးလိုက်ရင်း . . .

"ကိစ္စမပါဘူး၊ ဒီမှာကတော့ ဒီလိုပဲ စိတ်ရှည်ရှည်ထားရတာပဲ၊ ကားစောင့်ရတာ၊ လူစောင့်ရတာနဲ့ စောင့်ရတဲ့အလုပ်ဟာ ကြားတော့ နိုးသွားပါပြီ၊ ထူးပြီး မခံစားရတော့ပါဘူး"

www.burmeseclassic.com



ဟု ပြောလိုက်၏။

သူ့စကားကြောင့် အေးအေးဆွေ ပြုံးသည်။ အဆောက်အအုံအောက်မှ သူတို့နှစ်ဦး ယှဉ်ပြီး လျှောက်ရင်းထွက်လာခဲ့ကြ၏။ လူကို စောင့်ရတာဆိုတော့ မြကေခိုင်ကို သူ စောင့်နေရတာလို့ သဘောပေါက်ပြီး အေးအေးဆွေ ပြုံးလေသလားဟု တွေးဖြစ်သေး၏။ ကိုကိုကြီးတို့ထံမှ သူနှင့် မြကေခိုင်အကြောင်းကို အေးအေးဆွေလည်း တစ်စွန်းတစ်စတော့ သိနေမှာဟု သူ ယုံသည်။ သူ့လို သိနေသူအား မမထွေးကစတော့ သူက ပို၍ အားနာရပြန်သည်။

"ကျွန်တော် မဆွေကို တစ်ခု တောင်းပန်မယ်နော်၊ မမထွေး စတာတွေကို စိတ်မဆိုးပါနဲ့၊ မမထွေးက ဒီလိုပဲ သိပ်အစအနောက် သန်တာ"

မဆွေ မပွင့်တစ်ပွင့် ရယ်သည်ကို တွေ့၏။ ရယ်သံတော့ ထွက်မလာ။ သူမ ရှက်သွားပြီလားထင်ရင်း ကမန်းကတန်း စကားကို လွှဲမိပြန်သည်။

"ကျွန်တော်တို့ ဆိုင်တစ်ဆိုင်မှာ တစ်ခုခု စားရအောင် မဆွေ၊ ကျွန်တော် မနက်ကတည်းက ဘာမှမစားခဲ့ရသေးဘူးဗျ၊ ဗိုက်ဆာနေပြီ"

"ကျွန်မက အိမ်က စားခဲ့ပါတယ်၊ ကိုဦး ဆာရင် စားလေ"

"လုမ်းကူးရအောင်"

ယာဉ်အရှင်းကို စောင့်ရင်း သူနှင့် အေးအေးဆွေ နီးကပ်စွာ ယှဉ်ရပ်နေမိကြပြန်၏။ ဒီအချိန်မျိုးမှာသာ မြကေခိုင် တွေ့သွားခဲ့လျှင် ဟု အတွေးထဲမှာ ဝင်လာသေးတော့သည်။





နောက်တော့ နီးစပ်ရာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ထဲကို သူ ဝင်လိုက်၏။ ဆိုင်ထဲမှာက လူအတော် ရှင်းသည်။

"မဆွေ ဘာစားမလဲ၊ ဘာသောက်မလဲ"

"တော်ပြီ ကိုဦး၊ ကျွန်မ မဆာလို့ပါ"

"တစ်ခုခုတော့ သောက်ပါ၊ ကော်ဖီလား လက်ဖက်ရည်လား"

"ကော်ဖီ"

သူ့အတွက် လက်ဖက်ရည် ချိုပေါ့ကျနှင့် မဆွေအတွက် ကော်ဖီ တစ်ခွက်ကို မှာလိုက်သည်။

ပြီးတော့ စားပွဲပေါ်မှာရှိသော ကော်ပြန့်ကို သူ တစ်ခုကောက်ယူလိုက်၏။

ဆိုင်ထဲမှာ သီချင်းသံ လွှင့်ပျံ့နေသည်။ မြကေခိုင်၏ သီချင်းဟု သူ ချက်ချင်း သိ၏။ အေးအေးဆွေလည်း သတိထားမိပုံပေါ်သည်။ သူ့မျက်နှာကို အေးအေးဆွေ တစ်ချက်ကြည့်၏။

"ကျွန်တော့် အကြောင်းတွေ ကိုကိုကြီးတို့ မမထွေးတို့ ပြောပြဖူးလား မသိဘူး"

ပြောပြီး ကော်ပြန့် တစ်ကိုက် သူ စားသည်။

"ပြောတော့ ပြောပြဖူးပါတယ်"

ဟု ဖြေရင်း စားပွဲစွန်းမှ အချဉ်ဘူးကို သူ့ဘက် တိုးရွှေ့ပေးလိုက်သည်။

"ကျွန်တော် အချဉ်မကြိုက်ဘူး ကျေးဇူးပဲ"

ဟု သူ ပြောရင်း ကော်ပြန့်ကို ဆက်စားလိုက်သည်။ လက်ဖက်ရည်နှင့် ကော်ဖီ ရောက်လာချိန်မှာ သူ ကော်ပြန့်စားလို့



www.burmeseclassic.com

www.burmeseclassic.com



ပြီးနေပြီ။ စားပွဲပေါ်မှ လက်သုတ်ပုဝါကို လှမ်းကြည့်ရင်း သူ စိတ်ပျက် သွား၏။ အတော်ညစ်ပတ်နေသော လက်သုတ်ပဝါမို့ သူလှမ်းမယူဖြစ်။

အေးအေးဆွေက ပိုက်ဆံအိတ်ကို ဖွင့်ရင်း . . .

"ကျွန်မမှာ တစ်ရှူးပေပါ ပါလာတယ်"

ပြောကာ ထုတ်ယူပြီး သူ့ကို လှမ်းပေးသည်။

ကျေးဇူးတင်ပါတယ်ဟု သူ ထပ်မပြောဘဲနေလိုက်၏။

"မမထွေးက ကျွန်တော့်ကို မမဆွေအကြောင်းတော့ ဘာမှ မပြောပြသေးဘူး"

"အို . . . ကျွန်မမှာ ဘာအကြောင်းမှ မရှိပါဘူး"

ခပ်ပြုံးပြုံး ပြောရင်းမှ ကော်ဖီပန်းကန်တို လှမ်းကိုင်သည်။ ပြီးတော့ မသောက်ဘဲ ပြန်ချထားပြန်၏။

ဘာပဲဖြစ်ဖြစ် မြကေခိုင်နှင့် သူ့အကြောင်းကို သူ့နှုတ်မှ ဖွင့် ပြောလိုက်ခြင်းဖြင့် သူ့စိတ်ထဲမှာ သန့်စင်ချင်သည်။ သူများတွေ အပြောကို ကြားရသည်ထက် သူ့နှုတ်က ပြောတာကို အေးအေးဆွေ ကြားသိစေချင်သည်။

"ကိုကိုကြီးတို့ မမထွေးတို့ ပြောပြတဲ့အထဲမှာ မြကေခိုင် အကြောင်း ပါမှာပေါ့"

ဟု သူ့စကား စလိုက်၏။

"ပါတော့ ပါတာပေါ့။ နာမည်ကြီးတွေအကြောင်းဆို လူတွေ က သိပ်စိတ်ဝင်စားတတ်တာ ဓမ္မတာပဲဟာ"

သူ ပြုံးသည်။

ပြီးမှ လက်ဖက်ရည်ခွက်ကို ကောက်သောက်ပြီး ပန်းကန်





ပြန်ချရင်း . . .

"သူနဲ့ ကျွန်တော်က ကျောင်းတုန်းကတည်းက ချစ်သူဘဝ ရောက်ခဲ့ကြတာ မဆွေရဲ့"

ဟု စကားပျိုးသည်။ သူ့မျက်နှာကို ကြည့်ရင်း စိတ်ဝင်တစား နားထောင်နေတာ တွေ့၏။

"အဲ . . . သူ အဆိုတော်ဖြစ်မယ် မဖြစ်ဘူး မသိသေးဘူး ပေါ့နော်၊ အဲဒီအချိန်ကစပြီး ဒီနေ့အထိ ဆိုပါတော့၊ ဒါပေမယ့် သူ့ အခြေအနေက အရမ်းကွာသွားပြီ၊ သူ နွမ်းနွမ်းပါးပါး ကျောင်းသူဘဝ ကနေပြီး ဒီနေ့ အရမ်းအောင်မြင်ကျော်ကြားတဲ့ အဆိုတော်ဖြစ်နေပြီ၊ အဲဒီ ကွာခြားမှုကြောင့် ကျွန်တော့်ပတ်ဝန်းကျင်ကို ဂယက်ရိုက်လာ တယ် မဆွေ၊ ဒီလောက် အောင်မြင်တဲ့လူက ကျွန်တော့်ကို ထည့်စဉ်း စားပါတော့မလား၊ ကျွန်တော့်ကို သက်သက် အရှုံးလုပ်နေတာ၊ တစ်နေ့ သူ ပစ်သွားမှာပဲ၊ ဒီလို ထင်ကြ တွေးကြတယ်လေ"

"ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး ကိုဦး"

သူ့စကားကိုဖြတ်၍ ထင်မြင်ချက်ပေးသည်။

"ဒီထက် ပိုတဲ့ စကားတွေလည်း ကျွန်တော် ကြားရတာပဲ၊ သူက နာမည်ကြီးလာ့လေ ဂယက်များလာလေပဲပေါ့၊ သူ့ဂယက်တွေ ထဲမှာ ကျွန်တော်ကလည်း အလူးအလဲ ခံနေရတာပဲလေ၊ ကျွန်တော် သူ့အချစ်ကို အခုထိ ယုံတုန်းပဲဗျာ၊ ယုံလို့လည်း ကျွန်တော် ဒီမှာ ဒုက္ခခံပြီး နေဖြစ်နေတာ၊ သူ့အောင်မြင်မှုအပေါ်မှာ သူ မယစ်ဘူး ကျွန်တော့် အပေါ်မှာ မပြောင်းလဲဘူးလို့ ကျွန်တော် ထင်တယ်၊ မဆွေ သူ့ကို တွေ့မှာပါ၊ သူ ဒီမနက်ပဲ ဒီကို ပြန်ရောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားလို့လဲ ကိုဦး"

"မန္တလေး စတိတ်ရှိုးလေ"

အေးအေးဆွေက ကော်ဖီပန်းကန်ကို မယူပြီး တစ်ကျိုက်သောက်သည်။ ပြီးတော့ ပန်းကန်ကို ပြန်ချရင်း . . .

"ကျွန်မက သူ့ပရိသတ်ပါ။ သီချင်းတွေကို ကြိုက်တယ်၊ သူ့အကြောင်း မဂ္ဂဇင်းတွေထဲ ပါရင်လည်း ကျွန်မ အမြဲဖတ်တယ်၊ အပြင်ကတော့ ဓာတ်ပုံတွေထဲကထက် ပိုချောမှာပေါ့နော်"

သူ ဘာမှမဖြေချင်သဖြင့် ရယ်ပြုံးနေလိုက်မိ၏။

"အင်တာဗျူးတစ်ခုမှာတော့ သူ့မှာ အမေအမေတွေ မရှိတော့ဘူး၊ ကွယ်လွန်သွားကြပြီ ပြောထားတာ တွေ့မိတယ်၊ အမေနာမည်တော့ ပြောတယ်၊ အဖေနာမည် ကည့်ပြောမသွားဘူး"

သူ သက်ပြင်းရှည်ကို ချမိပြန်သည်။

"ကိုကိုကြီးကတော့ ကေခိုင့်အဖေ ရှိနေတုန်းပဲလို့ ပြောတယ် မဆွေ"

"ဟုတ်လား"

အေးအေးဆွေ အံ့ဩသွားဟန်ပြ၏။

သီချင်းသံပျောက်ကွယ်သွားပြီး အခွေနောက်တစ်ခွေ လဲထည့်နေသော ကောင်တာဆီသို့ အကြည့်ရောက် ဖြစ်သည်။



(၉)

"အမလေး . . . မျှော်ရတာ မောတောင်နေပြီ၊ တော်သေးတာပေါ့ ပြန်လာကြသေးပေလို့"

အေးအေးဆွေကို အိမ်ပြန်လာအပို့မှာ အိမ်ဝမှဆီး၍ မမထွေးက ရယ်ဖွယ်နောက်သည်။ အရယ်အရွှန်းစကားဟု သိလျက် အေးအေးဆွေကို သူမျက်နှာပူသည်။

အေးအေးဆွေ ရှက်တတ်မှန်း သိထားတော့ ပို၍ အားနာရပြန်၏။

"မစပါနဲ့ မမထွေးကလည်း"

ဟု သူ အရှက်ပြေပြော၏။

"မမထွေး့မောင်က မြကေခိုင် ရှိပြီးသားပါနော်"

ဟု အရယ်နှောရင်း အေးအေးဆွေက ပြောနေရတော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



လည်း အနောက်အပြောင်စကားတွေကို ခံနိုင်ရည်ရှိလာပြီဟု နားလည် စိတ်ဖြေသာ သေးတော့သည်။

ကိုကိုကြီးက ဘယ်တွေရောက်ခဲ့ကြသေးလဲ လှမ်းမေးသည်။ ခရီးစဉ်ကို ပြောပြနေရသေး၏။ အပြန်မှာတော့ ကားတွေသိပ်ကျပ်လို့ ကားစောင့်နေလျှင် အချိန်လင့်မည်စိုးကာ တက္ကစီ ငှားစီးလာရကြောင်းပါ သူပြောလိုက်၏။ အေးအေးဆွေက အတွင်းခန်းထဲ ဝင်သွားပြီ။

"မင်း အလျှင်ကထက် ပိုပိန်သွားတယ်"

သူ့ကို သေသေချာချာ စေ့စေ့စပ်စပ် အကဲခတ်ရင်း ကိုကိုကြီးက ကရုဏာသက်စွာ ပြောပြန်သည်။ ကွယ်မရ ငြင်းမရသည့် အရာမို့ ဟုတ်တယ် ကိုကြီးဟု သူ ဝန်ခံသည်။

အလုပ်သွား အလုပ်ပြန်ဒုက္ခ၊ စားချိန် အိပ်ချိန်မမှန်သော မိမိအကျင့်၊ အိမ်ထမင်း အိမ်ဟင်း မဟုတ်တော့ ဆိုင်မှာစားရင်းနှင့် ထမင်း စားရမည်ကိုပါ ကြောက်တတ်လာသည့်အဖြစ် ကြာတော့ လူက ပိန်လာသည်။

"မင်းကို မြင်ရင် မေမေတို့ ရင်ဆို့သွားနိုင်တယ်"

သူ ဘာမှပြန်မပြောမိ။ ဒီနေ့လည်း အေးအေးဆွေကိုပို့ရင်း လက်ဖက်ရည်လောက် မုန့်လောက်နှင့် သူ မနက်စာ ပြီးခဲ့ရပြီ။ ကား နှစ်ဆင့်စီးပြန် အိမ်ရောက် ပင်ပန်းမြီး ညစာကိုလည်း မည်မည်ရရ စားနိုင်မည် မထင်။

"မင်းလည်း ငယ်တော့တာမှ မဟုတ်ဘဲ ကိုဦးရာ၊ ကိုယ့်ဘဝ ရှေ့ရေးအတွက် မင်း တစ်လမ်းတော့ ရွေးဖို့ကောင်းပြီ၊ ကိုယ်ရွေးထား တဲ့ လမ်းပေါ်ရောက်သင့်နေပါပြီ၊ ဒီအချိန်မှာ စမ်းတဝါးဝါးနဲ့ လုပ်နေ





ရတာမျိုး မဖြစ်သင့်တော့ဘူး၊ ကိုယ့်အင်အားကို ကိုယ်ကိုယ်တိုင်ပဲ မှန်းဆနိုင်ရမှာပဲ၊ ကိုယ် ဘာလုပ်ရင် ကောင်းမယ်ဆိုတာ ကိုယ်ပဲ သိမှာ ပဲကွ၊ ဒီအလုပ်ကတော့ မင်း ထမင်းနပ်မှန်ရုံ ရန်ကုန်မှာ နေနိုင်ရုံပဲရှိမှာ တကယ်တမ်း မင်း ရန်ကုန်မှာပဲ နေတော့မယ် ဆုံးဖြတ်ရင်လည်း ဖေဖေတို့နဲ့ လိုက်တွေ့ ဆွေးနွေးပြီးတော့ အရင်းအနှီးလုံလုံလောက် လောက် တောင်းဖို့ ကောင်းတယ်၊ လုပ်ငန်းတစ်ခုခု ကြီးပွားအောင် လုပ်ဖို့ ကောင်းတယ် ကိုဦး၊ ချစ်သူနား နေရရင် ပြီးရောဆိုတဲ့ ရည်ရွယ် ချက်နဲ့ ရန်ကုန်မှာ ခိုက်ကပ်နေတာမျိုးတော့ မဖြစ်သင့်ဘူးကွာ"

ကိုကိုကြီးက စကားကို အဆုံးသပ်ပြီး ဆေးပေါ့လိပ်ကို ဖွာနေ သည်။ ကိုကိုကြီး၏ စေတနာကို သူ နားလည်မိပြန်၏။

နှစ်ဦးသား မျက်နှာချင်းဆိုင် ထိုင်နေမိပါလျက် တစ်ဦးကို တစ်ဦး အကြာကြီး မကြည့်ဖြစ်ကြပြန်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ကိုကိုကြီးတို့ တည်းသည့်အိမ်မှ ထွက်စမှာပင် လမ်းဘေးမီးတို့ လင်းလာတာ သတိထားမိသည်။ သူ့အိမ်ခန်းရှိရာ လမ်းထဲချိုးဝင်လိုက်စဉ်မှာ ရှေ့မှာရပ်ထားသည့် ကေခိုင်၏ကားကို လှမ်းမြင်၏။ ကေခိုင် ရောက်နေပြီဟု အတတ်သိရင်း ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ခံစားနေရပြန်သည်။

လမ်းက ကျဉ်းမြောင်းရသည့်အထဲမှာ သစ်ပင်ပျို ခပ်စိပ်စိပ် ရှိနေသဖြင့် လမ်းမီးရောင်က လမ်းတစ်လျှောက် ကောင်းစွာ ဖြန့်ကြက်မထားနိုင်ချေ။ အမှောင်ထု ပိုများ၍ မှိန်ဖျော့ဖျော့ လင်သည့် လမ်းမှာ ချိုင့်ခွက်တို့ကို ရှောင်ရင်း သူ ခပ်သွက်သွက် လျှောက်မိပြန်၏။

တိုက်ရှေ့ရောက်တော့ လှေကားကို ပြေးတက်မိပြန်သည်။ ကေခိုင်ကို တွေ့လိုဇော သူ့မှာ ဒီအထိ ရှိနေပါလားဟု ပြန်တွေးရင်း





ဘာသာ ပြုံးချင်သလို ဖြစ်လာ၏။ လေးငါးရက် မတွေ့ရသည်ကိုပင် အကြာကြီး ခွဲနေရသူပမာ တွေ့ချင်မြင်ချင်စိတ်က ပြင်းပြနေပြန်၏။

တံခါးခေါက်လိုက်စဉ် ကိုမောင်မောင်ဝင်း တံခါးဖွင့်ပေးသည်။ တံခါးဝဆီ မျက်နှာပြုလျက် ထိုင်နေသော မြကေခိုင်ကို သူ မြင်၏။ သူ့ကိုမြင်တော့ ကလေးငယ်တစ်ဦးပမာ ရွှင်ပျစွာ ပြုံးရယ်ချင်း . . .။

"မောင် ပြန်လာပြီနော်၊ ကေခိုင် ရောက်နေတာကြာပြီ မောင်ရဲ့"

ဟု ပြော၏။

"မောင်က ကေခိုင် ဒီကို ရောက်နေမယ်လို့ မထင်ဘူး။ ဘူတာကို လာမကြိုနိုင်တာ စိတ်တောင် မကောင်းဘူးကွာ"

ဟု ပြောလျက် နီးရာကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ မြကေခိုင်၏မျက်နှာကို သူ အသေအချာ စူးစိုက်ကြည့်နေမိပြန်၏။ ကေခိုင်၏ မျက်နှာပေါ်မှာ တစ်စုံတစ်ခု အပြောင်းအလဲ အလှုပ်အရှားကို တွေ့နိုးနှင့် သူ သတိထားနေမိပြန်သည်။

"မောင် လာကြိုရမှာလဲ ကေခိုင် အားနာတယ်၊ လာကြိုပါလို့ ကေခိုင် ဒါကြောင့် မပြောမိတာ"

"မောင့် ညီ့သည်တွေလည်း ရောက်နေလို့ပါ၊ ညီ့သည် မရှိရင် မောင် ရောက်လာမှာပဲ"

"ကိုမောင်မောင်ဝင်း ပြောပြတယ်"

"ကိုကိုကြီးတို့ မိသားစုလေ . . . သူ့သားလေး ဆေးခန်း လာပြတာ"



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆွေ အကြောင်းကိုတော့ ပြောဖို့ မလိုဟု ယူဆပြီး မပြောလိုက်မိ။

"မောင်ကလည်း ကေခိုင့်ကား အိမ်မှာ ရှိနေတာပဲ၊ ဒေါ်ကြိုင် တို့ဆီ သော့တောင်းပြီး ယူသုံးပါတဲ့လား"

"ဟာ . . . မဟုတ်တာ"

"မဟုတ်တာ မလုပ်နဲ့၊ မနက်ဖြန်တော့ ကေခိုင့်ကားကို မောင် ယူသုံး၊ ဧည့်သည်တွေကို လိုက်ပို့စရာတွေ ရှိသေးတယ် မဟုတ်လား"

"မလုပ်ပါနဲ့ ကေခိုင်ရာ"

ပြုံး၍ ပြောရင်း သူ ခေါင်းကို ခါယမ်းသည်။

"ကေခိုင် ကားကို မောင် မသုံးချင်တာ ဘာသဘောလဲ မောင်"

"ဒီလောက်လဲ သွားစရာ လာစရာ ရှိတာမှ မဟုတ်တာပဲ ကေခိုင်ရယ်"

မြကေခိုင်က စိတ်ပျက်စွာဖြင့် သူ့ကို ကြည့်မှန်း သူ နားလည် လိုက်၏။ ရင်ထဲမှာ တစ်စုံတစ်ရာ ခံစားသွားရပြီဟု အတတ်သိလိုက် ပြန်သည်။

"ကဲ . . . ငှားထားတဲ့ စာအုပ်တွေ ကျွန်တော် သွားအပ်လိုက် ဦးမယ်၊ ရေနွေးကြမ်းကုန်ရင်တော့ ကိုထွန်းဝေဦး ထပ်ဖြည့်လိုက်ဗျာ . . . ကေခိုင် ယူလာတဲ့ မုန့်တွေလည်း သူ့ကို ကျွန်တော် ဧည့်ခံထား တာ၊ ရေနွေးပဲ စိုက်ထားတယ်လေ"

ပြောရင်း ကိုမောင်မောင်ဝင်း ထထွက်သွားသည်။ အိမ်ခန်း ထဲဝင် စာအုပ်တွေယူပြီး ကိုမောင်မောင်ဝင်း အခန်းထဲက ထွက်သွား





သည့်အထိ သူနှင့်ကေခိုင် စကားမဆိုဖြစ်ကြ။

"မဟုတ်သေးပါဘူး၊ မောင် အခုနပြောတဲ့စကားက ကေခိုင့် အပေါ်မှာ သိပ်သူစိမ်းဆန်လွန်းပါတယ်"

ကိုမောင်မောင်ဝင်း အခန်းထဲက ထွက်သွားတော့မှ ကေခိုင် သူ့ကို စူးစိုက်ကြည့်ရင်း စကားစသည်။

"အဲလိုသဘောမျိုး မဟုတ်ပါဘူး ကေခိုင်ရယ်"

"သွားစရာ လာစရာ သိပ်မရှိဘူး ဆိုပေမယ့် အခုပဲ မောင် ပြန်ရောက်တာ နောက်ကျနေပြီ၊ နောက်နေ့တွေလည်း ဘာပြောပြော ဒီလိုပဲ ဖြစ်မှာ၊ ကေခိုင့်မှာ ကားရှိနေရက်နဲ့ မောင် ယူသုံးခွင့် မရှိဘူးလို့ သူများ ထင်ရင်လည်း ကေခိုင် ဘယ်ကောင်းပါ့မလဲ၊ မောင့်မာနကို နည်းနည်းလျှော့စေချင်တယ် မောင်"

"တကယ် မလိုသေးလို့ပါ ကေခိုင်ရယ်"

"မရဘူး . . . ယူသုံးရမယ်"

သူ သက်ပြင်းကို ချသည်။

"ကေခိုင်ရယ် . . . မောင့်ဘက်ကလည်း ကြည့်ပါဦး၊ တကယ်တမ်း ရေထဲ မိုးထဲ အပူတပြင်း လုပ်စရာတွေ ရှိနေလို့ ကား ယူသုံးရတာ တစ်မျိုးပေါ့၊ အခုတော့ ကေခိုင့်ကားကို မောင်က မောင်း ပြီး အကြော့သား သုံးနေတာကို သူတို့က မောင် သက်သက်ကြွားနေ တာ ထင်သွားမှာပေါ့၊ စိန်နားကပ်အရောင်နဲ့ ပါးပြောင်နေတာလို့ မောင် အထင်မခံချင်ဘူး ကေခိုင်"

လေသံက မာဆတ်နေမည်လား ထင်မိသေး၏။

သူ့စကားကြောင့် မောင်ရယ်ဟု ကြေကွဲညိုနင့်သံ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကေခိုင် မျက်ဝန်းမှာ ရီဝေမှုန်မှိုင်းသွားကာ သတိထားမိပြန်သည်။ ဝမ်းနည်းရိပ်ဖြင့် မျက်ရည်ငွေ့လဲ့လဲ့ပြေးကာ နားလည်ပြန်သည်။ သူ စိတ်မကောင်းဖြစ်ရပြန်၏။

"မောင်နဲ့ကေခိုင်တို့ကြားမှာ ဒီအသုံးအနှုန်းတွေ မောင် မသုံးချင်ပါဘူး၊ မပြောချင်ပါဘူး၊ အပြင်က ပြဿနာတွေကို မောင် ဂရုစိုက်လွန်းလို့ ပြောနေတာလဲ မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီအထင်အမြင်တွေကြောင့် ကြာရင် စိတ်ကို ထိပါးမှာ ပွန်းပဲ့မှာ မခံချင်ဘူးလေ"

နှုတ်ခမ်းကို ဖိကိုက်နေတာ သူ တွေ့၏။ နာကျင်ခံစားခက်ခြင်းကို ကြိတ်မှိတ်မျိုသိပ်ထားလိုက်ပြီဟု နားလည်သည်။

သူ့ကို ဘာမှပြန်မပြောတော့။

"ဒီကိစ္စကို မေ့ထားလိုက်ပါ ကေခိုင်၊ ကေခိုင့်ကို မောင် ပြောချင်တာ ရှိတယ်၊ ကိုကိုကြီးက ကေခိုင့်ကို တွေ့ချင်တယ်တဲ့၊ ကိုကိုကြီးတင် မကပါဘူး၊ ကိုကိုကြီး မိသားစုက ကေခိုင့်ကို တွေ့ချင်တာပါ။ ဒါပေမယ့် တွေ့ပါလို့ မောင် မပြောဘူးနော် . . . ကေခိုင် တွေ့ချင်မှ တွေ့ပါ"

မော့ကြည့်လိုက်တော့ ကေခိုင်၏အကြည့်တွင် စိုးထိတ်မှုလားမလိုလားမှုလား၊ တစ်စုံတစ်ရာ ကပ်ငြိလာတာ သတိထားမိပြန်သည်။

ဝင်းဝါစိုလွင်သော အသားအရည်ပေါ်မှာ လိမ်းခြယ်ခြင်းကင်းမဲ့သည့် မျက်နှာကို သနားညှာတာစွာ ငေးစိုက်ကြည့်နေမိပြန်၏။

အတန်ကြာ စကားတုံ့ပြန်ခြင်း မရှိ။ အိမ်မြှောင်စုတ်ထိုးသံသာ အခန်းထဲမှာ လွင့်ပျံ့နေပြန်သည်။

လက်ဖဝါးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်မိပြီး . . .



"အဲဒီလောက် ခံစားနေရရင်လည်း ကေခိုင် မတွေ့နဲ့တော့နော်"

သူ့အသံက နူးညံ့ပျောင်းညွတ်နေမည် ထင်သည်၊ တကယ်ပင် ကေခိုင့်ကို သူ သနားညှာတာစိတ် ဖြစ်သွားမိပြန်၏။ ကေခိုင်၏ ကျောက်ဆစ်ရုပ်သဖွယ် ငြိမ်သက်နေသော သဏ္ဌာန်က သူ့ရင်ကို ထိတ်လန့်စေပြန်သည်။

"ကေခိုင်တို့ လက်ထပ်ဖို့ ဆွေးနွေးကြတုန်းက မောင့်သဘောနဲ့ မောင်ပါလို့ မောင် ပြောခဲ့တယ်နော်၊ မောင့်အိမ်ကို မောင် အသိပေးရုံပဲတဲ့၊ ကေခိုင့်ဘက်ကတော့ ဘယ်သူမှ ရှိတာလဲ မဟုတ်တော့ ကေခိုင့်သဘော တစ်ခုပဲလေ"

"ဟုတ်ပါတယ် ကေခိုင်ရယ်၊ အခုဟာက . . ."

"ကေခိုင် သဘောပေါက်ပါပြီ၊ မောင့်မှာက မိဘရှိတယ်၊ အစ်ကို ရှိတယ်၊ အသိုင်းအဝိုင်း ရှိတယ်"

ခေါင်းကို ခါယမ်းရင်း လေပူကို မှုတ်ထုတ်မိပြန်၏။

"ကေခိုင် မောင့် ကိုကိုကြီး မိသားစုကို တွေ့ပါမယ်"

စကားဆုံးတော့ မြကေခိုင်၏ တင်းထားသော နှုတ်ခမ်းအစုံက မဲ့သွားသယောင်။

သူ့ရင်ထဲမှာ တင်းခနဲ ခံစားလိုက်ရပြန်သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ကိုကိုကြီးတို့ဇာည်းသည့် အိမ်သို့ မြကေခိုင်၏ကားဖြင့် ရောက်လာခဲ့သည်။ ဧည့်ခန်းထဲ ဝင်ထိုင်ပြီး မကြာခင်မှာ ကိုကိုကြီး ရောက်လာ၏။

"ကိုကိုကြီး ဒါ မြကေခိုင်ပါ၊ ကေခိုင် ဒါ မောင့်အစ်ကို၊ ကိုကိုကြီးလေ"

ထုံးစံအတိုင်း သူ့မိတ်ဆက်ပေးလိုက်သည်။ ကိုကိုကြီး ဝင်ထိုင်လိုက်သည်။

"မင်း မမထွေးနဲ့ မဆွေတို့တော့ ဝယ်စရာရှိတယ်ဆိုပြီး ထွက်သွားကြတယ်"

"သားရော"

"ပါသွားတယ်"





မြကေခိုင်က အခန်းဝန်းကျင်ကို မျက်စိဝေ့ကစားနေတာ တွေ့သည်။ ကိုကိုကြီးနှင့် မြကေခိုင်တို့ စတွေ့စဉ် အကြည့်တို့ကို သူ သဘောမကျနိုင်၊ တစ်ဦးကို တစ်ဦး သတိကြီးစွာဖြင့် အကဲခတ်နေကြောင်း သူ ကောင်းကောင်း နားလည်လိုက်သည်။ ကြိုးဝိုင်းထဲရောက်နေသော လက်ဝှေ့သမားနှစ်ဦးပမာ တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချမှုကင်းမဲ့စွာ သတိထားနေပုံရ၏။ နှစ်ဦးစလုံးလည်း အကျဉ်းအကျပ်တွေ့ရသည့်နှယ် ခံစားနေကြရဟန် တူသည်။ မမထွေးသာရှိလျှင် စကားဝိုင်းက ဒီထက်အဆင်ပြေနိုင်မည်လား မပြောတတ်။

"သွားရအောင်ကွာ၊ ဒီနားက ဆိုင်တစ်ဆိုင်ကို . . ."

ကိုကိုကြီးက ပြောလိုက်၏။

"ကောင်းသားပဲ"

ဟု ထောက်ခံလိုက်သည်။

ကိုကိုကြီးကလည်း ဧည့်သည်မို့ မြကေခိုင်ကို ကောင်းစွာ ဧည့်ဝတ်မပြုနိုင်ခြင်းကပင် စိတ်အနှောင့်အယှက်တစ်ခု ဖြစ်လေမလား သူ တွေးသည်။ ဆိုင်တစ်ဆိုင် ရောက်သွားပါက ပို၍ ရင်းနှီးလွယ်သွားမည် စဉ်းစားသည်။

ဧည့်ခန်းထဲမှ သူတို့ ထွက်ခဲ့ကြ၏။

"ကားနဲ့သွားမယ်လေ ကိုကိုကြီး၊ ကေခိုင့်ကား ပါတယ်"

အောက်ရောက်တော့ သူ ပြောသည်။

ကိုကိုကြီး ခေါင်းကို ယမ်းရင်း . . .

"ဒီထိပ်က ဆိုင်တစ်ဆိုင်ဆိုင် ထိုင်တာပေါ့ကွာ၊ ဝေးဝေးသွားချင်ဘူး၊ မင်း မမထွေးတို့ ပြန်လာရင် လွဲနေမှာစိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

ကိုကိုကြီး အကြောင်းပြချက်က ခိုင်လုံလှပသဖြင့် သူ ထပ်၍ မပြောသာ။ တကယ်တော့ မြကေခိုင်၏ ကားကို ကိုကိုကြီး စီးရမှာ မနှစ်မြို့ကြောင်း သူ နားလည်လိုက်သည်။

လမ်းထိပ်မှ လူရှင်းသည့်ဆိုင်မှာ သူတို့ ဝင်လိုက်သည်။

"ဘာသောက်မလဲ ကေခိုင်"

"ကေခိုင် မသောက်ချင်ဘူး"

ကေခိုင့်စကားကြောင့် ကိုကိုကြီးမျက်နှာ တစ်ချက်ညှိုးသွားတာလည်း သူ မြင်သည်။ ဒီလို လမ်းဘေးက ဆိုင်လေးမျိုးမှာ နာမည်ကြီး အဆိုတော် တစ်ယောက်မို့ မသောက်ချင်တာလား ဆိုသည့် အတွေး ကိုကိုကြီးကို ရိုက်ခတ်သွားမည်ဖြစ်ကြောင်း သိလိုက်သည်။

"တစ်ခုခုသောက် ကေခိုင်"

သူ့အသံက အမိန့်ပေးသံဆန်သွားသဖြင့် ကေခိုင်က နားမလည်သလို မော့ကြည့်သည်။

ပြီးမှ . . .။

"မောင်ကြိုက်တာ မှာလေ"

ဟု စိတ်မပါသည့် လေသံဖြင့် ဆို၏။

"ကိုကိုကြီးရော"

"လက်ဖက်ရည်ပေါ့ကွာ"

"လက်ဖက်ရည်ချိုပေါ့ကျ ဟစ်ခွက်၊ ပုံမှန် တစ်ခွက်၊ ကော်ဖီခါးခါး တစ်ခွက်"

သူမှာလိုက်သည်။ ဆိုင်အပြင်ကို ငေးရီကြည့်နေကြသော





ကိုကိုကြီးနှင့် မြကေခိုင်ကို သူစိတ်ပျက်သွားမိ၏။ သူတို့နှစ်ဦးကို တွေ့ပေးလိုက်တာ မှားပြီလားဟု နောင်တရချင်ပြန်သည်။

နောက်တော့ ကိုကိုကြီးနှင့် မြကေခိုင်တို့ကြားမှာ စကားလမ်းကြောင်း ခင်းပေးနိုင်ရန် သူ ကြိုးစားကြည့်သည်။ ကိုကိုကြီး လက်ရှိလုပ်နေသော စက်မှုလက်မှုလုပ်ငန်းများအကြောင်းကို ကေခိုင့်အား သူ ပြောပြလိုက်၏။ ကေခိုင်က စိတ်ဝင်စားဟန် ကြိုးစားပြရင်း စိတ်မပါကြောင်းလည်း သူသိနေပြန်၏။ ခေါင်းကို ညိတ်နေသော်လည်း အကြည့်က အပြင်မှာ ဝေ့ဝဲနေပြန်သည်။ ထိုအကြောင်းအရာများသည် မြကေခိုင် နားမလည်သော၊ စိတ်မဝင်စားသော အရာများသာဖြစ်၍ တစ်စုံတစ်ရာ ဝင်ရောက် ပြောဆိုခြင်း မပြုနိုင်ပြန်။

ကိုကိုကြီးကလည်း သီချင်းများနှင့် အလှမ်းဝေးသူ၊ စိတ်မဝင်စားသူမို့ သီချင်းတွေအကြောင်း၊ တီးဝိုင်းတွေအကြောင်း၊ စတိတ်ရှိုးအကြောင်း ပြောပြန်သောအခါ ကိုကိုကြီး ငြီးငွေ့ဟန်ပြသည်။ သူတို့နှစ်ဦးကိုလည်း ရင်ကြားစေ့ပေး၍ ရနိုင်ဟန်မတူတော့။ တစ်ဦးကိုတစ်ဦးလည်း နှစ်ခြိုက်သဘောကျဟန် မရှိ။ ဘယ်လိုမှ တစ်သားတည်းဖြစ်သော် စိတ်ဝင်စားဖွယ်စကားဝိုင်းကို သူ ဖန်တီးနိုင်မည် မဟုတ်ဟု စိတ်ပျက်မိပြန်သည်။

လာချပေးသည့် လက်ဖက်ရည် ကော်ဖီတို့ကိုလည်း စိတ်မပါဘဲ ကောက်မော့ချလိုက်ကြ ...တူသည်။

"ကိုဦးနဲ့ ပတ်သက်လာတော့ မကေခိုင်ကိုလည်း ကိုယ့်ညီမလို သဘောထားလို့ မေးရဦးမယ်"

ကိုကိုကြီးက အကျဉ်းအကျပ်ကို ကြာရှည်ဆက်ပြီး ခံစားနို



www.burmeseclassic.com

www.burmeseclassic.com



ဟန် မတူတော့ သူပြောလိုရာစကားကိုပြောရန် အစပျိုးတော့သည်။ ကိုကိုကြီးကို ကြည့်ရင်း သူ အလိုလို မောသလို ခံစားရပြန်၏။

"ဟုတ်ကဲ့"

မြကေခိုင်၏ မျက်နှာက တည်သည်။ သူ့ကို မကေခိုင်ဟု ခေါ်တာက စ၍ သဘောကျနိုင်မည် မဟုတ်မှန်း သိလိုက်၏။

"မကေခိုင်ရဲ့ မိဘတွေက ဘယ်ဇာတိကလဲ မသိဘူး"

"ကျွန်မ တောမြို့လေး တစ်မြို့ကပါ"

မြကေခိုင် မရေမရာ ဖြေသည်။ စပ်စပ်စုစုကိစ္စကို သူ ကိုယ်တိုင်လည်း ဝါသနာမပါ။ သူ့ကို စပ်စုတာလည်း မြကေခိုင် မကြိုက်။ မြကေခိုင်၏ အဖေက ဝန်ထမ်းမို့ နယ်တကာ ပြောင်းသည်။ သူ့ကို တောမြို့လေးတစ်မြို့မှာ မွေးဖွားခဲ့၍ ထိုမြို့ကို သူ သိသည်။ ကိုကိုကြီးကိုလည်း သူပြောခဲ့သဖြင့် ကိုကိုကြီး သိပြီးသား။ သို့ပါလျက် ဘာကြောင့် မေးသည်ကို သူ နားမလည်။

"မိဘတွေတော့ ရှိဦးမှာပေါ့နော်"

"အားလုံး ဆုံးကုန်ပါပြီ၊ ကေခိုင်က တစ်ကောင်ကြွက်ပါ၊ ကိုကိုကြီးက စာမဖတ်ဘူးနဲ့ တူပါရဲ့"

မြကေခိုင်၏ ရိတိတိ လေသံ။

"ကိုကိုကြီးက စီးပွားရေးသမားဆိုတော့ ဖတ်ဖြစ်ရင်လည်း စီးပွားရေးနဲ့ ဆိုင်တာပဲ ဖတ်ဖြစ်တော့တယ်"

"ကျွန်မ အင်တာဗျူးတစ်ခုမှာ ဒီအကြောင်း ဖြေခဲ့ဖူးလို့ပါ"

"ဪ . . . ဪ"

မြကေခိုင်၏ မျက်နှာမှာ အလိုမကျရိပ်တို့ကို ဖမ်းယူတွေ့ရှိ





နိုင်ပြီ။

"ဒါနဲ့ ဦးသိန်းထူးကို သိမလားပဲ"

"ဦးသိန်းထူး . . . ကျွန်မ မသိဘူး၊ ကျွန်မ အသိထဲမှာ မရှိပါဘူး"

"အင်း . . . ဟုတ်မှာပေါ့၊ မကေခိုင်တို့က ငယ်တော့ မှတ်မိချင်မှလဲ မှတ်မိမှာပေါ့၊ ဦးသိန်းထူးက မကေခိုင် အဖေရဲ့ လက်အောက်က ဝန်ထမ်းလေ၊ သူက မကေခိုင်တို့အဖေ အနားမယူခင်အထိ အတူ လုပ်ခဲ့ဖူးတယ်တဲ့၊ အိမ်လည် အဝင်၊ အထွက် ရှိတယ်တဲ့"

"ကျွန်မ မမှတ်မိဘူး"

"သူက ပြောလို့လေ . . . မကေခိုင်ရဲ့ အဖေက သက်ရှိထင်ရှား ရှိနေသေးတယ်ဆိုလို့၊ အခု မကေခိုင် ပြောတာနဲ့ တခြားစီဖြစ်နေလို့၊ ဘယ်လိုမှ မထင်နဲ့နော်၊ သူကလဲပြောတာ ဒီလိုပါ၊ နာမည်ကြီး အဆိုတော်တစ်ယောက်အကြောင်း သူ သိတယ်၊ သူနဲ့ ဘယ်လောက် ရင်းနှီးတယ်ဆိုတာ ကြွားချင်တဲ့ သဘောပါပဲ"

မြကေခိုင်၏မျက်နှာမှာ ဒေါသရိပ် သမ်းသည်။

အလိုမကျဟန်ပေါ်သည်။ ပြီးတော့ စိတ်ကို လျှော့ချလိုက်ဟန် သက်ပြင်းငွေ့ငွေ့ကို ချ၏။

သူ မေးစေချင်သည့် မေးခွန်းကို ကိုကိုကြီးက ကိုယ်တိုင်မေးနေလေပြီ။ ဒီအကြောင်း သိရုံဖြင့် ဘာမှထူးခြားဟန် မရှိဟု သူကတော့ ထင်၏။

"ကျွန်မ အတိုချုံး ပြောပါ့မယ်၊ ကိုကိုကြီးက မောင်အစ်ကိုပဲ၊ တခြားလူသာဆိုရင်တော့ အဲဒီလို ကျွန်မအကြောင်း စပ်စုတာမျိုး

www.burmeseclassic.com



ကျွန်မ မုန်းတယ်၊ ကျွန်မလည်း သူများအကြောင်းမှ မစပ်စုတတ်ဘူး"

"စပ်စုတယ်တော့ မဟုတ်ဘူးပေါ့ကွယ်၊ ကိုယ့်ညီနဲ့ ပတ်သက်လာတော့ စိတ်ဝင်စားမိတာပါ"

"ကျွန်မ့ ခပ်ငယ်ငယ်မှာပဲ ဖေဖေက နောက်အိမ်ထောင်ပြုသွားတယ်၊ ကျွန်မတို့ သားအမိ ဆင်းဆင်းရဲရဲ ညှိုးညှိုးငယ်ငယ်နဲ့ ဘဝကို ရုန်းကန်ခဲ့ရတယ်၊ ကျွန်မ အဖေဟာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း ကျွန်မတို့ မသိဘူး၊ အဆက်အသွယ် အထောက်အပံ့လည်း မလုပ်ပါဘူး၊ တောမြို့လေးမှာ ကျွန်မနဲ့ ကျွန်မအမေ မျက်စိသူငယ်နဲ့ ကျန်ခဲ့တာပါ၊ ငယ်ငယ်ကတည်းက မေမေကလည်း အဖေ့ကို မုန်းတီးရေး စိတ်ရိုင်းသွင်းခဲ့တယ်၊ ကျွန်မ ကိုယ်တိုင်ကလည်း အဖေအရင်းဖြစ်ဖြစ် မကောင်းတဲ့သူကို မကောင်းဘူးလို့ပဲ သတ်မှတ်နိုင်အောင် အသည်းမာခဲ့တယ်၊ တိုတိုပြောရရင်တော့ အဲဒီကတည်းက ကျွန်မ အဖေ့ကို ကျွန်မ နာတယ်၊ သေပြီလို့ စာရင်းသွင်းခဲ့တယ်၊ နောက် မေမေဆုံးတော့လည်း ကျွန်မ အမေ ကျွန်မကို မဆက်သွယ်ခဲ့ပါဘူး၊ လောကမှာ ကျွန်မ တစ်ယောက်တည်း ကိုယ်ထူကိုယ်ထ ရုန်းကန်ခဲ့ရတာပါ၊ ဒါကြောင့် အမေဆုံးကတည်းက ကျွန်မဟာ တစ်ကောင်ကြွက်ပဲ၊ လောကမှာ ကျွန်မနဲ့ ပတ်သက်တာ သွေးသားရင်းချာ မရှိဘူးလို့ ကျွန်မ ခံယူထားတယ်၊ ဒါကြောင့် မိဘတွေ ဆုံးပြီပဲ ကျွန်မ ပြောတာပါ ကိုကိုကြီး"

မြကေခိုင် စကားတို့က မန္တဲ့မချို။ မာဆတ်ပြတ်သားလှ၏။

"သူ ဘယ်လိုပဲ ဖြစ်ခဲ့ဖြစ်ခဲ့ပေါ့၊ ကိုယ့်မိဘတွေဟာ မိဘပဲပေါ့ မကေခိုင်ရယ် . . . "

ကိုကိုကြီး လေသံပျော့နှင့် ပြောလိုက်၏။





"ကျွန်မက စိတ်ကြီးတယ်၊ အဲ . . . အငြိုးကြီးတယ် ခေါ်မလားပဲ၊ ကိုယ့်အပေါ် မကောင်းတဲ့သူကို မကောင်းသလိုပဲ ဆက်ဆံတတ်ပါတယ်၊ စိတ်က အစွန်းရောက်နေတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ၊ ဒါပေမယ့် ကျွန်မ ဗဇေ ပြင်လို့လည်းရမှာ မဟုတ်ဘူး"

မြကေခိုင် ပြောသည့် မြကေခိုင်၏ စိတ်ဗဇကို ကိုကိုကြီးက နှစ်သက် လက်ခံလိုဟန်မပြ။ ကိုကိုကြီးမှာ ပြောစရာ စကားတွေ ရှိနေဟန်တူသည်။ သိပ်မရင်းနှီးမကျွမ်းဝင်သူ တစ်ဦးမို့ ပြောလို့ မသင့်မှန်း သိ၍ မျိုသိပ်ထားဟန် ရှုတ်စောင့်စည်း၏။

"အခုချိန်ထိ ကျွန်မကိုယ် ကျွန်မ သံသယ ဝင်မိတာ တစ်ခုပဲ ရှိတယ်– လက်ညှိုးမကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မ၊ ကျွန်မ ဖယ်ထုတ်နိုင်တယ်၊ ကိုယ့်သွေးသားထဲက အဖေ ကိုယ့်အပေါ် မကောင်းရင်တောင် စိမ်းစိမ်းပြတ်ပြတ် နေနိုင်ခဲ့ပါတယ်၊ ဒါပေမယ့် တစ်ခုပဲ ကျန်တယ်၊ ကျွန်မ ချစ်သူ ကျွန်မအပေါ် မကောင်းခဲ့ရင် ကျွန်မ ဘယ်လိုနေမလဲ၊ ဒါ ကျွန်မ မသိဘူး၊ ချစ်သူကိုရော ကျွန်မ နာကြည်းနိုင်မလား၊ ရန်သူလို ဆက်ဆံနိုင်မလား၊ ကျွန်မ သံသယ ဖြစ်စရာ ရှိတယ်၊ ကျန်တဲ့လူ အားလုံးကိုတော့ ကိုယ့်အပေါ် မကောင်းရင် မကောင်းသလို ကျွန်မ စိတ်မွေးနိုင်တယ်လေ"

မြကေခိုင်ကတော့ သူ ပြောချင်တာအားလုံးကို ပြောတော့မည်ဟု စဉ်းစားထားလေသလား မသိ။ တကယ်လိုက်လိုက်လှဲလှဲ ပြောနေပြန်သည်။ သူ့ရင်ထဲမှ ခံစားမှုများ အုံကြွပေါက်ကွဲနေခြင်းဟုလည်း နားလည်ပြန်၏။

ကိုကိုကြီးကတော့ မြကေခိုင်၏ စိတ်ပြတ် မာကျောသော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကို စိက်ပျက် လက်ပျက် ဖြစ်နေမှာ သေချာသည်။

စကား မပြောလိုတော့ ဟန်အပြင်ကို ငေးနေလိုက်၏။

သူ ဘာလုပ်ရမည် မသိအောင် ဦးနှောက်ခြောက်နေမိပြန်သည်။

* * *



(၁၂)

"မောင့် ကိုကိုကြီးက ကောခိုင့်ကို စိတ်တိုင်းကျမှာ မဟုတ်ဘူး မောင်"

ကားမောင်းနေရင်း သူ့ကို မြကေခိုင် ပြောလိုက်သည်။ ကိုကိုကြီး အိမ်မှ အပြန်၌ ပြောစရာစကား မရှိသူများပမာ တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာခဲ့ကြသည်။

ကားမောင်း၍အတော်လေး ခရီးရောက်မှ မြကေခိုင်က တိတ်ဆိတ်ငြိမ်သက်ခြင်းကို သည်းခံနိုင်စွမ်း မရှိစွာ ဖောက်ခွဲပစ်လိုက်ပုံရ၏။

သူ မြကေခိုင်ဘက်သို့ ဖျတ်ခနဲ အကြည့်ပို့သည်။

မြကေခိုင်၏မျက်နှာ ညှိုးရိပ်သမ်းလျက် ရင်ထဲမှ ခံစားမှု အရိုက်အခတ်ကို သူ ဖမ်းယူလိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီးနဲ့ ကေခိုင်ဖို့ လဲင်းငွေ့ချဲ့မတူလို့ စကား ပြောမရကြတာပါ"

ခပ်ဖော့ဖော့ဖြစ်အောင် သူ ပြောကြည့်သည်။

"လဲင်းငွေ့ချဲ့ မတူတာ တူတာက တစ်ပိုင်းလေ၊ လဲင်းငွေ့ချဲ့မတူလို့ စကားချင်း နီးနှောမရတာ ရှိမယ်မောင်၊ စိတ်ချင်း မရင်းနှီးနိုင်တာက အရမ်းကွာလွန်းတဲ့ ကွာဟချက်ပါပဲ"

နှုတ်မှထွက်သော ဘာသာစကား ခြားနားမှုကို ဆက်သွယ်နှီးနှော ရနိုင်သော်လည်း စိတ်ခံစားမှုခြင်း မတူညီသည့် အလှမ်းဝေးမှုကို သူလည်း အသိပင်။

"ကိုကိုကြီး စပ်စုတတ်တာ ကေခိုင် မကြိုက်နိုင်သလို ကေခိုင်အသည်းမာတယ်၊ ဘဝမေ့တယ်လို့ ထင်ပြီး ကိုကိုကြီးကလည်း ကြိုက်မှာ မဟုတ်ဘူး မောင်"

သူ ဘာမှမပြောမိဘဲ သက်ပြင်းရှည်ကိုသာ ချနေမိတော့၏။

"မောင် ပြတ်ပြတ်သားသားတော့ ဆုံးဖြတ်ရတော့မယ်၊ ကေခိုင်နဲ့ မောင် လက်ထပ်လိုက်ရင် မောင်တို့ အသိုင်းအဝိုင်းနဲ့ တစ်သားတည်း မဖြစ်နိုင်တာတော့ ကေခိုင် သိသွားပြီ"

ကေခိုင်၏ ပွင့်လင်းပြတ်သားသော စကားကြောင့် ကေခိုင့်ကို သူ ဖျတ်ခနဲ ကြည့်လိုက်မိပြန်၏။

ကေခိုင် ပြောတာ အမှန်ဟုလည်း ရင်ထဲက ထောက်ခံနေမိပြန်သည်။

✿ ✿ ✿



## (၁၃)

"မင်းအမျိုးသမီးကို ငါတွေ့လိုက်ရတာ မင်း ဘာလုပ်သင့်တယ်လို့ ငါ ပြောလို့ရပြီ ကိုဦး၊ မင်းအမျိုးသမီးကို မင်းလက်ထပ်ရင် မင်းနဲ့ငါတို့ မိသားစုအသိုင်းအဝိုင်း ကင်းကွာသွားမှာ အမှန်ပဲ၊ ငါတောင်မှ ဒီလိုမြင်သေးရင် ဖေဖေတို့ မေမေတို့ ရှေ့လူကြီးတွေရဲ့ အမြင်မှာ ငါ့ထက် ဆိုးမှာ၊ သူ့စရိုက်နဲ့ ငါတို့စရိုက်လေ့ လုံးဝမတူဘူး ကိုဦးရာ"

နောက်တစ်နေ့ ကိုကိုကြီးတည်းသည့် အိမ်ရောက်တော့ ဧည့်ခန်းမှာ စကားဝိုင်းပြောနေရင်းမှ ကိုကိုကြီးက မမျိုသိပ်နိုင်တော့ဘဲ ကေခိုင့်အကြောင်း စပြောတော့သည်။

အေးအေးဆွေက အားနာဟန်ထ,ထွက်သွားပြန်သည်။ ကိုကိုကြီးကတော့ စိတ်ထိန်းထားနိုင်ဟန် မတူတော့။

"ငါ မင်း မမယွေးကိုလည်း ပြောမိသေးတယ်၊ ဖအေ အရင်း



www.burmeseclassic.com

www.burmeseclassic.com



တိုတောင် စိမ်းနိုင်ပြုတ်နိုင်ပါတယ်ဆိုတဲ့ မိန်းကလေးဟာ ယောက္ခမကို မီဘလို ဘယ်လိုလုပ်ကြည်ညိုနိုင်မှာတဲ့လဲ၊ တရိုတသေ ဆက်ဆံနိုင်မှာတဲ့လဲ၊ ငါတို့ အစ်ကိုကြီးတွေ အစ်မကြီးတွေဆိုတာ ထားလိုက်ပါတော့"

ထင်ထားသည့်အတိုင်းပင် မြကေခိုင်၏ အားနည်းချက်ကို ကိုကိုကြီး မိမိရရ ဆုပ်ကိုင်လိုက်တော့သည်။

"သူ့အပေါ်မှာ မကောင်းတဲ့သူကိုပဲ သူ ပြုတ်ပြုတ်သားသား နာနာကြည်းကြည်း ဆက်ဆံတတ်တာပါ ကိုကိုကြီး၊ တခြား သူစိမ်းတစ်ရံဆံတွေအပေါ်မှာတောင် သူအရမ်းရက်ရောတတ်တယ်၊ စိတ်ကောင်း စေတနာကောင်း ရှိပါတယ်"

ထန်းလက်နှင့်ကာသော်လည်း မိုးကြိုးပစ်သည့်ဒဏ်မှ လွတ်မည်တော့ မထင်။ သက်သာလို သက်သာငြား သူ့ရှေ့နေလိုက်ပြီး ပြောလိုက်မိ၏။

"မင်း ပြောတာ လက်ခံနိုင်ပါတယ်၊ သူစိမ်းတွေအပေါ်မှာ သဘောကောင်းတယ်၊ ရက်ရောတယ်၊ နှမြောတွန့်တိုမှု နည်းတယ်၊ ကူညီချင်တတ်တယ်ထားပါတော့ကွာ၊ တို့အားလုံးက မင်းနဲ့သူ လက်ထပ်ရင် သူစိမ်းလိုနေလို့ ရပါတော့မလားကွ၊ သူစိမ်းဆိုတာက ခပ်ကွာကွာ ခပ်ကင်းကင်း နေလို့ ရတယ်၊ အထိအတွေ့ နည်းမယ်၊ ရေရှည် ဆက်ဆံစရာ မလိုဘူး၊ ဆွေမျိုးသားချင်းဆိုတာက သူ့အပူ ကိုယ့်အပူ၊ သူ့ကိစ္စ ကိုယ့်ကိစ္စ အမြဲတမ်း စိတ်ခုတုန်း ခဏ၊ ကတောက်ကဆများလည်း လူကြီးသူမတွေ ဖြန်ဖြေရင် ပြေအေးကြရတာ၊ မင်း အမျိုးသမီးလို စိတ်ကြီး အငြိုးကြီးနေတဲ့ မိန်းမတစ်ယောက်ကို ဘယ်သူတွေက ဖတ်လဲတကင်း ဆက်ဆံ့ဂုံ့ပါ့မလဲ၊ မင်း စဉ်းစားကြည့် ကိုဦး၊





ကိုယ့်မိသားစုဝင်တစ်ယောက်ကို ရန်သူလို သူ့ခြေကိုချောင်းပြီး သတိနဲ့ အမြဲနေရမယ့်ကိစ္စဟာ ဘယ်ကောင်းပါ့မလဲကွာ"

သူ ဘာမှ စောဒက မတက်မိတော့။ ဘာမှ ပြန်မပြောချင်လောက်အောင် ပင်ပန်းနွမ်းနယ်နေသည်။

"ဖေဖေတို့ မေမေတို့များသိရင် ဘယ်လောက် စိတ်ထိခိုက်မလဲ မသိဘူး"

ကိုကိုကြီးနှုတ်မှ ထွက်လာသည့် စကားသည် သူ့အတွေးထဲမှ စကားနှင့် ထပ်တူ ဖြစ်နေသဖြင့် အံ့ဩစွာ မျက်နှာမော့ကြည့်မိဖြစ်သေး၏။

"ချစ်သူဘဝကတော့ ပြဿနာ မဟုတ်ဘူးပေါ့ကွာ၊ အိမ်ထောင်သည်ဘဝကတော့ မင်း ကိုကိုကြီး ပြောသလို ဟိုဘက်အမျိုး ဒီဘက်အမျိုး အားလုံးနဲ့ပါဆိုင်တဲ့ ကိစ္စတွေ ဖြစ်လာပြီ"

မမထွေးက ဝင်ပြောလိုက်သည်။

"ကိုဦး"

"ခင်ဗျာ"

"မင်း သူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးပြီလား"

"ဟုတ်ကဲ့"

သူ့စကားကြောင့် ကိုကိုကြီးရော မမထွေးပါ မျက်စိမျက်နှာ ပျက်သွားမှန်း သိလိုက်သည်။

"အေးလေ . . . မင်းလည်း ငယ်တော့တာမှ မဟုတ်ဘဲ စဉ်းစားပေါ့ကွာ၊ ငါတို့အတွက် ထည့်မစဉ်းစားချင်ရင်လည်း ဖေဖေတို့ မေမေတို့အတွက်တော့ မင်း ထည့်စဉ်းစား၊ သူတို့မှာ အသက်ကြီး အိုမနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို အခုထိ စိတ်မချနိုင်သေးဘူး"

အရှိုက်ကိုထိစေသော စကား။ သူ့ပျော့ညံ့ချက်ကို ဆိုင်လိုက်သည့်စကား၊ မလှုပ်သာ မလွန့်သာအောင် ချည်လိုက်သည့်ကြိုးဟုလည်း သူနားလည်ပြန်၏။ စကားဝိုင်းသည် ပြောစရာ စကားမရှိတော့သကဲ့သို့ ဆိတ်ငြိမ်ခြောက်ကပ်သွားတော့သည်။

နံရံမှ နာရီ ထိုးသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

*

* * *



(၁၄)

"ခင်ဗျားကြည့်ရတာ မှိုင်တွေတွေနဲ့"

လက်ဖက်ရည်ဆိုင်မှာထိုင်တော့ ကိုမောင်မောင်ဝင်းက သူ့ကိုကြည့်ရင်း ပြောသည်။ ကိုကိုကြီးနှင့် မြကေခိုင်တို့ ဆက်ဆံရေးကို သူ ပြန်ပြောလိုက်သည်။

"ကျွန်တော် ကြားက အနေရ ခက်တာပေါ့ဗျာ၊ ပြီးတော့ အသေအချာ စဉ်းစားမိတော့ ဒါဟာ တဒင်္ဂ မပြေလည်တာမျိုး မဟုတ်ဘူး ကိုမောင်မောင်ဝင်း၊ ကျွန်တော်ဘဝနဲ့ ဆိုင်လာလိမ့်မယ်၊ ကိုကိုကြီးက ကျွန်တော်နဲ့ ကေခိုင်ကို ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်ဘူးဆိုတာ သေချာသွားပြီ၊ ကိုကိုကြီး သဘောမကျဘူးဆိုရင် ကျွန်တော့်မိဘတွေလည်း သဘောကျမှာ မဟုတ်ဘူး"

"မြကေခိုင်ကို နားလည်အောင် ရှင်းပြပြီး သူ့ရှေ့မှာ မြေ



www.burmeseclassic.com

www.burmeseclassic.com



မြေလည်လည် ဆက်ဆံနိုင်းရင်တော့ . . .”

သူ ခေါင်းကို ခါသည်။

“ကေနိုင်ကလည်း အဲဒါမျိုးလုပ်မှာ မဟုတ်ဘူးဗျ။ ကေနိုင် ကျွန်တော့်ကို လက်ထပ်ဖို့ကိစ္စ ဆွေးနွေးတုန်းက မေးဖူးတယ်၊ မိဘတွေ၊ ဆွေမျိုးတွေ တိုင်ပင်ရဦးမှာလားတဲ့၊ ကျွန်တော် ခေါင်းခါပြခဲ့တယ်”

“နေဦး ကျွန်တော် ဖြတ်မေးမယ်၊ တကယ်လို့ ခင်ဗျားအိမ်က ကေနိုင်နဲ့ကိစ္စကို သဘောမတူဘူး ဖျက်ပြီဆိုပါတော့ ခင်ဗျား ဘာလုပ်မလဲ”

ဒီမေးခွန်းကို သူ့ဘာသာ အကြိမ်ကြိမ်မေးခဲ့ပြီးသားမို့ အဖြေက သူ့မှာ ချက်ချင်းရှိနေသည်။

“ဒါကတော့ဗျာ နောက်ဆုံးအိမ်ကို ပြောလို့ ဘယ်လိုမှ မရရင်လည်း ကျွန်တော် ကေနိုင့်ကို မစွန့်နိုင်ဘူး ကိုမောင်မောင်ဝင်း၊ ကျွန်တော် သူ့ကို ချစ်တယ်ဗျာ၊ ပြီးတော့ ကျွန်တော့်ကို ချစ်တယ်လို့ ယုံတယ်”

“အဲဒီလို ခင်ဗျား ပြတ်ပြတ်သားသား ဆုံးဖြတ်ထားဖို့တော့ လိုမယ် ထင်လို့ပါ”

သူ ခေါင်းညိတ်ပြလိုက်သည်။



(၁၅)

“အတင်းအကျပ် ခေါ်တာတော့ မဟုတ်ဘူး ကိုဦး၊ ဒီအလုပ် ပြတ်ရင် မင်း အိမ်ပြန်လာဖို့တော့လိုပြီ”

“ကျွန်တော် ဒီဆိုက်ပြီးရင် ပြန်ခဲ့မှာပါ ကိုကြီး . . .”

“ကိုကြီး ပြောတာက နောက်ထပ် အလုပ်အရေးကြီးရင်လည်း ဆက်ဆက် ပြန်ခဲ့ကွာ၊ ဖေဖေတို့ မေမေတို့နဲ့ မင်း အိမ်ထောင်ရေး ကိစ္စကို မင်းဘာသာ အသေအချာ ဆွေးနွေး၊ မင်းဘာသာ အပြတ်ပြောခဲ့ . . .”

ကိုကိုကြီး စကားကြောင့် စိတ်ထဲမှာ စနောင့်စနင်း ဖြစ်ရသည်။

“မင်း စဉ်းစားလို့ ရအောင် ကိုကိုကြီး ပြောခဲ့မယ်၊ ဖေဖေတို့ မေမေတို့ မင်းကို မြကေနိုင်နဲ့ လုံးဝ သဘောတူနိုင်မှာ မဟုတ်တာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ ကိုကိုကြီးရဲ့ အမြင်ကိုလည်း ကိုကိုကြီးကတော့ ပြောပြရလိမ့်မယ်၊ ကိုဦး ကိုကိုကြီးကို စိတ်မဆိုးနဲ့ ဖေဖေတို့ မေမေတို့ လိုချင်တာက ချွေးမ အလိမ္မာ၊ မင်းချစ်သူက မင်းအတွက် မိန်းမကောင်း ဖြစ်ချင်ဖြစ်မယ်၊ မိသားစုနဲ့တော့ တသားတည်းဖြစ်မှာ မဟုတ်ဘူး၊ လူကြီးတွေဆိုတော့ ခေတ်ပေါ် အဆိုတော်ဆိုတာနဲ့ သူတို့သဘောမကျချင် ဖြစ်နေကြတာလည်းပါတယ်"

မိသားစုဘက်မှ စကားကို ပြတ်ပြတ်သားသား ကြားရပြီမို့ ရင်ထဲမှာ ခံစားကြေကွဲရပြန်သည်။ ကိုကိုကြီး၏ စကားသည် သူ့မိဘ စကားများသာ ဖြစ်နိုင်သည်ကိုလည်း သူ အသိဆုံးပင်။

"မဆွေလည်း မရှိတုန်းမို့ မမထွေး ပြောင်ပဲ ပြောမယ် ကိုဦး၊ မဆွေတို့ မိဘတွေနဲ့ ဖေဖေတို့ မေမေကတော့ မင်းကို မဆွေနဲ့ပဲ ပေးစားချင်ကြတာ၊ ဒါပေမယ့် မင်းက အဆိုတော်နဲ့ ဖြစ်နေတယ်ဆိုတာလည်း ဟိုးလေးတကျော်ဆိုတော့ ဇွတ်လည်း စီစဉ်လို့တော့ မဖြစ်ပါဘူး။ မဆွေနာမည်ပျက်မှာ သိက္ခာကျမှာ စိုးရသေးတယ်၊ မဆွေက ရည်းစားမရှိ ဘာမရှိဆိုတာ တို့မြို့လေးမှာတော့ အားလုံးသိပြီးသားပဲ၊ မင်းဘက်ကသာ"

မမထွေးက သူ့ကို ကြည့်ရင်း ပြောသည်။

"ကျွန်တော်နဲ့ မြကေခိုင် အကြောင်းလည်း မဆွေ သိအောင် ကျွန်တော် ပြောဖြစ်ပါတယ်"

"မင်း ပြောလိုက်တယ်၊ ဟုတ်လား"

"ဟုတ်တယ် မမထွေး၊ မမထွေးတို့ စ,နေနောက်နေတော့ ကျွန်တော်တို့နှစ်ယောက် အနေရ အထိုင်ရ ခက်တာပေါ့၊ ပြီးတော့





လေ့နန့်နှစ်ဖက်နင်းတဲ့သူမျိုး ကျွန်တော့်ကို ထင်မှာစိုးတယ်၊ ဒါကြောင့် ကျွန်တော် ပြောလိုက်တယ်"

"မဆွေ ဘာပြောလဲ"

"ထွေထွေထူးထူး မပြောပါဘူး၊ ကျွန်တော်ကလည်း အသိပေးရုံပါ"

"အေးကွာ . . . တို့အပြန် မင်း လိုက်ခဲ့နိုင်ရင် အကောင်းဆုံးပေါ့။ လိုက်လို့ မရဘူးဆိုတော့လည်း မင်း အလုပ်ပြတ်ရင်တော့ လာခဲ့ပေါ့"

ကိုကိုကြီးက စကားကို ချုပ်လိုက်သည်။

"စိတ်ချပါ ကိုကြီး၊ ကျွန်တော် ပြန်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

ကိုကိုကြီးတို့ မိသားစု ပြန်သွားသည့်တိုင် ကိုကိုကြီးနှင့် မြကေခိုင်တို့ တွေ့ခဲ့သည့် ဂယက်က အံရှိန်မပြေသေး။

စိမ်းဖန့်ဖန့် ရေပြင်ကို ငေးကာ၊ ကားကိုမှီရပ်နေရာမှ မျက်နှာကို သူ့ဘက်သို့ လှည့်ကာ . . .

"မောင် တကယ် ပြန်မှာလား"

ဟု မြကေခိုင် မေးသည်။

"မောင် ပြန်မှ ဖြစ်မယ် ကေခိုင်"

သူ့လုပ်ငန်းတွေလည်း သိမ်းနေပြီ။ စောစောကြီးပြန်လို့ တောင် ဖြစ်နေပြီဟု သူ နားလည်၏။

"အင်းလေ . . . မောင်က ကေခိုင့်လို တစ်ကောင်ကြွက်မှ ဟုတ်တော့ ပြန်ရမှာပေါ့"





သူ ဘာမှပြန်မပြောမိ။ မြကေခိုင်က သူ့မိသားစုနှင့်သဟဇာတ ဖြစ်အောင်နေဖို့လည်း မကြိုးစားလို။ သူနှင့် လက်ထပ်ပြီးပါက လည်း နှစ်ယောက်တည်းသာ ဘဝတစ်ခုကို ထူထောင်လိုသူ။ မည်သူ့ အကူအညီမှ မလို။ မည်သူ့ကိုလည်း ဂရုမစိုက်လိုသူ။ မြကေခိုင်သည် လူတွေကို အယုံအကြည်နည်း၍ လူတွေနှင့် တရင်းတနှီး ဆက်ဆံရမှာကို ကြောက်သူဟု သူသိသည်ပဲ။

"မောင် . . ."

"အင် . . ."

"မောင့်မိဘတွေက ကေခိုင်နဲ့ ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်ဘူး မောင်"

"ကေခိုင် ဘာလို့ အတတ် ပြောနိုင်ရတာလဲ"

"ကေခိုင် ကလေးမှ မဟုတ်တာ၊ မောင့် ကိုကိုကြီးနဲ့ စကားပြောကြည့်ရင် သိတာပဲ"

"ဖေဖေတို့ မေမေတို့ ရှိပါသေးတယ်"

"ရှေးလူကြီးတွေက ပိုဆိုးမှာပေါ့၊ ပြီးတော့ ကိုကိုကြီးက မိသားစုအပေါ် ဩဇာရှိပုံရပါတယ်"

ကေခိုင် လူကဲခတ် မည့်မှန်း သူ နားလည်သည်။

"မောင်ပြန်မှာ အဲဒီကိစ္စကို အပြေအလည် ဖြစ်အောင် ပြောပြချင်လို့"

"ဘာထူးမှာတဲ့လဲ မောင်ရယ် တစ်ခုခု မြူမြှင်လို့ ရတဲ့ကိစ္စ ပေါ်မှာ အခြေခံကြတာမှ မဟုတ်ဘဲ၊ သူတို့က ကေခိုင်က နာမည်ကြီး အဆိုတော် ဆိုတာနဲ့ ခပ်ပျက်ပျက်၊ ခပ်နုံ့နုံ့၊ ခပ်လွယ်လွယ် ဒီလိုမြင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို အထင်သေးတာမျိုး မဟုတ်နိုင်ပါဘူး"

"မဖုံးနဲ့ မောင်ရာ . . . ပွင့်ပွင့်လင်းလင်းပဲ ပြောရအောင်၊ စကားအလှတွေ ဘာတွေ ဆင်မနေပါနဲ့၊ ကေခိုင် ပြောချင်တာ မောင် နားလည်လား မသိဘူး၊ ဟိုခေတ်တုန်းက ဇာတ်သမတွေ ဘာတွေကို အထင်သေးတာမျိုး အဲဒီလို အခြေခံစိတ် ကေခိုင့်အပေါ်မှာ ရှိနေလိမ့်မယ်"

သူ ဘာမှ မပြောမိတော့။ ငြင်းလည်း မငြင်း၊ ထောက်ခံချက်လည်း မပေးမိဘဲ ငြိမ်နေလိုက်သည်။

"မောင့်မိဘတွေက တောမြို့က ရှေးရိုး လူကြီးတွေ၊ သူတို့ လိုချင်တဲ့ ချွေးမဆိုတာ တကယ့်ဗိုင်းကောင်း ကျောက်ဖိ၊ အဲဒီလိုဆိုတော့ ကေခိုင့်ကို ကြည့်မရနိုင်တာ မဆန်းဘူး၊ ပိုဆိုးတာက ကေခိုင့်ရဲ့ စိတ်ဓာတ်၊ ကိုကိုကြီးက ကေခိုင့်စိတ်ဓာတ်ကို တော်တော်လေး မကြိုက်ပုံဘဲ၊ မိဘမှန်းမသိ ဘာမှန်းမသိ အသည်းမာတယ်လို့ သူ မှတ်ချက်ချမှာ သေချာတယ် မောင်"

"အဲဒါတွေ ပြန်ပြောမနေပါနဲ့တော့လား ကေခိုင်ရယ်"

"ကေခိုင် ပြောချင်တာ ရှိလို့ပါ မောင်"

"ပြောချင်တာကို ပြောလိုက်လေ"

"အဲဒီလို မောင့်အသိုင်းအဝိုင်းက မြင်ထားတော့ တိုတိုပြောရရင် ကေခိုင့်ကို ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်ဘူး၊ မောင့်ကို ဖျက်မှာပဲ ဟုတ်တယ် မဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်၏။

"မာနစကား ပြောကြေးဆို မြကေခိုင်ဟာ နာမည်ကြီး အဆို





တော်ပါ မောင်၊ သူ့တစ်ကိုယ်တည်း ဘာမှ လိုလေသေးမရှိအောင် ဘဝကို ထူထောင်နိုင်ပါတယ်၊ ပြီးတော့ မောင် စိတ်မဆိုးနဲ့နော်"

စကားကို ဖြတ်ရင်း လှမ်းကြည့်သည်။ မာနစကားမို့ မျက်နှာတလည်း မာနရိပ် သမ်းနေသည်။

"မောင့်ထက် သာတာတွေ ကေခိုင့် ဘေးမှာ ဝိုင်းဝိုင်းလည်နေပါတယ် မောင်"

"သိပါတယ် ကေခိုင်"

"ဒါပေမယ့် ကေခိုင့် မောင့်ကိုပဲ ချစ်တာ၊ အဲဒါလည်း မောင် ယုံတယ် မဟုတ်လား"

"ယုံတယ်"

"မောင့်မိဘတွေ သဘောမတူတာကို ကေခိုင် မခံစားရဘူး၊ ဒါပေမယ့် မောင့်ကို စွန့်လွှတ်ရမှာကိုတော့ ကေခိုင် ကြောက်တယ်"

ဝမ်းနည်း ဆို့နင့်သံ ပါလာသည်။

"ကေခိုင်"

မထူးဘဲ အကြည့်ဆုံ၏။

"ကေခိုင် မောင့်ကို မယုံတာလား"

"လူတွေကို ကေခိုင် မယုံချင်ဘူး မောင်"

"မောင် ကေခိုင့်ကို အရမ်း ချစ်ပါတယ် . . . မောင်လည်း ကေခိုင့်ကို မစွန့်လွှတ်ရဲပါဘူး၊ မောင် ပြန်သွားတာက အပြီး ပြန်တာမှ မဟုတ်ဘဲ၊ မောင် ကေခိုင့်ဆီ ပြန်လာခဲ့မှာပါ။ ပြီးတော့ ကေခိုင် ပြောထားတဲ့ ရက်မှာ ကေခိုင့်ကို မောင် လက်ထပ်မှာပါ ကေခိုင် . . . ကေခိုင် မောင့်ကို ယုံပါ"

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်"

"ဟုတ်တယ် . . . ဘာပဲဖြစ်ဖြစ်"

"မောင် တကယ် ပြောတာလား"

"တကယ်ပေါ့"

ကေခိုင့် မျက်နှာ ပြုံးရောင်သမ်းလာတာ တွေ့၏။ သောက အရိပ် ပြယ်စ အပြုံးမျက်နှာသည် ပို၍ လှပ လာသလိုပင်။



(၁၇)

ဘူတာကို မြကေခိုင်နှင့် ကိုမောင်မောင်ဝင်းတို့ လိုက်ပို့ကြသည်။ မြကေခိုင်ကို သိသူများ အနီးအနားမှာ ဝိုင်းလာကြပြန်သဖြင့် စကားပြောရဆိုရသည်မှာ မလွတ်လပ်။ အကဲခတ်ကြည့်သူတွေ၊ အာရုံစူးစိုက်သူတွေ များလွန်းသည်ပဲ။ ခဏကြာတော့ ရထားပေါ် တက်ခွင့်ရသဖြင့် အသက်ရှူချောင်သည်။ မြကေခိုင်က ရင်းနှီးနေသဖြင့် ရထားနားရောက်အောင် လိုက်ပို့နိုင်သည့်အတွက် စကားပြောခွင့် ရပြန်၏။

ကိုမောင်မောင်ဝင်းက သူ့အတွက် ရေသန့်ဘူးနှင့် စားသောက်စရာများ သွားဝယ်နေသည်။

"နှစ်လ သုံးလထက်တော့ မကြာစေနဲ့နော် . . . မောင်"

"အလွန်ဆုံး ပြောထားတာပါ၊ ဒီထက် စောချင်လည်း စောမှာ"

www.burmeseclassic.com



"ကေခိုင်က ရင်းရင်းနှီးနှီးပေါင်းတဲ့လူ သိပ်မရှိတော့ အရင်းနှီးဆုံး လူတစ်ယောက် လျော့သွားတာ သိသာတယ် မောင်"

"မောင် နားလည်ပါတယ် ကေခိုင်၊ မပြန်တာ ကြာပြီဆိုတော့ ရောက်ပြီး ရက်ပိုင်းနေပြန်လာလို့လည်း မကောင်းဘူးလေ"

"ကေခိုင် နားလည်ပါတယ်"

စကားဖြတ်ပြီး အကြည့်ဆုံဖြစ်ပြန်သည်။ တစ်ဦးမေတ္တာကို တစ်ဦး၏ မျက်ဝန်းမှာ အထင်အရှား တွေ့နိုင်ပြီဟု ယုံကြည်ကြပြန်၏။

"ကေခိုင်တော့ နေ့တတ်တော့မှာ မဟုတ်ဘူးကွာ"

ကြေကွဲသံပါမှန်း နားလည်သည်။

"ခဏ ခွဲရတာပဲ ကေခိုင်ရယ်"

ကေခိုင့် မျက်ဝန်းမှာ မျက်ရည်ဝေ့သန်းတာ မြင်၏။ ငါးမိနစ်သာ လိုသဖြင့် အချက်ပေးသံ ပေါ်လာသည်ပဲ။

"ရေခဲစိမ်တော့ မရဘူးဗျာ၊ ရိုးရိုးပဲ"

ရေသန့်ဘူး နှစ်လုံးနှင့် စားစရာပါသော ကြွပ်ကြွပ်အိတ်ကို လှမ်းပေးရင်း ကိုမောင်မောင်ဝင်း ပြောသည်။

"ရပါတယ်"

"ရင်ပူနေမှာ၊ ရေများများ သောက်ပေါ့"

ကိုမောင်မောင်ဝင်း အရယ်နှောပြီး ပြော၏။ သူ ရယ်နေလိုက်သည်။

"မောင် . . . ကေခိုင့် အခွေတွေ ပါလား"

"ပါတာပေါ့၊ လွမ်းရင် ဒါပဲ နားထောင်နေရမှာ"

"ကေခိုင့် အခွေမပါလည်း ရောက်တဲ့နေရာ ရှိနေမှာပါ"





ကိုမောင်မောင်ဝင်း ဝင်ပြောသည်။

"အိမ်မှာ နားထောင်လို့ရော ရပါ့မလား"

အားငယ်စကားဟု သိရင်း ထိခိုက်ရသည်။

"ဘာလို့ မရရမှာတဲ့လဲ ကေခိုင်ရယ်"

"ရထား ထွက်ပြီ"

ကိုမောင်မောင်ဝင်း နှုတ်က ထွက်မှ ရထား စပြီးရွေ့လျားနေတာ သတိထားဖြစ်၏။ တစ်ဦးကို တစ်ဦး စူးစိုက်ကြည့်ရင် လက်ပြနှုတ်ဆက်နေမိပြန်သည်။ ရထားသည် သူ့ကို ကေခိုင်နှင့် ဝေးရာဆီသို့ သယ်ဆောင်သွားလေပြီ။ ရပ်နေဆဲ မြကေခိုင်ကိုကြည့်ရင်း တဖြည်းဖြည်းနှင့် မြကေခိုင်သည် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။

ထိုင်ခုံမှာ နေရာတကျ ပြန်ထိုင်လိုက်သည်။

ခုန်ကို နောက်သို့ လှန်ချလိုက်ရင်း သံပတ်ကုန်သွားသည့် စက်ရုပ်နှယ် ကျောမှီချလိုက်မိတော့၏။ မျက်စိကို စုံမှိတ်ကာ သက်ပြင်းရှည်ကို ချသည်။

အတွေးထဲမှာတော့ မြကေခိုင် ရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

(၁)

အိမ်ရောက်ရောက်ချင်း တစ်ပတ်လောက်မှာတော့ အားလုံး ပျော်ပျော်ရွှင်ရွှင် နေဖြစ်ကြသည်။ သဘောထား ကွဲလွဲဖွယ်ရာ စိတ်မချမ်းမြေ့စရာ ဖြစ်နိုင်သော သူ့အိမ်ထောင်ရေးကိစ္စကို တစ်စွန်းတစ်စမျှ မဟဖြစ်ကြ။ သတိကြီးစွာထား၍ မပြောဖြစ်အောင် နေကြသလိုပင်။

ဖေဖေရော မေမေပါ သူပြန်လာသဖြင့် ကြည်နူးရွှင်ပျနေသည်မှာ သိသာလှ၏။

"ရန်ကုန် ပြန်မသွားနဲ့တော့ သားရာ၊ ဒီမှာပဲ ဖေဖေတို့နဲ့အတူ လုပ်ကိုင်စားကြတာပေါ့"

ဟု ဖေဖေကတော့ ပြောသည်။

"အားလုံးက တစ်ဝိုင်းတည်း နေကြတယ်ဆိုပေမယ့် တကယ်



www.burmeseclassic.com

www.burmeseclassic.com



တမ်းကတော့ ဒီအိမ်မှာက ဖေဖေနဲ့ မေမေနဲ့ မမကြီးပဲ ရှိတာ၊ သားက အငယ်ဆုံးလဲဖြစ်တော့ မေမေတို့နဲ့အတူ ပြန်လာနေဖို့ ကောင်းတယ်”

မေမေကလည်း ပြောသည်။ ကိုကိုကြီးတို့ မိသားစုရော ကိုကိုလေးတို့မိသားစုပါ ဖေဖေ မေမေတို့ အိမ်နှင့် အိမ်တစ်ဝိုင်းတည်းမှာ သီးခြား အိမ်များနှင့် နေကြသည်။ အကြီးဆုံး အစ်မကြီးဖြစ်သည့် မမကြီးကတော့ အပျိုကြီးမို့ ဖေဖေတို့နှင့် အတူနေသော်လည်း ယောက်ျားငယ်တစ်ယောက် အိမ်မှာ ရှိသင့်ပြီဟု ဖေဖေတို့က ဆိုသည်။ ဖေဖေကလည်း အသက်ကြီးပြီမို့ လုပ်ငန်းဦးစီးရန် သူ့ကို တာဝန်လွှဲချင်သည်။ ကိုကိုကြီးတို့ ကိုကိုလေးတို့က သူတို့လုပ်ငန်းတွေနှင့်သူတို့မို့ လုံးဝ တာဝန်ယူနိုင်ကြသည်မဟုတ်။ ရံဖန်ရံခါသာ ကူညီနိုင်မည်။

ဒီစကားဝိုင်းက သူ့ကို ဒီမြို့မှာပဲနေဖို့၊ ရန်ကုန်ပြန်မသွားဖို့ ဦးတည်ပြောနေလေပြီ။

ဒီမှာနေဖို့ ဆိုသည်မှာ မြကေခိုင်နှင့် လက်မထပ်ဖို့ ပြောသည်နှင့် မခြားဟု သူနားလည်မိပါ၏။

မြကေခိုင်သည် ဘယ်လိုနည်းနှင့်မျှ နယ်မှာနေ၍ ရနိုင်မည်မဟုတ်။ သူ့အလုပ်က ရန်ကုန်မှာ ရှိနေမှသာဖြစ်မည်။

မြကေခိုင်နှင့် သူ့ကို အဆက်ပြတ်စေရန် ရည်ရွယ်သည့် ပထမ ခြေလှမ်းဟု သဘောပေါက်ပြန်၏။



(၂)

သူ ပြန်ရောက်ပြီး တစ်လလောက်ကြာတော့ အိမ်မှာ မိသားစု စကားဝိုင်း ဖြစ်သည်။

ညစာစားပြီး အားလုံးသည်လည်း အလုပ်သိမ်းပြီမို့ ဖေဖေတို့ အိမ်မှာ လူဆုံသည်။

ကိုကိုကြီးနှင့်မမထွေး၊ ကိုကိုလေးနှင့် မမနုပါ စကားဝိုင်းမှာ ပါသည်။ မမကြီး စကားနည်းသူမို့ ဘေးနားဆီမှာ ထိုင်ရင်း သူထိုးလက်စ ဆွယ်တာကို ထိုးလိုက်၊ ရေနွေးကြမ်း ထည့်ပေးလိုက် လုပ်နေသည်။

“ကိုဦးအရွယ်က အိမ်ထောင်ပြုရမယ့် အရွယ်လည်းရောက်နေပြီ၊ ပြီးတော့ ဖေဖေတို့ မေမေတို့ကလည်း အသက်ကြီးပြီ ကျန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့က အိမ်ထောင်ခွဲဆိုတော့ ဖေဖေတို့ကို ကိုယ်ဖိ ရင်ဖိ အနီးကပ် အမြဲရှိမနေနိုင်ဘူး၊ အဓိကကတော့ ဖေဖေ့အလုပ်ကလည်း အနားယူသင့်ပြီ၊ မမကြီးက ကိုယ်ဖိ ရင်ဖိ ပြုစုနိုင်တယ်ပဲထား၊ လုပ်ငန်းမှာတော့ ကိုဦး ဝင်ဦးစီးပေးဖို့ကောင်းတယ်"

ကိုကြီးက စကားတတ်သူပီပီ စကားကို အစပျိုးတော့၏။

"အကောင်းဆုံးကတော့ ကိုဦး လက်ထပ်ပြီး ဖေဖေတို့ မေမေတို့နဲ့ ဒီမှာ အတူတူနေနိုင်ဖို့ပဲ . . ."

ဟု မမထွေးက ကိုကိုကြီး စကားကို ထောက်ခံပြောသည်။

"အခု မိသားစုဆုံတုန်းမှာ သေသေချာချာ ပြောကြရအောင်ကွာ"

ဟု ဖေဖေကလည်း ချောင်းဟန့်ရင်း ပြောသည်။ ကိုကိုလေးနှင့် မမနုတို့ကတော့ စကားနည်းသူများဖြစ်၍ နှုတ်ဆိတ်ရင်း နားထောင်နေကြသည်။

"ဖေဖေ သားကို တစ်ခုမေးမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"သား . . . ဟို အဆိုတော်လေးနဲ့ဆိုတာ၊ အခုရော . . ."

သူ တံတွေး မျိုချမိရင်း . . .

"ဟုတ်ကဲ့ ကေခိုင်နဲ့ကျွန်တော် အခုထိ ချစ်သူတွေပါပဲ ဖေဖေ"

"ဖေဖေမေးတာ တစ်မျိုး မထင်နဲ့နော်၊ မင်းတို့ ကာလသား သမီးတွေက အခု တွဲလိုက် အခု ပြတ်လိုက် ဖြစ်ကြလွန်းလို့"

အားလုံး ပြုံးကြသည်။





"ကျွန်တော်နဲ့ကေခိုင်က ကျောင်းမပြီးခင်ကတည်းက ပြောရရင် သူ အဆိုတော် မဖြစ်ခင်ကတည်းက ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ၊ အခုထိဆိုပါတော့"

"အဲဒီတော့ သား လက်ထပ်ဖို့ ကိစ္စကရော"

"ကျွန်တော် သူ့ကိုပဲ လက်ထပ်မှာပါ ဖေဖေ"

သူ့စကားကြောင့် စကားဝိုင်း တိတ်ဆိတ်သွားသည်။

"မေမေတို့နဲ့ ဖြစ်မှာ မဟုတ်ဘူးလို့ သားကြီးက ပြောတယ်"

သူ မေမေ့ မျက်နှာကို လှမ်းကြည့်သည်။

"ရန်ကုန်မှာ ဆုံတုန်းက အကြောင်းတွေ ငါ ပြောထားတယ်၊ ငါ မင်းကို ပြောပါတယ်၊ ငါကတော့ သဘောမတူဘူး၊ မေမေတို့ကလည်း ပြောရမယ် ဆိုတာ"

ကိုကိုကြီးက သူ ပြောထားတာကို ဖြောင့်ပဲ ဝန်ခံသည်။

"တစ်ခုရှိတယ် သားရေ ဖေဖေ တွေးတာကတော့ မင်း သူ့ကို လက်ထပ်ရင် ဖေဖေတို့ မိသားစုနဲ့ အတူနေလို့ မရဘူး၊ ပြီးတော့ အတူနေမရတဲ့အပြင် စိတ်ချင်းဝေးပြီး ပိုစိမ်းသွားနိုင်တယ်၊ သားကြီး ပြောမြလို့ သူ့စရိုက် သူ့စိတ်ကို ဖေဖေတို့ မှန်းကြည့်တာပါ"

ဒီကိစ္စတွေကို သူ ဘာမှထပ်၍ ဆွေးနွေး ညှိနှိုင်းနေစရာ မလိုတော့ဟု နားလည်ရင်း နှုတ်ဆိတ်နေလိုက်သည်။ ဖေဖေတို့ ကိုကိုကြီးတို့ အတွေးမမှန်ဟုလည်း သူ မပြောရဲ၊ ကေခိုင်၏ဗီဇကိုလည်း သူက နားလည်သည်။

"ဖေဖေရယ် ကိုယ့်မိသားစုချင်းပဲ ကျွန်တော် ရှင်းရှင်းပဲ ပြောပြလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး မျက်နှာဆီ အကြည့်ပို့လိုက်၏။

"ကိုဦး . . . ဖေဖေတို့ မေမေတို့ရော ငါတို့ ဆွေမျိုးတစ်သိုက်လုံးက မင်းကို မဆွေနဲ့ အိမ်ထောင်ချပေးချင်တယ်"

"မဖြစ်နိုင်ပါဘူး"

သူ့နှုတ်မှ အလိုလို ထွက်သွားသည်။

"မဆွေ ဆိုတာက ခတ်သိ၊ မင်း မမထွေးနဲ့ ညီအစ်မ နှစ်ဝမ်းကွဲ တော်တယ်၊ ကောင်မလေးက အေးတယ်၊ ရည်းစားသနာ မရှိဘူး"

"မဆွေ တော်တယ်ဆိုတာ ကျွန်တော် လက်ခံနိုင်ပါတယ် ကိုကြီး"

"ဒါဆိုကွယ် . . . အဲဒီ ကလေးမလေးနဲ့ဆို မေမေတို့လည်း စိတ်ချမ်းသာမှာ"

ဟု မေမေက ဝင်ထောက်သည်။

"ပြောရရင်တော့ကွာ . . . ငါတို့က မင်းကို မြကေခိုင်နဲ့ သဘောမတူဘူး၊ မဆွေနဲ့ပဲ သဘောတူတယ်၊ အဲဒါပဲ မင်းဘာသာဆုံးဖြတ်၊ မင်းသဘောနဲ့ မင်း မြကေခိုင်နဲ့ပဲ လက်ထပ်မယ်ဆိုရင် ဆွေမျိုးတွေ အကုန်ပြတ်မယ်၊ အဓိက,ကတော့ ဖေဖေနဲ့ မေမေ စိတ်ဆင်းရဲရမယ်၊ မင်းစဉ်းစား"

ကိုကိုကြီး စကားသည် တကယ့် လိုရင်းဟု သူ နားလည်၏။

"မင်းနဲ့ မြကေခိုင် အကြောင်းလည်း သိထားလျက်နဲ့ မဆွေက လက်ထပ်ရမှာဆိုတော့ မဆွေကတောင် နာပါသေးတယ် ကိုဦး၊ ဒါပေမယ့် မဆွေကို မမထွေးတို့ နိုင်တယ်၊ ဝိုင်းပြောလိုက်ရင် ရတယ်၊





သူ့မိဘတွေကလည်း မင်းနဲ့သဘောတူတယ်"

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး မမထွေးရယ်"

ဒီစကားကလွဲ၍ သူ ဘာမှပြောစရာ မရှိဟု ထင်သည်။

"နေဦး . . . ကိုဦး၊ မြကေခိုင်ကရော မင်းကို တကယ်လက်ထပ်မှာတဲ့လား"

ကိုကိုကြီး၏ သံသယစကား။ သူ ပြုံးနေလိုက်၏။

ဘာလို့ မေးတာလဲ ဆိုတော့နော်၊ တကယ်တမ်း တွက်ကြည့်ရင် မြကေခိုင်ဟာ နာမည်ကြီး ရုပ်ချော မိန်းကလေး၊ သူ့မှာ ငွေကြေးလည်း ပြည့်စုံနေပြီ၊ မင်းထက် သာတာတွေ သူ့ဘေးမှာ ဝိုင်းနေမှာပဲ၊ ရယ်တော့ ရယ်ရတယ်၊ တို့ဘက်က သဘောမတူပါဘူး၊ ပြောနေတာဟာ မြကေခိုင်အတွက်တော့ တကယ် ဟာသလို ဖြစ်နေမှာပဲ၊ တို့ကလည်း အဲဒီ ထင်ပေါ်ကျော်ကြားတာတွေ၊ ငွေကြေးပြည့်စုံတာတွေ၊ ရုပ်ချောတာတွေထက် စိတ်နှလုံး နူးညံ့တာ၊ ဆရာသမား မိဘမှန်းသိတတ်တာ၊ အိမ်ထောင်ရှင်မကောင်း ပီသတာတွေကို ပိုပြီး မက်မောကြတာပဲ၊ အဓိက,ကတော့ ကိုယ့်မိသားစုထဲဝင်ပြီး မိသားစုလို ဖြစ်သွားမယ့် သူမျိုးပဲ လိုချင်တာပဲ၊ အဲ . . . ထားပါ၊ ကိုကိုကြီး ပြောချင်တာက သူ မင်းကို သံယောဇဉ် ရှိရုံလောက်နဲ့ သနားနေတာလောက်နဲ့ မပြတ်ဘဲ ထားတာမျိုးရော မဖြစ်နိုင်ဘူးလား ကိုဦး"

"သူ ကျွန်တော့်ကို လက်ထပ်မှာပါ ကိုကြီး"

"မင်းကို ကြိုးရှည်ရှည်နဲ့ လှန်ထားတာရော မဖြစ်နိုင်ဘူးလား"

သူ ထပ်ပြုံးသည်။ မြကေခိုင်၏ စိတ်သဘောကို ထင်သေးရာရောက်သည့် စကားမို့ ရင်ထဲမှာလည်း နာသည်။ ဒီအခါပြုံးက မင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်သည့် သရော်ပြုံး။

"မြကေခိုင် ကျွန်တော့်ကို ဖြတ်ရင် တိခနဲဖြတ်နိုင်တာပဲ၊ သူ့စိတ်က မပြတ်မသား မရှိဘူး၊ သူ ဘာကိုမှ အားနာတတ်တာ မဟုတ်ဘူး"

"သူနေချင်သလိုနေပြီး မင်းကို အချိန်မရွေး ယူဖို့အတွက် ထားတာရောကွာ၊ ဒီလိုပြောတာ သူ့ကို စော်ကားတာ မဟုတ်ဘူးနော်"

"ဟုတ်တယ် မဟုတ်တယ် ငါတို့ အသေအချာ မသိဘူး၊ သတင်းတွေကတော့ အများကြီး ကြားရတာပဲ"

"နာမည်ကြီးတော့ သတင်းထွက်တတ်တာပါ ကိုကြီး"

"ဒါဆို လက်မထပ်ဖြစ်သေးတာက . . . "

"ကျွန်တော့်ကြောင့်ပါ၊ ကျွန်တော်က လုပ်ငန်းတစ်ခုခု အောင်မြင်အောင် ကြိုးစားချင်သေးတယ်၊ သူ့ကို မှီခိုပြီး အိမ်ထောင်တစ်ခု မထူထောင်ချင်ဘူး၊ သူ့လို ကျော်ကြားမှု မရှိပေမယ့် အိမ်ထောင်တစ်ခုအတွက် ဝင်ငွေရှာနိုင်တဲ့ ယောက်ျား ကျွန်တော် ဖြစ်ချင်တယ်၊ ဒါကြောင့်ပါ . . . "

"ဒီလိုဆို . . . "

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့မှာ ကန့်သတ်ထားတဲ့ရက် ရှိပါတယ် ကိုကြီး၊ သူ ကျွန်တော့်ကို တစ်နှစ် အချိန်ပေးထားတယ်၊ အခုပြည့်ဖို့ သုံးလေးငါးလပဲ လိုမယ် ထင်တယ်၊ အဲဒီရက်မှာတော့ သူနဲ့ ကျွန်တော် လက်ထပ်မှာပါ"

"ဒါ . . . မင်း ဆုံးဖြတ်ချက်ပဲလား"

"ဟုတ်ကဲ့"





"ဖေဖေရော မေမေရော ကြားတယ်နော်၊ ကိုဦးဘက်ကတော့ ပြတ်သားနေပြီ"

ဖေဖေနှင့်မေမေ့မျက်နှာကို တစ်လှည့်စီ လှမ်းကြည့်၏။ ညိုးငယ် ဝမ်းနည်းရိပ်တို့ဖြင့် ငေးရီတွေဝေနေတာ မြင်ရတော့ စိတ်မကောင်း။

"ဖေဖေတို့ မေမေတို့မျက်နှာမြင်ရင် ဒီကောင် စိတ်ပြောင်းသွားမှာပါ၊ ဖေဖေတို့ မေမေတို့ ပြောရင် ဒီကောင် ရမှာပါဆိုတော့ ကျွန်တော် ဒီကောင့်စိတ် သိတယ်လို့ ပြောခဲ့တယ် မဟုတ်လား"

"အချိန်တွေ ရှိပါသေးတယ်"

မမနုက မရေမရာ စကားဖြင့် စကားဝိုင်းကို ဖြေသိမ့်ပေးသည်။

ဖေဖေ ရုတ်တရက် ထပြီးရပ်ကာ ဘယ်သူ့မှ နှုတ်မဆက်ဘဲ အိမ်ပေါ်ထပ် တက်သွားတော့သည်။

"မင်းအဖေ သွေးတိုးပြီ ထင်တယ်"

ဟု မေမေက တီးတိုးပြောသည်။

မမကြီးက ထိုးလက်စ ဆွယ်တာကိုချရင်း အပေါ်ထပ် ဖေဖေ့နောက် လိုက်သွားတော့၏။

စိတ်မသက်သာစွာ ထရပ်လိုက်သော ကိုကိုကြီးနှင့်မမထွေးက မေမေ့ကို နှုတ်ဆက်ရင်း အိမ်ပေါ်မှ ဆင်းသွားသည်။

မမနုက မေမေ့ အနားပြောင်းထိုင်လိုက်၏။

မြင်ကွင်းသည် သူ့ကို ဗဟိုပြုလျက် အားလုံးထိခိုက်ကြေကွဲစွာ စိတ်မချမ်းမြေ့ဖွယ်ရာမို့ သူ့ရင်မှာလည်း ယောက်ယက်ခတ် လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားအောင် ခံစားရပြန်ပြီပဲ။

ကိုကိုလေး၏ မီးခြစ်ခြစ်သံသည် အခန်းထဲမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။



(၃)

ဒီစကားဝိုင်း ပြီးသည့် နောက်ပိုင်း ရက်များ၌ အားလုံးနှင့် ခပ်တန်းတန်း ဖြစ်သွားသလို ခံစားရပြန်သည်။ ရောက်စကနှယ် လွှတ်လပ် ရယ်မောပျော်ရွှင်ဖွယ် မကောင်းတော့သလို။ ဖေဖေ့ ကျန်းမာရေးသည် အစကတည်းက ချူချာပါလိမ့်မည်။ သို့သော်လည်း မိမိကိစ္စနှင့် ပတ်သက်၍ ပြောဆိုပြီးနောက်ပိုင်း ဖေဖေ့ ကျန်းမာရေး မကောင်းတော့ အားလုံးက မိမိကို တရားခံကြည့် ကြည့်ကြပြန်သည်။

ရောက်စ တစ်လအတွင်းမှာပင် မြကေခိုင်ထံမှ စာရောက်လာသည်။ ဘာရယ်တော့မဟုတ်၊ သတိရလွမ်းဆွတ်ကြောင်းများကို ဖွဲ့နွဲ့ရေးသားထားသည်။ စတိတ်ရှိုးများ၊ မင်္ဂလာဆောင်များနှင့်အလုပ်ရှုပ်ကြောင်းများပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်စောင်မှာတော့ အခွေအသစ်သွင်းဖို့ကိစ္စ စ,နေပြီမို့ မအားလပ်တော့ကြောင်း ရေးထားသည်။ ကိုမောင်မောင်ဝင်းထံမှလည်း စာတစ်စောင် ရောက်လာသည်။ ဝပ် (ခ) ဆိုက် အသစ်တစ်ခုကို ပြောင်းရပြီ ဖြစ်ကြောင်း၊ သွားရ လာရတာ ပိုဝေးသွားလို့ ပင်ပန်းကြောင်း၊ အိမ်မှာ သူတစ်ဦးတည်း ဖြစ်နေသဖြင့် ဝေါင်တောင်တောင် ဖြစ်ကြောင်းများ ရေးထား၏။

စာလာတိုင်း သူ စာပြန်ရေးဖြစ်ပါသည်။ မြကေခိုင်ထံ ရေးသည့် စာထဲတွင် မိသားစုကိစ္စများကို သူ ချန်လှပ်ထားခဲ့၏။ မြကေခိုင် သိရလျှင်လည်း စိတ်မကောင်း ဖြစ်ရုံမှလွဲ၍ ထူးခြားမည်မဟုတ်ဟု သူ ထင်သည်။

ဖေဖေက သွေးတိုး ခဏခဏ ဖြစ်နေသဖြင့် ပြန်မည့်အကြောင်းကို စကားမစရဲသေး။

အေးအေးဆွေအိမ်မှ ထမင်းဖိတ်ကျွေးသဖြင့် ထမင်းသွားစားဖြစ်သည်။ မမထွေး၏အရယ်အနောက်စကားတို့ဖြင့် အေးအေးဆွေကို သူ မျက်နှာပူမိပြန်သည်။

❧ ❧ ❧



(၄)

တစ်နေ့တော့ အေးအေးဆွေ ရုံးရှေ့ကအဖြတ် အေးအေးဆွေ ရုံးအလာနှင့်တိုးသည်။

"ရုံးလာတာလား"

"ဟုတ်တယ် ကိုဦး"

အေးအေးဆွေကို သူ့ကိစ္စ ဆွေးနွေးရလျှင် ကောင်းမည်ဟု စဉ်းစားမိသည်။

"နည်းနည်းအချိန်ရမလား မဆွေ၊ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင် ခဏထိုင်ရအောင်"

"ကိုဦး ကိစ္စ ရှိလို့လား"

"ကျွန်တော် မဆွေနဲ့ စကားနည်းနည်း ပြောချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရပ်တယ်"

ရုံးနှင့် မလှမ်းမကမ်းမှ လက်ဖက်ရည်ဆိုင်ဆီ သူတို့နှစ်ဦး လျှောက်ကြသည်။

"ရန်ကုန်ကို ပြန်လွမ်းနေပြီလား"

အတူလျှောက်ရင်း အေးအေးဆွေမေးသည်။ အေးအေးဆွေကို သူ တစ်ချက်ကြည့်လျက် . . .

"ပြန်တော့ ပြန်ချင်ပြီဗျာ"

ဟု ပြော၏။

"အိမ်က မလွှတ်သေးလို့လား"

"ဖေဖေတို့ မေမေတို့က ကျွန်တော့်ကို အငယ်ဆုံးဆိုပြီး ကလေးလို့ ထင်နေကြတာ၊ ပြောရမှာ ပြောမထွက်ဘူး ဖြစ်နေတယ်"

လက်ဖက်ရည်ဆိုင်ထဲမှာ လူကျဲသည်။ နောက်ပိုင်းက ထောင့်စားပွဲမှာ သူတို့ ဝင်ထိုင်လိုက်ကြပြန်၏။

"ကော်ဖီပဲလား"

"ကျွန်မ ဘာမှ အစွဲအလမ်း မရှိပါဘူး"

အဖြေကို သဘောကျရင်း သူ ပြုံးသည်။

ကော်ဖီတစ်ခွက်နှင့် လက်ဖက်ရည် ချိုပေါ့ကျတစ်ခွက် သူ မှာလိုက်သည်။ ဘယ်လိုပဲမှာမှာ နယ်က လက်ဖက်ရည်တွေကို သူ သောက်လို့ မရပြန်။ အိမ်မှာ တစ်ခါ ပြောမိတော့ ဒီစကားကို အစအန ကောက်ပြီး တစ်မျိုး ပြောကြဆိုကြ ခံရပြန်သည်။ ရန်ကုန်ဟာတွေမှ ပိုကောင်းတယ် ထင်နေတာ၊ ရန်ကုန်ပြန်ချင်တဲ့စိတ်ကြောင့်ပါ ဟု မမနုက စွပ်စွဲသည်။





"ကိုဦး ပြောစရာ ရှိတာ ပြောပါ။ ကျွန်မကို မိတ်ဆွေတစ်ယောက်လို သူငယ်ချင်းတစ်ယောက်လို တိုင်ပင်နိုင်ပါတယ်"

ရိုးအေးပွင့်လင်းစွာ ပြောလာသော အေးအေးဆွေမျက်နှာကို သူ ငေးကြည့်ရင်း သက်ပြင်းကို ချသည်။

"ကျွန်တော့်ကို အဲဒီလို နားလည်သဘောပေါက်တာ ကျေးဇူးတင်ပါတယ်ဗျာ"

"ကိုဦး ဘာပြောချင်တာလဲ"

"ဪ . . ."

ရုတ်တရက် သူ ခေါင်းငုံ့သွားသည်။

"ကျွန်တော်နဲ့ မဆွေကို လူကြီးတွေက လက်ထပ်ပေးဖို့ စီစဉ်ချင်ကြတယ်ဆိုတာ မဆွေ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

အားတင်း ပြောလျက် အကြည့်ဆုံသည်။

"ရန်ကုန်မှာတုန်းက ဒီလောက် လေးလေးနက်နက် ကျွန်တော် မထင်ခဲ့ဘူး၊ မမတွေးတို့ စ,တာ နောက်တာလို့ပဲ ထင်တာ"

"အဲဒီကတည်းက ကျွန်မ သိပြီးသားပါ၊ အိမ်က ကျွန်မကို ဖွင့်ပြောထားတယ်"

"ဪ . . ."

"ကျွန်မ အနေအထားကို ကိုဦး သိအောင် ပြောချင်တယ်"

"ပြောပါ မဆွေ"

"ကျွန်မက အိမ်မှာ ကျွန်မ သဘောနဲ့ ကျွန်မ ပိုင်ပိုင်ခွင့် ဘာမှမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က ချုပ်ချယ်လို့လား"

"အဲဒီလို ချုပ်ချယ်လွန်းတာလဲ မဟုတ်ဘူး ကိုဦး၊ ဘာပြောရမလဲ၊ အစဉ်အလာကြီး တစ်ခုလိုပါပဲ၊ ကျွန်မတို့ မောင်နှမငါးယောက်ရှိတယ်၊ ကျွန်မ အငယ်ဆုံးလေ၊ အကြီးတွေကစပြီး မိဘစကားတစ်ခွန်းပဲ၊ ပြီးတော့ မောင်နှမတွေမှာလည်း အထက်အောက် ရှိသေရတယ်၊ စကားနားထောင်ရတယ်၊ အားလုံးက မိဘ အစီအစဉ်အတိုင်း ပညာရှာတာကစပြီး နောက်ဆုံး အိမ်ထောင်ကျတာအထိ လိုက်နာခဲ့ရတယ်၊ ကျွန်မ အလုပ်မရခင်အထိ ကျွန်မဘာသာ အဝတ်အစား ဝယ်မဝတ်ဖူးပါဘူး၊ အိမ်က အမေဆင်တာပဲ ဝတ်ခဲ့ရတာ၊ ခုမှ အလုပ်နဲ့ဘာနဲ့ကျမှ ကိုယ်ကြိုက်တာ ဝယ်ဝတ်ခွင့်ရလာတာ၊ ဒီတော့ ကျွန်မတို့က မိဘ ဘာပြောပြော လက်ခံနားထောင် ခေါင်းညိတ်ရုံကလွဲလို့ ဘာမှ မရှိပါဘူး ကိုဦး"

အေးအေးဆွေ၏ အနေအထားကို သူ နားလည်သဘောပေါက်လိုက်သည်။ ပြီးတော့ အေးအေးဆွေမိဘများက ကိုကိုကြီးတို့ မမထွေးတို့နှင့် စီးပွားဆက်နွယ်နေမှုန်းလည်း သိခဲ့သည်။ ကိုကိုကြီးတို့က ဩဇာလွှမ်းကြောင်းလည်း သူနားလည်သည်။

"တစ်ခု မေးမယ်နော်၊ ကျွန်တော့်ကိုလည်း သူငယ်ချင်းလို ရင်းရင်းနှီးနှီးပဲ ပြောစေချင်ပါတယ်"

ကြည့်ပြီး နှစ်ဦးလုံး ပြုံးမိကြပြန်သည်။

"မေးလေ . . . ကိုဦး"

ဟု အေးအေးဆွေ ပြောရင်း သူ့အမေးကို နားစွင့်နေဟန်ပြ၏။





"မဆွေမှာ ချစ်သူတွေ ဘာတွေ မရှိဘူးလား"

မျက်နှာမှာ ရှက်သွေးဖြန်းသွားတာ သတိထားနိုင်လိုက်၏။ အကြည့်ကိုလွှဲကာ အနေရအထိုင်ရ ခက်ဟန်ပြသည်။

"ကျွန်တော် ရင်းရင်းနှီးနှီး မေးကြည့်တာပါ"

"မရှိဘူး ကိုဦး"

"ဪ [illegible] . ."

"ကျွန်မကို ပရိုပိုစ်လုပ်တဲ့လူတွေတော့ ရှိတာပေါ့၊ ကိုယ်က ကိုယ့်အိမ်အကြောင်း သိထားတော့ စိတ်ကို လွှတ်မပေးရဲဘူးလေ၊ ဒီကိစ္စတွေကို စိတ်မဝင်စားသလိုပဲ နေလိုက်မိတယ်၊ တစ်နေ့မှာ ကိုကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အိမ်က သဘောတူတဲ့သူကို ကျွန်မ လက်ထပ်ရမယ်ဆိုတာ သိထားတာပဲ"

သူ့စကားကို နားထောင်ရင်း သူ့မှာလည်း သူ့အပူနှင့်သူပါလားဟု နားလည်လာပြန်သည်။

"ကိုဦးနဲ့ ကျွန်မ လက်ထပ်ပေးဖို့ မေမေ ကျွန်မကို ပြောတော့ ကိုဦးမှာ ရည်းစားရှိတာပဲလို့ ကျွန်မ ပါးစပ်က ထွက်သွားခဲ့ဖူးတယ်၊ ယောကျ်ားလေးပဲတဲ့၊ သူလည်း အိမ်က လက်ထပ်ပေးတဲ့သူနဲ့ တစ်နေ့ ယူရမှာပဲလို့ မေမေက ပြောတယ်လေ"

"ကျွန်တော် မဆွေကို တစ်ခုတော့ ပြောပါရစေ၊ မဆွေသိက္ခာကို မလေးစားလို့ ပြောတာ မဟုတ်ပါဘူးနော်၊ ကျွန်တော့်သဘောကို မဆွေ ရှင်းရှင်းသိထားသင့်တယ် ထင်လို့ပါ"

"ပြောပါ ကိုဦး"

"ကျွန်တော် မဆွေကို ခင်တယ်၊ သံယောဇဉ်လဲ ရှိတယ်ဗျား"

ဒေါင်းယာဉ်ဖျံအနုပညာလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မိန်းမပီသတဲ့ မဆွေကို အိမ်ထောင်ဖက်အဖြစ်၊ ကျွန်တော် ဘာမှမလိုလားစရာ မရှိပါဘူး၊ ဒါပေမယ့် ကေခိုင့်ကို လက်ထပ်ရမယ် မဆွေ၊ ကေခိုင့်ကို ကျွန်တော် ချစ်တယ်"

သူ့စကားကို အေးအေးဆွေက အံ့သြတုန်လှုပ်မှုကင်းမဲ့စွာ နားထောင်နေနိုင်သည်။

"ကိုဦးတို့ အဆင်ပြေပါစေလို့ ကျွန်မ ဆုတောင်းပေးပါ့မယ်၊ ကျွန်မဘက်ကသာ ငြင်းပယ်လို့ ဖျက်လို့ရတဲ့ အခွင့်အရေးမျိုး ကျွန်မမှာ ရှိရင် ကိုဦးတို့အတွက် ဒီကိစ္စကို ကျွန်မ မရရအောင် ဖျက်ပေးမိမှာပဲ။ အခုတော့ ကျွန်မက မိဘကို ဘာမှပြန်ပြောလို့မရတဲ့ အနေအထားဆို တာလည်း ကိုဦး နားလည်ပေးပါ"

"ကျွန်တော် နားလည်ပါတယ် မဆွေ"

အေးအေးဆွေက လက်မှ နာရီကို ငုံ့ကြည့်သည်။

"ကဲ . . . သွားရအောင်နော်"

ပြောပြီး သူ ထ,ရပ်ကာ ကောင်တာဆီသို့ ပိုက်ဆံရှင်းရန်သွားသည်။ ဆိုင်ဝရောက်တော့ ရပ်စောင့်နေသည့် အေးအေးဆွေကို နှုတ်ဆက်ရင်း လမ်းခွဲလိုက်၏။

အေးအေးဆွေကို စကားတွေ ပြောလိုက်ရသဖြင့် ရင်ထဲမှာ နည်းနည်းပေါ့ပါးသွားသလို။

* * *

(၅)

ကိုထွန်းဝေဦး ...

လိုရင်းကိုပဲ ကျွန်တော် ရေးတော့မယ်ဗျာ၊ ခင်ဗျား ရန်ကုန်ကို အမြန်ဆုံး ပြန်လာမှ ဖြစ်တော့မယ်။

မြကေနှင်း ပတ်သက်ပြီး ခင်ဗျား သူငယ်ချင်း လဲ့လဲ့ထွန်းကို လင်မယား ကွဲကြရတော့မယ်၊ လဲ့လဲ့ထွန်း ကျွန်တော့်ဆီ ရောက်လာပြီး ခင်ဗျားလိပ်စာ ယူသွားတယ်။

ဆက်ဆက်ပြန်လာခဲ့ပါ။

ခင်လျက် ...

မောင်မောင်ဝင်း

ခေါင်းယာဉ်ပျံအနုပညာလုပ်ငန်း:

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင်ဝင်း စာကို ဖောက်ဖတ်ပြီးတော့ သွေးကြောတွေအားလုံး ရပ်တန့်သွားပြီလား ထင်လိုက်ရ၏။ နွေခေါင်ခေါင်မှာ မိုးကြိုးပစ် တော်လဲသံကို ကြားလိုက်ရသလိုပင်။ ရင်သည် အတိုင်းအဆမဲ့စွာ လှုပ်ခတ်လွန်းသဖြင့် ပွင့်ထွက်သွားတော့မလို။ မြကေခိုင် ဘာတွေလုပ်လိုက်ပါသလဲ။ သူနယ်ကိုရောက်တာ သုံးလမျှပင် မပြည့်သေး။ ဒီအချိန်အတွင်းမှာ အဖြောင်းအလဲတွေက မြန်ဆန်လွန်းလှပါကလား။ ကိုဘုန်းဇော်၏ မျက်နှာနှင့် ကိုဘုန်းဇော်တို့ လင်မယားသားငယ်လေးနှင့်အတူ ဆိုင်ထဲမှာ ဆုံခဲ့တာ သတိတရ ရှိလာပြန်သည်။

ကိုဘုန်းဇော်နှင့် မြကေခိုင် ဘယ်လို ပြန်ပတ်သက်ခဲ့တာလဲ။ အတွေးတို့ဖြင့် ချာချာလည်ကာ ရူးသွပ်သွားတော့မတတ် ခံစားရပြန်သည်။

သူ ရန်ကုန်ကို ခဏပြန်မည်ဟု ဖွင့်ပြောတော့ ဖေဖေရောမေမေပါ စိတ်မကောင်းကြ။ ထိုညက ညစာကို ဖေဖေက ဝင်မစားတော့။ မေမေက မျက်ရည် စမ်းစမ်းဖြစ်သည်။

မြကေခိုင်ဆီက ပြန်ခေါ်သည့်စာဟု ကိုကိုကြီးက စွပ်စွဲသည်။

ကိုမောင်မောင်ဝင်း စာကို သူဘယ်လိုမှ ပြလို့လည်း မဖြစ်။

"ကျွန်တော် အလုပ်ကိစ္စ အရေးကြီးလို့ ခဏလေး နေမှာပါ ကိုကြီး၊ ဖေဖေ့ ကျန်းမာရေး မကောင်းတာလည်း ကျွန်တော် သိပါတယ်၊ ပြန်လာမှာပါ၊ အဝတ်အစားတောင် နည်းနည်းပါပဲ၊ ကျွန်တော် ထည့်ယူသွားတယ်"

အဝတ်အစား ထည့်ထားသော အိတ်ကို မေးငေါ့ပြရင်း သူကိုကိုကြီးကို ပြောသည်။





"အဝတ်အစားပဲကွာ၊ ဟိုမှာ ဝယ်ရတာပဲ"

မယုံစကားကို ကိုကိုကြီး ဆို၏။

"တကယ်ပါ၊ ကျွန်တော် ခဏနေပြီး ပြန်လာမှာပါ"

သူ့ကို ဘယ်လိုမှ တားရတော့မည် မဟုတ်မှန်း သိတော့ ဘယ်သူမှ စကားဟက်ဟက်ပက်ပက် မပြောကြတော့ချေ။

အထူးသဖြင့် ဖေဖေနှင့်မေမေ့အတွက် သူ ခံစားရပြန်သည်။ ရန်ကုန်ကို သူ လိုက်မသွားလို့ကလည်း မဖြစ်ပြန်။ မြကေခိုင် သူ့ကို အရူးလုပ်ပြီလား။ ကောလဟာလ စကားတော့ မဟုတ်ဟု သူ ယုံပြန်၏။ ကိုမောင်မောင်ဝင်းထံသို့ လှဲလှဲထွန်း ရောက်လာပြီဆိုကတည်းက ကောလဟာလ မဖြစ်နိုင်။ ဆိုင်ထဲမှာ ဆုံစဉ်က လှဲလှဲထွန်းကို သူနေသည့်လိပ်စာ ပေးခဲ့သည်ကို ပြန်သတိရ၏။

ကျွမ်းမြိုက်သော အပူဖြင့် ရင်သည် မခံမရပ်နိုင်အောင် ဖြစ်ရပြီ။ ကြေကွဲသော နှလုံးဖြင့် ယူကျုံးမရခံစားနာကျင်ရပြန်ပြီ။

အရှင်လတ်လတ် အသည်းနှလုံးကို ထုတ်ယူခံလိုက်ရသူပမာ ဖြစ်ပေတော့မည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၆)

တံခါးခေါက်သံကြောင့် မောင်မောင်ဝင်းက ခေါင်းထောင်ကြည့်သည်။ တံခါးခေါက်သံရပ်သွားတော့ မျက်နှာချင်းဆိုင် အခန်းကို ခေါက်သည် ထင်လျက် စာကို ဆက်ဖတ်သည်။ နောက်ထပ် ခေါက်သံကြားတော့ စာအုပ်ကို ချလျက် ခုတင်ပေါ်မှ ဆင်းလိုက်သည်။ အိမ်ရှေ့တံခါးဆီသို့ လျှောက်၏။ တံခါးဝနား သူ မရောက်ခင်မှာ တံခါးခေါက်သံ ထပ်၍ ကြားရပြန်သည်။ လာပြီလာပြီဟု နှုတ်မှ အသံထွက်ရင်း တံခါးကို ဖွင့်ပေးလိုက်သည်။

တံခါး အဖွင့်မှာ မြင်ရသော မျက်နှာကြောင့် သူ အံ့အားသင့်သွားသည်။ အခန်းမှား၍ တံခါးခေါက်မိသူဟု သူ နားလည်လိုက်ပြန်၏။ ဖြူဖျော့နွမ်းလျလျက် ညှိုးငယ်သော မျက်နှာကို ပထမဆုံး သတိ





ထားဖြစ်သည်။ ဆံပင်ဘည် ဖားလျားချထားသော်လည်း သေသပ်ခြင်း မရှိ။ မျက်နှာက အလိမ်းအခြယ်ကင်းလျက် ပြောင်ချောနေသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ငေးကြောင် ရပ်ကြည့်နေသော အမျိုးသမီးကို မောင်မောင်ဝင်းက စပြီး မေးလိုက်၏။

"ထွန်းဝေဦး၊ ကိုထွန်းဝေဦးတို့ အခန်းဟုတ်ပါတယ်နော်"

အမျိုးသမီး၏နှုတ်မှ ခပ်ဖျော့ဖျော့စကားသံ ထွက်လာသည်။

"ဪ . . . ဟုတ်တယ်ဗျ"

"ဒါဆို . . . ကျွန်မ ထွန်းဝေဦးနဲ့ တွေ့ချင်လို့ပါ။ သူ့သူငယ်ချင်း လှလှထွန်းပါ"

"ထွန်းဝေဦး နယ်ပြန်သွားတာ သုံးလလောက် ရှိပြီဗျ၊ ကျွန်တော့်ကို မှာခဲ့ပါ။ သူ့သူငယ်ချင်း မောင်မောင်ဝင်းပါ"

သူ့စကားကြောင့် အမျိုးသမီးက စိတ်ပျက်သွားဟန် လေပူကို မှုတ်ထုတ်ရင်း ငိုင်ကျသွားသည်။

"လာပါခင်ဗျ၊ အထဲကို ဝင်ထိုင်ပါဦး"

"ကျွန်မ ခဏဝင်မယ်နော်၊ ထွန်းဝေဦးလိပ်စာလည်း လိုချင်လို့"

"ဝင်ပါခင်ဗျ၊ ရပါတယ်"

ဧည့်ခန်းမှာ သူ နေရာပေးသည်။

ကျွန်မ ဒုက္ခတစ်ခုနဲ့ ရင်ဆိုင်နေရလို့၊ အဲဒါ ထွန်းဝေဦးနဲ့ ပတ်သက်နေတာမို့ သူ့ဆီ ကျွန်မ လာတွေ့တာပါ။ နေ့လယ်က တစ်ခေါက် ရောက်သေးတယ်၊ တံခါးပိတ်ထားတာ တွေ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . သူ ပြန်သွားတော့ ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့တာဆိုတော့ နေ့လယ်အလုပ်သွားတုန်း အခန်းက ပိတ်ထားရတယ်လေ"

"ထွန်းဝေဦးနဲ့ တော်တော်ရင်းနှီးလား"

"အဲ . . . ကျောင်းပြီးမှ သိရတာ ဆိုပေမယ့် ညီအစ်ကိုလို ရင်းနှီးပါတယ်၊ ဒါကြောင့်လဲ သူနဲ့ကျွန်တော် အတူနေဖို့ နှစ်ယောက်စပ်တူ ဒီအခန်း ငှားခဲ့ကြတာပါ"

"အင်းပေါ့နော် . . . အတူနေကြတာပဲ၊ ရင်းနှီးလို့ပေါ့"

"ကျွန်တော့်ကို ထွန်းဝေဦးကိစ္စဆို အားလုံး ဖွင့်တိုင်ပင်လို့ရပါတယ်၊ သူနဲ့ကျွန်တော်ကြားမှာ လျှို့ဝှက်ထားတာ မရှိပါဘူး၊ သိပ်အရေးကြီးရင် ကျွန်တော်လည်း သူ့ဆီ စာရေးနိုင်တာပေါ့"

အမျိုးသမီးက သက်ပြင်းချရင်း စဉ်းစားနေပုံရ၏။

"ကိုမောင်မောင်ဝင်း"

"ဟုတ်ကဲ့ . . . မောင်မောင်ဝင်းပါ"

"ကျွန်မ လဲ့လဲ့ထွန်းပါ၊ ကျောင်းမှာတုန်းကတည်းက ထွန်းဝေဦးနဲ့ တစ်ခန်းတည်း တစ်တန်းတည်းပါ၊ မြကေခိုင်နဲ့လည်း တစ်ဆောင်တည်း နေခဲ့ဖူးပါတယ်"

"ဪ . . . မြကေခိုင်နဲ့ပါ သိတာပေါ့"

"ရင်းရင်းနှီးနှီး နေခဲ့ဖူးပါတယ်"

"ကျွန်တော်က တံခါးသံကြားတော့ မြကေခိုင်ပဲ ထင်လိုက်သေးတယ်၊ ဘာအရေးကြီးလာလဲလို့ အောက်မေ့တာ"

"ထွန်းဝေဦးနဲ့ မြကေခိုင်တို့ ဆက်ဆံရေးကိုလည်း ကိုမောင်





မောင်ဝင်း သိမှာပေါ့နော်"

"ဟုတ်ကဲ့ . . . သိပ်ချစ်ကဲ့သူတွေလို့ ကျွန်တော် သိထားပါတယ်"

မသက်မသာ သက်ပြင်းကိုချပြန်၏။

"ကျွန်မ ကိုမောင်ခဲ့မောင်ဝင်းကို ယုံလည်း ယုံပါတယ်၊ ကိုထွန်းဝေဦးရဲ့ သူငယ်ချင်း အရင်းအချာဆိုတော့ မရှက်မရွံ့ဘဲ ပြောပါမယ်၊ ကျွန်မ အမျိုးသားက ကိုဘုန်းဇော်တဲ့၊ ထွန်းဝေဦး သိပါတယ်၊ အဲဒါ . . ."

စကားကို ဖြတ်၏။

"ပြောပါ မလဲ့လဲ့ထွန်း"

"အဲ . . . အဲဒါရှင် . . . အခု ကျွန်မ အမျိုးသားနဲ့ မြကေခိုင် တော်တော် ခရီးလွန်နေကြတယ်"

"ခင်ဗျာ . . ."

မောင်မောင်ဝင်းက နှုတ်မှ အသံထွက်အောင်ပင် အံ့သြသွားမိတော့သည်။

"ဟုတ်ပါ့မလားဗျာ"

"ဟုတ်ပါတယ် ကိုမောင်မောင်ဝင်း"

"ကျွန်တော် ပြောတာက မြကေခိုင်က နာမည်ကြီးဆိုတော့ သတင်းက အမျိုးမျိုး ထွက်တတ်တာပဲ၊ ဟုတ်တာရှိသလို တစ်ခါခါမှာ ဘာမှမဟုတ်ဘဲ သတင်းထွက်လာတာ ရှိပါတယ်"

မဖြစ်ပါစေနှင့်ဟု စိတ်ထဲက ဆုတောင်းရင်း ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်မောင်ဝင်း ပြောတဲ့ စကားတွေ ကျွန်မ သဘောပေါက်ပါတယ်၊ အခုဟာက အတော်လေးကို ခရီးလွန်ပြီးမှ ကျွန်မလည်း သိလို့ ဘာလုပ်ရမှန်း မသိအောင် ခေါင်းပူပြီး ဒီကို ပြေးလာတာ"

"ဒီသတင်း အမှန်လို့ ဘယ်လိုသိတာလဲ"

"ကျွန်မ အမျိုးသားကိုယ်တိုင်က ဝန်ခံတာပါ ကိုမောင်မောင်ဝင်း"

"ဟာဗျာ . . ."

"မအံ့သြပါနဲ့ ကိုမောင်ဝင်း၊ ကျွန်မလည်း အလုပ်နဲ့ နယ်ပြောင်းရတယ်၊ ထွန်းဝေဦးတို့နဲ့ ဆိုင်ထဲမှာဆိုပြီး မကြာခင်ပဲပေါ့၊ ကျွန်မ အမျိုးသားက ဒီမှာ ကုမ္ပဏီအလုပ်နဲ့ ကျန်ခဲ့တာ၊ သူတို့ချင်း တွဲနေကြတယ်လို့ လွန်ခဲ့တဲ့ တစ်လကျော်ကျော်က ကျွန်မဆီ သူငယ်ချင်းတွေက စာလှမ်းရေးတယ်၊ ကျွန်မ မယုံဘူး၊ ဒါနဲ့ အကဲခတ်ချင်လို့ ခွင့်ယူပြန်လာတယ်၊ ကျွန်မ အမျိုးသားကို မေးတယ်၊ မဟုတ်ပါဘူး သူငြင်းတော့ ကျွန်မ ယုံတယ်လေ၊ ကိုမောင်မောင်ဝင်း ပြောသလို ဒါဟာ မြကေခိုင်နဲ့ ပတ်သက်တဲ့ ကောလဟာလပဲလို့ ထင်လိုက်တယ်၊ ဖြစ်နိုင်တာက ကျွန်မအမျိုးသားနဲ့ ဆင်ဆင်တူတဲ့ သူတစ်ယောက်ယောက်နဲ့ မြကေခိုင် တွဲတာလဲ ဖြစ်နိုင်တယ်၊ ကျွန်မ စိတ်အေးလက်အေးပဲ နယ်ပြန်သွားတယ်၊ ဒီတစ်ခါ စာတွေ ရောက်လာလို့ ကျွန်မ ရန်ကုန် ပြန်လာတော့ သူ့ကို မေးတော့ သူ ဝန်ခံတယ်၊ မငြင်းတော့ဘူး"

"ခင်ဗျား အမျိုးသားကလား"

"ဟုတ်တယ် ကိုမောင်မောင်ဝင်း"

"မြကေခိုင် နာမည်ကြီးပဲဗျာ၊ ပြီးတော့ . . . ကိုထွန်းဝေဦးနဲ့





လက်ထပ်ဖို့ ပြောဆိုထားတဲ့အထိ ကျွန်တော် သိတယ်"

"ကိုမောင်မောင်ဝင်း စိတ်ထဲမှာ မြကေခိုင်လို နာမည်ကြီးက ကျွန်မ အမျိုးသားကိုတွဲတာ၊ အဲ . . . ကြိုက်တာပေါ့၊ ထူးဆန်းချင် ထူးဆန်းမယ်၊ ထွန်းဝေဦး သိပါတယ်၊ ထွန်းဝေဦးနဲ့ မြကေခိုင် မဖြစ်ခင်က သူတို့နှစ်ဦးက ခပ်ငြိငြိ ဖြစ်ခဲ့ကြသေးတယ်လေ"

"ဩော် . . ."

"အေးဗျာ . . . ဒါ ဘယ်လိုမှ မဖြစ်သင့်တဲ့ အရာပဲ၊ ကျွန်တော် ထွန်းဝေဦးဆီကို စာရေးမယ်၊ ဒီညပဲ ရေးထည့်မယ်"

"ကျွန်မက ကျွန်မယောကျ်ားကို မနိုင်ဘူး ကိုမောင်မောင်ဝင်း သူ့ကို ကျွန်မ ဘယ်လိုမှ ပြောလို့ နောက်ဆုတ်မှာ မဟုတ်ပါဘူး ဒါကြောင့် ထွန်းဝေဦးကို မြကေခိုင် နောက်ဆုတ်ဖို့ ပြောပေးခိုင်းချင်လို့ ထွန်းဝေဦးမရှိလည်း သူ့လိပ်စာ ကျွန်မ ယူသွားမယ်၊ ကျွန်မလည်း စာရေးလိုက်ချင်တယ်"

"ဟာ . . . ရေးလိုက်ပါ ကောင်းပါတယ်၊ ဒါ . . . ကျွန်တော်တို့က ဖုံးဖိထားရမယ့်ကိစ္စမှ မဟုတ်တာ၊ ကာဇယက်ရှင် သိပြီး မှ ဖြစ်မယ့်ကိစ္စပဲ"

စာရွက်တစ်ရွက်ကို လှမ်းယူပြီး ထွန်းဝေဦးလိပ်စာကို ရေးသူပေးသည်။ လဲ့လဲ့ထွန်းက လှမ်းယူပြီး ပိုက်ဆံအိတ်ထဲ ထည့်

"ကျွန်မ နယ်ကို အလုပ်နဲ့ပြောင်းတော့ ကလေးကို ကျွန်မ မိဘတွေဆီ ပို့ထားလိုက်မိတယ်၊ ကျွန်မ အမျိုးသားက သူ ကုမ္ပဏီမှာ အလုပ်တစ်ဘက်နဲ့မို့ မအားဘူးလေ၊ ဒီတော့ သူ လွတ်လွတ်လပ်လပ် ရှုပ်လို့ ရသွားတာပေါ့၊ ကျွန်မ အမှားပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မလွန်ခင် ပြင်လို့ ရနိုင်မှာပါ၊ ထွန်းဝေဦးကို ရန်ကုန် အမြန်ပြန်လာဖို့ ခေါ်မယ်၊ မြကေခိုင် ထွန်းဝေဦးကိုတော့ ချစ်ပါတယ်၊ ထွန်းဝေဦး ပြောတာကို သူ နားထောင်မှာပါ"

"ဒါဆို ကျွန်မ ပြန်မယ်"

"လိုလိုမည်မည် ခင်ဗျားလိပ်စာ ရေးပေးခဲ့ပါလား၊ နယ်ပြန် တော့မှာလား"

"လောလောဆယ် မပြန်ဖြစ်သေးပါဘူး၊ ကျွန်မ ခွင့်ရက်ရှည် တင်လာခဲ့တာ"

ပြောရင်း စာရွက်လွတ်ပေါ်မှာ သူ့လိပ်စာကို လဲ့လဲ့ထွန်း ရေးပြီးပေးသည်။

"ထွန်းဝေဦး ရောက်လာလို့ မလဲ့လဲ့ထွန်းနဲ့ တွေ့ဖို့လိုရင် တွေ့ နိုင်တာပေါ့"

"ဆက်ဆက်လာတွေ့ပါ ပြောပေးပါ ကိုမောင်မောင်ဝင်းရယ်"

"စိတ်ချ . . . စိတ်ချ"

လဲ့လဲ့ထွန်း ထရပ်လိုက်သည်။

မောင်မောင်ဝင်း တံခါးဝအထိ လိုက်ပို့လိုက်၏။



(၇)

"အဲဒါပဲ ကိုထွန်းဝေဦး၊ လဲ့လဲ့ထွန်း လာသွားတဲ့ ညပဲ ကျွန်တော် စာရေးပြီး နောက်နေ့ ခင်ဗျားဆီ ထည့်လိုက်တာ၊ လဲ့လဲ့ထွန်းစာရော မရောက်ဘူးလား"

အိမ်ကို လဲ့လဲ့ထွန်း ရောက်လာပြီး သူနှင့် တွေ့ကြောင်း ကိုမောင်မောင်ဝင်းက ခရီးရောက်မဆိုက် သူ့ကို ပြောပြပြီး စကားကို ချုပ်သည်။

သူ့ရင်ထဲမှာ ဗလောင်ဆူသည်။ ကြားရသည်တို့ကို မယုံချင်မိ။ အိပ်မက်ထဲမှာ ကြားနေရသည်များဟု စိတ်က ထင်ကြည့်လျှင် အိပ်မက် မဟုတ်မှန်း ရင်အပူက သိသာချောက်ချားစေပြန်သည်။

"လဲ့လဲ့စာ မရောက်သေးဘူးဗျ၊ ဒုက္ခပဲ အဲဒီစာက အိမ်ငှ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားရင် အရေးတကြီး ထင်ပြီး အိမ်က ဖောက်ကြည့်ကြမှာ၊ အဲဒါမှ မြကေခိုင်ကို ပိုပြီး အထင်သေးစရာ ဖြစ်ပြီ"

သူ ညည်းညည်းညူညူ စကားပြောလိုက်၏။

"နေဦး . . . ဒီကိစ္စ ခင်ဗျား ဘယ်လိုထင်လဲ"

"ဟုတ်တယ် . . . မဟုတ်ဘူးကိုလား"

"ဒါပေါ့ . . . ကိုထွန်းဝေဦး"

စိတ်ပျက်လက်ပျက် ခေါင်းကို ခါယမ်းသည်။ ပြီးတော့ ဆေးလိပ်တို့ကို ပြာခံခွက်မှာ ထိုးခြေချလိုက်၏။

"ဘာသံသယဖြစ်စရာ လိုလဲဗျာ၊ လဲ့လဲ့ထွန်းက ကာယကံရှင်ပဲ၊ သူ့ယောကျ်ားနဲ့ ကိစ္စကို သူ ကြိတ်ဖြေရှင်း မရတော့လို့သာ သူများကို အရှက်ကွဲခံပြီး အသိပေးတာပေါ့"

"ဒါဆို မြကေခိုင်ရဲ့ သဘောက . . ."

"ကျွန်တော်လည်း အဲဒါ သိချင်တာ"

"သူ ခင်ဗျားကို ချစ်တာပဲ"

"ကျွန်တော်လည်း ဒီလိုပဲ ထင်တာ၊ သံသယ ဘာမှဝင်စရာ မရှိခဲ့ပါဘူး"

"အေးဗျာ"

"ဒါပေမယ့် ကိုမောင်မောင်ဝင်း ခင်ဗျားကို ကျွန်တော် အသိမပေးရသေးတာ တစ်ခုတော့ ရှိတယ်"

"ပြောပါဦး"

"ကိုဘုန်းဇော် . . . လဲ့လဲ့ထွန်း ယောကျ်ားပေါ့၊ အဲဒီ ကိုဘုန်းဇော်နဲ့က ကျွန်တော်နဲ့ မသိခင်ကတည်းက ရင်းနှီးတာ၊





ကိုဘုန်းဇော်ကတော့ ကေခိုင့်ကို ကျွန်တော့်ထက် အလျင် ပရိုပို့စ် လုပ်ထားတာ"

"ကျွန်တော့်ကိုလည်း လဲ့လဲ့ထွန်းက အရိပ်အမြွက်တော့ ပြောခဲ့ပါတယ်"

"ဟုတ်လား၊ ကျွန်တော် ဝင်မလာရင် ကိုဘုန်းဇော်ကို အဖြေပြန်ပေးတော့မည့် အနေအထားလို့ ကျွန်တော် ထင်တယ်၊ ကေခိုင် ကျွန်တော်နဲ့ တွဲသွား တွဲလာ အခြေအနေမှာပဲ ကိုဘုန်းဇော်နဲ့ လဲ့လဲ့ထွန်းက ငြိသွားကြတာလေ"

"ခင်ဗျားတို့က ဇာတ်လမ်းတွေနဲ့ပဲ"

"ဒီတော့ ကျွန်တော် တစ်ခု စဉ်းစားမိတယ်၊ မြကေခိုင်ဟာ ကိုဘုန်းဇော် လဲ့လဲ့ထွန်းနဲ့ တွဲသွားလို့သာ ကျွန်တော့်ကို အဖြေပေးခဲ့တာလား၊ သူ တကယ်ချစ်ခဲ့တာက ကိုဘုန်းဇော်လားဆိုတာလေ . ."

"အင်း . . . စဉ်းစားစရာ"

"အဲဒီလို မဟုတ်ပါဘူး၊ အဲဒီလို မထင်ပါနဲ့လို့ ကျွန်တော့်ကို အဖြေပေးစ,ကတော့ သူ ပြောခဲ့ဖူးပါတယ်၊ နောက်ပိုင်းလည်း သူ့အချစ်က ကျွန်တော့်အပေါ်မှာ ဘာမှသံသယ ဝင်စရာ မရှိခဲ့လို့ အဲဒီအတွေးကို ကျွန်တော် မတွေးခဲ့မိဘူး၊ သူ့ကို ကျွန်တော် အရမ်းယုံတယ်ဗျာ"

"ဘေးက ကျွန်တော်တောင် ကေခိုင့်မေတ္တာကို ယုံပါတယ်ဆို"

"အေးဗျာ၊ ကျွန်တော် ခံစားရတာက အဲဒါပါပဲ၊ တကယ်တမ်း အခွင့်အရေးရလို့ ကိုဘုန်းဇော်နဲ့ ပြန်တွေ့ကြတော့ သူ့စိတ်သူ မထိန်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာပဲလား၊ သူ့မေတ္တာတွေ ပေါက်ကွဲထွက်ခဲ့တာပဲလား၊ သူ ကျွန်တော့်ကိုသာ တကယ်ချစ်ရင် ဒီလို ဖောက်ပြန်ဖို့ စိတ်နဲ့တောင် ဖောက်ပြန်ဖြစ်မယ် မထင်ဘူး၊ ပြီးတော့ သူများ အိမ်ထောင်နဲ့ဗျာ"

"ကျွန်တော်လည်း အဲဒါ စိတ်မကောင်းတာပါ"

"ကျွန်တော့်ကို နှစ်ရှည်လများ ဟန်ဆောင်ပြီး ချစ်ခဲ့တာ ဘွားဘွားပေါ်တာပါပဲ၊ စဉ်းစားရင်း ကျွန်တော် ခံပြင်းတယ်၊ ကိုယ့်ကိုယ်ကို ဒေါသလဲ ထွက်တယ်ဗျာ၊ ပြီးတော့ ရှက်လည်းရှက်တယ်"

ပြောရင်း အသံက တိမ်ဝင်သွားချင်သလို . . .။

"ခင်ဗျား လဲ့လဲ့ထွန်းကိုတော့ သွားတွေ့ပါဦး၊ ကျွန်တော် လိပ်စာယူထားတယ်"

"အိမ်တော့ မသွားချင်ဘူးဗျာ"

"ဟုတ်တယ် . . . ကိုဘုန်းဇော်နဲ့ ခင်ဗျားနဲ့ သိနေတာဆိုတော့ ခင်ဗျား ဝင်တာ ထွက်တာ မကောင်းဘူး၊ ဒီလိုလုပ် ကျွန်တော် ခေါ်ပေးမယ်၊ ပြီးမှ တစ်နေရာရာမှာ တွေ့ပေါ့"

"ကိုဘုန်းဇော် အလုပ်သွားတဲ့အချိန်လောက် သွားကြည့်မယ်ဗျာ"

"မြကေခိုင်ကိုရော ပြန်ရောက်တာ ဖုန်းဆက်မလား"

သူ ခေါင်းကို ယမ်းပြလိုက်မိသည်။

"ကျွန်တော် မဆက်ချင်တော့ဘူး၊ ပြီးတော့ ကျွန်တော့်ရင်ထဲ ရှိတာ ခင်ဗျားကို အရင်းတိုင်း ပြောမယ်နော်၊ ယောက်ျားဖြစ်ပြီး သဘောထား သေးချင်လဲသေးဗျာ၊ အလျင်က သူနဲ့ပတ်သက်တဲ့ ကောလဟာလမှန်သမျှကို ကျွန်တော် နားမဝင်ခဲ့ဘူး၊ နာမည်ကြီးတစ်





ယောက်အတွက် ဖြစ်ရိုးဖြစ်စဉ်လို့ သဘောထားခဲ့တယ်၊ ဒီကိစ္စကြားရတော့ အဲဒီကိစ္စတွေအားလုံးဟာလဲ သံသယဖြစ်စရာတွေ ပြန်အသက်ဝင်လာတယ်ဗျာ"

ကိုမောင်မောင်ဝင်းကို ပြောနေရင်းနှင့် ဦးစိုးနှင့် မြကေခိုင် ဘူတာကြီးထဲ ဝင်သွားသည့်ပုံရိပ်က အတွေးမှာ ထင်လာပြန်သည်။ ဦးစိုးနှင့်မြကေခိုင်ကိစ္စသည်လည်း မဖြစ်နိုင်စရာ မရှိပါလားဟု အတွေးကို ခိုင်စေပြန်၏။

"ဒါတွေ ထားပါတော့ဗျာ၊ လောလောဆယ်ပြဿနာကိုပဲ စဉ်းစားပါ"

"ကျွန်တော် တစ်ခုပဲ အဓိကထားတယ် ကိုမောင်မောင်ဝင်း၊ အဲဒါ ကျွန်တော့် သူငယ်ချင်း လဲ့လဲ့ထွန်းတို့ အိမ်ထောင် မပြိုကွဲရေးပါပဲ"

ကိုမောင်မောင်ဝင်း ခေါင်းကို ဆတ်ခနဲ ညိတ်သည်။

ရင်ထဲက အပူသည် အလွယ်တကူ ငြိမ်းနိုင်မည် မဟုတ်မှန်း ဘာသာနားလည်ပြန်သည်ပဲ။

လူမှုရေးဖောက်ပြန်မှုကို သူစက်ဆုတ်မိပြန်သည်။ စက်ဆုတ်ရွံရှာမှုကို မေတ္တာနှင့် ဖုံးအုပ်ကွယ်ပျောက်ထား၍ ရနိုင်မည် မရနိုင်မည်ကို သူ မသိပြန်။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

လမ်းနှင့်မနီးမဝေး လက်ဖက်ရည်ဆိုင်မှာ သူ ထိုင်စောင့်သည်။ ကိုမောင်မောင်ဝင်းက ပေးထားသည့် လိပ်စာအတိုင်း လမ်းထဲ ဝင်သွားတာ သူ လှမ်းကြည့်နေလိုက်၏။ ခဏအကြာမှာ ကိုမောင်မောင်ဝင်းနှင့်အတူ လဲ့လဲ့ထွန်းပါ လိုက်လာတာကို သူ မြင်သည်။ ဆိုင်ဝရောက်လာသည့် လဲ့လဲ့ထွန်း၏ ချောင်ကျသွားသော မျက်နှာကို လှမ်းမေးရင်း ကရုဏာ ဖြစ်မိပြန်သည်။ တကယ်အပူသည် တစ်ဦး၏ သောကဝေဒနာရိပ်သည် လဲ့လဲ့ထွန်း၏ မျက်နှာမှာ အပြည့်။

ခါတိုင်းလို ဖျတ်လတ်တက်ကြွသည့် ဟန်ကင်းမဲ့သော လဲ့လဲ့ထွန်းကို မြင်ရ ကြည့်ရသည်မှာ စိတ်မချမ်းမြေ့စရာ။

"ထိုင် လဲ့လဲ့"





သူ့ဘေးမှာ လဲ့လဲ့ထွန်း ဝင်ထိုင်သည်။

"ထိုင်လေ . . . ကိုမောင်မောင်ဝင်း ရပါတယ်၊ အားလုံး အတွင်းသိပဲဗျာ"

အားတုံ့အားနာဟန် ဖြစ်နေသော ကိုမောင်မောင်ဝင်းက ဒီတော့မှ ဝင်ထိုင်သည်။ လာမေးသည့် စကားပွဲထိုးလေးကို ကော်ဖီ နှစ်ခွက်ဟု ဝတ်ကျေတန်းကျေ မှာသည်။

"ဘယ်လိုဖြစ်ကြတာလဲ လဲ့လဲ့ရယ်"

ဟု သူစကားစသည်။

သူ့ကို ဘာမှမပြောချင်မှာပင် လဲ့လဲ့ထွန်းက ခါးကြားမှာ လက်ကိုင်ပုဝါကို ထုတ်ရင်းစို့လာသော မျက်ရည်ကို သုတ်၏။ ပြီးတော့ မရှိုက်မိအောင် စိတ်ကို အတင်းချုပ်တည်းထားဟန် တူသည်။

"ငါကလည်း နယ်မှာ၊ နင်ကလည်း ပြန်သွားတာနဲ့ ကြုံတော့ နှစ်ယောက်လုံး သိပ်လွတ်လပ်ပြီး ဗွေ့ကြ ဖြစ်ကြတာ နေမှာပေါ့"

လဲ့လဲ့ စကားစ,သည်။

"လွတ်လပ်လို့ ဖြစ်တယ်ဆိုတာ ငါ လက်မခံချင်ဘူး"

"သူတို့ဘာသာ ဖောက်ပြန်ချင်လို့ ဖောက်ပြန်ကြတာပဲ၊ ငါသိချင်တာက နင်တို့ လင်မယားအခြေအနေ ဘယ်လိုလဲ၊ ငါ ဘာလုပ်ပေးရမလဲ၊ အဲဒါအဓိကပဲ လဲ့လဲ့"

သူ့မျက်နှာကို မေးကြည့်လိုက်ရင်း လဲ့လဲ့ခေါင်းကို ခါသည်၊ ပြီးတော့ လက်ကိုင်ပုဝါဖြင့် စီးကျလာသော မျက်ရည်ကို သုတ်၏။

"ငါမေးတာ ဖြေဦးလေ"

"လွန်ကုန်ပြီ ထွန်းဝေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . ."

"လွန်သွားပြီ"

ပြောပြီး ရှိုက်သံတစ်ချက် ဆိုင်ထဲမှာ ပျံ့လွင့်သွားတော့၏။ စီးကရက်တိုကို ခုံမှာ ဖိခြေရင်း လိုသည်ထက် ပို၍ အားစိုက်နေမိပြန်သည်။

ဆိုင်ထဲမှ ပန်ကာလေသည် ပူရှရှ နိုင်လွန်းလှသည် ထင်၏။

"လဲ့လဲ့မှာ ဘာအပြစ်ရှိလို့လဲ ကိုဇော်"

မျက်ရည်ကြားမှ အားယူရင်း မေးလိုက်သည်။ ကိုဘုန်းဇော်က လဲ့လဲ့ကို မကြည့်ဘဲ သူ့အဝတ်အစားကို ထည့်နေ၏။

"လဲ့လဲ့မှာ ဘာအပြစ်မှ မရှိပါဘူး"

ခဏကြာတော့ ရှိုက်နေသည့် လဲ့လဲ့ကို မကြည့်ဘဲ ကိုဘုန်းဇော် ပြောသည်။

"ဒါဆို . . . လဲ့လဲ့တို့ သားအမိအပေါ်မှာ ဘာလို့ ရက်စက်ရတာလဲ ကိုဇော်ရယ်၊ ဖြစ်ပြီးတာတွေကို လဲ့လဲ့ သင်ပုန်းချေပေးပါ့မယ်၊ ကိုဇော် သူ့ကို ဖြတ်လိုက်ပါ၊ လဲ့လဲ့ တောင်းပန်ပါ့မယ်"

"မဖြစ်တော့ဘူး လဲ့လဲ့"

သားရေအိတ်ကို ဇစ်ဆွဲပိတ်လိုက်ရင်း ကိုဘုန်းဇော် ထသည်။

"ကိုဇော့်ကို လဲ့လဲ့ ကြိုက်သလို ထင်ပါ၊ ကြိုက်သလို အပြစ်ပေးပါ ကိုဇော် ခံပါ့မယ်၊ ကိုဇော် ကေခိုင့်ကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ"





"ကိုဇော်ရယ်"

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ရင်း ရှိုက်ကြီးတငင် ငိုကြွေးမိပြန်၏။

"ကိုဇော် လဲ့လဲ့ကို ချစ်တယ်ဆိုတာ ညာတာ၊ ကေခိုင့် အချစ်ကို မရလို့ အစားထိုးခဲ့တာ၊ ဒါတွေကို လဲ့လဲ့ သိရက်သားနဲ့ ကိုဇော့်ကို စွဲစွဲလမ်းလမ်း ချစ်ခဲ့မိတာ လဲ့လဲ့ အမှားပါ ကိုဇော်၊ ဒါပေမယ့် အခုလို သားတစ်ယောက်နဲ့ အတည်တကျ ဖြစ်မှတော့ ကိုဇော် လဲ့လဲ့တို့ကို ညှာဖို့ ကောင်းပါတယ်"

သားရေအိတ်ကို ပိတ်ပြီး ဆွဲလျက် အပြင်ဘက်ထွက်ခဲ့သည်။ အပြင်ဘက်က စားပွဲပေါ်မှာ ကိုဘုန်းဇော် ချပေးထားသည့် ကွာရှင်းစာချုပ်နှစ်ခုသည် ဒီအတိုင်းပင် ရှိသေး၏။

"လဲ့လဲ့ လက်မှတ်ထိုးပေးစေချင်တယ်"

ကိုဘုန်းဇော် အသံက မာသည်။

"ရက်စက်လိုက်တာ ကိုဇော်ရယ်"

"ကြိုက်သလို ပြောပါတော့ လဲ့လဲ့"

"ကျွန်မ ထိုးမပေးရင်ကော"

ပါးပြင်ပေါ်မှ မျက်ရည်စကို လက်ဝါးဖြင့် သုတ်ရင်း အခန်းတွင်းမှ ထွက်လာရပ်ကာ လဲ့လဲ့ထွန်း ပြောသည်။

"ထိုးပေးပါ လဲ့လဲ့ရယ်"

"ကျွန်မ လက်မှတ်မထိုးလဲ ဘာအရေးလဲ၊ ရှင်တို့နှစ်ယောက် ပေါင်းရဖို့ အမိကပဲ မဟုတ်လား"

လဲ့လဲ့ထွန်းအသံက မာဆတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လဲ့လဲ့နဲ့ မပြတ်စဲဘဲ သူကိုယ့်ကို ဘယ်လက်ထပ်မှာတဲ့လဲ"

"ကေခိုင်က ဒီလို ပြောလား"

ကိုဘုန်းဇော် ခေါင်းကို ညိတ်သည်။

"ယုတ်မာလိုက်တာ"

အံကို တင်းတင်းကြိတ်လျက် ထွက်သွားသည့် စကားသံ။

"ရတယ်လေ . . . လဲ့လဲ့က ထိုးမပေးလဲ ကိုဇော်ကတော့ လဲ့လဲ့ကို မပေါင်းနိုင်တော့ဘူး။ ကိုဇော့်ဘာသာ တခြားသွားနေတော့မယ်၊ လဲ့လဲ့ လက်မှတ် ထိုးမပေးလို့ သူ ကိုယ့်ကို လက်မထပ်ရဲရင်လည်း သူနဲ့ ကိုဇော်က ဒီလိုပဲ ချစ်သူတွေလိုနေနိုင်တာပဲ . . . ရတယ်"

ကိုဘုန်းဇော်က သားရေအိတ်ကို ကောက်ယူလိုက်၏။

"ကိုဇော်"

သားရေအိတ်ကို ပြန်ချရင်း ကိုယ်ကို မတ်လျက် လဲ့လဲ့ထွန်းကို အကြည့်ဆုံသည်။

"ရှင် . . . ဒီမိန်းမကို သိပ်ချစ်သလား"

ကိုဘုန်းဇော် ပြန်မဖြေ။

"ဖြေလေ . . . ကျွန်မ မေးတာတွေ အားလုံးဖြေ။ ကျွန်မ လက်မှတ် ထိုးပေးလိုက်မယ်"

"ချစ်တယ် လဲ့လဲ့"

လဲ့လဲ့ထွန်း နှုတ်ခမ်းကို ဖိကိုက်ထားရင်း စေ့စေ့ကြည့်နေသည်။

"သူ့ အချစ်ကို မရလို့ ကျွန်မကို ရှင် ချစ်ရေးဆိုခဲ့တာလား၊ အစားထိုးခဲ့တာလား"





ကိုဘုန်းဇော် မဖြေဘဲ အကြည့်ကိုလွှဲ၏။

"ရှင် ယောကျ်ားပဲ အမှန် ဖြေရဲရမှာပေါ့၊ ရှင် မမြတ်နိုးလို့ စွန့်ပစ်တော့မယ် မယားကို ရှင် ဘာ အားနာစရာရှိလဲ"

"ဟုတ်တယ်"

ကိုဘုန်းဇော်က အသံပြတ်နှင့် ဖြေသည်။

"ကျွန်မ သိချင်တာက ဒါပဲ"

ပြောရင်း ဆက်တီကုလားထိုင်ဆီ သွား၏။ ပြီးတော့ စားပွဲပေါ်မှ ဘောလ်ပင်ကို ကောက်ယူသည်။ စာချုပ်နှစ်ခုကို လှမ်းယူလိုက်၏။

"ကျွန်မ ဘာကြောင့် လက်မှတ်ထိုးပေးလိုက်သလဲဆိုရင် ရှင့်ကို ကျွန်မ ချစ်လို့ပဲ ကိုဇော်၊ ရှင် ဘာလုပ်လုပ် ဘယ်လောက်ပဲ ဖောက်ပြန် ဖောက်ပြန် ရှင့်ကို ကျွန်မ ချစ်တယ်၊ ဒါကြောင့် ရှင့်စိတ်ချမ်းသာမှု အတွက် လက်မှတ်ထိုးပေးလိုက်တာ"

ပြောရင်း အပေါ်မှ စာချုပ်တစ်ခုကို ယူလျက် လက်မှတ်ထိုးသည်။ အောက်မှာ မှတ်ပုံတင် နံပါတ်ကို ရေးလိုက်၏။

နောက်တစ်ရွက်ကို ဆွဲယူရင်း . . .

"ပြီးတော့ ကျန်သေးတယ်၊ ရှင့်ကို ကျွန်မ ချစ်တာက ချစ်တာပဲ၊ ရှင့်လို ယောကျ်ားမျိုးကို ကျွန်မ စက်ဆုပ်တယ်၊ ရွံတယ်၊ လင်တစ်ယောက်အဖြစ်နဲ့ ဘယ်လိုမှ ကြည်ညိုပြီး ပေါင်းနေနိုင်မှာလဲ မဟုတ်တော့ဘူး၊ လိုချင်တဲ့လူတစ်ယောက်ရဲ့ မေတ္တာကို မရရင် တခြားတစ်ယောက်ကို အစားထိုး လိမ်ညာဟန်ဆောင် ချစ်တတ်တဲ့ ယောကျ်ားမျိုးကို ကျွန်မ လက်မတွဲချင်ဘူး၊ ဒါကြောင့်လဲ ကွာပေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးပြီးသော စာချုပ်နှစ်စောင်ကို ကိုင်ရင်း ရပ်သည်။ ပြီးတော့ မျက်နှာချင်းဆိုင် ရပ်ရင်း လှမ်းပေးလိုက်၏။

"ကျွန်မ အခု အိမ်မှာ ထိုးလိုက်တာ၊ တကယ်လို့များ တရားမဝင်ဘူးဆိုရင်လည်း တရားရုံးမှာ လက်မှတ်ထိုးပေးဖို့ အဆင်သင့်ပဲ ကျွန်မကို လာခေါ်ပါ"

စာချုပ်ကို လှမ်းယူသော ကိုဘုန်းဇော်ကို ကြည့်လျက် ပြောလိုက်သည်။

"လဲ့လဲ့ တစ်ခု ယူထားလေ"

ကိုဘုန်းဇော်က စာချုပ်တစ်ခုကို ပြန်ပေး၏။

"ကျွန်မက ဘာလုပ်ရမှာတဲ့လဲ"

လှမ်းပေးသည့်လက် ပြန်ရုပ်သွားသည်။

"နှလုံးသားက သစ္စာထက် ခိုင်မြဲတဲ့အရာ မရှိဘူး ကိုဇော်၊ စာရွက်စာတမ်းတွေ အပေါ်က လက်မှတ်နဲ့ ချုပ်ကိုင်ထားတဲ့ နှောင်ကြိုးကို ကျွန်မ မလိုချင်ဘူး"

ကိုဘုန်းဇော်က ဘာမှ ပြန်မပြောတော့ဘဲ စာချုပ်နှစ်ခုလုံးကို ယူကာ ခေါက်လျက် သူ့ပိုက်ဆံအိတ်မှာ ထည့်သည်။

ပြီးတော့ နှုတ်မဆက်ဘဲ သားရေအိတ်ကို ကောက်ယူလျက် အခန်းထဲမှ ထွက်၏။ ပြန်ပိတ်လိုက်သည့် တံခါးသံသည် လဲ့လဲ့ထွန်း၏ နားထဲမှာ တုန်ဟီးကျယ်လောင်သွားသည် ထင်ရသည်။ သူမနှင့် လင်ယောကျ်ားတို့၏ အကြားမှာ သစ္စာမဲ့ခြင်းတံခါးသည် ထာဝရ ခြားသွားလေပြီ တွေးထင်လိုက်၏။

စိတ်ကို လျှော့ချလိုက်တော့မှ လိပ်ပြာကို အနှုတ်ခံရသူနှယ်





ဘုန်းခနဲ ပစ်လဲကျသွားတော့သည်။

မျိုးသိပ် ချုပ်တည်းထားခဲ့ရသမျှ နှလုံးသားက မဆုံတော့သဖြင့် ပွင့်အန် ပေါက်ကွဲသွားပြီ ထင်လိုက်သည်။

စကား အဆုံးမှာ လဲ့လဲ့ထွန်း မျက်ရည်ကို သုတ်သည်။ ဆိုင်အပြင်ကို လှမ်းငေးရင်း ရှိုက်သံကို ချုပ်သည်။

"နင်တို့အိမ်ထောင်အတွက် ငါ ဘာပဲ လုပ်ရ လုပ်ရလို့ ဆုံးဖြတ်ပြီး လာခဲ့တာပဲ လဲ့လဲ့၊ မြကေခိုင်ကို သွားပြောမယ်၊ တားမယ်၊ မရရင် သူ့ကို ငါ ဘယ်လောက်ပဲ နာကြည်း နာကြည်း မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်ယူမယ်၊ နောက်ဆုံး ခိုးပြေး ကားတင်ပြေးမယ်လို့ တွေးမိတယ်၊ ဒါက နင့်အတွက် သက်သက်၊ ငါ ဆုံးဖြတ်ထားတာ"

"သူတို့ရော လက်ထပ်ဖြစ်လား"

ကိုမောင်မောင်ဝင်း လဲ့လဲ့ထွန်းကိုကြည့်ရင်း မေးလိုက်သည်။

"ကျွန်မ မသိဘူး လက်ထပ်ဖြစ်ကြမှာပေါ့၊ ကျွန်မဆီက ကွာရှင်းစာချုပ်ရမှ လက်ထပ်မယ်ပြောလို့ ကျွန်မဆီက အတင်းတောင်တာပဲ လက်ထပ်ဖြစ်မှာပါ"

"မြကေခိုင်ကို ကျွန်တော် ဒီလိုမထင်ခဲ့ဘူးဗျာ၊ ကျွန်တော်လည်း လူကဲခတ် အတော်ညံ့တာ"

"ကိုမောင်မောင်ဝင်းရယ် . . . ခင်ဗျားက ဘေးလူပါ၊ ဘေးက အကဲခတ်လို့ မှားတာထက် သူ့ချစ်သူ ကျွန်တော်တောင်

www.burmeseclassic.com



မရိပ်မိအောင် အကဲခတ် မှားတာကျတော့ရော"

"အေးဗျာ"

"နေဦး . . . လှဲ့လှဲ့၊ နင် အိမ်ကို စာထည့်လိုက်သေးလား"

"ထည့်လိုက်တယ်လေ . . . နင် ငါ့စာရလို့ လိုက်လာတာ မဟုတ်လား၊ စာထဲမှာ နင် အမြန်လာပြီး ကေခိုင့်ကို ထိန်းပေးပါလို့ ငါ တောင်းပန်ထားတာ၊ အားလုံးလည်း အဆေးစိတ် ရေးလိုက်တာ"

"နင့်စာ မရခဲ့ဘူး၊ ကိုမောင်မောင်ဝင်း စာရလို့ ငါ လာခဲ့တာ"

"ဪ . . ."

"အခုလောက်ဆိုရင်တော့ အိမ်ကို ရောက်နေရောပေါ့၊ ငါ့ အိမ်ကလည်း စိတ်ပူပြီး ဖောက်ဖတ်ကြည့်မှာ သေချာတယ်"

"နင် ကေခိုင့်ကို သွားတွေ့ဖို့ စိတ်ကူးတားလား"

"ငါ မတွေ့ချင်ဘူး"

"မဟုတ်ဘူး ကိုထွန်းဝေဦး . . . ကျွန်တော့်သဘောကတော့ သွားတွေ့သင့်တယ်၊ သူ ဘာတွေပြောမလဲ နားထောင်သင့်တယ်"

"သူတို့ လက်ထပ်ပြီးပြီဆိုတဲ့ အခြေအနေမှာ ကျွန်တော် တွေ့လို့ မသင့်တော့ဘူး ထင်တယ်လေ"

"စဉ်းစားသေးတာပေါ့ဗျာ"

"ကဲ . . . ငါပြန်မယ်၊ ငါ့ခွင့်လည်း စေ့တော့မယ်၊ ငါ ဒီအခန်းကို ပိတ်ပြီး နယ်ခဏပြန်မယ်၊ ငါ့သားကို သွားတွေ့ရဦးမယ်၊ ပြီးမှ အလုပ်ထဲ ပြန်ဝင်မယ်"

ပြောရင်း လှဲ့လှဲ့ထွန်း ထ,ရပ်၏။

"အေးဟာ"





စိတ်မကောင်းစွာဖြင့် သူတို့နှစ်ယောက်လည်း ထ,ရပ်သည်။ ကိုမောင်မောင်ဝင်းက လက်ဖက်ရည်ဖိုး သွားရှင်း၏။

"ငါလည်း အိမ်ကို ခဏလို့ ပြောလာခဲ့တာ၊ ပြန်ရမယ်"

ကိုမောင်မောင်ဝင်းကို ရပ်စောင့်ရင်း သူပြောသည်။

"ကေခိုင်ဟာ သိပ်ပြီး အပြီးကြီးတဲ့ မိန်းမပဲဟာ၊ ကျောင်းတုန်းက ကိစ္စအတွက် ငါ့ကို သူ ကလဲ့စားချေလိုက်တာ၊ ငါ ကိုဘုန်းဇော်ကို သူ့ဆီက လုယူသွားတယ်လို့ ခံစားပြီး အခု ပြန်ကလဲ့စားချေတာ ငါ နားလည်တယ်"

ဘာမှ မှတ်ချက် ပြန်မပေးမိ။ မြကေခိုင်ကို မုန်းတီးရွံရှာသည်။ မေ့ပျောက်ပစ်လိုက်ချင်သည်။

နာကြည်းစွာဖြင့် တသသ သတိရနေဆဲ အဖြစ်ကို ဘာသာ မကျေနပ်မိပြန်။



www.burmeseclassic.com

www.burmeseclassic.com

(၉)

ကိုမောင်မောင်ဝင်းက တားသော်လည်း ရန်ကုန်မှာ နေလို စိတ် မရှိတော့။ မြကေခိုင်နှင့် ပတ်သက် ယှက်နွယ်ခဲ့သော အရပ်တို့ ကား ရင်ကို မွှေနှောက် ခြောက်လှန့်နေလေပြီ။ ဘယ်ကို ကြည့်ကြည့်၊ ဘယ်ကို သွားသွား၊ ဘယ်နား ရောက်ရောက်၊ ကုန်လွန် ဖြတ်သန်းခဲ့သော အတိတ်တို့က သတိရစရာဖြစ်လျက်၊ ထိုသတိရခြင်းက နှလုံးသားကို သံချွန်ဖြင့် မွှေနေသလို ခံစားရပြန်သည်။

"ကျွန်တော် ဖုန်းဆက်ပြီး အခြေအနေ မေးကြည့်ရမလား"

"မလုပ်ပါနဲ့တော့ ကိုမောင်မောင်ဝင်းရာ . . . ကျွန်တော် အရှုံးကို ကြောက်သွားပြီ၊ သူနဲ့ ဘာဆို ဘာမှ မပတ်သက်ချင်တော့ဘူး။ နာတယ်ဗျာ . . . ရှက်လည်း ရှက်တယ်၊ ရှိလည်း ရှိတယ်၊ ဒါပေမယ့် ကျွန်တော် ချစ်နေတုန်းပဲ၊ ကျွန်တော့်ကိုယ် ကျွန်တော်လည်း မကျေနပ်ပါဘူးဗျာ"





"ကျွန်တော် ဒီညရထားနဲ့ ပြန်မယ်"

"ဒီည . . . "

"ဟုတ်တယ်"

သူ့ကို တားရမည့် မဟုတ်မှန်းသိသဖြင့် ကိုမောင်မောင်ဝင်း မတားတော့။ ရထားလက်မှတ်ကို မရရအောင် သူ ကြိုးစားပြီး ဖြစ်ပဲ့နည်းဖြင့် ဝယ်ကာ ညရထားဖြင့် ပြန်လာခဲ့၏။

ဘယ်မှာနေနေ ဝေဒနာကတော့ မကျက်နိုင်မှန်း သူ နားလည်ပါ၏။ ဘူတာရောက်တော့လည်း သူ ပြန်စဉ်က ဘူတာလိုက်ပို့ခဲ့သည့် မြကေခိုင်၏ အရိပ်တို့သည်ကား နူးသစ်နေဆဲ။

ရင်ထဲကို ဆွဲကိုင် လှုပ်ယမ်း နေသလိုပင်။

အိမ်ပြန်ရောက်သည်နှင့် ကိုကိုကြီးရော မေမေတို့ကပါ လုံ့လုံ့ထွန်းကိစ္စကို မေးတော့၏။ ကိုကိုကြီးက ဖောက်ထားပြီး စာအိတ်ကို ပေးသည်။

ဖတ်ကြည့်ချင်စိတ် မရှိတော့သဖြင့် စားပွဲပေါ် ပစ်တင်လိုက်၏။

"မင်း သူ့ကို လက်ထပ်လိုက်ပြီလား ကိုဦး"

ဖေဖေတို့ မေမေတို့ ရှေ့မှာပင် ကိုကိုကြီး စကားက ခေါ်သငွေ့ လွှမ်းသည်။

"ကေခိုင့်ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ"

"ကေခိုင်က လဲ့လဲ့အမျိုးသားနဲ့ လက်ထပ်မှာပေါ့ ကျွန်တော်တ"

သူ ဆက်မပြောမိ။

"ဟာ . . . တော်သေးတာပေါ့၊ ငါတို့က ဒီစာဖတ်ပြီး မင်း ကေခိုင့်ကို လက်ထပ်လိုက်ပြီ တွက်ထားတာ"

သက်ပြင်းရှည်ကို သူ ချသည်။

"မင်းသူငယ်ချင်း လဲ့လဲ့ထွန်းက သူ့အိမ်ထောင်ရေး မပြိုကွဲဖို့ မင်း အမြန်လာပါ၊ ကေခိုင့်ကို ချော့မော့ပြီး လက်ထပ်စေချင်တယ်၊ အဲဒီလို ရေးထားလို့"

"ကျွန်တော်လည်း အဲဒီလိုပဲ ဆုံးဖြတ်ပြီး ရန်ကုန်လိုက်သွားတာ ကိုကြီး၊ ဒါပေမယ့် လွန်ကုန်ပြီ၊ လဲ့လဲ့က ကွာရှင်းစာချုပ် ပေးလိုက်ရပြီ"

မမထွေးက ဝင်မေး၏။

"မသိဘူး မသိချင်တော့ဘူး၊ ကွာရှင်းစာချုပ် ယူခဲ့ရင် လက်ထပ်မယ်ဆိုလို့ ကွာရှင်းစာချုပ်ရအောင် ယူပြီးပြီပဲ၊ လက်ထပ်ရုံပဲ ကျန်တော့တာ မမထွေးရာ၊ ကျွန်တော် ရထားနဲ့ ချက်ချင်း ပြန်လာခဲ့တာ"

"လဲ့လဲ့ထွန်းအတွက်တော့ စိတ်မကောင်းပါဘူး"

မမထွေးက ကိုယ်ချင်းစာနာစွာ ပြောလိုက်၏။

"တော်တော် ရက်စက်တဲ့ မိန်းမပါလို့ ငါပြောတာ မမှန်ဘူးသား"





"ဘုရား . . . ဘုရား ဒီလို မိန်းမမျိုးနဲ့ လွဲတာ ငါ့သားလေး ကံကောင်းပါတယ်"

မေမေက တီးတိုးပြောသည်။

သူ ဘာမှ ဆက်၍ ကြားနိုင်စွမ်း မရှိတော့သဖြင့် ခေါင်းမူးနေလို့ပါ အကြောင်းပြကာ အပေါ်ထပ်တက်ခဲ့သည်။

သူ တစ်ရေးနိုးသည်အထိ ကိုကိုကြီးတို့ စကားဝိုင်း မသိမ်းသေး။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

နောက်နေ့ကစပြီး မဆွေနှင့် လက်ထပ်ဖို့ကိစ္စ သူ့ကို ပြောကြတော့သည်။ သူနှင့် မြကေခိုင် ပြန်ပြီး အဆက်အသွယ် ရသွားမှာကို စိုးရိမ်ပူပန်ကြသည်။ ဒီအချိန်မှာ မဆွေနှင့် လက်ထပ်ပေးလိုက်ခြင်းသည် အလျော်ကန်ဆုံးဟု သူတို့တွက်ပုံရ၏။

"ကျွန်တော် မဆွေကို အရမ်းအားနာတယ် မမထွေးရာ၊ ကျွန်တော် သူ့ကို မချစ်ဘူး၊ ကေခိုင့်ကိုပဲ ချစ်တယ်ဆိုတာ သူ သိတယ်၊ အဲဒီလို သိသိကြီးနဲ့ လက်ထပ်ရမှာ မကောင်းပါဘူး"

"မမထွေး တစ်ခုမေးမယ်"

သူ ခေါင်းညိတ်၏။

"မဆွေဟာ မင်း လက်ထပ်သင့်တဲ့ အမျိုးသမီးလို့ မင်း ထင်လား"

"လက်ထပ်သင့်တဲ့၊ လက်ထပ်နိုင်တဲ့ အမျိုးသမီးကောင်းပါပဲ





မမထွေး"

"ဒါဆို ပြီးတာပဲကွာ"

"ကျွန်တော်က ကေခိုင့်ကို မရလို့ သူ့ကို လက်ထပ်ရတယ်ဆိုတဲ့ အဖြစ်ကိုက သူ့ဘက်က တွေးရင် မခံချင်စရာပဲ"

"မဆွေက အိမ်က စကားကို မြေဝယ်မကျနားထောင်တဲ့သူ"

"အဲဒီအပေါ်မှာ ကျွန်တော် သူ့ကို အနိုင်မယူချင်ဘူး"

"မဆိုင်တာ"

"သူ့ကို မချစ်မှန်းသိတဲ့ လူတစ်ယောက်ကို သူ လက်ထပ်ရမှာ သူလည်း ခံစားရမှာပဲပေါ့"

"နောက်တော့ မင်း မဆွေကို ချစ်သွားမှာပါ"

"သူ့ဘက်က တွက်ရင် ကျွန်တော်ဟာ သူ လက်ထပ်သင့်တဲ့၊ လက်ထပ်နိုင်တဲ့ အမျိုးသားကောင်းတစ်ယောက် မဟုတ်တော့ဘူး မမထွေး၊ ကိုယ့်ချစ်သူကို စွန့်လွှတ်လိုက်ရလို့ သူ့ကို အစားထိုးသလို ဖြစ်နေမှာ"

တကယ်ပင် အေးအေးဆွေဘက်က သူ စာနာ နားလည်စွာဖြင့် ပြောမိသည်။

မိဘစကား မပယ်ရှားနိုင်၍ သူ့ကို လက်ထပ်ရမည် ဖြစ်သော်လည်း သူ ပြောသကဲ့သို့ ခံစားရမည်မှာ အမှန်ပင်။

"အဲဒီလို မတွက်နဲ့ ကိုဦး၊ မင်း ကိုကိုကြီးနဲ့ မမထွေးက ချစ်သူတွေမှ မဟုတ်ဘဲ၊ အိမ်က ပေးစားလို့ ယူခဲ့ကြတဲ့သူတွေပဲ၊ ဒါပေမယ့် တို့အိမ်ထောင်ရေး သာယာတယ်၊ မင်း အသိပဲလေ၊ ချစ်ပြီး ယူခဲ့ကြတဲ့ အိမ်ထောင်ရေးတိုင်းလည်း သာယာချင်မှ သာယာတတ်ကာ၊ မချစ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ညားခဲ့ကြပြီး သေတပန် သက်တစ်ဆုံး ပေါင်းသွားကြတာတွေလည်း အများကြီးရယ်၊ မမထွေး အတွေ့အကြုံအရတော့ ချစ်သူဘဝမှာ ချစ်ခြင်းဟာ အဓိက ကျပေမယ့် အိမ်ထောင်တစ်ခုအတွက်တော့ အဓိက မဟုတ်ဘူး ကိုဦး၊ ဟို . . . နောက်နားဆီမှာပဲ ရှိမယ်ထင်တယ်၊ ချစ်သူတွေလည်းဖြစ်၊ ကျန်တဲ့နားလည်မှု ညှိနှိုင်းမှုတွေနဲ့လည်း ပြည့်စုံကြတဲ့ အိမ်ထောင်ဖက်တွေအတွက်တော့ အတိုင်းထက် အလွန်ပဲပေါ့"

"ကျွန်တော် မဆွေကို စကားပြောကြည့်ပါဦးမယ် မမထွေး"

ဖေဖေတို့ မေမေတို့ကတော့ အေးအေးဆွေ၏ မိဘများနှင့် မင်္ဂလာကိစ္စတွေ တိုင်ပင်နေကြပြီ။ ကိုကိုကြီးက အတက်ကြွဆုံးပင်။

"ကျွန်မ လူတစ်ယောက်ကိုမှ မချစ်ခဲ့ဖူးဘူး ကိုဦး၊ ဒီတော့ အချစ်အကြောင်း ကျွန်မ နားမလည်ပါဘူး၊ စိတ်လှုပ်ရှားတာ၊ စိတ်ကစားတာ၊ ဒါတွေတော့ သူ့အရွယ်နဲ့သူ ရှိခဲ့မှာပေါ့"

အေးအေးဆွေက တည်တည်ငြိမ်ငြိမ်ပင် သူ့ကို ပြောသည်။

"ဟုတ်တယ်၊ အဲဒါကြောင့် ကျွန်တော် ပြောတာပါ၊ မဆွေက လူတစ်ယောက်ကိုမှ မချစ်ခဲ့ဖူးဘူး၊ ကျွန်တော်က လူတစ်ယောက်ကို စွဲစွဲလန်းလန်း ချစ်ခဲ့ဖူးတယ်၊ ဒီအတွက် မဆွေ ကျွန်တော့်ကို လက်ထပ်ရင် ခံစားရမှာစိုးတယ်"

"ကျွန်မ မသိလို့ မေးမယ်နော်"

"မေး . . . မဆွေ"





"လူတစ်ယောက်ကို အဲဒီလို စွဲစွဲလန်းလန်း ချစ်ပြီးရင် နောက်တစ်ခါ ထပ်ချစ်လို့ မရတော့ဘူးလား ကိုဦး"

ရုတ်တရက် သူ တွေသွားသည်။ ပြီးမှ . . .

"ကျွန်တော် အမှန်အတိုင်း ဖြေပါ့မယ် မဆွေ၊ ကျွန်တော် မသိဘူး"

"ကိုဦး ကျွန်မကို လက်မထပ်ချင်တာလား"

"မဆွေ ကျွန်တော့်ကို လက်ထပ်လို့ နောင်တရမှာ၊ ဆုံးရှုံးမှာ၊ တမြည့်မြည့် ခံစားရမှာကို စိုးရိမ်နေတာပါ၊ ကျွန်တော်ကတော့ ကျွန်တော့်အတွက် ဘာမှမရှိတော့ပါဘူး၊ ကျွန်တော့်မိသားစု စိတ်ချမ်းမြေ့အောင် ကျွန်တော် မဆွေကို လက်ထပ်ချင်တယ်၊ အဲဒါကိုက ကျွန်တော့်အတွက် ကျွန်တော်ကြည့်ပြီး ကျွန်တော် တစ်ကိုယ်ကောင်း ဆန်နေတယ်ဆိုတာ နားလည်တယ်၊ ဒါကြောင့် မဆွေကို ကျွန်တော် မေးနေတာပါ၊ မဆွေ လက်မထပ်ချင်ဘူး၊ လူကြီးတွေကို မလွန်ဆန်ရဲလို့ လက်ထပ်ရမှာပါဆိုရင်လည်း ကျွန်တော် လက်မထပ်ဖြစ်အောင် ကြိုးစားမယ်"

"အင်း . . . ကျွန်မမှာ ချစ်သူ ရှိနေရင်လည်း ကျွန်မ ကိုဦး လိုပဲ ခံစားရမှာပါ၊ အခုလို စကားတွေ ကိုဦး ပြောတဲ့အတွက်လည်း ကျေးဇူးတင် ဝမ်းသာမှာပါ၊ ကျွန်မလည်း ကိုဦးလိုပါပဲ၊ ဟိုတုန်းကလည်း ပြောခဲ့ဖူးပါတယ်၊ ကျွန်မ ဒီတစ်ခါကျမှ သမီးအလိမ္မာဆိုတဲ့ နာမည်ကို မဖျက်ချင်ဘူး၊ ကျွန်မ မိဘကို စိတ်ချမ်းသာစေချင်တယ်၊ ဒါပေမဲ့ ကျွန်မ တစ်ခု ထပ်မေးမယ်"

"မေးလေ၊ ကျွန်တော် သိရင် ဖြေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်တစ်ခုအတွက် မေတ္တာနဲ့ သစ္စာ ဘယ်ဟာ ပို အရေးကြီးလဲဟင်"

"အိမ်ထောင် တစ်ခုအတွက်"

"ဟုတ်ပါတယ်၊ အိမ်ထောင်တစ်ခုအတွက်ပါ"

"နှစ်ခုလုံးပေါ့"

"ကျွန်မ မေးတာက ဘယ်ဟာက ပိုအရေးကြီးလဲ မေးတာပါ၊ နှစ်ခုလုံး အရေးကြီးတယ်၊ ဘယ်ဟာက ပိုအရေးကြီးလဲ သိချင်တာပါ"

"သစ္စာပေါ့"

"ဟုတ်တယ်နော် . . . မေတ္တာမပါ၊ သစ္စာသက်သက်နဲ့ ခိုင်မြဲနေတဲ့ အိမ်ထောင်တွေ အများကြီး ရှိမှာပဲ"

"ဟုတ်တယ် . . . မမဆွေ"

"ဒါဆို . . . ကျွန်မ တစ်ခု ထပ်မေးမယ်၊ ကိုဦး ကျွန်မတောင်းတဲ့ ကတိကို ပေးနိုင်ပါ့မလား"

"ဘယ်လိုလဲ မဆွေ"

"ကျွန်မ ကိုဦးဆီက မေတ္တာမရချင်နေပါစေ၊ ကျွန်မ သစ္စာကိုပဲ လိုချင်တယ်၊ ကျွန်မကို သစ္စာတရား ပေးပါ့မယ်ဆိုရင် ကျွန်မ ကိုဦးကို လက်ထပ်မယ်"

သူ ချက်ချင်း ပြုံးလိုက်၏။

"မဆွေအတွက် သစ္စာကိုတော့ ကျွန်တော် အပြည့်အဝ ပေးရဲပါတယ်ဗျာ၊ ကျွန်တော် ကတိပေးပါတယ်"

အေးအေးဆွေ ကျေကျေနပ်နပ် ပြုံးသည်။



(၁၁)

"ဟာ . . . ကိုထွန်းဝေဦး"

မနက်အစောကြီး ကိုမောင်မောင်ဝင်း ရုံးမသွားခင် သူ ရောက်လာသည်။ တံခါးဖွင့်ပေးရင်း သူ့ကိုတွေ့တော့ ကိုမောင်မောင်ဝင်း အံ့အားသင့်နေသည်။

"ကျွန်တော် ဒီမနက် စောစော ရထားနဲ့ ရောက်တာ"

"ခင်ဗျား ပြန်သွားတာ တစ်ပတ်ကျော်ပဲ ရှိသေးလို့ ခင်ဗျား ပြန်မလာသေးဘူး ထင်တာ၊ လူချည်းပဲလား အထုပ်အပိုးတွေရော"

သူ ညှော်ခန်းမှာ ထိုင်လိုက်သည်။ ကိုမောင်မောင်ဝင်းက သူ့ဘေးမှာ ဝင်ထိုင်၏။

"ခင်ဗျားကို သက်သက် လာတွေ့တာ၊ ကိုကိုကြီးတို့ မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ရော မုဆွေရော ပါလာကြတယ်၊ ကျွန်တော် သူတို့နဲ့ အတူတည်းရမှာ"

"ကိစ္စရှိလို့လား၊ သားလေး ဆေးခန်း လာပြတာပဲလား"

သူ ပြုံးသည်။

"မဟုတ်ဘူး ကိုမောင်မောင်ဝင်း၊ ကျွန်တော် မဆွေနဲ့ တရားရုံးမှာ လက်ထပ်ပြီးပြီ၊ ညစာခံပွဲလုပ်ဖို့ ဒီမှာ ပစ္စည်းတွေ လာဝယ်တာ၊ ဟိုမှာလုပ်မယ်၊ ခင်ဗျား ခွင့်ရရင် လိုက်ခဲ့ရမယ်"

"ခင်ဗျား နောက်နေတာလား"

"တကယ် ပြောတာ ကိုမောင်မောင်ဝင်း"

"မဆွေဆိုတာ ဟိုတစ်ခေါက် လာတုန်းက ရန်ကုန်စာမေးပွဲလာဖြေတဲ့ ခင်ဗျား အိမ်က သဘောတူတယ်ဆိုတဲ့ အမျိုးသမီးလား"

"ဟုတ်တယ် ကိုမောင်မောင်ဝင်း"

ကိုမောင်မောင်ဝင်း နှုတ်ဆိတ်သွားသည်။ ကိုမောင်မောင်ဝင်း မျက်နှာကြည့်ရသည်မှာ တစ်စုံတစ်ရာ ပြောစရာ ရှိနေပြီဟု သူသိ၏။

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော် စာတစ်စောင် ထည့်စရာရှိတယ်၊ အလုပ်မအားလို့ မရေးဖြစ်သေးတာ"

လေသံနှိမ့်ပြီး ကိုမောင်မောင်ဝင်း ပြောသည်။

"ဘာစာမို့လဲ"

"မြကေခိုင်နဲ့ ပတ်သက်တဲ့ စာ၊ ကေခိုင့်အကြောင်းပေါ့"

"ကျွန်တော် သိစရာမှ မလိုတော့တာပဲဗျာ"

"ခင်ဗျား လက်ထပ်ပြီးတာ ကျွန်တော် မသိတော့၊ ခင်ဗျား သိဖို့ လိုမယ်ထင်လို့ပါ၊ သူ လက်မထပ်ဖြစ်ဘူး ကိုထွန်းဝေဦး"





"လက်မထပ်ဖြစ်သေးတာနေမှာပေါ့"

"မဟုတ်ဘူးဗျာ၊ သူ ကျွန်တော့်အိမ် လာသွားတယ်"

ကိုမောင်မောင်ဝင်း မျက်နှာကို သူ စူးစိုက်ကြည့်ရင်း ဆက်မည့်စကားကို နားစွင့်ထားမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

တံခါး သွားဖွင့်လိုက်စဉ်မှာ တံခါးဝမှာ မြကေခိုင် ရပ်နေတာ တွေ့တော့ အံ့သြရသည်။

"ကိုမောင်မောင်ဝင်း ဘာကြောင်ကြည့်နေတာလဲ၊ ကေခိုင့်ကို မမှတ်မိသလို့ပဲ"

အပြုံးချိုချိုဖြင့် မြကေခိုင် ပြောသည်။

"ဟာ . . . မဟုတ်ပါဘူး၊ ဘယ်ကလှည့်လာတာလဲ ခင်ဗျာ"

မြကေခိုင်က ဧည့်ခန်းမှာ ဝင်ထိုင်လိုက်သည်။ တံခါးပိတ်ပြီး မြကေခိုင်နှင့် မျက်နှာချင်းဆိုင်မှာ ကိုမောင်မောင်ဝင်း ဝင်ထိုင်ရင်း ကိုထွန်းဝေဦးကို သတိတရ ရှိနေပြန်၏။





"ဒီဘက်ကို လက်သမား ငှားရအောင် လာရင်း ရောက်လာ တာ၊ လှမ်းကြည့်လိုက်တော့ ကိုမောင်မောင်ဝင်း အခန်းပြတင်း ဖွင့်နေ တာနဲ့ အပေါ်တက်လာခဲ့တာ၊ လက်ထပ်ဖို့ နီးပြီဆိုတော့ အခန်းပြင်ချင် လို့ လက်သမား လာငှားတာလေ"

"တေခိုင် . . . ကိုဘုန်းဇော်နဲ့ လက်မထပ်ရသေးဘူးလား"

သူ့စိတ်ထဲမှာ မြကေခိုင်နှင့် ကိုဘုန်းဇော်တို့ လက်ထပ်သွားပြီ ထင်ထားသဖြင့် နှုတ်မှ မေးလိုက်မိသည်။ ပြီးမှ သူမေးလိုက်တာ မှား သွားပြီလား ထင်မိသေး၏။

"ဘယ်လို . . . ဘယ်လို . . . ကိုမောင်မောင်ဝင်း၊ ကိုဘုန်းဇော်နဲ့ ဟုတ်လား"

"ကိုဘုန်းဇော်နဲ့ ကေခိုင် တွဲနေကြတယ် မဟုတ်လား"

သူ့ကို မြကေခိုင် ညာပြောမှာကို သူ မခံချင်သဖြင့် ခပ်ဆတ် ဆတ် သူပြောလိုက်မိ၏။

"ကြည့်စမ်း ဒီသတင်းကို ကိုမောင်မောင်ဝင်းတောင် သိထား တာပဲ၊ အတော်ပြန့်နေပုံရတယ်"

မြကေခိုင်ကို ကြည့်ရသည်မှာ ခပ်ပြုံးပြုံး ခပ်ပေါ့ပေါ့ပြောနေ သလိုပင်။

ကိုမောင်မောင်ဝင်းက မြကေခိုင်ကိုကြည့်ရင်း ဘဝင်မကျချင် မိ။

"ကျွန်တော့် အိမ်ကို မလဲ့လဲ့ထွန်း ရောက်လာတယ် ကေခိုင်၊ ကျွန်တော်နဲ့တော့ မရင်းနှီးပါဘူး၊ ကိုထွန်းဝေဦးကို လာရှာတာ၊ ဒါပေမယ့် ကိုထွန်းဝေဦး မတွေ့တော့ ကျွန်တော့်ကို ဇာတ်စုံခင်းသွား



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်တော် သိရတာပါ၊ ကေခိုင့်ကို လက်ထပ်ဖို့အတွက် သူ့ယောက်ျားကို သူ ကွာရှင်းပေးလိုက်တာလည်း သူ ပြောပြသွားတာ"

"ဩော် . . . ဒီလိုလား"

ထွန်းဝေဦး ရန်ကုန်ရောက်လာတာကိုတော့ သူ ချန်ထားလိုက်သည်။

"ဟုတ်တယ် ကေခိုင်"

"နေဦး ကိုမောင်မောင်ဝင်း၊ အဲဒါတွေ မောင့်ဆီ စာမရေးရသေးဘူး မဟုတ်လား"

သူ . . . ဘာမှ ပြန်မပြောချင်သဖြင့် ငြိမ်သက်စွာ နေလိုက်သည်။

"မရှုပ်ပါနဲ့ဦး၊ ကိုမောင်မောင်ဝင်း ကေခိုင်က ဖုံးဖိထားဖို့ မဟုတ်ပါဘူး၊ အဝေးကဆိုတော့ မောင်က စိတ်အရမ်းပူတတ်တာ၊ စိတ်ပူနေဦးမယ်၊ ပြီးတော့ ကေခိုင့်ကို စိတ်ဆိုးနေမယ်၊ ရှေ့လထဲမှာ မောင်နဲ့ကေခိုင် လက်ထပ်ဖို့ရက်ချိန်း ရှိတယ်လေ၊ အဲဒါမတိုင်မီ မောင် ပြန်လာမှာပါ၊ အဲဒီတော့မှ ကေခိုင် မောင့်ကို ရှင်းပြမယ်"

"ဒါဆို မလှဲ့လှဲ့ထွန်း ပြောသွားတာတွေက"

"သူ ပြောတာတွေလည်း အမှန်ပဲ ကိုမောင်မောင်ဝင်း၊ ဒါက သူ့ဘက်က တစ်ဖက်တည်း ဖြစ်တာ ပျက်တာကိုး၊ ကေခိုင့်ဘက်က အဖြစ်အပျက် သူမှ မသိသေးဘဲ"

"ပြောပါဦးဗျာ"





"ကျွန်မနဲ့ ကိုဘုန်းဇော်တို့ မင်္ဂလာဆောင်တစ်ခုမှာ တွေ့ကြတယ်၊ ကျွန်မက သီချင်းသွားဆိုတာပါ၊ ကိုဘုန်းဇော်က မင်္ဂလာပွဲကို လာတာ၊ ကျွန်မ သီချင်းဆိုပြီး အပြန်မှာ ကျွန်မ ကားနားမှာ ကိုဘုန်းဇော် ရပ်စောင့်နေတာ တွေ့တယ်၊ ပြီးတော့ မတွေ့တာ ကြာလို့ စကားပြောရအောင် ဘာညာပြောတော့ သူနဲ့ကျွန်မ အဲဒီဟိုတယ်က လက်ဖက်ရည်ခန်းမှာ စပြောဖြစ်ခဲ့ကြပါတယ်၊ အဲဒီမှာ သူက လှဲ့လှဲ့ထွန်းနဲ့ သူ အဆင်မပြေကြောင်း လှဲ့လှဲ့ အခုနယ်ရောက်နေကြောင်းတွေ ပြောပြတယ်၊ သူ့စကားတွေထဲမှာ ကေခိုင့်ကို ရီသဲ့သဲ့ လုပ်တာတွေ ပါလာတာ ကေခိုင် သိလိုက်တယ်၊ အဲဒီအချိန်မှာ ကေခိုင့်ရင်ထဲမှာ ငုံ့လျှိုးနေတဲ့ အငုံ့စိတ်က ပြန်ပေါ်လာတယ်၊ လှဲ့လှဲ့ကို နာတာ၊ လှဲ့လှဲ့ကို အနိုင်ယူချင်တာ၊ အဲဒီစိတ်တွေရဲ့ တိုက်တွန်းမှုအင်အားနဲ့ ကေခိုင် သူ့ကို မျှော်လင့်ချက်ပေးတဲ့ စကားတွေ၊ အကြည့်တွေ၊ အမူအရာတွေ ပြခဲ့မိတယ် ကိုမောင်မောင်ဝင်း"

"နောက်တော့ ကေခိုင်ပေးခဲ့တဲ့ ဖုန်းနံပါတ်နဲ့ သူ ဖုန်းဆက်တယ်၊ ကေခိုင် အားတဲ့အချိန်တွေမှာ သူလာတွေ့တယ်၊ အဲဒါတွေတ မောင် နယ်ပြန်သွားပြီး မကြာခင်မှာပဲ ဖြစ်ကြတာပါ"

"နောက်တော့ ကေခိုင်နဲ့ သူ စားသောက်ဆိုင်တွေမှာ ညစာစားဖြစ်တယ်၊ တွဲသွား တွဲလာရှိတယ်၊ ဘေးက ကေခိုင့်ကို တစ်မျိုးမြင်မယ်ဆိုတာ ကေခိုင် တွက်ပြီးသားပါ၊ ဒါပေမယ့် ကိုယ့်မှာဝရည်ရွယ်ချက်နဲ့ဆိုတော့ ကိုယ့်ရည်ရွယ်ချက် အောင်မြင်အောင်ဒီလောက်တော့ ရင်းရမှာပဲ တွက်ပြီး ကေခိုင် သူ့ကို တရင်းတနှီး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းခဲ့ပါတယ်"

"ဒီမှာ ကိုမောင်မောင်ဝင်း သုံးသယကင်းအောင် တစ်ခု ပြောချင်တယ်၊ ကေခိုင် သူ့ကို အပြင်ပန်း အမှုအရာမှာ လက်ခံနှစ်သက်တဲ့ အမှုအရာ ဖြစ်ခဲ့ပေမယ့် ကာယကံကိစ္စကို ကေခိုင် စောင့်စည်းပါတယ်၊ သူ ကေခိုင့်ကို လက်ကိုင်တာ ပခုံးဖက်တာထက် ကေခိုင် အပိုမခံပါဘူး"

"တိုတို ပြောရရင်တော့ နောက်ဆုံး သူ ကေခိုင့်ကို လက်ထပ်ခွင့် တောင်းတော့တာပါပဲ။ အဲဒီတော့ ကေခိုင်က လဲ့လဲ့ရှိနေတာ ဘယ်လိုလုပ် လက်ထပ်နိုင်မလဲလို့ ပြောတယ်၊ သူက လဲ့လဲ့နဲ့ ကွာရှင်းပြတ်စဲရင် သူ့ကို လက်ထပ်မလားဆိုတော့ တကယ်ကွာရဲလို့လားလို့ ကေခိုင် သူ့ကို တွေးတိုးစမ်းတဲ့အနေနဲ့ ပြောလိုက်တယ်၊ ဘာပြောပြော သူ့စိတ်ထဲမှာ လဲ့လဲ့နဲ့ကွာရင် ကေခိုင် သူ့ကို လက်ထပ်မှာပဲလို့ ယုံအောင် ကေခိုင် ပြောခဲ့ဆိုခဲ့တာတွေ ရှိတယ်"

"နောက်ဆုံးတော့ သူ လဲ့လဲ့နဲ့ ကွာရှင်းတဲ့ စာချုပ်နှစ်စောင် ယူလာပြီး ကေခိုင်ရှေ့မှာချပေးတယ်၊ သူ့ကို လက်ထပ်ပါပေါ့၊ သူလည်း လဲ့လဲ့နဲ့ ကွာရှင်းပြီးပါပြီပေါ့"

"အဲဒီမှာ ကေခိုင့် ရည်ရွယ်ချက် အောင်မြင်ပြီ ကိုမောင်မောင်ဝင်း၊ ကေခိုင် သူ့မျက်နှာကို အသေအချာကြည့်ပြီး ကေခိုင့် ရင်ထဲမှာ ရှိတာတွေ ပြောချလိုက်တယ်"





"အဲဒါ ဘာတွေလဲ ကိုဇော်"

"ကွာရှင်းစာချုပ်လေ ကေခိုင်၊ လဲ့လဲ့နဲ့ ကိုဇော် ကွာရှင်းခဲ့ပြီ"

"ဟုတ်လား"

နှုတ်ခမ်းကို တွန့်၍ ပြုံးရင်း မေးလိုက်၏။

"အဲဒီတော့ ကိုဇော်နဲ့ ကေခိုင် ဘယ်တော့ လက်ထပ်ကြမလဲ ကေခိုင်"

မျက်နှာကို ပြင်လျှက် ခပ်တင်းတင်းထားသော ကိုဘုန်းဇော်ကို ကြည့်လိုက်၏။ ပြီးတော့ ကွာရှင်းစာချုပ်တွေကို သူမ ကောက်ယူဖတ်သည်။ စားပွဲပေါ်ကို ပြန်ချလိုက်၏။

"ကိုဇော် . . . ကေခိုင့်ကို ဒီလောက်အထိ ချစ်လား . . ."

"ချစ်လို့ . . . လဲ့လဲ့ကို ကွာလိုက်တာပေါ့ ကေခိုင်"

"ရယ်ရတယ်နော် . . ."

ချောကလက် တစ်ဖဲ့ကို ကိုက်ယူလိုက်ရင်း ကေခိုင် ပြောသည်။

"ကေခိုင် ဘာပြောတာလဲ"

"ရယ်ရတယ်လို့ ပြောတာ"

စားပွဲပေါ်မှ လက်သုတ်ပဝါဖြင့် လက်ကို သုတ်ရင်း မကြည့်ဘဲ ပြော၏။

"ကိုဇော် နားမလည်တော့ဘူး"

"ကိုဇော့်မိန်းမလဲ့လဲ့က အပြင်ဆောင်မှာ အတူနေကြတုန်းက ပြောတယ်၊ ကိုဇော့်ကို ကေခိုင် လုယူမှာ စိုးလို့တဲ့၊ ဒါကြောင့် ကေခိုင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တခြားအဆောင်ရောက်အောင် ပ,ထုတ်လိုက်တာတဲ့၊ အခု ကိုဇော်တို့ လဲ့လဲ့တို့ ကလေးတောင် အတော်ကြီးနေပြီပဲ အခုချိန်ထိအောင် ကိုဇော့်ကို ကေခိုင် လိုချင်ရင်ရတယ်ဆိုတာ လဲ့လဲ့ သိလောက်ပြီပေါ့"

"ကေခိုင် ဘာတွေ ပြောနေတာလဲ ကိုဇော် နားမလည်ဘူး"

ကိုယ်ကို မတ်အောင် ပြင်ထိုင်ရင်း ကိုဘုန်းဇော်ကို အကြည့် ဆုံသည်။

"ကိုဇော် . . . ကေခိုင့် အရှင်းဆုံး ပြောပါ့မယ်၊ လောကမှာ ကေခိုင် ချစ်တာ တစ်ယောက်တည်းပဲ ရှိတယ်၊ ကိုထွန်းဝေဦးကိုပဲ ကေခိုင် ချစ်တယ်၊ ဟိုတုန်းကတည်းက ကိုဇော့်ကို ချစ်ရင် ကိုဇော့်ကိုပဲ ကေခိုင် အလျှင်တွေ့တာပဲ ကေခိုင် ဟန်မဆောင်တတ်ဘူး၊ ကြိုးရှည် ရှည်နဲ့ မလှန်တတ်ပါဘူး၊ ကိုဇော့်ကို ကေခိုင် အဖြေပေးမှာပေါ့၊ ကေခိုင် ကိုထွန်းဝေဦးကို ချစ်လို့ ကိုထွန်းဝေဦးကိုပဲ အဖြေပေးခဲ့တာ၊ ပြီးတော့ ကိုထွန်းဝေဦးနဲ့ ကျွန်မ ရှေ့လထဲမှာ လက်ထပ်ကြဖို့ ရက်သတ်မှတ်ထား ပြီးပြီ"

"ကေခိုင် မင်း ငါ့ကို အရွှဲလုပ်တာလား"

ကိုဘုန်းဇော် ဒေါသပေါက်ကွဲသွားတော့၏။ သူ့မျက်နှာမှာ ဒေါသနှင့် နီမြန်းနေသည်။ သူ့တစ်ကိုယ်လုံး နတ်ပူးသလို တုန်နေတော့ သည်။

"ကိုဇော့်ကို ကျွန်မက စစ်တုရင် ကစားသလို ကစားမိတဲ့ အတွက် တောင်းပန်ပါတယ်၊ ကျွန်မ လဲ့လဲ့ကို ကလဲ့စားချေချင်တာ၊ လဲ့လဲ့ကို ကျွန်မ သိစေချင်တာ၊ ခံစားစေချင်တာ၊ လဲ့လဲ့ယောကျ်ားကို အချိန်မရွေး ကိုယ့်ဘက်ပါအောင် လုပ်နိုင်တယ်ဆိုတာ လဲ့လဲ့ သိစေ





ချင်တယ်၊ မချစ်လို့ မလိုချင်လို့ ထားခဲ့တယ်ဆိုတာ ဒီလောက်ဆို လဲ့လဲ့ သိလောက်ပါပြီ"

ပြန်မပြောမိဘဲ ပြုံးနေသည်။ ပြီးတော့မှ ရှေ့မှာ ချထားသည့် စားပွဲပေါ်မှ ကွာရှင်းစာချုပ်တွေကို မြကေခိုင် ကောက်ယူလိုက်၏။

"ဒီလောက်ဆို လုံလောက်ပါပြီ ကိုဇော်၊ ကိုဇော်လည်း ကိုယ့်ဇနီးကို ကိုယ်ပြန်ချော့ပြီ ကိုယ့်အိမ်ထောင်ဖက်အပေါ်မှာ သစ္စာ ရှိရှိ ပေါင်းဖို့ ကြိုးစားပါ၊ လဲ့လဲ့ဆီ ပြန်သွားပါ ကိုဇော်"

ပြောလျက် ကွာရှင်းစာချုပ်တွေကို တစ်စစီ ဆွဲဆုပ်ပစ်လိုက် ၏။

"မင်း . . . မင်း . . . မင်း ဘာတွေလုပ်နေတာလဲ ကေခိုင်၊ မင်း ရူးနေပြီလား"

"ကျွန်မ မရူးဘူး ကိုဇော်၊ ကျွန်မက လူသိများတော့ ကျွန်မ လုပ်သမျှပေါ်လွင်ပြီး အပြောအဆို ခံရတယ်၊ အနေအထိုင် မဆင်ခြင် ဘူး ထင်ချင် ထင်မယ်၊ ကျွန်မချစ်သူအပေါ်မှာ ကျွန်မ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ ရှင်လည်း ချစ်လို့ယူယူ၊ မချစ်ဘဲနဲ့ယူယူ၊ အိမ်ထောင် တစ်ခု ထူထောင်ပြီးမှတော့ သစ္စာမဖောက်ပါနဲ့၊ ကိုယ့်ဇနီးအပေါ်မှာ သစ္စာရှိသင့်တာပေါ့၊ လဲ့လဲ့လကို တောင်းပန်ပြီး ပြန်ချော့လိုက်ပါ၊ ကျွန်မ သွားပြောပေးရမလား"

ခပ်ပြုံးပြုံး ပြောသည်။

"မင်း ဘာမှ ပြောစရာမလိုဘူး ကေခိုင်"

တောက်တစ်ချက် ပြင်းပြင်းခေါက်ရင်း ထရပ်သည်။

"စိတ်တော့ မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပေါ့ပေါ့ ပြောတာ ကေခိုင် ထရပ်လိုက်၏။

"ကိုဇော့်ကို လှဲ့လှဲ့က ချစ်ပါတယ်၊ ချစ်ရင် ခွင့်လွှတ်မှာပါ၊ ကိုဇော်လည်း လှဲ့လှဲ့ဆီ ပြန်သွားပါ"

ဘာမှပြန်မပြောဘဲ အခန်းထဲမှ ချာခနဲ လှည့်ထွက်သွားတော့၏။ အခန်းတံခါးကို ခပ်ပြင်းပြင်း ဆောင့်ပိတ်လိုက်သံသည် ဆူညံစွာ ထွက်ပေါ်လာတော့သည်။

မြကေခိုင်က ကျေကျေနပ်နပ် ပြုံးလိုက်ရင်း ပန်းကို တွန်းလိုက်၏။

"အဲဒါပါပဲ ကိုမောင်မောင်ဝင်း၊ ကျွန်မ ကောင်းလားဆိုတော့ မကောင်းပါဘူး၊ ဒါပေမယ့် ကျွန်မမှာ ရောဂါတစ်ခုလိုပဲ၊ ကိုယ့်ကို ကျောသွားတဲ့သူ၊ ခုတုံးလုပ်သွားတဲ့သူကို အခါအခွင့်သင့်ရင် ပြန်ပြီး ကလဲ့စားချေချင်တဲ့ စိတ်က မျိုးသိပ်ထားလို့ မရခဲ့ဘူးလေ၊ အခုဆို လှဲ့လှဲ့အပေါ်မှာ ကျွန်မ နိုင်သွားပြီလို့ ထင်တယ်၊ ကျေနပ်သွားတယ်၊ လှဲ့လှဲ့နဲ့ ပတ်သက်တဲ့ အစိုင်အခဲ ကျွန်မ ရင်ထဲမှာ မကျန်ခဲ့တော့ဘူး၊ ကျွန်မ ဖောက်ထုတ်ပစ်လိုက်ပြီ၊ ဒီလောက်ဆို ကိုမောင်မောင်ဝင်း နားရှင်းလောက်ပါပြီ၊ ကျွန်မ ဘဝမှာ ကျွန်မ အချစ်ဆုံးလူဟာ မောင်ပါပဲ၊ မောင်ကလွဲလို့လည်း ကျွန်မ ဘယ်သူ့ကိုမှ လက်ထပ်မှာ မဟုတ်ပါဘူး ကိုမောင်မောင်ဝင်းရယ် ယုံပါ"



## (၁၃)

"အဲဒါပဲ ကိုထွန်းဝေဦးရေ ကေခိုင်ဟာ လှဲ့လှဲ့ကို ကလဲ့စားချေစေလို့ ကိုဘုန်းဇော်ကို အရုပ်တစ်ရုပ်လို ကစားသွားတာပဲ"

ကိုမောင်မောင်ဝင်းက စကားကို အဆုံးသပ်လိုက်၏။

"ဒါပေမယ့် သူက ရက်စက်လွန်းပါတယ် ကိုမောင်မောင်ဝင်းရာ၊ သူ ကစားတာက သူများတွေ ဘယ်အထိ နစ်နာနိုင်တယ်ဆိုတာ သူ သိဖို့ကောင်းတယ်"

"ဒါပေမယ့် ကျွန်တော် တစ်ခုတော့ စဉ်းစားကြည့်တယ်ဗျ။ သူပြောသလိုပဲ ကိုဘုန်းဇော် လှဲ့လှဲ့ဆီ ပြန်သွားမှာပဲ၊ လှဲ့လှဲ့ကလည်း ချစ်တဲ့စိတ်နဲ့ဆို ပြန်ပြေလည်ကြမှာပါ၊ သိပ်မပူပါနဲ့"

"ကျွန်တော်နဲ့ ရွှေလထဲမှာ လက်ထပ်ဖို့ သူ ပြင်ဆင်ပယ်ခြမ်း နေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကေခိုင့်အတွက် သူကြောကွဲဆွေးမြေ့စွာ မေးလိုက်မိသည်။

"ဟုတ်တယ် ကိုထွန်းဝေဦး သူ့အခန်း ပြင်မယ်ပြောတယ်၊ ပြီးတော့ လိုအပ်တာတွေကို သူ ဝယ်ခြမ်းစုစောင်းထားပြီတဲ့၊ ဪ . . . နေဦး၊ ဟိုကိစ္စ သူပြောသွားတာ ရှိသေးတယ်"

"ဘာကိစ္စလဲဗျ"

"ခင်ဗျား မှတ်မိလား၊ ကျွန်တော်တို့ဗျာ ဦးဌေးကြည်ရဲ့ မိတ်ဆွေတွေ လိုက်ကျွေးလို့ ပြန်လာတဲ့ညက ဘူတာရုံမှာလေ၊ မြကေခိုင်နဲ့ အတူ လူတစ်ယောက်ရယ်၊ ကလေးတစ်ယောက်ရယ် ဘူတာထဲ ဝင်သွားတာ ခင်ဗျားနဲ့ ကျွန်တော် တွေ့တယ်၊ ခင်ဗျားက မခေါ်နဲ့ဆိုလို့ မခေါ်ဘဲ နေလိုက်တာလေ"

ဦးစိုးတို့ သားအဖနှင့် မြကေခိုင် မန္တလေးကို သွားသည့်ညဟု သူ ချက်ချင်း သိသည်။ ဦးစိုးနှင့် မြကေခိုင်အပေါ် ဖြစ်တည်နေသော သံသယသည် ကိုဘုန်းဇော်နှင့်ကိစ္စမှာတော့ သူ အနိုင်အမာ သူ့ရင်၌ စွဲနေလေပြီ။ ကိုဘုန်းဇော်နဲ့တောင် ဖြစ်ခဲ့သေးတာပဲ၊ ဦးစိုးနဲ့လည်း ဖြစ်နိုင်တာပဲဟု သူ တွက်၏။

"ဟုတ်ပြီ ကျွန်တော် မှတ်မိတယ်"

သူ ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်၏။

"အဲဒါ သူ့ဒေါ်လေးဗျ၊ ကျွန်တော်တို့ ဆိုက်ထဲမှာ အလုပ်ဝင်လုပ်နေတဲ့ အမျိုးသမီးရဲ့ ပထမအိမ်ထောင်တဲ့၊ ဦးစိုးတဲ့ဗျ၊ ခင်ဗျား နောက်ကမှ မသိလိုက်တာ ဖြစ်မယ်"

သူ ဘာမှ ပြန်မပြောမိ။

"အမှန်ပြောရရင် အဲဒီလူ ဦးစိုးလို့ ကေခိုင် ပြောတဲ့အထိ





ဦးစိုးနဲ့ သူ မန္တလေး ဘာလို့ သွားရတာလဲ၊ ဦးစိုး မိန်းမကြီး ပြောသလို ဦးစိုးနဲ့ ကေခိုင် မကောင်းမရှင်းဆိုတာ ဟုတ်လေမလား ကျွန်တော် ဒီလိုပဲ တွေးမိတာ"

"ဘာလို့ အတူပါသွားတာတဲ့လဲ"

သူ မအောင့်နိုင်ဘဲ မေးလိုက်သည်။

"ခင်ဗျားကိုတော့ မပြောပါနဲ့ဦး မှာထားတယ်၊ လက်ထပ်တဲ့ နေ့မှ ခင်ဗျား ဝမ်းသာအောင် ပြောမလို့တဲ့"

"ဘာလဲဗျ"

"ဦးစိုးက မန္တလေးမှာ မြေတစ်ကွက် ရထားတာ ရှိတယ်တဲ့၊ အဲဒီ မြေကွက်ကို သူ ဝယ်လိုက်တာတဲ့၊ အဲဒီကိစ္စအတွက် ဦးစိုးတို့ သားအဖကို သူ မန္တလေး ခေါ်သွားတာတဲ့၊ ခင်ဗျားနဲ့ လက်ထပ်ပြီးလို့ ခင်ဗျားက မိဘတွေနဲ့ နီးနီးနားနား နေချင်တယ်ဆိုရင် နေလို့ရအောင် မန္တလေးမှာ အိမ်တစ်လုံး ဆောက်မယ်တဲ့လေ"

ကိုမောင်မောင်ဝင်း စကားက သူ့နှလုံးသားကို ခပ်ကြမ်းကြမ်း ဆုပ်နယ် ဖျစ်ညှစ်လိုက်သလိုပင်။ သူ မြကေခိုင်အပေါ်မှာ အထင်သေးခဲ့ပါလား၊ အထင်လွဲခဲ့ပါလားဟု သိစိတ်ဖြင့် ကြေကွဲဆို့နင့်ရပြန်၏။ ဘာတစ်ခွန်းမှ စကားမဆိုနိုင်ဘဲ နံရံကို ငေးရီကြည့်ရင်း ဆုံးရှုံးစွန့်လွှတ်ရပြီအသိဖြင့် ရင်မှာ နာကျင်ပြန်သည်။

"ခင်ဗျားနဲ့ လက်ထပ်ဖို့အတွက် သူ့မှာ အိပ်မက်တစ်ခုလို မျှော်လင့်ချက်တွေ အပြည့်နဲ့ဆိုတာ သိလိုက်ရတော့ ကျွန်တော်လည်း တော်တော်လေး စိတ်မကောင်းဘူးဗျာ၊ ကျွန်တော် စိတ်မကောင်းတာ ခင်ဗျား သူ့ကို နာကြည်းသွားပြီဆိုတာ သိလို့လေ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေ စာလုံးရေးမလို့ လုပ်နေတုန်း"

သက်ပြင်းကို လေးတွဲ့စွာ ချမိပြန်၏။ သူ့မျက်လုံးတွေ ရီဝေမှိုင်ညို့နေမည်ဟု သူ ထင်သည်။ ရင်၌ ဖြစ်တည်သော သောကရိပ်သည် မျက်ဝန်း၌ ထင်ဟပ်နေနိုင်သည်ပဲ။

"လွန်ကုန်ပြီပဲ ကိုမောင်မောင်ဝင်းရာ၊ ဘယ်လိုမှ ပြုပြင်လို့ မရတော့ပါဘူး၊ ဒါ သူ့အမှားပဲ၊ သူ့အမှားကြောင့် ဖြစ်ရတယ်၊ သူများတွေ အပေါ်မှာ အနိုင်ယူချင်စိတ်၊ ကလဲ့စားချေချင်စိတ်၊ အတ္တစိတ် သိပ်ကြီးတဲ့ သူ့အမှားကြောင့်ပဲ"

စကားကို အေးအေး သူ ပြောမိ၏။

"ဟုတ်တယ် ကေခိုင်ဟာ သူများကို ပူပါစေတော့ဆိုပြီး ကိုယ့်ကိုယ်ကို လောင်တိုက်သွင်းပြီး အပူတိုက်သလို ဖြစ်နေတာ၊ သူများက မီးဟပ်ရုံ ပူရုံပဲ ရှိမယ်၊ ကိုယ်က တစ်ကိုယ်လုံး လောင်ကျွမ်းသွားတာ"

လေပူကို မှုတ်ထုတ်လိုက်သော်လည်း ရင်ထဲက အပူက မလျော့။

"ခင်ဗျားတစ်ခုတော့ လုပ်ပေးခဲ့ဗျာ"

"ဘာလဲ၊ ကိုမောင်မောင်ဝင်း"

"သူ့ဆီကို စာတစ်စောင်တော့ ရေးပေးခဲ့ပါ၊ သူ မျှော်လင့်ချက်တွေ အများကြီးနဲ့ လက်ထပ်ဖို့ အိပ်မက်နေတဲ့ကိစ္စကြီး ရုတ်တရက် ပျက်သွားရင် သူ အရမ်းခံစားရမှာ သူ တစ်ခုခုဖြစ်သွားမှာ ကျွန်တော် စိုးရိမ်တယ်"

"ကျွန်တော် စာရေးခဲ့ပါ့မယ်"



(၁၄)

တေနိုင် ...

မောင်ရှိစဉ်က သဘောကျတဲ့သူနဲ့ မောင် လက်ထပ်လိုက်ပါပြီ။

မောင့်ကို တေနိုင် နားလည်ပါ။ ခွင့်လွှတ်ပါ။

ဒါပေမယ့် ကလဲ့စားချေချင်တဲ့ စိတ်တွေနဲ့တော့ တေနိုင့်ရင်ထဲမှာ မပူလောင်စေချင်ပါဘူး။

တေနိုင် ကလဲ့စားချေမှုကို မောင် မိုးမိုးလို့ မဟုတ်ဘဲ တေနိုင် ရင်ကွဲမတတ် ခံစားလောင်မြိုက်နေရမှုကို မောင် မသိလာလို့ ပြောတာပါ တေနိုင်ရေ။

သမ္မာမဲ့စွာနဲ့ ချစ်သူကို စွန့်ခဲ့တဲ့ သူတစ်ယောက်အနေနဲ့ တေနိုင် မောင့်ကို ...



www.burmeseclassic.com

www.burmeseclassic.com



ခံနိုင် နာနိုင်ပါစေ။
ပြီးတော့ ...
ရင်ထဲက အပူတွေ ငြိမ်းနိုင်ပါစေကွယ်။
မတ်ဒဲ့မူတဲ့, ကဗျာလေး တစ်ပုဒ်ကို ကူးပေးလိုက်ပါတယ်။

နှုတ်ဆက်ချိန်ခွင့်
ခွဲခွာရ.သူ

ပူစေ ကျွမ်းစေ
အလွမ်းတွေထဲ
ကြေကွဲနိုင်းသူ ....

မှတ်ယူနာကြည်း
ဆုနှင်းတီးပြီးထန်
အပြုံးရောင်တိမ်း
မာနလိမ်းလို့
သူ ခံနိုင်ပါစေတော့ကွယ် ....
(ပြော ....) အပူငြိမ်းနိုင်ပါစေတော့ကွယ် ....။

မောင်

စာအိတ်မှာ ပိတ်ပြီးတော့ ကိုမောင်မောင်ဝင်းဆီကို ယူလာခဲ့သည်။ ကိုမောင်မောင်ဝင်းမှာ စာကို ထည့်၏။





"ကျွန်တော်တို့ မနက်ဖြန်ဖြန်မှာ ကိုမောင်မောင်ဝင်း၊ ကျွန်တော်တို့ ပြန်သွားပြီးမှ ပေးပါဗျာ၊ သူ့ရင်ထဲမှာ ဘယ်လို ခံစားရမယ်ဆိုတာ ကျွန်တော် သိတယ်၊ သူ ကျွန်တော့်ကို လာတွေ့ပြီး ငိုမှာ ကျွန်တော် အကြောက်ဆုံးပဲ၊ ကျွန်တော် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

ကိုမောင်မောင်ဝင်း သူ့ကို ခေါင်းညိတ်ပြ၏။

"ဩော် . . . ဒါထက် ကိုထွန်းဝေဦး၊ ခင်ဗျား ဝမ်းသာစရာ ပြောရဦးမယ်၊ မနက်က ကျွန်တော့်ဆိုက်အတွက် ပစ္စည်းလိုလို့ မြို့ထဲရောက် ဗိုလ်ချုပ်ဈေးရှေ့မှာ လှဲ့လှဲ့တို့ လင်မယားကို လှမ်းမြင်တယ်ဗျ"

"ဟုတ်လား"

"ဟုတ်တယ် . . . ကိုဘုန်းဇော်က လက်ကိုဆွဲလို့ဗျ၊ သူတို့ အဆင်ပြေသွားကြပါပြီ၊ ခင်ဗျား စိုးရိမ်သလို မဖြစ်ပါဘူး၊ ကေခိုင် တွက်တာ မှန်ပါတယ်"

"တော်သေးတာပေါ့ဗျာ"

ကိုမောင်မောင်ဝင်းက သက်ပြင်းရှည်ကိုချ၏။

"အေးဗျာ . . . ခင်ဗျားကလည်း မိဘသဘောတူတဲ့သူနဲ့ ဘဝတစ်ခု ထူထောင်ဖြစ်သွားပြီ၊ ခင်ဗျားရင်ထဲမှာ ဘယ်လောက်ခံစားရ ခံစားရ ခင်ဗျားဘဝနဲ့ ခင်ဗျား အတည်အတံ့ ဖြစ်ပြီလေ၊ လှဲ့လှဲ့တို့ လင်မယားလည်း အလျှင်ကထက်တောင် အဆင်ပြေချင် ပြေဦးမှာ၊ သူ့အမှားကိုသိပြီး ကိုဘုန်းဇော်က သူ့မိန်းမကို ပိုကြင်နာချင် ကြင်နာနိုင်တယ်၊ ခက်တာက မြကေခိုင်ပဲ ကိုထွန်းဝေဦး၊ သူက ရင်ထဲမှာ အပူမီးတွေ တစ်ပွေ့တစ်ပိုက်နဲ့ သူတစ်ယောက်တည်း အဖေ့း ခံစားနေရတော့မှာ . . . ."



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှ ပြန်မပြောဘဲ ငေးငိုင်ကြည့်နေမိသည်။

"တစ်ခုတော့ ရှိတယ်ဗျာ၊ သူ့ရဲ့အစွန်းရောက်တဲ့စိတ်ကြောင့် သူ့ရဲ့အတ္တကြီးမှု၊ မာနကြီးမှုတွေကြောင့် သူ ဒီလိုခံစားရတယ်ဆိုတာ သူ နားလည်သွားဖို့ပဲ၊ အဲဒီအတ္တတွေ၊ မာနတွေ၊ ကလဲ့စားချေချင်စိတ်တွေဟာ သူ့ရင်ထဲက မီးတောက်ကို ပိုပြီး ကြီးမားစေတဲ့ လောင်စာတွေဆိုတာ သူသိနေဖို့ပဲလေ"

"ကျွန်တော် ပြန်မယ်ဗျာ"

ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့ဟု နားလည်ရင်း ထရပ်သည်။ လှေကားကအဆင်းမှာ တိုက်ရှေ့မျက်နှာချင်းဆိုင်အခန်းမှ ပွင့်နေသော မြကေခိုင်၏ ကြေကြေကွဲကွဲသီချင်းသံကို သူကြားလိုက်ရပြန်သည်။

မောင်လည်း ရင်ကွဲမတတ်ခံစားရပါတယ် မြကေခိုင်။



## (၁၅)

စာကိုဖတ်ရင်း မြကေခိုင် တုန်လှုပ်ချောက်ချားသွားသည်။ အထပ်ထပ်အခါခါ ဖတ်သည်။ ပြီးတော့ အံကို ကြိတ်ကာ ကျောက်ရုပ်လို ငူငူကြီး ရပ်နေမိ၏။ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးတွေ တတွေတွေ စီးကျလာသည်။ ပူလောင်လွန်းသဖြင့် ခံစားမှုမဲ့သွားသလို ထင်ရပြီ။

လက်ထဲမှ စာရွက်ကလေး လွတ်ကျသွားသည်။ ပန်ကာလေဖြင့် တဖျတ်ဖျတ်လွင့်၏။ စာရွက်ကိုလည်း ငုံ့မကြည့်မိဘဲ ဆက်ငြိမ်ရပ်နေမိပြန်တော့၏။

"ကေခိုင် . . . ကေခိုင် ဘယ်လိုဖြစ်တာလဲ"

ဧည့်ခန်းထဲဝင်လာသော ဒေါ်ကြိုင်ကလည်း ငေးကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား ဖော်သည်။ ပြီးတော့ မြကေခိုင်အနားကို ပြေးသွား၏။ မြကေခိုင်၏ပခုံးကိုလှုပ်ရင်း . . .

"ကေခိုင့် . . . ကေခိုင်"

ဟု အထပ်ထပ်ခေါ်သည်။

ဒီတော့မှ မြကေခိုင်သည် ဒေါ်ကြိုင်၏ ရင်ခွင်ထဲသို့ ကျောက်ရုပ်တစ်ရုပ် ပြိုလဲကျသကဲ့သို့ လဲကျလာတော့၏။

"ဘယ်လိုဖြစ်တာလဲ ကေခိုင်ရယ်"

ဒေါ်ကြိုင်လည်း မဟာန်နိုင်ဘဲ နံရံဆီသို့ ယိုင်သွားသည်။ နံရံကိုနောက်မှီရင်း ကေခိုင့်ကို ပွေ့ထားလိုက်၏။

"ကေခိုင် . . . သမီး . . . သမီး"

သတိပြန်ရလာရင်း ဒေါ်ကြိုင်ကို မော့ကြည့်သည်။

ပြီးတော့ ဒေါ်ကြိုင်ကို တင်းကျပ်စွာဖက်ရင်း မြကေခိုင် ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

"ဘယ်သူ့ကိုမဆို စိမ်းနိုင်တယ်၊ ကိုယ့်သွေးရင်း သားရင်း အရှေဖရင်းကိုတောင် စိမ်းနိုင်တယ်၊ ကိုယ့်ချစ်သူကို ကိုယ် စိမ်းနိုင်ပါ့ မလားဆိုတဲ့ သံသယနဲ့ အဖြေကို ကျွန်မ သိလိုက်ပြီ၊ ချစ်သူကို ဘယ်တော့မှ စိမ်းနိုင်မှာ မဟုတ်ဘူးဆိုတာ ကျွန်မ နားလည်လိုက်ပါပြီ၊ ကျွန်မ ရင်ထဲက အပူကိုငြိမ်းနိုင်တဲ့နည်း ကျွန်မ ရှာတွေ့ကောင်းတွေ့နိုင်ပါ လိမ့်မယ်၊ ကျွန်မ ချစ်သူကို စိမ်းနိုင်မယ့်နည်းကတော့ ဘယ်တော့မှ ကျွန်မ တွေ့နိုင်မှာ မဟုတ်တော့ပါ"

ညရောက်တော့ ဒိုင်ယာရီမှာ မြကေခိုင် ချရေးလိုက်မိသည်။



(၁၆)

မဆွေက သူ့ဆီကို စာအုပ်တစ်အုပ်ကိုင်ရင်း ရောက်လာ၏။

"ဒီမှာကြည့် ကိုဦး"

သူ့ရှေ့မှာ ဒူးထောက်ထိုင်ရင်း မဂ္ဂဇင်းစာအုပ်ကလေးကို လှန်ပြသည်။ ဓာတ်ပုံတွေကို သူ အလျှင်အကြည့်ရောက်၏။

မြကေခိုင်၏ ပုံပါလား။ မြကေခိုင် တစ်ဦးတည်းပုံ၊ ပြီးတော့ အများနှင့် တွဲရိုက်ထားတဲ့ပုံတွေ . . .။

"ဘာဖြစ်လို့ လာပြတာလဲ မဆွေ"

သူ ဆက်ကြည့်ဖို့ လိပ်ပြာမလုံတော့သဖြင့် မဆွေကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြကေခိုင် သတင်းမို့ပါ"

"မဆွေ . . . ကိုဦးကို စတာလား"

"မဟုတ်ပါဘူး၊ သတင်းထူးလို့ ကိုဦး သိအောင် လာပြတာပါ"

"ဘာတဲ့လဲ"

"မြကေခိုင် အိမ်မှာ အလှူလုပ်တာရယ်၊ ပြီးတော့ . . . အဲဒီ အလှူပြီးတဲ့နေ့မှာပဲ တစ်လ တရားစခန်းဝင်သွားတာရယ်၊ အဲဒါ ရေးထားတာပါ"

ဪ . . . သူ တရားစခန်း ဝင်သွားပြီတဲ့လား၊ သူ့ရင်ထဲက အပူမီးတွေ အတ္တမီးတွေကို ငြိမ်းအေးအောင် ဆေးကြောနိုင်တဲ့နည်းကို သူတွေ့သွားပြီတဲ့လား။

"အလှူမှာ တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ ကြည့်ပါဦး ကိုဦး၊ သူ့အဖေလည်း ပါတယ်၊ သူ့အဒေါ်လေးလည်း ပါတယ်"

"ဟုတ်လား"

အံ့ဩစွာ စာအုပ်ကို လှမ်းယူကြည့်သည်။ ကေခိုင့် အဖေကိုတော့ မတွေ့ဖူးသဖြင့် မသိ။ စိတ်မှန်းဖြင့်သာ သူ့အဖေဟု ထင်ရ၏။ မိုမိလုပ်ငန်းမှာ အလုပ်လုပ်သွားဖူးသော သူ့ဒေါ်လေးကိုတော့ သူ ကောင်းစွာ မှတ်မိနိုင်သည်ပဲ။

"အင်း . . . သူတို့ အဆင်ပြေသွားကြပြီပဲ၊ ကောင်းပါတယ်"

ဟု နှုတ်မှ ထွက်သွားသည်။

"ကိုဦး . . . သေသေချာချာ ဖတ်လေ"

ဟု ပြောကာ စာအုပ်ကို ပေးခဲ့၍ မဆွေ ထွက်သွား၏။

မြကေခိုင်၏ပုံကို သူ ငေးစိုက်ကြည့်နေမိရင်း ရုတ်တရက်